# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက် | ၂၀၁၉ ခုနှစ်၊ ဧပြီ ၃၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၈)၊ အမှတ် (၂၁၂)


**အနှစ်ရှိသော တရားကိုရနိုင်**

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

# မြန်မာ-တရုတ် စီးပွားရေးစင်္ကြံမူဘောင်အောက်မှ နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းအစီအစဉ်များကို တရုတ်နိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ဒုတိယအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Belt and Road Forum for International Cooperation)သို့ တက်ရောက်ရန် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှ ၂၉ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘော ခရီးသွားရောက်ခဲ့သည်။

ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကို ၂၅-၄-၂၀၁၉ ရက်နေ့မှ ၂၇-၄-၂၀၁၉ ရက်နေ့အထိ ပေကျင်းမြို့၌ ကျင်းပခဲ့ရာ၊ နိုင်ငံပေါင်း (၃၇) နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများအပါအဝင် နိုင်ငံပေါင်း (၁၅၀)နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အဆင့်မြင့်ကိုယ်စားလှယ်များ စုစုပေါင်း (၅၀၀၀) ကျော် ပါဝင်တက်ရောက်ခဲ့ ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၆-၄-၂၀၁၉ ရက်နေ့ နံနက်ပိုင်း တွင် ပေကျင်းမြို့ China National Convention Centre (CNCC) တွင် ကျင်းပသည့် ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခဲ့ပြီး Belt and Road Cooperation: Shaping a Brighter Shared Future ခေါင်းစဉ်ဖြင့် ကျင်းပသည့် အဆင့်မြင့် အစည်းအဝေး (ပထမပိုင်း)သို့ တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

ထိုသို့ မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၀၁၇ ခုနှစ် ပထမအကြိမ်ဖိုရမ်တွင် တရုတ်နိုင်ငံက အဆိုပြုထားသည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative-BRI) ကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုခဲ့ကြောင်း၊ နှစ်နိုင်ငံအကြား ရှိရင်းစွဲမိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရန်နှင့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအောက်တွင် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် အရည်အသွေးပြည့်မီသည့် ပူးပေါင်းဆောင်ရွက်မှုများ ရရှိနိုင်ရန်အတွက် အခွင့်အလမ်းများကို

*စာမျက်နှာ ၄ ကော်လံ ၁* ❖



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ **H.E. Mr. Vladimir Putin** က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာ - ၉




မြန်မာ့အလင်း

# နွေရာသီနှင့် မီးဘေးအန္တရာယ်

ရာသီဥတုပူသည်နှင့် ယှဉ်တွဲလိုက်ပါလာသော မြန်မာနိုင်ငံ၏ ပြဿနာကြီး တစ်ခုမှာ မီးဘေးအန္တရာယ်ဖြစ်ပါသည်။ ရာသီဥတုက ပူလွန်းလှသည်ဖြစ်သည့်အတွက် ပတ်ဝန်းကျင်တစ်ခုလုံးက ခြောက်သွေ့နေကာ မီးစမီးနလာသည်နှင့် လောင်ကျွမ်းရန် လွယ်ကူနေလေ့ရှိ၏။

လျှပ်စစ်မီး မလုံလောက်မှုပြဿနာက တွဲဖက်နေသည့်အခါ ညဘက် ဖယောင်းတိုင်အသုံးပြုရာမှစ၍ လည်းကောင်း၊ လျှပ်စစ်မီးလာစဉ် လျှပ်စစ် မီးဖို၊ မီးပူ အစရှိသည်တို့ကို ဖွင့်ကာ အလုပ်လုပ်နေစဉ် မီးပျက်သွားကာ အလုပ်ရပ်သွားသော်လည်း မီးကို မပိတ်မိဘဲ မီးပြန်လာသည့်အခါ အမှတ်မထားမိရာမှ လည်းကောင်း၊ လျှပ်စစ်မီး အတက်အကျမမှန်ရာမှ ရုတ်တရက် မီးအားမြင့်သွားသဖြင့် လျှပ်စစ်မီးကြိုးများ၊ လျှပ်စစ်ဆိုင်ရာ ပစ္စည်းများတို့မှ တစ်ဆင့် လည်းကောင်း စသည်စသည်တို့သော အကြောင်းအမျိုးမျိုးကြောင့်လည်း မီးဘေးအန္တရာယ်က ဖြစ်ပွားတတ်လေ့ရှိပါသည်။

အထူးသဖြင့် မြို့စီမံကိန်းကျကျနန မပြုလုပ်နိုင်ဘဲ ပေါ်ပေါက်လာသော မြေကွက်စိပ်စိပ်ခွဲကာ ဆောက်သည့် သစ်အိမ် ဝါးအိမ်များသည် ဖွဲ့စည်းတည်ဆောက်ထားပုံက ကျပ်တည်းကျဉ်းမြောင်းနေ၏။ တစ်အိမ်နှင့်တစ်အိမ် အလွန်နီးကပ်နေသည်ဖြစ်သောကြောင့် မီးလောင်သည်နှင့် အလွယ်တကူ ကူးသွားနိုင်နေ၏။ မီးသတ်ကား အစရှိသည်တို့ ဝင်ရောက်ရန် လုံလောက်အောင် ကျယ်ဝန်းသည့် လမ်းပန်းလည်း မရှိသည့်အခါ မီးဘေးအန္တရာယ် တစ်စုံတစ်ရာဖြစ်လျှင် ငြိမ်းသတ်နိုင်ရန် အလွန်ခက်ခဲနေသည့်အတွက် အပျက်အစီး အဆုံးအရှုံး ပိုမိုများပြားသွားလေ့ရှိသည်။

သူခိုး ခိုးလျှင် ကျန်သေးသည်၊ မီးခိုးလျှင် အားလုံးကုန်ဆိုသော စကားကဲ့သို့ မီးလောင်ကျွမ်းမှုဖြစ်လျှင် ဘာဆိုဘာမှ မကျန်အောင် ဖြစ်တတ်သည်ကို သတိပြုရန် လိုအပ်ပါမည်။ ဤသို့သော ဆုံးရှုံးမှုသည် ပုဂ္ဂလိကတစ်ဦးချင်း ဆုံးရှုံးမှုအဖြစ်သာမက နိုင်ငံ၏ ထိခိုက်ဆုံးရှုံးမှုလည်းဖြစ်ပါသည်။

ယနေ့ကာလတွင် စနစ်တကျဆောက်လုပ်သည့် အဆောက်အအုံများတွင် မီးဘေးအန္တရာယ်က သက်သာလွတ်မြောက်နိုင်စေရေး၊ လူတို့အတွက် အကူအညီ အထောက်အပံ့ဖြစ်စေမည့် အရေးပေါ် ထွက်ပေါက်၊ မီးခိုးငွေ့သတိပေးခေါင်းလောင်း၊ မီးအချက်ပေးနှင့် ရေဖျန်းစနစ် အစရှိသည်တို့ကို အဆောက်အအုံ၏ အရွယ်အစား၊ အထပ်အရေအတွက်နှင့် အသုံးပြုပုံ စသည်တို့ပေါ်မူတည်၍ ဆောက်လုပ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ရှိပါသည်။ အဆိုပါ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန် လိုအပ်လှပါသည်။

စည်ပင်သာယာ၏ စည်းမျဉ်းစည်းကမ်းများကဲ့သို့ မီးသတ်ဦးစီးဌာနက သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာကြရန်လည်း လိုအပ်မည် ဖြစ်ပါသည်။

ယနေ့ မီးသတ်ဦးစီးဌာနသည် ယခင်ကာလများကကဲ့သို့ မဟုတ်ဘဲ အထူးဂရုတစိုက် အလုပ်လုပ်ကြသည်ကို တွေ့မြင်နေရပြီး ပြည်သူလူထုကလည်း အားကိုးကြ၊ ကျေနပ်အားပေးနေကြသည့် အဖွဲ့အစည်းဖြစ်လာနေပါသည်။ မီးလောင်မှုဖြစ်စဉ်တစ်ခု ဖြစ်သည်နှင့် ချက်ချင်းဆိုသလို အများပြည်သူကို သတင်းပေးလိုက်ပြီး အမြန်ဆုံးရောက်အောင်သွားကာ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ကြသည့်အတွက် တစ်ခေတ်တစ်ခါက ပြည်သူတို့ လှောင်ပြောင်သရော်လေ့ရှိသည့် အဖွဲ့အစည်းတစ်ခုအဖြစ်မှသည် ပြည်သူတို့ ချီးကျူးအားပေးခြင်းနှင့် အားကိုးယုံကြည်ခြင်းကို ရသည့် အဖွဲ့အစည်းတစ်ခုအဖြစ်သို့ ပြောင်းလဲလာနေပြီဖြစ်ပါသည်။

ထို့ပြင် အချို့သော မြို့ပြစီမံကိန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများသည် ပြင်ဆင်ဆဲ၊ အသစ်ဖြည့်စွက်ရေးဆွဲဆဲဖြစ်သည့်အတွက် လက်ရှိ စည်းမျဉ်းစည်းကမ်းနှင့် ကင်းလွတ်သည့်တိုင် မိမိတို့၏ အဆောက်အအုံအတွက် လိုအပ်သည်ဟုယူဆလျှင် ဉာဏ်ဖြင့်ချင့်ချိန်ဆောင်ရွက်ကြရန်လည်း လိုအပ်ပါမည်။

အချုပ်ကိုဆိုရပါမူ မီးဘေးအန္တရာယ်ဟူသည် မလောင်ခင်ကတားရမည့် ပြဿနာဖြစ်ပါသောကြောင့် ယခုလို ရာသီဥတုပူလွန်းသည့်ကာလများတွင် သတိဝီရိယ ပိုမိုထားရှိကြရေး နှိုးဆော်လိုက်ရပါကြောင်း။ ။

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ



အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၂၉**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံရေးရာ ကော်မတီဆောင် I- 20 ၌ ကျင်းပသည်။

**ပဋိပက္ခများ ဖြေလျှော့နိုင်ရေး**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ၏ ပထမအကြိမ်ခရီးစဉ်တွင် ရန်ကုန်မြို့နှင့် ရခိုင်ပြည်နယ် စစ်တွေမြို့တို့၌ ရခိုင်တိုင်းရင်းသားလူ့အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံနိုင်ခဲ့ပါကြောင်း၊ ထိုသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများ ဖြေလျှော့နိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ယင်းဆွေးနွေးချက်များတွင် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများ ဖြေလျှော့နိုင်ရေးနှင့် ပတ်သက်၍ အထောက်အကူပြုနိုင်မည့် အကြံပြုချက်များ၊ တင်ပြချက်များကို တွေ့ရပါကြောင်း၊ ကော်မတီအနေဖြင့် စစ်တွေမြို့တွင် အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပြီး သံဃာတော်များထံမှ သြဝါဒခံယူခဲ့ပါကြောင်း၊

တွေ့ဆုံမှုများမှ ရရှိလာသည့် အကြံပြုချက်၊ တင်ပြချက်များသည် ကော်မတီအတွက်သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရအတွက်သော် လည်းကောင်း များစွာအကျိုးရှိသည့် အချက်များပါဝင်သည်ကိုတွေ့ရပါကြောင်း၊ ဒုတိယအကြိမ် ခရီးစဉ် သွားရောက်သည့်အခါတွင် ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ယခုတက်ရောက်လာကြသူများအနေဖြင့် ပထမအကြိမ်ခရီးစဉ်နှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

**ရေတို၊ ရေရှည် ဆောင်ရွက်**

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း၊ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူ၊ ဦးညီလှငယ်တို့က ရခိုင်ပြည်နယ်တွင်ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများ လျှော့ချနိုင်ရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးသွားရေး၊ လတ်တလောလိုအပ်ချက်နှင့် မိုးမကျမီ ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များ၊ လက်ရှိ ရခိုင်ပြည်နယ်အခြေအနေနှင့် အကြိမ်ကြိမ် ကွင်းဆင်းလေ့လာဆောင်ရွက်ရေး၊ တွေ့ဆုံသင့်သူများ တွေ့ဆုံဆွေးနွေးရေး၊ ရေတို၊ ရေရှည် ဆောင်ရွက်သင့်သည့် အချက်များ နည်းလမ်းရှာကြံရေးတို့နှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် မစ္စတာတိုရှိအိုနီရှိမူရနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ဂျပန်နိုင်ငံ နာဂိုယာမြို့ အခြေစိုက်ခရိုင်တွင် မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်အဖြစ် ခန့်အပ်ထားသည့် မစ္စတာတိုရှိအိုနီရှိမူရနှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲ တွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**



ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ မောင်းသူမဲ့လေယာဉ် (Drone) နှင့် ပတ်သက်၍ ဝန်ဆောင်မှုဆိုင်ရာအသုံးပြုနိုင်ပုံများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြခြင်း၊ ဂျပန်နိုင်ငံတွင် ကျင်းပမည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ Investment Forum များ၊ Seminar များတွင် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာ အထင်ကရနေရာများကို Drone ဖြင့် ရိုက်ကူးပြသပြီး ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံသို့ ဖိတ်ခေါ်နိုင်ရေး၊ ဂျပန်နိုင်ငံနာဂိုယာမြို့နှင့် မြန်မာနိုင်ငံ တောင်ကြီးမြို့တို့အား ညီအစ်မမြို့တော်အဖြစ် ဆောင်ရွက်နိုင်ရေးနှင့် နောင်အနာဂတ်တွင် လုပ်ငန်းများ ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# သထုံမြို့၌ ရေသယံဇာတကာကွယ်ထိန်းသိမ်းရေး အသိပညာပေးသင်တန်း ဖွင့်လှစ်

**သထုံ ဧပြီ ၂၉**

မွန်ပြည်နယ် သထုံမြို့ ငါးလုပ်ငန်းသင်တန်းကျောင်း(သထုံ)၌ ယနေ့ နံနက်ပိုင်းက ရေသယံဇာတကာကွယ်ထိန်းသိမ်းရေးအသိပညာပေးသင်တန်း အမှတ်စဉ်(၅/၂၀၁၉)ဖွင့်ပွဲ အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီး ဦးထွန်းဌေးက တက်ရောက်အမှာစကားပြောကြား၍ သင်တန်းဖွင့်လှစ်ပေးသည်။

**အသိပညာပေးရန်**

သဘာဝပတ်ဝန်းကျင် ဂေဟစနစ်များ ထိခိုက်ပျက်စီးမှုများကြောင့် ရေသယံဇာတအပြင် သဘာဝသယံဇာတများအား နိုင်ငံတော် အစိုးရမှ ဦးဆောင်၍ ပူးပေါင်းစီမံ ခန့်ခွဲသောနည်းလမ်းများဖြင့် ကာကွယ် ထိန်းသိမ်းကြရန် ငါးလုပ်ငန်းနှင့်ဆက်စပ်နေသော အသင်းအဖွဲ့များ၊ သယံဇာတထိန်းသိမ်းရာတွင် ကွင်းဆင်းဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အနာဂတ်ကျောင်းသားလူငယ်များကို ဆက်လက်အသိပညာပေးရန် ရည်ရွယ်၍ ပညာရေးဌာနမှ ဆရာ ဆရာမများ တက်ရောက်စေရန် ရည်ရွယ်ပြီး သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးက ပြောကြားသည်။

**စရိတ်ငြိမ်း သင်ကြားပေး**


အဆိုပါသင်တန်းကို ဧပြီ ၂၉ ရက်မှ မေ ၁ ရက်အထိ ငါးလုပ်ငန်းဦးစီးဌာနမှ သင်တန်းဆရာ ဆရာမများက ရေသယံဇာတထိန်းသိမ်းရေး အသိပညာများကို သင်တန်းသား သင်တန်းသူ ၃၂ ဦးအား နေထိုင်၊ စားသောက်၊ စရိတ်ငြိမ်း (အခမဲ့) ဖြင့် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ရောက်ရှိ

ဖနောင်ပင် ဧပြီ ၂၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် ပေကျင်းမြို့မှ ကူမင်းမြို့ Changshui အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြရာ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Zhang Guohua ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး **Mr. Chen Hao** အား လေဆိပ် အထူးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

**လက်ခံတွေ့ဆုံ**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး Mr.Chen Hao အား လေဆိပ်အထူးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်နှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဦးဆက်အောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မြန်မာအထူးလေယာဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၅ မိနစ်တွင် ရောက်ရှိကြရာ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသမီးရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Kantha Phavi ၊ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms.Eat Sophea ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်စိုး၊



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ မြန်မာသံအမတ်ကြီး၊ စစ်သံမှူး၊ သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

သတင်းစဉ်

မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး Mr. Sok Chea နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် The Great Duke Phnom Penh Hotel သို့ ရောက်ရှိကြသည်။

**မိသားစုဝင်များနှင့် တွေ့ဆုံ**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ရောက်ရှိပြီး ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်စိုး၊ စစ်သံမှူး ဗိုလ်မှူးချုပ် ဝင်းကိုကို၊ သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံသည်။

**ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား မြန်မာသံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသမီးရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Kantha Phavi က ကြိုဆိုနှုတ်ဆက်ကြစဉ်။**

သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

ယခုဒုတိယအကြိမ်မြောက်ဖိုရမ်မှ ပေးစွမ်းသွားနိုင်မည်ဟု ယုံကြည်ကြောင်း၊ BRI အောက်ရှိ စီမံကိန်းများသည် ပါဝင်သည့်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ၊ ဦးစားပေးကိစ္စရပ်များနှင့် ကိုက်ညီရန်လိုအပ်ကြောင်း၊ စီးပွားရေးအရသာမက လူမှုရေးနှင့် သဘာဝ ပတ်ဝန်းကျင်အပေါ် တာဝန်သိမှုကို အခြေခံ၍ စီမံကိန်းများ၏ ဖြစ်နိုင်ခြေကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး အရေးအကြီးဆုံးအချက်အနေဖြင့် ဒေသခံပြည်သူများ၏ ယုံကြည်ထောက်ခံမှုရရှိရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသအကြား ကုန်းမြေပေါင်းကူးတံတားအဖြစ် တည်ရှိနေသည့်အပြင် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံတို့ ကဲ့သို့သော ကြီးမားသည့် စီးပွားရေးဈေးကွက်များနှင့်လည်း နီးကပ်စွာ တည်ရှိနေကြောင်း၊ နိုင်ငံများအားလုံး၊ အထူးသဖြင့် မိမိတို့၏ အိမ်နီးချင်းနိုင်ငံများနှင့် ခင်မင်ရင်းနှီးသော ဆက်ဆံရေးကိုထိန်းသိမ်းထားရှိနိုင်ရေးသည် မြန်မာနိုင်ငံ အစဉ်တစိုက် ကျင့်သုံးခဲ့သည့် မူဝါဒဖြစ်ကြောင်း၊ ပထမအကြိမ် BRI ဖိုရမ်တွင် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး မိမိတို့၏ အမျိုးသားစီမံကိန်းများနှင့် ဦးစားပေးကိစ္စရပ်များနှင့်အညီ နှစ်ဖက်အကျိုးစီးပွားများ မျှဝေနိုင်သည့် နယ်ပယ်များတွင် ဘုံဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရန်အတွက် အတူတကွဆောင်ရွက်ရန် ကတိကဝတ်များ ဖော်ညွှန်းခဲ့ပြီး ဖြစ်ကြောင်း၊ (၂) နှစ်တာကာလအတွင်း မြန်မာ-တရုတ်စီးပွားရေးစင်္ကြံ ပူးတွဲတည်ထောင်ရေးနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအား ပံ့ပိုးပေးရန်အတွက် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ထောင်ရန်လည်း သဘောတူညီခဲ့ပြီး ဖြစ်ကြောင်း၊ မိမိတို့၏ အမျိုးသားစီမံကိန်းနှင့် ဦးစားပေးကိစ္စရပ်များနှင့်အညီ ရွေးချယ်ထားသည့် BRI စီမံကိန်းများသည် ပြည်တွင်းဆက်သွယ်ချိတ်ဆက်မှုကို မြှင့်တင်နိုင်ရုံသာမကဘဲ နယ်စပ်ဖြတ်ကျော်ဆက်သွယ်ချိတ်ဆက်မှုကိုပါ တိုးမြှင့်ပေးသွားနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ညနေပိုင်းတွင် ပြည်သူ့ခန်းမဆောင်ကြီး၌ သမ္မတ မစ္စတာရှီကျင့်ဖျင်မှ ဖိုရမ်တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၇-၄-၂၀၁၉ ရက်နေ့၊ နံနက်ပိုင်းတွင် ပေကျင်းမြို့ Yanqi Lake International Conference Centre ၌ ကျင်းပသည့် နိုင်ငံ့ခေါင်းဆောင်များ၏ စားပွဲဝိုင်းဆွေးနွေးပွဲ (ပထမပိုင်း) သို့ ပါဝင်တက်ရောက်ခဲ့ပြီး "Boosting Connectivity to Explore New Sources of Growth" ဘာသာရပ်ခေါင်းစဉ်နှင့်ပတ်သက်၍ ပါဝင်ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Yanqi Hotel ၌ "Strengthening Policy Synergy and Building Closer Partnership" ခေါင်းစဉ်ဖြင့် ကျင်းပသည့် အလုပ်သဘောနေ့လယ်စာစားပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲ (ဒုတိယပိုင်း) သို့ လည်းကောင်း၊ "Promoting Green and Sustainable Development to Implement the UN 2030 Agenda" ခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲ (တတိယပိုင်း) သို့လည်းကောင်း တက်ရောက်ခဲ့သည်။

စားပွဲဝိုင်းဆွေးနွေးပွဲအပြီးတွင် ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ရာ အဆိုပါကြေညာချက်တွင် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံချက်သည် ပိုးလမ်းမပေါ်တွင်ရှိသည့် နိုင်ငံများတွင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာပြီး အချင်းချင်း ဆက်သွယ်မှု တိုးမြှင့်လာစေရေးအတွက်သာမက နိုင်ငံများအချင်းချင်း မူဝါဒများ ဟန်ချက်ညီစွာ ဆက်သွယ်မှုရှိရေး၊ ချောမွေ့သောကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုရှိစေရေး၊ ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကောင်းမွန်သည့် တိုးတက်မှုနှင့် လူနေမှုကို အထောက်အကူဖြစ်စေမည့် အဂတိကင်းစင်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဆောင်ရွက်သည့် လူမှုအဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေး၊ ပြည်သူများ အချင်းချင်းအပြန်အလှန် သွားလာဆက်သွယ်မှု၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေး၊ ပညာရေး၊ ဒီဂျစ်တယ်ဆက်သွယ်ရေး စသည့်ကဏ္ဍများတွင်လည်း ပေါင်းစည်းဆက်နွှယ်မှု တိုးမြှင့်ရေးကို ရည်ရွယ်ကြောင်း ထည့်သွင်းဖော်ပြထားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၄-၄-၂၀၁၉ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့်လည်းကောင်း၊ ၂၅-၄-၂၀၁၉ ရက်နေ့တွင် နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ် မစ္စတာ လီခချန်းနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကိုအခြေခံ၍ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်ရေးမူဘောင်အောက်မှ မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အဆိုပါအစီအစဉ်အောက်မှ နှစ်နိုင်ငံပြည်သူများ၏ လူမှုဘဝမြှင့်တင်ရေးနှင့် အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို တရုတ်အစိုးရမှ ဆက်လက်အကူအညီပေးရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်အရေး ကိစ္စနှင့်ပတ်သက်၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် တရုတ်အစိုးရမှ ဆက်လက်အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံအား ဆက်လက်ကူညီပံ့ပိုးပေးရေး၊ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၁၀၀၀၀၀ အား တရုတ်နိုင်ငံသို့ တင်သွင်းခွင့် ခွဲတမ်းအား ဆက်လက်ပေးအပ်ရေး၊ မြန်မာနိုင်ငံမှ

> **"နှစ်နိုင်ငံအကြား ရှိရင်းစွဲမိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရန်နှင့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအောက်တွင် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် အရည်အသွေးပြည့်မီသည့် ပူးပေါင်းဆောင်ရွက်မှုများ ရရှိနိုင်ရန်အတွက် အခွင့်အလမ်းများကို ယခုဒုတိယအကြိမ်မြောက် ဖိုရမ်မှ ပေးစွမ်းသွားနိုင်မည်ဟု ယုံကြည်ကြောင်း၊ BRI အောက်ရှိ စီမံကိန်းများသည် ပါဝင်သည့်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ၊ ဦးစားပေးကိစ္စရပ်များနှင့် ကိုက်ညီရန် လိုအပ်ကြောင်း၊ စီးပွားရေးအရသာမက လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် တာဝန်သိမှုကို အခြေခံ၍ စီမံကိန်းများ၏ဖြစ်နိုင်ခြေကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး အရေးအကြီးဆုံးအချက်အနေဖြင့် ဒေသခံပြည်သူများ၏ ယုံကြည်ထောက်ခံမှုရရှိရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသအကြား ကုန်းမြေပေါင်းကူးတံတားအဖြစ် တည်ရှိနေသည့်အပြင် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံတို့ ကဲ့သို့သော ကြီးမားသည့် စီးပွားရေးဈေးကွက်များနှင့်လည်း နီးကပ်စွာ တည်ရှိနေကြောင်း၊ နိုင်ငံများအားလုံး၊ အထူးသဖြင့် မိမိတို့၏ အိမ်နီးချင်းနိုင်ငံများနှင့် ခင်မင်ရင်းနှီးသော ဆက်ဆံရေးကို ထိန်းသိမ်းထားရှိနိုင်ရေးသည် မြန်မာနိုင်ငံ အစဉ်တစိုက်ကျင့်သုံးခဲ့သည့် မူဝါဒဖြစ်"**

လယ်ယာထွက်ကုန်ပစ္စည်းများနှင့် မွေးမြူရေးထွက်ကုန်များ တရုတ်နိုင်ငံမှ ပိုမိုတင်သွင်းရေးနှင့် အရည်အသွေးမြှင့်တင်ရန် ကူညီပံ့ပိုးရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏ တိုးမြှင့်နိုင်ရေးအတွက် နယ်စပ်ဒေသများတွင် တရားမဝင် ကုန်သွယ်မှုများ ပပျောက်ရေး၊ လူကုန်ကူးမှုကာကွယ်တားဆီးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်အစိုးရမှ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် နည်းပညာပူးပေါင်း ဆောင်ရွက်ရေး လုပ်ငန်းများအတွက် မြန်မာအစိုးရအား ယွမ်သန်း ၁၀၀၀ အကူအညီ အထောက်အပံ့ပေးမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံတော်ကောင်စီဝင်၊ ဝန်ကြီးချုပ် မစ္စတာ လီခချန်းတို့သည် တွေ့ဆုံမှုအပြီးတွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များ လက်မှတ်ရေးထိုးလဲလှယ်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူနေမှုဘဝမြှင့်တင်နိုင်ရေးအတွက် တရုတ်အစိုးရမှ မြန်မာအစိုးရအား ထောက်ပံ့ငွေ ယွမ်သန်း(၁၀၀၀) အထောက်အပံ့ပေးအပ်မည့် စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်၊ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်နှင့်အညီ စက်မှု၊ ပို့ဆောင်ရေး၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ ဒီဂျစ်တယ်ပိုးလမ်းမ (ဆက်သွယ်ရေးနည်းပညာ)၊ ဘဏ္ဍာရေး၊ ခရီးသွားလုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြည်သူများအချင်းချင်းထိတွေ့ဆက်ဆံမှု၊ ရေအရင်းအမြစ် စီမံခန့်ခွဲမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများဖြစ်သည့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (၂၀၁၉-၂၀၃၀) ဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ထုတ်လုပ်မှုပိုင်း တိုးမြှင့်ရေးအတွက် စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် (၅) နှစ် ဖွံ့ဖြိုးမှု အစီအစဉ်ရေးဆွဲရေးဆိုင်ရာ သဘောတူစာချုပ်၊ စုစုပေါင်းသဘောတူညီချက် (၃) ခုတို့ကို နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၅-၄-၂၀၁၉ ရက်နေ့၊ ညနေပိုင်းတွင် တရုတ်ကွန်မြူနစ်ပါတီ၊ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး မစ္စတာစွန့်တောင်မှ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံတကာရေးရာဌာနတွင် တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၈-၄-၂၀၁၉ ရက်နေ့၊ နံနက်ပိုင်းတွင် ပေကျင်းမြို့၊ မြန်မာသံရုံးသို့ သွားရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း ဦးဆောင်သည့် မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာတွင် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC) ဥက္ကဋ္ဌ Mr. Wang Yang နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် Mr. Wang Yang မှ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ယန်းချင့်မြို့နယ်၊ Guirui ပြဇာတ်ရုံတွင် ကျင်းပသည့် ၂၀၁၉ ခုနှစ်၊ ပေကျင်း အပြည်ပြည်ဆိုင်ရာသစ်သီးဝလံနှင့် ပန်းမန်ပြပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားသို့ မတက်ရောက်မီ ယင်းပြပွဲတွင် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံပြခန်းနှင့် တရုတ်နိုင်ငံပြခန်းတို့ကို လှည့်လည်ကြည့်ရှုကာ၊ အမှတ်တရ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နှင့်ဇနီး၊ ယင်းပြပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ ယဉ်ကျေးမှုဖျော်ဖြေတင်ဆက်မှု အစီအစဉ်များကို ကြည့်ရှုခဲ့သည်။

ပေကျင်းမြို့တွင် ရှိနေစဉ်အတွင်း၊ ၂၆-၄-၂၀၁၉ ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရုရှားနိုင်ငံသမ္မတ၊ H.E. Mr. Vladimir Putin နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပပြုလုပ်ခဲ့ပြီး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ တောင်ကြီးမြို့ ပြည်သူ့ဆေးရုံ ပြုပြင်မွမ်းမံရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးကာလအတွင်း သြစတြီးယားနိုင်ငံ၊ ဝန်ကြီးချုပ် H.E. Mr. Sebastian KURZ နှင့် တွေ့ဆုံရာ၌ မြန်မာ-သြစတြီးယား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ e-Government ကဏ္ဍ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့၌ ရင်းနှီးမြှုပ်နှံရန် အလားအလာများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။ ပြင်သစ်နိုင်ငံ ဥရောပရေးရာနှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Jean Yves Le Drian နှင့်တွေ့ဆုံရာ၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများအား ဖြေရှင်းရာတွင် ပြင်သစ်နိုင်ငံမှ ကူညီပံ့ပိုးပေးမည့်ကိစ္စ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း မူဘောင်အောက်မှ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ မူဘောင်အောက်မှ နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းအစီအစဉ်များကို တရုတ်နိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်။ ထို့ပြင် တရုတ်အစိုးရမှ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ၊ အထူးသဖြင့် ပြည်သူများ၏ လူနေမှုဘဝတိုးတက်ရေးနှင့် စီမံကိန်းကြီးများ ဖြစ်နိုင်ခြေ လေ့လာရေး ကိစ္စများနှင့် မြန်မာနိုင်ငံမြောက်ပိုင်းဒေသရှိ နေရပ်စွန့်ခွာသူများအား လူသားချင်းစာနာမှု အကူအညီ ပေးအပ်ရေးတို့အတွက် မြန်မာအစိုးရအား ယွမ်သန်း (၁၀၀၀) အကူအညီ အထောက်အပံ့ပေးရန်၊ မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၁၀၀၀၀၀ အား တရုတ်နိုင်ငံသို့ တင်သွင်းခွင့် ခွဲတမ်းအား ဆက်လက်ပေးအပ်ရန်နှင့် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် မွေးမြူရေးထွက်ကုန်များ ပိုမိုတင်သွင်းနိုင်ရန် ဆွေးနွေးနိုင်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၉-၄-၂၀၁၉ ရက်နေ့၊ နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် ပေကျင်းမြို့မှ ကူမင်းမြို့သို့ ပြန်လည်ထွက်ခွာခဲ့သည်။ ကူမင်းလေဆိပ် ဧည့်ခန်းမတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယူနန်ပြည်နယ်၊ ကွန်မြူနစ်ပါတီအတွင်းရေးမှူး H.E. Mr. Chen Hao အား လက်ခံတွေ့ဆုံခဲ့သည်။

ထို့နောက် နေ့လယ်ပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင် သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့မှ ကမ္ဘောဒီးယားနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ရန်အတွက် ဖနောင်ပင်မြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဦးကျော်တင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ထူး၊ ဦးဆက်အောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားခဲ့ကြသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊**
**၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်။**





**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ ဟားခါးမြို့ ဟားခါးကောလိပ်ဝင်းအတွင်းရှိ ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။** သတင်းစဉ်

✤ *ကျော့ဖုံးမှ*

တွေ့ဆုံစဉ် ဒုတိယသမ္မတအား ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ထန်တလန်မြို့ ရေပေးဝေရေးအတွက် လက်ရှိဆောင်ရွက်နေသည့် အခြေအနေ၊ ရေရရှိရေးအတွက် အသုံးပြုမည့် ဘဏ္ဍာငွေလျာထားမှုအခြေအနေ၊ Feasibility Survey တိုင်းတာလေ့လာခဲ့သည့် ပိုက်လမ်းကြောင်း အခြေအနေ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

**မြန်ဆန်စွာဆောင်ရွက်**

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယ သမ္မတက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး စီမံကိန်းများ တင်ပြရာတွင် အနီးစပ်ဆုံး ခန့်မှန်းခြေစာရင်းများကို သေချာစွာ တွက်ချက်၍ တင်ပြရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း နှောင့်နှေးကြန့်ကြာမှုမရှိစေရန် နည်းလမ်းများ ကြံဆ၍ မြန်ဆန်စွာဆောင်ရွက်သွားရန် လိုအပ်ပြီး ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူလူထုအနေဖြင့်လည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း မှာကြားသည်။

ထန်တလန်မြို့ ရေရရှိရေးလုပ်ငန်းအား ခွေဗားချောင်းနှင့် မွာလ်ရွာလ်ချောင်းရေထွက်များမှ ရေသွယ်ရေး ဆောင်ရွက်နိုင်ပါက တစ်မိနစ်ဂါလန် ၁၃၀ နှုန်းဖြင့် တစ်နေ့လျှင် ဂါလန် ၁၈၇၂၀၀ ရရှိနိုင်မည်ဖြစ်ပြီး လက်ရှိလူဦးရေ ၈၈၈၅ ဦးအား တစ်နေ့လျှင် ၂၁ ဂါလန်နှုန်းဖြင့် (လက်ရှိရေထွက်များမပါ) ဖြန့်ဝေနိုင်မည် ဖြစ်ကြောင်း သိရသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ထို့နောက် ပြည်နယ်ဝန်ကြီး ဦးပေါင်လွှန်းမင်ထန် က အစိုးရနည်းပညာအထက်တန်းကျောင်း (ထန်တလန်) ဖွင့်လှစ်နိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ မြို့မိ၊ မြို့ဖများက ဒေသတွင်းလိုအပ်နေသည့် ပညာရေး၊ ကျန်းမာရေး အခြေအနေများကို တင်ပြကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးပြီး ထန်တလန်မြို့နယ်အတွင်း ရေရရှိခြင်းမရှိသေးသည့် ဟိုတယ်ဇုန်နှင့် ရပ်ကွက်နေပြည်သူများ သောက်သုံးရေ ရရှိရေးအတွက် ရေပိုက်နှင့်ဂါလန် ၁၀၀၀၀ ဆံ့ ရေကန်တည်ဆောက်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ ငွေကျပ်သိန်း ၅၁၀ ထောက်ပံ့ပေးသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ထန်တလန်မြို့နယ် ခုတင် ၅၀ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာခွန်စောထွန်းက ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အချက်အလက်များ၊ တည်ဆောက်ရေး လုပ်ငန်းများနှင့် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးက ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှု၍ ဆေးဝါးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် ထန်တလန်မြို့နယ် ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ခန်းပါ တိုးချဲ့နှစ်ထပ်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ပရောဂျက် မန်နေဂျာ ဦးတင်ထွန်းအောင်က တိုးချဲ့နှစ်ထပ်ဆောင် ဆောက်လုပ်နေမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဝန်ထမ်းအိမ်ရာဆောက်လုပ်**

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ဆေးရုံဆောက်လုပ်ရန် မြေအသုံးချရာတွင် ရေရှည်မျှော်မှန်း၍ စီမံဆောင်ရွက်ရန်မှာကြားကာ လုပ်ငန်းဆောက်လုပ်ပြီးစီးမှု အခြေအနေများ၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်မည့် မြေနေရာနှင့် ဆေးရုံအတွင်း လမ်းဖောက်လုပ်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့သည် ထန်တလန်မြို့ ဟိုတယ်ဇုန်အတွင်း တည်ဆောက်နေသည့် Thantlang Hill Resort စီမံကိန်းသို့ သွားရောက်၍ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ခရီးစဉ်အသစ်များ ဖော်ထုတ်**

ထို့နောက် ဒုတိယသမ္မတအား Tint Tint Travels & Tours Co.Ltd မှ ဒေါ်တင့်တင့်လွင်က စီမံကိန်းဆောက်ရွက်နေမှု အခြေအနေ၊ ထန်တလန်မြို့ဝန်းကျင်တွင် ခရီးစဉ်အသစ်များ ဖော်ထုတ်နေမှု အခြေအနေ၊ ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စီမံကိန်းတွင် လိုအပ်လျက်ရှိသည့် လျှပ်စစ်မီးရရှိရေးတို့ကို တင်ပြကြရာ ပြည်နယ်ဝန်ကြီး ဦးစိုးထက်၊ ညွှန်ကြားရေးမှူးချုပ် ဦးချစ်တိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်တို့က ပံ့ပိုးဖြည့်ဆည်းပေးနိုင်မည့် အစီအစဉ်များအား ရှင်းလင်းဖြေကြားရာ ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးသည်။

**လာရောက်အပန်းဖြေနိုင်**

အဆိုပါ စီမံကိန်းဆောက်လုပ်နေသည့် မြေနေရာသည် ၁၁ ဧကကျယ်ဝန်းပြီး ခရီးသွားပြည်သူများအေးချမ်းစွာ လာရောက်အပန်းဖြေနိုင်စေရန် ခရီးသွားရာသီအမီ အပြီးတည်ဆောက်သွားမည် ဖြစ်ကြောင်းသိရသည်။

ယင်းနောက် ထန်တလန်မြို့နယ် မိုးလုံလေလုံအားကစားရုံ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က မိုးလုံလေလုံအားကစားရုံ ဆောက်လုပ်မည့် အခြေအနေ၊ တည်ဆောက်မှုပြီးစီးပါက ရရှိလာမည့် အကျိုးကျေးဇူးများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးပြီး လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ထန်တလန်မြို့ View Point မှ ထန်တလန်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့် က ဟားခါး - ထန်တလန် - ဆာဆီချောက်လမ်း (ထန်တလန်မြို့တွင်းအပိုင်း) ကတ္တရာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့်ထန်တလန်-လုံလဲလမ်း (ထန်တလန်မြို့တွင်းအပိုင်း) ကတ္တရာ ကွန်ကရစ်ခင်းရန် လျာထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဟားခါးနည်းပညာ ကောလိပ်သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး ဦးလျန်ဇခုပ်က လက်ရှိကောလိပ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သစ်တောသစ်ပင်များကို တတ်နိုင်သမျှ ထိခိုက်မှုမရှိစေဘဲ ဆောင်ရွက်သွားရန် မှာကြားပြီး လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**စာကြည့်တိုက် ဆောက်လုပ်**

ထို့နောက် ဟားခါးကောလိပ်ဝင်း အတွင်းရှိ အဆောက်အဦ ဦးစီးဌာန၊ တည်ဆောက်ရေး (၃)၊ အဆောက်အဦ အထူးအဖွဲ့ (၉) ရှင်းလင်းဆောင်၌ အင်ဂျင်နီယာချုပ် ဦးခင်မောင်ဆွေက ၂၀၁၈ - ၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး ကောလိပ်ဝင်းအတွင်း ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ရေးလုပ်ငန်းနှင့် စာကြည့်တိုက် ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ရေနှင့် လျှပ်စစ်မီးရရှိရေး**

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ဟားခါးမြို့ရှိ သားဖွားသင်တန်းကျောင်း ဆောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိရာ ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက လက်ရှိသင်တန်းကျောင်းနှင့် သင်တန်းသူအိပ်ဆောင် ဆောက်လုပ်နေမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေ၊ သင်တန်းကျောင်းအတွင်း ဆက်စပ်လုပ်ငန်းများဖြစ်သော မြေတူးခြင်း၊ ကျောက်ချောလမ်းခင်းခြင်းနှင့် မြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းစဉ်များနှင့် လိုအပ်လျက်ရှိသည့် ရေနှင့် လျှပ်စစ်မီး ရရှိရေးတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးပြီး လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**အလေးထားဆောက်လုပ်ရန် မှာကြား**

ယင်းနောက် ဒုတိယသမ္မတသည် ဟားခါးမြို့ရှိ ဘက်စုံသုံးသဘာဝဘေးဒဏ်ခိုလှုံရာ အဆောက်အအုံ (Cyclone Shelter) ဆောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ စံချိန်စံညွှန်းကိုက်ညီပြီး အရည်အသွေးပြည့်ဝသည့် အဆောက်အဦဖြစ်စေရေး အလေးထားဆောက်လုပ်ရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အဆောက်အဦ ဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၂)၊ အဆောက်အဦ အထူးအဖွဲ့ (၆) မှ တည်ဆောက်နေသည့် ချင်းပြည်နယ် တရားလွှတ်တော် RC သုံးထပ်အဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းသို့ သွားရောက်၍ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့သည် အားကစားနှင့် ကာယပညာ သိပ္ပံ (ဟားခါး) တည်ဆောက်မည့် မြေနေရာသို့ရောက်ရှိရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အားကစားနှင့် ကာယပညာသိပ္ပံ တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့် မြေပြုပြင်ပြီးမှုအခြေအနေ၊ မြေသားလမ်းသစ် ဖောက်လုပ်မည့် အခြေအနေ၊ ရေနှင့်လျှပ်စစ်မီး ရရှိစေရန် ဆောင်ရွက်ထားမှု အခြေအနေ၊ အရည်အသွေးပြည့်မီသည့် အဆောက်အဦများ ဖြစ်စေရန် ဆောင်ရွက်ထားရှိသည့် အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် အားကစားနှင့် ကာယပညာသိပ္ပံ (ဟားခါး) အုပ်ချုပ်မှုရုံး ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ဟားခါးနှစ်ခြင်းခရစ်ယာန် အသင်းတော်၏ သိက္ခာတော်ရ ဆရာတော် Dr.စတီးဗန်လျန်ဟုပ်လင်းက ဆုတောင်းစကား ပြောကြားသည်။

**အမွှေးနံ့သာရည်များ ပက်ဖျန်း**

ယင်းနောက် ဒုတိယသမ္မတ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ရတနာပန္နက်တင်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

အဆိုပါ အားကစားနှင့် ကာယပညာသိပ္ပံ (ဟားခါး) ကို ဟားခါးမြို့ မြောက်ဘက် တစ်မိုင်ခန့်အကွာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၁၃၀ရှိ ဟိုင်တလန် ရေကူးကန်အနီး ၅၆ ဒသမ ၉၄ ဧက ကျယ်ဝန်းသည့် မြေနေရာတွင် တည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်မှု ပြီးစီးပါက ပြေးခုန်ပစ်၊ မြားပစ်၊ လက်ဝှေ့၊ ဂျူဒို၊ ကရာတေးဒို စသည့် အားကစားနည်းများကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အားပေးစကားပြောကြား**

ထို့နောက် ဒုတိယသမ္မတသည် ခုတင် ၂၀၀ ဆံ့ ဟားခါးပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုပြီး ဆေးဝါးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများအား အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဟားခါးပြည်သူ့ဆေးရုံကြီးတွင် တိုးချဲ့ဆောက်လုပ်နေသည့် ခေတ်မှန်ခန်းပါ နှစ်ထပ်တိုးချဲ့လူနာဆောင် ဆောက်လုပ်ခြင်း လုပ်ငန်းခွင်သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ချင်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ **သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် မေ ၂၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော် နာယကက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ယနေ့ စတင်ကျင်းပသည့် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ၂၀၁၈- ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုခြင်း၊ လွှတ်တော်အသီးသီးတွင် ဆောင်ရွက်နေဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိနေသည့် ဥပဒေကြမ်းများကို ဦးစားပေးအလိုက် ဆွေးနွေးအတည်ပြုခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကိစ္စရပ်များ အပါအဝင် လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

## လွှတ်တော်ကိုယ်စားလှယ်များ မိမိ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ မှန်မှန်ကန်ကန် ရယူအသုံးပြု

(၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ယခင်အစည်းအဝေးများထက် ပိုမိုများပြားသည့် အလုပ်တာဝန်များနှင့် ကြုံတွေ့ကြရမည်ဖြစ်ပါကြောင်း၊ သင့်တော်သည့် သတ်မှတ်ချိန်ကာလအတွင်း လုပ်ငန်းတာဝန်များကို အောင်မြင်စွာပြီးမြောက်နိုင်ရန် ဦးစားပေးလုပ်ငန်းအလိုက် စီမံခန့်ခွဲမှုကောင်းကောင်းနှင့် အချိန်ကိုအကျိုးရှိရှိ အသုံးပြုနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အားလုံး၏ညီညွတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးလှသည့် လက်ရှိအခြေအနေတွင် လွှတ်တော်ကိုယ်စားလှယ်များ တစ်ဦးချင်းအနေနှင့် မိမိ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများကိုလည်း မှန်မှန်ကန်ကန် ရယူအသုံးပြုကြရမည်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း သတ်မှတ်ထားသည့်ကျင့်ဝတ်နှင့် စည်းကမ်းများကို သိရှိလိုက်နာပြီး မိမိတို့၏ ဥပဒေပြုလွှတ်တော်နှင့် အခြားသောကိုယ်စားလှယ်များ၏ အခွင့်အရေးများကိုလည်း မထိခိုက်စေရန် သတိပြုဆောင်ရွက်သွားစေလိုကြောင်း။

၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုမိန့်များကို မြို့နယ်အားလုံးအတွက် ထုတ်ပေးခဲ့ပြီးဖြစ်သကဲ့သို့ လုပ်ငန်းပြောင်းလဲဆောင်ရွက်ခွင့် တင်ပြလာသည့် မြို့နယ်



ဦးအောင်ကြည်



ဦးအောင်ကြည်ညွှန့်

၅၀ မှ လုပ်ငန်း ၉၅ ခုကိုလည်း စိစစ်ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် သက်ဆိုင်ရာဒေသခံများ၊ ဌာနအဖွဲ့အစည်းအသီးသီးက တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိတို့မဲဆန္ဒနယ်မြေအလိုက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်စေလိုပါကြောင်း။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းထားသည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့များကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ညှိနှိုင်းချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းထားပါကြောင်း၊ ပူးပေါင်းအဖွဲ့များအနေဖြင့် လက်ရှိဘဏ္ဍာရေးနှစ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတွင် ပါဝင်သည့် ရငွေ၊ သုံးငွေများကစပြီး စိစစ်ကြရမည်ဖြစ်ပါကြောင်း၊ စိစစ်ရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာမူဝါဒများကို အခြေခံပြီး အချိန်မီ စိစစ်တင်ပြပေးကြရန် မှာကြားလိုပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆက်လက်ဆောင်ရွက်ကြရမည့် လုပ်ငန်းတာဝန်များကို နိုင်ငံတော်နှင့်ပြည်သူများအတွက် အလေးထားစဉ်းစားပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ နိုင်ငံတစ်ဝန်းက တိုင်းရင်းသားပြည်သူများအားလုံး အေးချမ်းလုံခြုံပြီး ဥမကွဲသိုက်မပျက် နေထိုင်နိုင်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်တည်ဆောက်ရေးတွင် စိတ်ရောကိုယ်ပါ ညီညွတ်ကြပြီး ရိုးသားမှန်ကန်သည့် စေတနာလုပ်အားတို့ကို ပြသနိုင်ကြပါစေဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပသည့် အကြိမ် (၁၄၀) မြောက် နိုင်ငံတကာပါလီမန်များအဖွဲ့ ညီလာခံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်ကိုတင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်အဖြစ် ဦးမြင့်မောင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါ်ရီရီချို၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးလှထွေးနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးအောင်သူရတို့အား ခန့်အပ်တာဝန်ပေးခြင်းကို



ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့တွင် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ်ရေးထိုးကြစဉ်။

လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော တံတားကြီးများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ အစီရင်ခံစာ ဖတ်ကြား

ယင်းနောက် ဥပဒေကြမ်းပူးပေါင်းကော်မတီအဖွဲ့ဝင် ဦးအောင်ကြည်ညွှန့်က နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော လောင်းကစားဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာကိုလည်းကောင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်းက နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သော အစီရင်ခံစာကိုလည်းကောင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော တံတားကြီးများဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာကိုလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက လောင်းကစားဥပဒေကြမ်း၊ စာပေနှင့် အနုပညာ မူပိုင်ခွင့်ဥပဒေကြမ်းနှင့် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော တံတားကြီးများ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ကော်မရှင်ကိုစတင်တာဝန်ပေးအပ်ခဲ့ပြီးနောက် ကော်မရှင်သည် ၂၀၁၈ ခုနှစ်အတွက် လုပ်ငန်းစီမံချက် ၇ ရပ်ကို ဦးစွာရေးဆွဲချမှတ်ခဲ့ပါကြောင်း၊ ကော်မရှင်သည် ကျွမ်းကျင်သူပညာရှင်များ၏ အကူအညီဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်ကို ကာလတို (၂၀၁၈-၂၀၂၁) လေးနှစ်တာကာလအတွက် သတ်မှတ်ရေးဆွဲခဲ့ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ မဟာဗျူဟာစီမံချက်တွင် လုပ်ငန်းနယ်ပယ် ၅ ရပ်၊ လုပ်ငန်းစဉ် ၁၇ ခုနှင့် ပန်းတိုင် ၄၈ ခုရှိပါကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း ကော်မရှင်က တိုင်ကြားစာလက်ခံရရှိမှုအနေဖြင့် ယခင်နှစ် အလားတူကာလထက် ငါးဆခန့် ပိုမိုပေးပို့လာသောကြောင့် စုစုပေါင်း အစောင်ရေ ၁၀၅၄၃ စောင် လက်ခံရရှိခဲ့ပါကြောင်း၊ ကော်မရှင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးသည့် တိုင်ကြားစာ ၄၆ စောင်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူသင့်သည်ဟု စိစစ်တွေ့ရှိရ၍ ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးပို့သော တိုင်ကြားစာ ၁၇၉၅ စောင်ဖြစ်ပါကြောင်း။

ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ချက်များကို ဆွေးနွေးအကြံပြုခဲ့သော တိုင်ကြားစာ ၅၂၈၆ စောင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အကျုံးမဝင်သော တိုင်ကြား စာ ၂၈၂၄ စောင်တို့အား ပြည်သူတစ်ဦးချင်းထံသို့ ပြန်ကြားပေးနိုင်ခဲ့ပါကြောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးပို့ခဲ့သော တိုင်ကြားစာများနှင့် ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ကြောင်း ပြန်ကြားသည့် အရေအတွက်သည် ၅၃၆ စောင်ဖြစ်ပါကြောင်း။

ထို့ပြင် ကော်မရှင်၏ စုံစမ်းစစ်ဆေးမှုကြောင့် ၂၀၁၈ ခုနှစ်အတွင်း သက်ဆိုင်ရာဌာနများတွင် ဆုံးရှုံးမှုဖြစ်နိုင်ဖွယ်ရှိသော မြန်မာငွေကျပ် ၃၀ ဒသမ ၈၉ သန်းနှင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၀၃ သန်းတို့အား ပြည်သူ့ဘဏ္ဍာငွေအဖြစ် ပြန်လည်ပေးသွင်းစေခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံး အဂတိလိုက်စားမှုများကို အမြဲမပြတ်စောင့်ကြည့်ရေးနှင့် သုံးသပ်အကဲဖြတ်နိုင်ရေးအတွက် ကော်မရှင်သည် တတိယအဖွဲ့အစည်းတစ်ခုကို လုပ်ငန်းအပ်နှံ၍ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ ချင်းပြည်နယ်မှအပ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အဂတိလိုက်စားမှုစစ်တမ်း ကောက်ယူနိုင်ခဲ့ပါကြောင်း။

## အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

အဆိုပါ စစ်တမ်းတွေ့ရှိချက်များအရလည်းကောင်း၊ ကော်မရှင်၏ ၂၀၁၈ ခုနှစ် လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ပြန်လည်သုံးသပ်ချက်အရလည်းကောင်း ကော်မရှင်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးမဟာဗျူဟာ အောင်မြင်ရေးအတွက် ၂၀၁၉ ခုနှစ်တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်ရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ၂၀၁၉ ခုနှစ် ရှေ့လုပ်ငန်းစဉ်တွင် ဥပဒေမူဘောင် ပိုမိုခိုင်မာရေးအတွက် ထုတ်ဖော်သတင်းပေးပို့သူအား အကာအကွယ်ပေးရေး ဥပဒေကြမ်းရေးဆွဲရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေနှင့်အညီ ထိရောက်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် နည်းဥပဒေသစ် ရေးဆွဲရေးတို့ကိုလည်း ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းအနေဖြင့် ဌာနများတွင်ရှိနေသော အဂတိလိုက်စားမှုပြဿနာများကို ဖော်ထုတ်ကြရန်၊ ဖော်ထုတ်တွေ့ရှိရသော အဂတိလိုက်စားမှုပြဿနာများကို ဥပဒေနှင့်အညီဖြေရှင်းရန်နှင့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေ အန္တရာယ်မြင့်မားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို ပြန်လည်ဆန်းစစ်သုံးသပ်ပြင်ဆင်ရန်ဟူသော ရည်မှန်းချက်တာဝန် သုံးခုဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ CPU များကို ပြည်ထောင်စုဝန်ကြီးဌာနများတွင် ဖွဲ့စည်းရေးဆောင်ရွက်လျက်ရှိနေသကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ ရုံးသုံးမော်တော်ယာဉ် ငါးစီး တင်သွင်းရာတွင် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ရရှိရေးကိစ္စနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများဖြစ်သော ကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊ ရေနှင့်သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများနှင့် ကာကွယ်စောင့်ရှောက်မှုပေးခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ICRC ရုံးချုပ်မှ မြန်မာနိုင်ငံရှိ ICRC ရုံးသို့ အမေရိကန်ဒေါ်လာ ၁၂၇၈၇၉ ဒသမ ၂၀ တန်ဖိုးရှိ ရုံးသုံးမော်တော်ယာဉ် ငါးစီးကို လှူဒါန်းမည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၁၁ သို့*

# ထုတ်လုပ်သူများနှင့် စားသုံးသူများ ထိုက်သင့်သည့်ဈေးနှုန်း နစ်နာမှုမရှိစေရန် နှစ်စဉ်အခြေခံစပါးဈေးနှုန်းကြပ်မတ်နိုင်ရေးစီစဉ်ထား

**နေပြည်တော် မေ ၂၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ရှေ့မှောက်၌ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုအစည်းအဝေးကာလအတွင်း ဆွေးနွေးဆောင်ရွက်ကြရမည့် ဥပဒေကြမ်း ၁၄ ခုရှိပါကြောင်း၊ အသင့်ဖြစ်အဆို ၁၆ ခု၊ အသင့်ဖြစ် ကြယ်ပွင့်ပြမေးခွန်း ၂၃၇ ခုရှိပါကြောင်း၊ မေးခွန်းများ၊ အဆိုများနှင့် ဥပဒေကြမ်းများကို ဝန်ကြီးဌာနများ၏ အခြေအနေနှင့်ရရှိသည့် အချိန်အခါပေါ်မူတည်ပြီး နေ့စဉ်အစည်းအဝေး အစီအစဉ်များတွင် ထည့်သွင်းသွားမည်ဖြစ်သည်ကို အသိပေးတင်ပြလိုပါကြောင်း။

## လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍနှင့် ဥပဒေပြုရေးတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ကြရန် အထူးလိုအပ်

မိမိတို့လွှတ်တော် လုပ်ငန်းစဉ်များသည် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့် အညီ ကျင့်သုံးဆောင်ရွက်ကြရသည်ဖြစ်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများကို မြှင့်တင်နိုင်ရန်အတွက် ဥပဒေများအခိုင်အမာ ပြဋ္ဌာန်းနိုင်ရန် အထူးလိုအပ်ပါကြောင်း၊ လွှတ်တော်များ ခိုင်မာအားကောင်းပြီး ပြည်သူက ပိုမိုအားကိုးလာရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍနှင့် ဥပဒေပြုရေးတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ကြရန် အထူးလိုအပ်ပါကြောင်း၊ မိမိတို့ကိုယ်စားပြုသည့် ဥပဒေပြုရေးမဏ္ဍိုင်၏ တာဝန်သည်ကြီးမားပြီး စနစ်တကျ ချင့်ချိန်၊ စဉ်းစား၊ ဝေဖန်၊ သုံးသပ်ဆောင်ရွက်နိုင်ကြမှသာ မှန်ကန်သည့်ဆုံးဖြတ်ချက်များနှင့် ရလဒ်ကောင်းများ ထွက်ပေါ်လာမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေပြုရေးအပါအဝင် လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်သည့်အခါပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စံနမူနာပြ ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

မိမိတို့သည် နိုင်ငံတော်၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို တတ်နိုင်သမျှ စိစစ်ထိန်းညှိပြီး ဒီမိုကရေစီ စံနှုန်းများနှင့်ကိုက်ညီသည့် လွှတ်တော်ဖြစ်စေရေး၊ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် အားကိုးအားထားပြုရသည့် လွှတ်တော်ဖြစ်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေကြရမည် ဖြစ်ပါကြောင်း။ စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် တိုင်းရင်း သားအခွင့်အရေးများ အပြည့်အဝရရှိရေးတို့သည် အထူးပင်အရေးကြီးလှပါကြောင်း၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းနှင့် ဆွေးနွေးဖြေရှင်း နိုင်ရန်အတွက် ယုံကြည်မှုတည်ဆောက်နိုင်အောင် ဝိုင်းဝန်းကူညီပေးကြရန်လည်း တိုက်တွန်းလိုပါကြောင်း၊ မိမိတို့သည် ပြည်သူ့ကိုယ်စားလှယ်များပီပီ စိတ်ရင်းစေတနာမှန်နှင့် ပြည်သူများ၏ လိုလားချက်များကို ကြိုးပမ်းထမ်းဆောင်ကြရန် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာ ဦးစံရွှေဝင်း၏ ၂၀၁၉ ခုနှစ် မတ် ၁၇ ရက်မှ ၂၀ ရက်အထိ နီပေါလ်နိုင်ငံ အမျိုးသားကျန်းမာရေးအာမခံစနစ်ကျင့်သုံးနေမှုများအား လေ့လာရေးသွားရောက်ခဲ့သည့် ခရီးစဉ်၊ သာကေတ မဲဆန္ဒနယ်မှ ဒေါက်တာဦးဝေဖြိုးအောင်၏ ၂၀၁၉ ခုနှစ် မတ် ၁၈ ရက်မှ ၁၉ ရက်အထိ ထိုင်းနိုင်ငံ Strengthening Legal Frameworks to Protect Children from Sexual Exploitation in Travel and Tourism ဒုတိယအကြိမ် ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊ ရန်ကင်း မဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်၏ ၂၀၁၉ ခုနှစ် မတ် ၂၃ ရက်မှ ၂၄ ရက်အထိ ဂျပန်နိုင်ငံ (၅)ကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊ ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံနှင့် ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်တို့၏ ၂၀၁၉ ခုနှစ် ဧပြီ ၆ ရက်မှ ၁၀ ရက်အထိ ကာတာနိုင်ငံ အကြိမ်(၁၄၀)မြောက် နိုင်ငံတကာပါလီမန်များ ညီလာခံသို့ သွားရောက်ခဲ့ သည့် ခရီးစဉ်၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ) ဦးဇေယျာသော်၏ ၂၀၁၉ ခုနှစ် ဧပြီ ၁၅ ရက်မှ ၁၈ ရက်အထိ ဘယ်လ်ဂျီယံနိုင်ငံ European Union Visitors Programme- EUVP 2019 သို့ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်မြစေး ခေါင်းဆောင်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၀၁၉ ခုနှစ် ဧပြီ ၂၀ ရက်မှ ၂၇ ရက်အထိ တောင်အာဖရိကနိုင်ငံ Western Cape ပြည်နယ်လွှတ်တော်လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်၊ ကော့ကရိတ် မဲဆန္ဒနယ်မှ ဦးစိုးဌေးနှင့် ကမာရွတ်မဲဆန္ဒနယ်မှ ဦးကျော်မင်းတို့၏ ၂၀၁၉ ခုနှစ် ဧပြီ ၂၃ ရက်မှ ၂၇ ရက်အထိ နယ်သာလန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသွင်ကူးပြောင်းမှုများနှင့် ဖက်ဒရယ်နိုင်ငံများ၏ လုံခြုံရေးကဏ္ဍခေါင်းစဉ်ဖြင့် ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊ ဝါးခယ်မ မဲဆန္ဒနယ်မှ ဦးဇော်သိန်း၏ ၂၀၁၉ ခုနှစ် ဧပြီ ၂၇ ရက်မှ ၂၈ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ Guidelines of AIPA Engagement with Guest, Observe and Dialogue Partner ဆိုင်ရာ ယာယီလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့် ပြင်ဦးလွင် မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်နှင့် ပြည်ကြီးတံခွန် မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်းတို့၏ ၂၀၁၉ ခုနှစ် ဧပြီ ၂၈ ရက်မှ မေ ၃ ရက်အထိ ပေါ်တူဂီနိုင်ငံ (၂၆)ကြိမ်မြောက်




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပစဉ်။

Harm Reduction International Conference (HR 19) သို့ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၏ **ပျော်ဘွယ်မြို့နယ်တွင် သူဌေးကုန်းမှ ရွှေညောင်ဖူး၊ ကျောက်ချပ် 33KV လျှပ်စစ်ဓာတ်အားလိုင်းကို ကိုယ့်အား ကိုယ်ကိုးကျေးလက်မီးလင်းရေးကော်မတီဖွဲ့စည်း၍ တည်ဆောက်လျက်ရှိရာ ကော်မတီတွင် ပါဝင်ခဲ့သည့် ကျေးရွာအချို့အား NEP စီမံချက်အရ နိုင်ငံတော်အစိုးရ ရန်ပုံငွေဖြင့် တည်ဆောက်ခွင့်ရရှိခြင်းကြောင့် အဆိုပါဓာတ်အားလိုင်းအား နိုင်ငံတော်အစိုးရ၏ ဓာတ်အားလိုင်းအဖြစ် လွှဲပြောင်းတည်ဆောက်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ၃၃ ကေဗွီ ရွှေညောင်ဖူးဓာတ်အားလိုင်း ၁၂ မိုင်ကိုကျေးရွာမီးလင်းရေးကော်မတီမှ မိမိတို့၏ ရန်ပုံငွေဖြင့် တည်ဆောက်မည်ဟုဆိုကာ ခွင့်ပြုချက်တောင်းခဲ့သောကြောင့် မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက လုပ်ထုံးလုပ်နည်းနှင့်အညီ တည်ဆောက်ခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ မီးလင်းရေးကော်မတီက ၉ ဒသမ ၅ မိုင် တည်ဆောက်ပြီးစီးခဲ့ပါကြောင်း၊ ကျန်ရှိသည့် ၂ ဒသမ ၅ မိုင်နှင့် ရွှေညောင်ဖူးခွဲရုံ၃၃ / ၁၁ ကေဗွီ ၃ အမ်ဗွီအေ ဓာတ်အားခွဲရုံ၊ ၃၃ ကေဗွီသဖန်းချောင်းဓာတ်အားလိုင်း ၁၆ မိုင်နှင့် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ သဖန်းချောင်း ဓာတ်အားခွဲရုံတစ်ရုံ စုစုပေါင်း ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၈ ဒသမ ၅ မိုင်တို့ကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် တည်ဆောက်ပေးခဲ့ပြီး သဖန်းချောင်းဓာတ်အားခွဲရုံကို ၂၀၁၈ ခုနှစ် မေမှစ၍ ဓာတ်အားလွှတ်ခဲ့ခြင်းဖြစ်ပါကြောင်း။

## ရွှေညောင်ဖူးဓာတ်အားခွဲရုံသည် ဓာတ်အားလိုင်းကို ဌာနမှလွှဲပြောင်းပြီး ရေရှည်စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းများကို ဘတ်ဂျက်စိုက်ထုတ်ပြီး တာဝန်ယူဆောင်ရွက်ပေးသွားမည်

ရွှေညောင်ဖူးဓာတ်အားခွဲရုံသည် ဓာတ်အားလွှတ်ရန် အဆင်သင့်အနေထားဖြစ်သော်လည်း မေးခွန်းတွင်ပါရှိသည့် ကျေးရွာမီးလင်းရေးကော်မတီများနှင့် လုပ်ငန်းအပ်နှံထားသော ပုဂ္ဂလိကကုမ္ပဏီတို့အကြားတွင် ပေးရန်ရှိသည့် ငွေစာရင်းများ ကျန်ရှိနေသောကြောင့် အဆိုပါကုမ္ပဏီက ကန့်ကွက်၍ ဓာတ်အားလွှတ်၍ မရခြင်းဖြစ်ပါကြောင်း၊ အဆိုပါ မီးလင်းရေးဆောင်ရွက်ရန် သမဝါယမငွေစုငွေချေးလုပ်ငန်းမှ ချေးယူထားသည့် ကျေးရွာမီးလင်းရေးကော်မတီများ၏ ပေးရန်တာဝန်ကို အဆိုပါ ဓာတ်အားလိုင်းအား အစိုးရက ဌာနပိုင်အဖြစ် လွှဲယူခြင်းဖြင့် ပေးရန်ရှိသည့် ငွေကြေး တာဝန်ကိုပါ လွှဲယူရန် ကိစ္စသည် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုမရှိပါကြောင်း၊ မီးလင်းရေးကော်မတီနှင့် ပုဂ္ဂလိကတည်ဆောက်ရေးကော်မတီတို့အကြားတွင် ရှိသည့် ငွေရေးကြေးရေးကိစ္စများကို ရှင်းလင်းပြီးနောက်ပိုင်းမှသာ အဆိုပါ ဓာတ်အားလိုင်းကို ဓာတ်အားလွှတ်နိုင်ပြီး ကတိခံဝန်ချက် ၁၂ ချက်အရ အဆိုပါ ဓာတ်အားလိုင်းကို ဌာနမှ လွှဲပြောင်းပြီး ရေရှည်စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဘတ်ဂျက်စိုက်ထုတ်ပြီး တာဝန်ယူဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **စပါးတစ်တင်းကို အနိမ့်ဆုံးဈေးကျပ် ၅၀၀၀ နှုန်းအစား စားသုံးသူ ပြည်သူလူထုတစ်ရပ်လုံးလည်း မနစ်နာစေဘဲ ထုတ်လုပ်သူတောင်သူလယ်သမားများပါ တွက်ခြေကိုက်သော စပါးဈေးနှုန်းတစ်ရပ်ဖြစ်ပေါ်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က စပါးအမျိုးအစားနှင့် အရည်အသွေးအပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သော်လည်း စပါးအများဆုံး စိုက်ပျိုးထွက်ရှိသည့် ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးများတွင် အခြေခံ ဈေးနှုန်းထက်မြင့်သော ဈေးနှုန်းဖြင့် ရောင်းဝယ်မှုများတွေ့ရှိရပါကြောင်း။

အဆိုပါ အခြေခံစပါးဈေးနှုန်းကို ဈေးကွက်အနေအထားပြောင်းလဲဖြစ်ပေါ်လာသည်နှင့်အညီ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို အဓိက ရှေးရှုပြီးလိုအပ်သည့်အချိန်အခါတွင် လိုအပ်သည့်အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေစွာ ပြောင်းလဲသတ်မှတ်ရန်အတွက် စီမံဆောင်ရွက်ထားရှိပါကြောင်း၊ တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့မှ နိုင်ငံတကာဆန်စပါးဈေးကွက်များ လေ့လာခြင်း၊ ဈေးနှုန်းအခြေအနေများ သုံးသပ်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ကျွမ်းကျင်သူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ပုဂ္ဂိုလ်များပါဝင်သည့် ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီး စောင့်ကြပ်ထိန်းသိမ်းလျက်ရှိပါကြောင်း။

ဆန်ကုန်သည်ကြီးများ၊ ဆန်စပါးဆိုင်ရာ အသင်းအဖွဲ့များ၏ ရောင်းဝယ်ဖောက်ကားမှု ရှင်သန်နေစေရေး ဆန်ဈေးကွက်အလားအလာအရ ပြည်တွင်းဆန်စပါးဈေးအတက် အကျကို ထိန်းကျောင်းပြီး တောင်သူဦးကြီးများ၏ စီးပွားရေးဘဝတိုးတက်လာစေရေးနှင့် ဆန်စပါးလုပ်ငန်းနှင့်သက်ဆိုင်သည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက အမြဲလေ့လာဆန်းစစ်စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် စပါးအခြေခံဈေးနှုန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးထုတ်လုပ်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုစရိတ်အပေါ် အခြေပြုပြီးထုတ်လုပ်သူများနှင့် စားသုံးသူများ ထိုက်သင့်သည့် ဈေးနှုန်းနစ်နာမှု မရှိစေရေးအတွက် နှစ်စဉ်အခြေခံစပါးဈေးနှုန်းကို ကြပ်မတ်နိုင်ရေး စီစဉ်ထားရှိပါကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဖြေကြားချက်နှင့်အတူ ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကျောက်တံတား မဲဆန္ဒနယ်မှ ဦးနေမျိုးထက်၊ နမ္မတူ မဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၊ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ ကျိုက်လတ် မဲဆန္ဒနယ်မှ ဦးရန်လင်းနှင့် ကျောင်းကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ဦးလှကျော်တို့က ရှင်းလင်းဖြေကြားကြသည်။

## တောင်သူဦးကြီးများ၏ ဘဝကို တိုးတက်မြင့်မားလာစေရန် နည်းလမ်းမျိုးစုံနှင့် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်

ယင်းနောက် မင်းဘူး မဲဆန္ဒနယ်မှ ဦးဝင်းဝင်းက **စိုက်ပျိုးရေးထွက်ကုန်သီးနှံများ သင့်တင့်မျှတသော ဈေးနှုန်းရရှိရေး ပြည်တွင်းပြည်ပဈေးကွက်များ ရှာဖွေပေးပြီး ဈေးကွက်ခိုင်မာမှုရှိသော သီးနှံများစာရင်းကို ပြည်သူများသိရှိနိုင်ရန် ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ပွင့်လင်းစွာ ချပြအသိပေးပါရန်နှင့် အရည်အသွေးပြည့်ဝသော ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများထုတ်လုပ်နိုင်ရေး အစိုးရနှင့် ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ ရေးဆွဲချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာတွင် မိမိတို့မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည်

*စာမျက်နှာ ၈ သို့*

# ပခုက္ကူဆိပ်ကမ်းကို နိုင်ငံတကာအဆင့်မီတည်ဆောက်ရန် အတည်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်

**နေပြည်တော် ဧပြီ ၂၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

## ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာ ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာ ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကျန်းမာရွှင်လန်းစွာ တက်ရောက်လာကြသည်ကို တွေ့မြင်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ လွှတ်တော်အစည်းအဝေးများ ရပ်နားထားစဉ်ကာလအတွင်း မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူများ၏ မျှော်လင့်ချက်များကို သယ်ဆောင်လာပြီး ဥပဒေ၊ နည်းဥပဒေ ဘောင်အတွင်းက နည်းလမ်းတကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြရတော့မည်ဖြစ်ပါကြောင်း။

ယခုဆိုလျှင် လွှတ်တော်သက်တမ်းသည် သုံးနှစ်ကျော်၊ လေးနှစ်အတွင်းသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေ၊ နည်းဥပဒေ၊ လွှတ်တော်၏ ဓလေ့ထုံးတမ်းများနှင့်အညီ ဆောင်ရွက်နိုင်ကြလိမ့်မည်ဟုလည်း ယုံကြည်ပါကြောင်း။

ထို့ကြောင့် ယခု (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင်လည်း ဥပဒေပြုရေး တာဝန်များ၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍတို့ကို အပြန်အလှန် ထိန်းကျောင်းခြင်း တာဝန်များကို နည်းလမ်းတကျ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ်တွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်၏ မြန်မာနိုင်ငံအတွင်း ပြည်တွင်းရွှေ့ပြောင်းနေထိုင် လုပ်ကိုင်စားသောက်နေသူများကို မှတ်ပုံတင် အိမ်ထောင်စုစာရင်းများ စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် မဲပေးခွင့်များရရှိရေး မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်က ဖြေကြားသည်။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်လေးဦး၏ လေကြောင်းထိန်းသိမ်းရေးမျှော်စင် တည်ဆောက်ပေးရေး၊ ကြိုးဖုန်းများ ပြုပြင်ပေးရေး၊ ဆိပ်ကမ်းအဆင့်မြှင့်တင်ပေးရေးနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရုံးဖွင့်လှစ်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြန်လည်ဖြေကြားခဲ့သည်။

## ဘုတ်ပြင်းလေဆိပ်တွင် လေကြောင်းထိန်းမျှော်စင် အသစ်တည်ဆောက်နိုင်ရန် ရန်ပုံငွေ ခွင့်ပြုရရှိသည့် ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းအကောင်အထည်ဖော်သွားမည်

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၏ **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ဘုတ်ပြင်းလေဆိပ်၌ ခရီးသည်နားနေဆောင် လေဆိပ်အဆောက်အဦနှင့် Control Tower လေကြောင်း ထိန်းသိမ်းရေးမျှော်စင် အဆောက်အဦများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဘုတ်ပြင်းလေဆိပ်အတွက် လေယာဉ်ပြေးလမ်း၊ လေယာဉ်အဝင်လမ်း၊ လေယာဉ်ရပ်နားနေရာ တည်ဆောက်ခြင်းလုပ်ငန်းနှင့် လေဆိပ်ခရီးသည် နားနေအဆောက်အဦနှင့် ယာယီလေကြောင်းထိန်းမျှော်စင် ဆောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၀၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် ပြီးခဲ့ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ဘုတ်ပြင်းလေဆိပ် ခရီးသည်အဆောက်အဦကို အသေးစားပြုပြင် မွမ်းမံပေးခဲ့ပါကြောင်း။

ဘုတ်ပြင်းလေဆိပ်တွင် လေကြောင်းထိန်းမျှော်စင်တစ်ခု၏ အင်္ဂါရပ်နှင့်ညီညွတ်သော လေကြောင်းထိန်းမျှော်စင် အသစ်တည်ဆောက်နိုင်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ စတင်၍ ရန်ပုံငွေ လျာထားတင်ပြသွားမည်ဖြစ်ပါကြောင်း၊ ရန်ပုံငွေ ခွင့်ပြုရရှိသည့် ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းအကောင်အထည်ဖော် သွားမည်ဖြစ်ပါကြောင်း၊ လေယာဉ်ဆင်းသက်မှုကြိမ်ရေနှင့် ခရီးသည်တိုးတက်လာမှု အခြေအနေအပေါ်မူတည်၍ လိုအပ်လာသည့်အချိန်တွင် လေဆိပ်အဆောက်အဦသစ် တည်ဆောက်နိုင်ရန် ဘဏ္ဍာငွေ တင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ပခုက္ကူဆိပ်ကမ်းအသစ်ကို အလျား မီတာ ၁၈၀ ရှိသော ကွန်ကရစ်ဆိပ်ခံတံတားနှင့် (Pontoon Type) ဆိပ်ခံအဖြစ် တည်ဆောက်ရန် လျာထား

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမြင့်ဆွေ၏ **နိုင်ငံတော်၏ အဓိက ပြည်တွင်းဆိပ်ကမ်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပခုက္ကူဆိပ်ကမ်းကို ခေတ်မီဆိပ်ကမ်းတစ်ခုဖြစ်လာအောင် အဆင့်မြှင့်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပခုက္ကူမြို့တွင် နိုင်ငံတကာအဆင့်မီ ခေတ်မီဆိပ်ကမ်းတစ်ခု ပေါ်ထွန်းလာစေရေးအတွက် ပဏာမလေ့လာဆန်းစစ်ချက် (Feasibility Study) ဆောင်ရွက်ခြင်း၊ ပဏာမ လျာထားနေရာ ရွေးချယ်ခြင်းနှင့် ပဏာမ ဒီဇိုင်းပုံစံရေးဆွဲခြင်းတို့ကို ၂၀၁၇ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပဏာမ ဒီဇိုင်းပုံစံအရ ပခုက္ကူဆိပ်ကမ်းအသစ်ကို အလျား မီတာ ၁၈၀ ရှိသော ကွန်ကရစ်ဆိပ်ခံတံတားနှင့် (Pontoon Type) ဆိပ်ခံအဖြစ် တည်ဆောက်ရန် လျာထားပါကြောင်း။

ပခုက္ကူဆိပ်ကမ်းကို နိုင်ငံတကာအဆင့်မီ တည်ဆောက်မည်ဆိုပါက အမေရိကန်ဒေါ်လာ ၂၅ သန်းခန့် ကုန်ကျမည်ဟု ခန့်မှန်းထားပါကြောင်း၊ ပခုက္ကူ ဆိပ်ကမ်းအသစ်တည်ဆောက်ရေးစီမံကိန်းကို Project Bank တွင် ထည့်သွင်းနိုင်ရန် အဆိုပြုချက်တင်ပြထားပြီးဖြစ်ပါကြောင်း၊ အတည်ပြုချက် ရရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ဂန့်ဂေါမြို့နယ်တွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ကညန)ရုံး ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိ

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးပြုံးလွင်၏ **မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်တွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ကညန)ရုံး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဂန့်ဂေါမြို့နယ်အတွင်းရှိ ပြည်သူများ အဆင်ပြေစေရေးအတွက် ယာဉ်နှင့်ယာဉ်မောင်းလိုင်စင်များကို သုံးလကြိုတင်၍ သက်တမ်းတိုးခွင့်ပြုထားသည့်အပြင် နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးခြင်းများကို ယခင်က တစ်နှစ်(၃)ကြိမ် ဆောင်ရွက်ပေးခဲ့ရာမှ ၂၀၁၅ ခုနှစ် မတ်လမှစ၍ (၄)ကြိမ်သို့ တိုးမြှင့်ပြီး တစ်ကြိမ်လျှင် သုံးရက် အချိန်ယူ၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လိုအပ်လာသည့်အခါများတွင် နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်းလာပါက အထူးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဂန့်ဂေါခရိုင်တွင် (ကညန)ရုံး ဖွင့်လှစ်ရန် လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

ထို့ပြင် ယနေ့အစည်းအဝေး၌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက **မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၉)** ကို လွှတ်တော်သို့တင်သွင်းခဲ့ပြီး အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ကြေညာထားသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မေ ၂ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်**

---

*စာမျက်နှာ ၇ မှ*

ကျေးလက်နေပြည်သူများ ဖြစ်ပါကြောင်း၊ ထိုကျေးလက်နေ ပြည်သူအများစုသည် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြရပါကြောင်း၊ တိုင်းပြည်အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ရန်ဆိုပါက စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြရသည့် တောင်သူဦးကြီးများ၏ဘဝကို တိုးတက်မြင့်မားလာစေရန် နည်းလမ်းမျိုးစုံနှင့် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

တောင်သူများ၏ဘဝ တိုးတက်မြင့်မားလာရေးအတွက် လိုအပ်ချက်များစွာ ရှိသည့်အနက်မှ အစိုးရသစ်လက်ထက်တွင် စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထုတ်ချေးပေးပါကြောင်း၊ မြေယာပြုပြင်ခြင်းများကိုလည်း တတ်နိုင်သမျှဆောင်ရွက်ပေးနေပါကြောင်း၊ စက်ယန္တရားများကိုလည်း နှစ်ရှည်အရစ်ကျ ထုတ်ငှား၊ ရောင်းပေးပါကြောင်း။

နိုင်ငံ၏ အဓိကထွက်ကုန်ဖြစ်သည့် စပါးဈေးနှုန်းကို အနည်းဆုံးတစ်တင်းကျပ် ၅၀၀၀ နှုန်းဖြင့် အစိုးရသစ်လက်ထက်တွင် တောင်သူများအကျိုးကို ရှေးရှု၍ ကုန်ကျစရိတ်နှင့် တွက်ခြေကိုက်သည့်အရင်းများ မဆုံးရှုံးစေရန် အနီးစပ်ဆုံးဈေးဖြင့် သတ်မှတ်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် လယ်၊ ယာ၊ ကိုင်း စသည့်မည်သည့်မြေအမျိုးအစားဖြစ်စေ စိုက်ပျိုးရေးလုပ်ကိုင်သော တောင်သူများအတွက် အရည်အသွေးပြည့်ဝသော ဈေးကွက်စိုက်ပျိုးရေးထွက်ကုန်သီးနှံများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အစိုးရနှင့် ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ စနစ်တကျစိုက်ပျိုးနိုင်ရေးကိုလည်း အစိုးရမှ ပံ့ပိုးကူညီဆောင်ရွက်သင့်ပါကြောင်း။

စိုက်ပျိုးရေး သီးနှံထွက်ကုန်များ သင့်တင့်မျှတသောဈေးနှုန်းရရှိရန်၊ ပြည်တွင်းပြည်ပဈေးကွက်များ ရှာဖွေပေးပြီး ဈေးကွက်ခိုင်မာမှုရှိသော သီးနှံများစာရင်းကို ပြည်သူများသိရှိနိုင်ရန် ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ပွင့်လင်းစွာချပြ အသိပေးပါက ဈေးကွက်ခိုင်မာမှုရှိသော သီးနှံများကို ပိုမိုစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် တောင်သူများအကျိုးအမြတ် ပိုမိုရရှိနိုင်မည် ဖြစ်သကဲ့သို့ တိုင်းပြည်လည်း အမြန်ဆုံးတိုးတက်လာမည်ဖြစ်သဖြင့် ဤအဆိုအား ပြည်သူ့လွှတ်တော်မှ ကျယ်ကျယ်ပြန့်ပြန့်လက်ခံဆွေးနွေးခွင့်ပြုပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းက အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မေ ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၆ / ၂၀၁၉**
**၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်**
**(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့အထိ ပေးပို့ တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ကံကုန်းကြီးကျေးရွာနေ ဖိုးကို သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၄-၂၀၁၉ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ ကံကုန်းကြီးကျေးရွာနေ ဖိုးကို(ခ) ဇော်လင်းခိုင်(၄၁)နှစ်၊ (ဘ)ဦးညွန့်လွင် ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများ၊ တံဆိပ်မပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(နန်းမား)မယ(ပ)၁၀ / ၂၀၁၉၊ မူး / စိတ်ပုဒ်မ ၁၉ (က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ တဲမကျေးရွာနေ ဝင်းအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၄-၂၀၁၉ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ တဲမကျေးရွာနေ ဝင်းအောင် (၂၆)နှစ်၊ (ဘ)ဦးထွန်းလှ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများ၊ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ)၅၈ / ၂၀၁၉၊ မူး / စိတ်ပုဒ်မ ၁၉(က) ၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်နေ ဒီလုံးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၄-၂၀၁၉ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဒေါ်ရင်တံတားအနီး စောင့်ကြည့် သတင်းစုံစမ်းနေစဉ် ၎င်းရပ်ကွက်နေ ဒီလုံး(၃၂)နှစ်၊ (ဘ)ဦးဖေသန်းနှင့် ၎င်း၏အစ်ကို ဆန်းဦး (၃၅)နှစ်တို့(၂)ဦး အား တွေ့ရှိစစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဘုတ်ပြင်း)မယ(ပ) ၁၀ / ၂၀၁၉၊ မူး / စိတ်ပုဒ်မ ၁၉(က) / ၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ သုနန္ဒာ(၇)လမ်းနေ ပူသီးယား သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၄-၂၀၁၉ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (ဆ) ရပ်ကွက်၊ သုနန္ဒာ(၇)လမ်းနေ ပူသီးယား(ခ)သူရ(ခ) ပြည်စုံဦး (၂၂)နှစ်၊ (ဘ) ဦးလှရွှေ ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာကြိုတင်တိမ်းရှောင်နေပြီး နေအိမ်အတွင်း တစ်ရပ်ကွက်တည်းနေ အောင်နိုင်ဦး(၂၁)နှစ်၊ (ဘ)ဦးဘရှင်နှင့် ဝင်းနိုင်ဦး (ခ)အစ်စမိုင်(၂၀)နှစ်၊ (ဘ)ဦးဆန်းဝင်း တို့(၂)ဦး အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြောက်ဥက္ကလာပ)မယ(ပ) ၃၄ / ၂၀၁၉၊ မူး / စိတ်ပုဒ်မ ၁၉(က) / ၂၀(က) / ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၂၇-၄-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၆၀၅)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၇၉၉)ဦး၊ မ(၁၅၄)ဦး၊ ပေါင်း(၉၅၃)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၉၁၅.၆၂)ဂရမ်၊ ICE (၇၃.၆၇) ဂရမ်၊ ဘိန်း(၃၈၇၀၄.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၈၈၇၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၂၃၁၉၆၃)ပြား၊ ဆေးခြောက်(၆၄၂၄.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၃.၄၅)ဂရမ်၊ Ecstasy အကြေ (၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ် / ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ် / တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မော်ဟန်ကျေးရွာ၊ မော်ဟန်-နမ္မချီမော်သွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၉၇၅)ပြား၊ ဘိန်းဖြူ(၁၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မိုးကောင်းမြို့ နောင်ကိုင်တော်ရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၉၀)ပြား၊ ဘိန်းဖြူ(၁၄)ဂရမ်၊ ရွှေကူမြို့နယ်၊ နောင်ပင်ကျေးရွာအနီး မိုးစစ်-နောင်ပင်-လိပ်စင်းသွားကားလမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၇၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ဆောင်းကန်းကျေးရွာအနီး၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၂၉)ပြား၊ ဆိုင်ကယ်(၂)စီး၊ ကရင်ပြည်နယ်၊မြဝတီမြို့ အမှတ်(၅)ရပ်ကွက်လမ်းမပေါ်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၃)ပြား၊ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၆)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ မင်္ဂလာကြီးကျေးရွာအနီး မင်္ဂလာကြီးချောင်းပေါက်ဝ-ကျောက်လှေကားကျေးရွာသွားလမ်းဆုံ၌ သတင်းအရ သုံးဘီးဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၈၂၇၅)ပြား၊ သုံးဘီးဆိုင်ကယ်(၁)စီး၊ ဦးရှည်ကျကျေးရွာ၌ သတင်းအရ ဝင်ရောက်စိစစ်ရှာဖွေရာ တရားခံအမျိုးသား(၁)ဦးမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး နေအိမ်အနောက်ဘက်မြေကြီးအတွင်း ဝှက်သိမ်းထားသည့် ဆာလာအိတ်အတွင်းမှ စိတ်ကြွဆေးပြား(၁၈၅၂၅၀)ပြား၊ စေတီပြင်ကျေးရွာ၌ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၇၄၆၀)ပြား၊ မောင်နီကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဆေးခြောက် (၂၇)ဂရမ်၊ စစ်တွေမြို့နယ်၊ အုန်းတောကြီး(မြောက်)ကယ်ဆယ်ရေးစခန်း၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၅)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ နားဘောင်ကျေးရွာအနီး တောင်ကြီး-ကျောက်တလုံးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဆီခဲ(၆၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဟိုပုံးမြို့နယ်၊ လွယ်ဝိုးတုတ်ကျေးရွာအနီး လွိုင်လင်-တောင်ကြီး သွားကားလမ်းမပေါ်၌ Honda Fit ယာဉ်အားစစ်ဆေးရန်တားဆီးစဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ယာဉ်အားရပ်တန့်၍ တရားခံများမှာထွက်ပြေးသွားခဲ့ပြီး ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား (၁၉၉၆၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ဖယ်ခုံမြို့ စည်ကား(၁)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၇၄၀၀)ပြား၊ လားရှိုးမြို့နယ်၊ "ဝ" နားဖကျေးရွာအနီး၊ လားရှိုး-မိုင်းယော်သွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၇၈၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ နမ့်ခမ်းမြို့ အမှတ်(၁၀)ပေါက်လုံရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၈၀၀)ပြား၊ ဘိန်းဖြူ(၁၄) ဂရမ်၊ နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး၌ သတင်းအရ Pajero ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ သီပေါမြို့ ဇာတ်စုရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၅)ပြား၊ မဘိမ်းမြို့နယ်၊ လဝါကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၀၀)ပြား၊ ကျိုင်းတုံမြို့နယ်၊ ပန်ကြူကျေးရွာအနီး တောင်ကြီး-ကျိုင်းတုံသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၀၀၀)ပြား၊ မိုင်းယောင်းမြို့နယ်၊ ဝမ်ကောင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၈၁၆)ပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ရွှေဘို-မြစ်ကြီးနားသွားကားလမ်း၊ နဘားကျေးရွာလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၃)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ ဘိန်းဖြူ(၂၀၇)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ နဘားကျေးရွာလမ်းဆုံ၌ သတင်းအရ Sojen Pickup ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၅၇၅၀)ပြား၊ ဘိန်းဖြူ(၈၃၆၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ထီးချိုင့်မြို့နယ်၊ ရောဝတီတံတားထိပ် ကြက်သွန်ခင်းလမ်းဆုံ စစ်ဆေးရေးဂိတ်၌ သတင်းအရ Caldina ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၂၄၀)ပြား၊ ဘိန်း(၇၁၅၀)ဂရမ်၊ ဘိန်းဖြူ(၂၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ဗန်းမောက်မြို့နယ်၊ ခေါင်တုံ့ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၆.၇)ဂရမ်၊ ဘိန်း(၁၆)ဂရမ်၊ ပင်လည်ဘူးမြို့နယ်၊ တမောသာကျေးရွာအနီး ပင်လည်ဘူး-တမောသာသွားကားလမ်း၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကလေးမြို့နယ်၊ ပြည်တော်သာကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းဖြူ(၀.၀၁)ဂရမ်၊ Tramadol Capsule (၃၁)တောင့်၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ဘုတ်ချောင်းကျေးရွာ၊ မွေးမြူရေးဇုံ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၀၃)ပြား၊ ကျွန်းစုမြို့နယ်၊ မဲတောကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့်(၈၅၀၀)ဂရမ်၊ လှေ(၁)စီး၊ ပါးပိတ်ချောင်းအတွင်း၌ ပိုင်ရှင်မဲ့ ရပ်တန့်ထားသည့် လှေအားစိစစ်ရာ ဆာလာအိတ်အတွင်းမှ ဘိန်းစာမှုန့်(၁၇၀၇၀၀)ဂရမ်၊ လှေ(၁)စီး၊ ကော့သောင်းမြို့ ဘုရင့်နောင်ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းစာမှုန့်(၂၈၀၀)ဂရမ်၊ ဘုတ်ပြင်းမြို့နယ်၊ ကြိမ်မဲတောင်ကျေးရွာအနောက်ဘက် ဒီရေတောစပ်သောင်ခြေ၌ ဆိုက်ကပ်ထားသည့် စက်လှေအား သတင်းအရ စိစစ်ရာ တရားခံအမျိုးသား(၃)ဦးထံမှ ဘိန်းစာမှုန့်(၃၉၂၇၃.၆၅)ဂရမ်၊ စက်လှေ(၁)စီး၊ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့ မင်းကွက်(၂)ရပ်ကွက်၌ တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၃၅၇၁)ပြား၊ ဆေးခြောက်(၃၂.၆၆)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့အဝင် မင်းဘူး-စကုသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၉၂)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ပွင့်ဖြူမြို့နယ်၊ မကျီးစုကျေးရွာလမ်းပေါ်၌ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပွင့်ဖြူမြို့နယ်၊ ရှောက်တောကျေးရွာလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၉၉)ပြား၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ Ecstasy ဆေးပြား (၂)ပြား၊ အဆင့်နိမ့်ဘိန်း(၀.၅)ဂရမ်၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင် စစ်ဆေးရေးဂိတ်၌ မူဆယ်မှ မန္တလေးသို့လာသည့် ခရီးသည်တင်ယာဉ်အား သတင်းအရ ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀၀၀)ပြား၊ သီပေါမှ မန္တလေးသို့လာသည့် ဆိုင်ကယ်အား သတင်းအရ ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၄၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၂)ရပ်ကွက်၌ တရားခံအမျိုးသား (၅)ဦးထံမှ စိတ်ကြွဆေးပြား အကြေမှုန့် (၆)ဂရမ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၈)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ဗိုလ်မှူးဗထူးလမ်းနှင့် ယောမင်းကြီးလမ်းထောင့်၌ Crown ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၉၀)ပြား၊ ICE (၂၇.၅)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ (၈)ရပ်ကွက်၌တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၇၂)ပြား၊ ကွင်းဆက်စိစစ် ဖော်ထုတ်ချက်အရ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀)ပြား၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၁၇၆၃.၆၄)ဂရမ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့ အမှတ်(၄)ရပ်ကွက်၌ တရားခံအမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၅)ပြားအား လည်းကောင်း၊ လက်နက် / ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၂)ခုရှိခဲ့ပြီး ကရင်ပြည်နယ်၊ ဘားအံမြို့ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂)ပြား၊ Gas ဖြင့် ပစ်ခတ်ရသော ပစ္စတိုသေနတ်(၁)လက်၊ .၂၂ ကျည် (၁)တောင့်၊ Airwave ယာဉ်(၁)စီး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ကံကြီးရပ်ကွက်၌ တရားခံအမျိုးသား(၈)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၉၄)ပြား၊ ICE(၁၇၀)ဂရမ်၊ လက်လုပ်လေသေနတ် (၄)လက်၊ ဘောစေ့(၂၅၀)လုံးအား လည်းကောင်း၊ ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးရသည့် ဖြစ်စဉ် (၁)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ အေးသာယာမြို့ အမှတ်(၃)ရပ်ကွက်၊ အေးသာယာ-တောင်ကြီးသွား ကားလမ်းမပေါ်၌ ခရီးသည်တင်ယာဉ်မှ ပါဆယ်လာရောက်ထုတ်ယူသည့် တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ညောင်ရွှေမြို့နယ်၊ ရွှေသူဌေးကုန်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၅)ပြား၊ ထပ်မံဖော်ထုတ်ချက်အရ ရပ်စောက်မြို့နယ်၊ ခဲဟိကျေးရွာ၌ ဝင်ရောက်ဖမ်းဆီးစဉ် တရားခံအမျိုးသား(၁)ဦးမှ ဓားရှည်ဖြင့် ပြန်လည် ခုခံထွက်ပြေးသဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးရာ မစိုးရိမ်ရဒဏ်ရာရရှိပြီး စိတ်ကြွဆေးပြား(၃၅)ပြား၊ ဓားရှည်(၁)ချောင်းတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၂၁-၄-၂၀၁၉ ရက်နေ့မှ ၂၇-၄-၂၀၁၉ ရက်နေ့အထိ) အတွင်း မူးယစ်အမှုပေါင်း(၂၂၆)မှုတွင် တရားခံကျား(၂၈၉)ဦး၊ မ(၃၉)ဦး၊ ပေါင်း(၃၂၈)ဦးကို စိတ်ကြွဆေးပြား(၄၉၃၄၄၉)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့်(၆)ဂရမ်၊ ဘိန်းဖြူ(၈၉၃၉.၈၂၈)ဂရမ်၊ ICE (၂၀၂.၉၁)ဂရမ်၊ ဘိန်း(၁၄၉၆၆)ဂရမ်၊ ဘိန်းဆီခဲ (၆၀) ဂရမ်၊ အဆင့်နိမ့်ဘိန်း(၀.၅)ဂရမ်၊ ဘိန်းစာမှုန့်(၃၀၁၉၄၃.၆၅)ဂရမ်၊ ဆေးခြောက်(၁၉၄၅.၇)ဂရမ်၊ Ecstasy ဆေးပြား(၂) ပြား၊

*စာမျက်နှာ ၁၀ သို့*

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ဗဟိုလေ့ကျင့်ရေးကျောင်း သင်တန်းများဖွင့်ပွဲ တက်ရောက်




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ဗဟိုလေ့ကျင့်ရေးကျောင်း သင်တန်းများဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ရန်ကုန် ဧပြီ ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော ခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ရေး သင်တန်း အမှတ်စဉ်(၅)၊ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၇၂)၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၁၀၅)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၃၅) သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ သင်တန်းသား သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၂ ပတ် ကြာမြင့်မည်ဖြစ်သည်။

**ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗဟိုလေ့ကျင့်ရေး ကျောင်း၊ ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ ကျောင်း၏တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လေးထပ်စာသင်ဆောင်နှင့် ဒုတိယ ကျောင်းအုပ်ကြီး နေအိမ်တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ သင်တန်းဆွေးနွေးပို့ချနေမှုများကို လိုက်လံကြည့်ရှုပြီး သင်တန်းသား သင်တန်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ရန်ကုန်သို့ရောက်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လေးထပ်စာသင်ဆောင်၊ ကျောင်းသား ၅၀၀ ဆံ့ စုပေါင်း စာသင်ခန်းမ(Theatre)နှင့် ခြောက်ခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများဖြစ်သဖြင့် မလိုလားအပ်သော လေလွင့်ဆုံးရှုံးမှုများ မရှိစေရေး၊ ခွင့်ပြုသည့်လုပ်ငန်းတန်ဖိုးနှင့် ညီမျှသည့်အရည်အသွေးနှင့် သတ်မှတ်စံချိန်စံညွှန်းပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့ကိုမှာကြားခဲ့ကာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ထပ်မံဆောက်လုပ်ရန် လျာထားသည့် လေးထပ် ကျောင်းသူအိပ်ဆောင် ဆောက်လုပ်မည့်မြေနေရာအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒီဂရီကောလိပ် အစည်းအဝေးခန်းမတွင် ကျောင်းအုပ်ကြီး ဒေါက်တာမင်းသန့်က ဒုတိယစာသင်နှစ်ဝက် ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် ကျောင်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျောင်း၏လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဒီဂရီကောလိပ်ရှိ စာသင်ခန်းများ၊ အိပ်ဆောင်များ၊ စားရိပ်သာများ၊ ဝန်ထမ်းအိမ်ရာများ ကျောင်းတွင်းစိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုများနှင့် ရေ၊ မီး ရရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

**သင်ကြားပေးလျက်ရှိ**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တစ်ခုနှင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် နှစ်ကျောင်းကို ရန်ကုန်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဖွင့်လှစ်ထားရှိပြီး နယ်စပ်ဒေသများမှ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများအား လက်ခံသင်ကြားပေးလျက်ရှိသည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ပညာရေးဘွဲ့နှင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်္ဂလိပ်စာဒီပလိုမာ ပေးအပ်လျက်ရှိပြီး တစ်နှစ်လျှင် ကျောင်းသား ကျောင်းသူ ၉၀၀ ကျော် မွေးထုတ်လျက်ရှိပြီး နယ်စပ်ဒေသ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံညှိနှိုင်းအစည်းအဝေး ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၂၉**

မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ မဏ္ဍိုင်သုံးရပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်) နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ စာနယ်ဇင်းသမဂ္ဂနှင့် မြန်မာဂျာနယ်လစ်ကွန်ရက်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဟံသာဝတီ ဦးအုန်းကြိုင်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဒေါက်တာ မျိုးသန့်တင်တို့က အမှာစကားပြောကြားပြီး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်သည့် အစီအမံများကို လည်းကောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးကျော်စွာမင်းက ဆောင်ရွက်နိုင်မည့် အစီအမံများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ စာနယ်ဇင်းသမဂ္ဂ၊ မြန်မာဂျာနယ်လစ်ကွန်ရက်တို့မှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

Tramadol Capsule (၃၁)တောင့်၊ သေနတ်မျိုးစုံ(၅)လက်၊ .၂၂ ကျည်(၁)တောင့်၊ ဘောစေ့(၂၅၀)လုံးတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး / ပြည်နယ်အစိုးရ အဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့် ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း / ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း / ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည် -

**ဆက်သွယ်ရန် -**

**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃
**အီးမေးလ်လိပ်စာ** - **antinarcotics@presidentoffice.gov.mm**

## စာပေဆိုင်ရာလှုပ်ရှားမှုများအတွက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံးချုပ်၏ အစည်းအဝေးခန်းမကို အခမဲ့ ငှားရမ်းအသုံးပြုနိုင်

**နေပြည်တော် ဧပြီ ၂၉**

စာပေဆိုင်ရာ လှုပ်ရှားမှုများအတွက် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ် (၂၁၂) သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံးချုပ်၏ အစည်းအဝေးခန်းမကို အခမဲ့ ငှားရမ်းအသုံးပြုနိုင်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးခန်းမတွင် စာအုပ်မိတ်ဆက်ပွဲများ၊ စာပေဆွေးနွေးပွဲ များ၊ စာပေဟောပြောပွဲများနှင့် စကားဝိုင်းများ စသည့် စာပေဆိုင်ရာလှုပ်ရှားမှုများ ကျင်းပနိုင်ရန်အတွက် စကားပြောစင်မြင့်၊ အသံစနစ်နှင့် နေရာထိုင်ခင်းများကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ပြင်ဆင်ဆောင်ရွက်ပေးထားသည်။

"ခန်းမက လူဦးရေ ၃၀၀ ဝင်ဆံ့ပါတယ်။ လာမယ့် မေလဆန်းကစပြီး ခန်းမကို လတ်တလောမှာ အခမဲ့ငှားရမ်း အသုံးပြုနိုင်ဖို့ စီစဉ်ပေးထားပါတယ်။ စာပေဆိုင်ရာ လှုပ်ရှားမှုတွေအတွက် အထောက်အကူဖြစ်စေဖို့ ရည်ရွယ်ချက်နဲ့ ဒီလိုစီစဉ်ပေးတာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ခန်းမထဲမှာ အဲကွန်းတွေ၊ အသံဆိုင်ရာတွေနဲ့ နေရာထိုင်ခင်းတွေကို စီစဉ်ပေးထားပါတယ်" ဟု သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ မန်နေဂျာ (ထုတ်လုပ်) ဒေါ်ဖြူဖွေးသန့်စင်က ပြောပြသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၂) ဦးထက်မြက်က "ခန်းမအသုံးပြုခွင့်ကို ကြိုဆိုပါတယ်။ စာပေသမားတွေသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် အသိပေးသင့်ပါတယ်။ စာတမ်းဖတ်ပွဲတွေကိုလည်း ခွင့်ပြုပေးစေလိုပါတယ်" ဟု အဆိုပါ အစည်းအဝေးခန်းမ အခမဲ့အသုံးပြုခွင့်ပြုမည့် သတင်းနှင့် ပတ်သက်၍ မှတ်ချက်ပြုသည်။

အစည်းအဝေးခန်းမကို ငှားရမ်းအသုံးပြုလိုပါက အသုံးပြုမည့်သူ / အဖွဲ့အစည်းအမည်၊ အသုံးပြုလိုသည့် အကြောင်းအရာ၊ အသုံးပြုမည့် နေ့ရက်နှင့် တက်ရောက်မည့် ခန့်မှန်းအင်အားတို့ကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသို့ သုံးရက် ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ရန်ကုန်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးလှရွှေ၊ ဖုန်း ၀၉-၂၅၀၁၉၉၂၇၇ ၊ ဒေါ်ဖြူဖွေးသန့်စင် (မန်နေဂျာ - ထုတ်လုပ်)၊ ဖုန်း ၀၁-၂၀၁၁၉၂၊ ၀၉-၂၅၀၀၆၄၅၉၉ တို့ထံ ဆက်သွယ်၍ ငှားရမ်းအသုံးပြုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ပြောင်းလဲလာသော နည်းပညာကိုရင်ဆိုင်ရန်နှင့် တိုးတက်မှုများပါဝင်သည့် အနာဂတ်အလုပ်အကိုင်ဆိုင်ရာ ညီလာခံသို့တက်ရောက်

**နေပြည်တော် မေ ၂၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ယနေ့နံနက်ပိုင်းက စင်ကာပူနိုင်ငံ၌ကျင်းပသည့် ပြောင်းလဲလာသော နည်းပညာကိုရင်ဆိုင်ရန်နှင့် တိုးတက်မှုများပါဝင်သည့် အနာဂတ်အလုပ်အကိုင်ဆိုင်ရာ အထူးအစီအစဉ်နှင့် ညီလာခံသို့ တက်ရောက်သည်။

ညီလာခံတွင် စင်ကာပူနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနမှ အလုပ်သမားဝန်ကြီး Mr. Josephine Teo နှင့် အခြားအာဆီယံနိုင်ငံများမှ အလုပ်သမားဝန်ကြီးများ၊ အာဆီယံ၏ ဆွေးနွေးဖက်ခြောက်နိုင်ငံမှ ကိုယ်စားလှယ်များ၊ ILO ညွှန်ကြားရေးမှူးချုပ် Mr. Guy Ryder နှင့် အာဆီယံအတွင်းရေးမှူးချုပ် Dato Lim Jock Hoi၊ ILO Global Commissioner၊ အာဆီယံနိုင်ငံများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမှဖိတ်ကြားထားသည့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အခြားတာဝန်ရှိသူများ တက်ရောက်ကြပြီး စင်ကာပူနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

**ထုတ်ပြန်ကြေညာချက်အား လွှဲပြောင်းပေး**

ထို့နောက် ညီလာခံတွင် အနာဂတ်အလုပ်အကိုင်ဆိုင်ရာ အာဆီယံနိုင်ငံများ၏ ပြင်ဆင် ဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံအလိုက် Country Statement များကို ဖတ်ကြားရှင်းလင်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံဆိုင်ရာ Country Statement ကို ဖတ်ကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ILO ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုမှုအဖြစ် အာဆီယံနိုင်ငံများမှ အလုပ်သမားဝန်ကြီးများ၏ **အနာဂတ်အလုပ်အကိုင်ဆိုင်ရာ ထုတ်ပြန်ကြေညာချက်** (ASEAN Statement on Future of Work) တွင် အခြားအာဆီယံအလုပ်သမားဝန်ကြီးများနှင့်အတူ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး အာဆီယံ အလုပ်သမားဝန်ကြီးများအစည်းအဝေး ဥက္ကဋ္ဌ (ALMM's Chair) က အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ အဆိုပါထုတ်ပြန်ကြေညာချက်အား လွှဲပြောင်းပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ILO Global Commission ၏ **"ပိုမိုတောက်ပသော အနာဂတ်အတွက် အလုပ်အကိုင်(Work for a Brighter Future)"**အစီရင်ခံစာအပေါ် ခြုံငုံသုံးသပ်ခြင်း၊ အလုပ်ခွင်တွင် လူသားဗဟိုပြုအစီအစဉ် တိုးမြှင့်ခြင်းနှင့် နည်းပညာကိုလက်ခံခြင်း၊ အားလုံးပါဝင်သည့် စဉ်ဆက်မပြတ်တိုးတက်မှုကို မြှင့်တင်ရာတွင် သုံးပွင့်ဆိုင်၏အခန်းကဏ္ဍ၊ နည်းပညာဖြင့် အခွင့်အလမ်းများ ဖန်တီးခြင်း၊ တက်ကြွ၍ အနာဂတ်အတွက် အဆင်သင့်ဖြစ်မည့် လုပ်သားထုမွေးထုတ်ခြင်း စသည့်ဆွေးနွေးမှုအစီအစဉ်များတွင် ပါဝင်တက်ရောက်ခဲ့သည်။




**ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အနာဂတ်အလုပ်အကိုင်ဆိုင်ရာ အာဆီယံနိုင်ငံများ၏ ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ Country Statement ကို ဖတ်ကြားစဉ်။**

ပြည်ထောင်စုဝန်ကြီးသည် ညီလာခံတက်ရောက်စဉ်ကာလအတွင်း ILO ညွှန်ကြားရေးမှူးချုပ် Mr. Guy Ryder နှင့်တွေ့ဆုံကာ ILO ရာပြည့်အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးနှင့် အလုပ်သမားရေးရာကိစ္စများကို ဆွေးနွေးကြပြီး ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံ အလုပ်သမားနှင့် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံ အလုပ်သမားရေးရာကိစ္စရပ်များကို နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြသည်။

**ကျွမ်းကျင်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသွားမည်**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မေ ၃၀ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံအလုပ်သမားရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် Singapore's Center for Domestic Employees မှ တာဝန်ရှိသူများ၊ Singapore Polytechnic International PTE. LTD မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကျွမ်းကျင်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးသွားမည်ဖြစ်သည်။

ထို့အပြင် အနာဂတ်အလုပ်အကိုင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး ASEAN Statement on Future of Work အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အကြံပြုတိုက်တွန်းချက်များ ပေါ်ထွက်လာနိုင်ရေး ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

အဆိုပါ မော်တော်ယာဉ် ငါးစီးကို ရေကြောင်းလမ်းဖြင့် တင်သွင်းရာတွင် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ရရှိရေးအတွက် ပြည်ထောင်စုလွှတ်တော် ဥပဒေနှင့် ပြည်ထောင်စုအခွန်အကောက်ဥပဒေအရ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒေသတွင်းအခြေခံအဆောက်အအုံ မြှင့်တင်ခြင်းစီမံကိန်းအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန် ယန်း ၃၈ ဒသမ ၆၄၂ ဘီလီယံ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများက ရှင်းလင်းတင်ပြကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးလှကျော်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် စီမံကိန်း၏ ပင်မဆက်သွယ်ရာဌာနအဖြစ် တာဝန်ယူဆောင်ရွက်ရာတွင် မြို့ရေပေးရေးလုပ်ငန်းများအတွက် ဘတ်ဂျက်လျာထားပေးခြင်း၊ ဂျပန်အကြံပေးအဖွဲ့၏ အကူအညီဖြင့် တင်ဒါရွေးချယ်ခြင်းနှင့် ဝယ်ယူရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပေးခြင်း၊ JICA နှင့် အခြားဆက်စပ်ဌာနများသို့ စီမံကိန်းလိုအပ်ချက်များ ဆက်သွယ်တင်ပြပေးခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြို့ရေပေးရေးစီမံကိန်းများ အနီးကပ်ကြီးကြပ် အကောင်အထည်ဖော်ခြင်းနှင့် ချေးငွေပြန်လည်ပေးဆပ်သည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက တာဝန်ယူဆောင်ရွက်ပါကြောင်း။

ယခု JICA ချေးငွေ ဂျပန်ယန်း ၅ ဒသမ ၄၈၃ ဘီလီယံဖြင့် ဒေသတွင်းအခြေခံအဆောက်အအုံ မြှင့်တင်ခြင်း စီမံကိန်းအပိုင်း-၃ (MYP-30) ကို တိုင်းဒေသကြီး၊ ပြည်နယ်လေးခုရှိ လှိုင်းဘွဲ၊ ကျုံဒိုး၊ လိပ်သို၊ ကမမောင်း၊ ရေး၊ ဘီးလင်း၊ သံဖြူဇရပ်၊ ရေဖြူ၊ စစ်တွေ၊ ဂွ စသည့် မြို့ပေါင်း ၁၀ မြို့၏ မြို့ရေပေးရေးလုပ်ငန်းများကို ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဂျပန်ယန်း ၈၆၆ သန်းဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း အပြီးသတ် ဆောင်ရွက်သွားမည်

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဂျပန်ယန်း ၈၆၆ သန်းဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ချေးငွေ ဂျပန်ယန်း ၈၆၆ သန်း ကို ကရင်ပြည်နယ်အတွင်း ဂျပန်ယန်း ၁၇၉၉ သန်း၊ မွန်ပြည်နယ်အတွင်း ဂျပန်ယန်း ၉၈၈ သန်း၊ ရခိုင်ပြည်နယ်အတွင်း ဂျပန်ယန်း ၁၃၀၇ သန်း၊ ချင်းပြည်နယ်အတွင်း ဂျပန်ယန်း ၁၈၅၇ သန်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဂျပန်ယန်း ၁၅၁ သန်း၊ ပစ္စည်းဈေးနှုန်းအတက်အကျ ခန့်မှန်းချက် ဂျပန်ယန်း ၈၄၅ သန်း၊ မမျှော်မှန်းနိုင်သောစရိတ် ဂျပန်ယန်း ၆၉၅ သန်း၊ အကြံပေးဝန်ဆောင်ခ ဂျပန်ယန်း ၄၄၆ သန်း နှင့် အရေးပေါ် ရန်ပုံငွေ ဂျပန်ယန်း ၇၇၈ သန်းအဖြစ် လျာထားသုံးစွဲသွားမည်ဖြစ်ပါကြောင်း။

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ချေးငွေစာချုပ်ချုပ်ဆိုခြင်း၊ အတိုင်ပင်ခံရွေးချယ်ခြင်း၊ ခန့်မှန်းခြေစာရင်းနှင့် စာချုပ်စာတမ်းများပြင်ဆင်ခြင်း၊ Warranty ကာလ၊ ပစ္စည်းဝယ်ယူခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းတို့ကို အဆင့်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများ ၂၀၂၀ ခုနှစ်မှ စတင်၍ ၂၀၂၁ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ပါကြောင်း၊ စီမံကိန်းဆောင်ရွက်မည့် ပြည်နယ်လေးခုနှင့် တိုင်းဒေသကြီးတစ်ခုတို့အတွက် လက်ရှိဓာတ်အားသုံးစွဲမှုသည် ၂၇၁ ဒသမ ၇ မဂ္ဂါဝပ်ရှိပြီး ၂၀၂၀-၂၀၂၁ ခုနှစ်တွင် အမြင့်ဆုံးဓာတ်အားသုံးစွဲနိုင်မှု ၃၈၈ ဒသမ ၃၀ မဂ္ဂါဝပ်အထိ ရှိလာနိုင်မည်ဖြစ်ပါကြောင်း။

စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်း ဓာတ်အားလိုင်းနှင့် ခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းဖြင့် ဓာတ်အားသုံးစွဲသူများ ပိုမိုတိုးတက်သုံးစွဲလာနိုင်ခြင်း၊ တည်ငြိမ်ပြည့်ဝသည့် ဓာတ်အားကိုဖြန့်ဖြူးပေးနိုင်ခြင်းနှင့် ဒေသတွင်းလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အထောက်အကူပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သဖြင့် ဂျပန်နိုင်ငံအစိုးရထံမှ ချေးငွေ ဂျပန်ယန်း ၃၈၆၄၂ သန်း ရယူ၍ အကောင်အထည်ဖော် ဆောင်ရွက်မည့် Regional Infrastructure Improvement Project အား အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ပြုပါရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ရှင်းလင်းပြောကြားကြသည်။

## ဒေသတွင်း အခြေခံအဆောက်အအုံ မြှင့်တင်ခြင်းစီမံကိန်းအတွက် ဂျပန်ယန်း ၃၈ ဒသမ ၆၄၂ ဘီလီယံချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုပါက အမည်စာရင်းတင်သွင်းနိုင်

ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ဒေသတွင်း အခြေခံအဆောက်အအုံ မြှင့်တင်ခြင်းစီမံကိန်းအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၃၈ ဒသမ ၆၄၂ ဘီလီယံ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဦးမျိုးဝင်းက ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသားစီမံကိန်း အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်များ ပါဝင်သော အစီရင်ခံစာ (၄/၂၀၁၉) ကိုလည်းကောင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် စိုင်းကျော်သီဟက ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာ (၆/၂၀၁၉)ကို လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက ယင်းအစီရင်ခံစာများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

**သတင်းစဉ်**

---

❍ *ကျောဖုံးမှ*

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဖနီ" သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

ဆိုင်ကလုန်းမုန်တိုင်း "ဖနီ" ၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသေးသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

ဆိုင်ကလုန်းမုန်တိုင်း "ဖနီ" သည် ညနေ ၆ နာရီခွဲတွင် မြောက်လတ္တီကျူ ၉ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၆ ဒသမ ၁ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၅၅ မိုင်နှုန်း ဖြစ်သည်။

ဆိုင်ကလုန်းမုန်တိုင်း "ဖနီ" သည် နောက် ခြောက်နာရီအတွင်း အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖနီ" အဖြစ်သို့ လည်းကောင်း၊ နောက် ၃၆ နာရီအတွင်း အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖနီ" အဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဖနီ" သည် အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး နောက် ၇၂ နာရီအတွင်း မြောက် - အရှေ့မြောက်ဘက်သို့ကွေ့ကာ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ကိုးပေခန့် ရှိနိုင်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဖနီ" နှင့်ပတ်သက်၍ ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ကမ္ဘာ့စီးပွားရေးဖိုရမ်၏ အမှုဆောင်ကော်မတီအဖွဲ့ဝင်နှင့် အာရှ - ပစိဖိတ်ဒေသဆိုင်ရာအကြီးအကဲ Mr. Justin Wood အား လက်ခံတွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ကမ္ဘာ့စီးပွားရေးဖိုရမ်၏ အမှုဆောင်ကော်မတီအဖွဲ့ဝင်နှင့် အာရှ - ပစိဖိတ်ဒေသဆိုင်ရာအကြီးအကဲ Mr. Justin Wood အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၂၀**

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ကမ္ဘာ့စီးပွားရေးဖိုရမ်၏ အမှုဆောင်ကော်မတီအဖွဲ့ဝင်နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာအကြီးအကဲ Mr. Justin Wood အား ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာနိုင်ငံနှင့် ကမ္ဘာ့စီးပွားရေးဖိုရမ်အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်သွားနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ကမ္ဘာ့စီးပွားရေးဖိုရမ်သည် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး နိုင်ငံတကာအဖွဲ့ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အစီအစဉ်များ ပုံဖော်နိုင်ရန် ထင်ရှားသောနိုင်ငံရေး၊ စီးပွားရေးနှင့် အခြားလူမှုရေးခေါင်းဆောင်များကို ချိတ်ဆက်ပေးလျက်ရှိသည့် အဖွဲ့အစည်းဖြစ်သည်။ ကမ္ဘာ့စီးပွားရေးဖိုရမ် စတင်တည်ထောင်သည့် ၁၉၇၁ ခုနှစ်မှ စတင်၍ ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့တွင် နှစ်စဉ်အစည်းအဝေးပွဲများကို ကျင်းပလျက်ရှိသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အာရှ-ပစိဖိတ်ဆိုင်ရာ ဒေသတွင်းနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ Community Lead နှင့် မြန်မာနိုင်ငံဆိုင်ရာ တာဝန်ခံ Mr. Piyamit Bing Chomprasob လည်း တက်ရောက်သည်။

**သတင်းစဉ်**

## မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း အာရှခြေစစ်ပွဲအောင်မြင်ရေး နောက်ဆုံး အဆုံးအဖြတ်ပွဲ ယနေ့ ကစားမည်

**ရန်ကုန် မေ ၂၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ အုပ်စု(က) နောက်ဆုံးနေ့ကို မေ ၂၁ ရက် **(ယနေ့)** တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲအောင်မြင်ရေး အဆုံးအဖြတ်ပွဲ ကစားရမည်ဖြစ်သည်။

အုပ်စု (က) နောက်ဆုံးနေ့အဖြစ် ယနေ့ ညနေ ၄ နာရီတွင် ဩစတြေးလျအသင်းနှင့် ဥဇဘက်ကစ္စတန်အသင်း၊ ည ၇ နာရီတွင် မြန်မာအသင်းနှင့် နီပေါအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု ဒုတိယနေ့အပြီးတွင် ဩစတြေးလျအသင်းက ခြောက်မှတ်၊ မြန်မာနှင့် ဥဇဘက်ကစ္စတန်အသင်းက သုံးမှတ်စီရထားပြီး နီပေါအသင်းမှာမူ အမှတ်မရသေးပေ။ မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ဩစတြေးလျ-ဥဇဘက်ကစ္စတန်ပွဲ ရလဒ်အပေါ်မူတည်၍ ကစားခွင့်ရမည်ဖြစ်ပြီး ဥဇဘက်ကစ္စတန်အသင်း နိုင်ပွဲမရပါက မြန်မာအသင်းသည် အနိမ့်ဆုံး သရေကစားနိုင်ရုံဖြင့် ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် ဥဇဘက်ကစ္စတန်အသင်းကို အနိုင်ရပြီးကတည်းက ခြေစစ်ပွဲအောင်ရန် အလားအလာကောင်းသွားခြင်း ဖြစ်ပြီး အာရှထိပ်သီး ဩစတြေးလျအသင်းကို ရှုံးနိမ့်ခဲ့သော်လည်း အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သည်။ ဩစတြေးလျအသင်းမှာလည်း ခြေစစ်ပွဲအောင်ရန် အနိမ့်ဆုံး သရေကစားနိုင်ရန် လိုအပ်နေသည်။

ဗီယက်နမ်နိုင်ငံ၌ ကျင်းပနေသည့် အုပ်စု(ခ)တွင် တောင်ကိုရီးယားအသင်းက ခြောက်မှတ်ဖြင့် လက်ကျန်တစ်ပွဲအလိုတွင် ခြေစစ်ပွဲအောင်မြင်သွားပြီဖြစ်ပြီး လက်ကျန်တစ်နေရာအတွက် လေးမှတ်ရထားသည့် ဗီယက်နမ်အသင်း၊ တစ်မှတ်ရထားသည့် အီရန်အသင်းတို့ မျှော်လင့်ချက်ရှိနေသည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် စတုတ္ထအကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရရန် နီးစပ်နေပြီဖြစ်ပြီး ၂၀၁၃ ခုနှစ်နောက်ပိုင်း တစ်ကျော့ပြန်ယှဉ်ပြိုင်ခွင့်ရရန် နီးစပ်လျက်ရှိသည်။

**ညီမြတ်သော်တာ**

## နွေရာသီဘောလုံးနှင့် အခြေခံသိုင်းသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးပြီး "မြတ်ဆုမွန်" လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီဘောလုံးနှင့် အခြေခံသိုင်းသင်တန်းဆင်းပွဲကို ယနေ့ ညနေ ၄ နာရီက ပျဉ်းမနားမြို့နယ် သစ်လေးလုံး အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဇော်ထွန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သစ်လေးလုံးအုပ်စု အုပ်ချုပ်ရေးမှူး ဦးဌေးဝင်းက ကျေးဇူးတင်စကား ပြောကြားကာ သင်တန်းသား သင်တန်းသူများက သိုင်းပြကွက်များဖြင့် သရုပ်ပြကြပြီး (ဝဲပုံ) သင်တန်းဆင်းလက်မှတ်များကို ညွှန်ကြားရေးမှူး ဦးတင်ဇော်ထွန်းက သင်တန်းသား သင်တန်းသူများကို ပေးအပ်သည်။



ထို့နောက် ရပ်မိရပ်ဖ ဦးမြင့်ဆွေက သိုင်းသင်တန်း နည်းပြဆရာများကို သင်တန်းချီးမြှင့်စရိတ် ပေးအပ်ခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဌေးဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။ နွေရာသီ အခြေခံသိုင်းသင်တန်းကို သစ်လေးလုံး၊ ပုရွက်ဆိတ်ကုန်းကျေးရွာတို့မှ သင်တန်းသား သင်တန်းသူ ၃၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ တစ်လကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

## ILO ရာပြည့်အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲများ ကျင်းပမည်

**နေပြည်တော် မေ ၂၀**

၂၀၁၉ ခုနှစ်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)၏ ရာပြည့်နှစ်အထိမ်းအမှတ်အခမ်းအနားကို အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအလိုက် ကျင်းပရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် ILO၊ ရန်ကုန်နှင့် ပူးပေါင်း၍ ILO ရာပြည့်ဆောင်းပါးပြိုင်ပွဲနှင့် ထူးချွန်ဆုချီးမြှင့်ပွဲကို ကျင်းပမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲခေါင်းစဉ်မှာ မြန်မာဘာသာဖြင့် "ILO ရာပြည့်မှစ၍ သင့်လျော် ကောင်းမွန်သော အလုပ်အကိုင်တိုးမြှင့်ရေးနှင့် လူမှုတရားမျှတရေး မြှင့်တင်ဆောင်ရွက်ကြ" ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများအနေဖြင့် စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာမျက်နှာတစ်ဖက်တည်းတွင် စာလုံးရေသုံးထောင်မှ ငါးထောင်အတွင်း ရေးသားရန် ( Pyidaungsu Font Size 13)၊ ပြိုင်ပွဲဝင်တစ်ဦးအတွက် စာမူဆောင်းပါး တစ်ပုဒ်သာ တင်သွင်းရန်၊ စာမူ မူရင်းနှင့် မိတ္တူကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ ပူးတွဲတင်ပြရန်၊ ဆောင်းပါးရေးသူ၏ ကိုယ်ရေးရာဇဝင်တွင် အမည်ကို မြန်မာနှင့် အင်္ဂလိပ်ဘာသာ နှစ်မျိုးစလုံးဖြင့် ဖော်ပြပြီး အဖအမည်၊ အသက်(မွေးသက္ကရာဇ်)၊ ကျား၊ မ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရမည့် တယ်လီဖုန်း အမှတ်၊ တိုင်းဒေသကြီး၊ ပြည်နယ်တို့ကို ပြည့်စုံစွာဖြည့်စွက်ရေးသားဖော်ပြပြီး ပတ်စပို့ဓာတ်ပုံ သုံးပုံပူးတွဲ တင်ပြရန်တို့ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို အတွင်းရေးမှူး၊ ဆောင်းပါးပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ် (၅၁)၊ နေပြည်တော်သို့ မေ ၆ ရက်၊ ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဆုများအဖြစ် ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်း၊ နှစ်သိမ့်ဆု၊ အထူးဆု ငါးဆုအတွက် တစ်ဆုလျှင် ကျပ် တစ်သိန်း သတ်မှတ်ထားပြီး ဆုရသူများကို မေလနောက်ဆုံးပတ်တွင် ရန်ကုန်၌ ကျင်းပမည့် Centenary Launch Event အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

ရွေးချယ်ခြင်းမခံရသည့် စာမူများကို ပြန်လည်ပေးပို့မည် မဟုတ်ကြောင်းနှင့် ဆောင်းပါးပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဒေါ်တင်မာထွေး၊ အတွင်းရေးမှူး၊ ဆောင်းပါးပြိုင်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီ၊ ဖုန်း-၀၆၇-၄၃၀၀၉၀ ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေထုတ်ချေး

**လယ်ဝေး မေ ၂၀**

ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပဉ္စမအကြိမ်မြောက် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက လယ်ဝေးမြို့နယ် ညောင်ပင်သာကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်နီနီအေးက အသင်းသားများ လိုက်နာရမည့် စည်းကမ်းချက်များနှင့် စီမံကိန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြစိမ်းရောင်တာဝန်ခံနှင့် ဝန်ထမ်းများက အဆိုပါကျေးရွာရှိ စီမံကိန်းဝင်အသင်းသား စိုက်ပျိုးရေးလုပ်ကိုင်လိုသူ ၁၀၆ ဦးနှင့် မွေးမြူရေးလုပ်ကိုင်လိုသူ ၁၈၃ ဦးတို့ကို မြစိမ်းရောင်စီမံကိန်း အတိုးအရင်းချေးငွေများ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သိခ်**

## အင်အား ၅ ဒသမ ၂ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် မေ ၂၀**

မေ ၂၀ ရက် နံနက် ၀၀ နာရီ ၀၉ မိနစ် ၄၄ စက္ကန့်အချိန်တွင် ကန့်ဘလူမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၄၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သက်ကယ်ကျင်း၏ အရှေ့တောင်ဘက် ၁၆ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၀၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၈၁ ဒီဂရီ၊ အနက် ၁၃၁ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိခဲ့သည်။

**မိုး/ဇလ**

## မြန်မာ့ရုပ်မြင်သံကြား

၃၀ - ၄ -၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၈:၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "နိုင်ငံခြားရေးဝန်ကြီးဌာန" "အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန" "စစ်ကိုင်းတိုင်းဒေသကြီး"
၉:၄၀ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂:၃၅ - "မျက်ရည်စက်များ ကင်းစေချင်"
၁၄:၂၀ Yes or No Talk Show
၁၄:၄၀ - "အိုက်တင်နံပါတ် ၁၅၀၀"

**ညပိုင်း**

၁၆:၃၅ - "သတိပြုဖွယ် အပူဒဏ်အန္တရာယ်"
၁၇:၃၀ - မြန်မာ့ငွေကြေးစျေးကွက်ဆိုင်ရာ စကားဝိုင်း
၁၈:၂၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အကယ်ဒမီဖွေးဖွေး)
၁၉:၁၅ - "ချင်းတောင်တန်းများရဲ့မိခင် ခေါ်နူးစုမ်ဆီ"
၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀:၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန" "တနင်္သာရီတိုင်းဒေသကြီး"
- အနုပညာခန်းရိပ်သာ "အလင်္ကာကျော်စွာ ဟသ်ာတမြင့်ငွေနှင့် တွေ့ဆုံမေးမြန်းခန်း"
- နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်ဖြာသောအချစ်" (အပိုင်း-၂၉)

# ကျောက်တော်မြို့နယ် မဟာမုနိဘုရားကြီးလမ်းဆုံအနီး၌ AA အဖွဲ့ ထောင်ထားသော ဒေသန္တရလက်လုပ်မိုင်း သုံးလုံး တူးဖော်ရရှိ

**နေပြည်တော် ဧပြီ ၂၉**

ရန်ကုန်-အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီး၊ ကျောက်တော်-မြောက်ဦးလမ်းပိုင်းပေါ်ရှိ ကျောက်တော်မြို့ မဟာမုနိဘုရားကြီးလမ်းဆုံအနီး၌ ယနေ့ နံနက်ပိုင်းက AA အဖွဲ့ ထောင်ထားသော ဒေသန္တရလက်လုပ်မိုင်း သုံးလုံးအား တပ်မတော် လုံခြုံရေး စစ်ကြောင်းက တူးဖော်ရရှိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ နေရာအနီးတစ်ဝိုက်၌ AA အဖွဲ့က မိုင်းများ ထပ်မံထောင်ထားကြောင်း သတင်းအရ တပ်မတော်လုံခြုံရေး စစ်ကြောင်းက မိုင်းရှင်းလင်းရေးအဖွဲ့များဖြင့် ရှင်းလင်းခဲ့ရာ ယနေ့ နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် မဟာမုနိဘုရားကြီးလမ်းဆုံအနီး ကျောက်တော်-မြောက်ဦးကားလမ်း၏ ယာဘက် နှစ်ပေခန့်အကွာ၌ အချင်း ခြောက်လက်မ၊ အမြင့် ရှစ်လက်မခန့်ရှိ ဒေသန္တရလက်လုပ်မိုင်း နှစ်လုံးအားလည်းကောင်း၊ အဆိုပါနေရာမှ မြောက်ဘက် မီတာ ၂၀ ခန့်အကွာ၌ အချင်း ခြောက်လက်မ၊ အမြင့် ရှစ်လက်မခန့်ရှိ ဒေသန္တရလက်လုပ်မိုင်း တစ်လုံးအား လည်းကောင်း ရှာဖွေတွေ့ရှိသဖြင့် ဘုရားဖူးလာ ခရီးသွားပြည်သူများ အန္တရာယ်မဖြစ်စေရေး စနစ်တကျ သက်မဲ့ပြုလုပ် မိုင်းရှင်းလင်းခဲ့ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ စတင်၍ ရခိုင်ပြည်နယ်အတွင်းရှိ အများပြည်သူ အသုံးပြုသွားလာလျက်ရှိသည့် လမ်းများပေါ်တွင် AA အဖွဲ့ မိုင်းထောင်သည့် အကြိမ် ၁၅ ကြိမ်၊ မိုင်း ၄၆ လုံးရှိပြီး တပ်မတော်လုံခြုံရေးစစ်ကြောင်းများက အများပြည်သူ အန္တရာယ်မဖြစ်စေရေး အတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# မြိတ်၊ မိုးကုတ်နှင့် ပင်လောင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ


**နေပြည်တော် ဧပြီ ၂၉**

မူးယစ်တပ်ဖွဲ့စု(၃၅)မြိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၈ ရက် ညနေပိုင်းတွင် မြိတ်မြို့ ရေပုန်းရပ်ကွက် စပါးရွှေဝါလမ်း၌ ကျော်ကျော်(ခ)မောင်ကျော် ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀၅ ပြား သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့နယ် လယ်ကြီးရဲကင်းရှေ့တွင် အမျိုးသားတစ်ဦး မောင်းနှင်လာသည့် မော်တော်ယာဉ်ကို စစ်ဆေးရန် တားဆီးစဉ် မောင်းနှင်ထွက်ပြေးသွား၍ ပိတ်ဆို့ရှာဖွေခဲ့ရာ မိုးကုတ်-မိုင်းလုံသွားကားလမ်း ကင်းချောင်းအနီး တောလမ်း၌ အဆိုပါ မော်တော်ယာဉ်ကို လူမပါဘဲ တွေ့ရှိရ၍ ရှာဖွေရာ ဆပ်ပြာခွက် ၂၂၀ ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၂ ဒသမ ၂ ကီလိုကို လည်းကောင်း၊

ထို့အတူ နံနက် ၇ နာရီခန့်က နောင်တရားနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ဘန့်ပြင်ကျေးရွာအုပ်စု၊ နောင်ကားမီး(နောက်) ကျေးရွာနေ အောင်ထွဋ်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၉၅ ပြားနှင့် ဘိန်းဆီခဲ ၁၃၀ ဒသမ ၆၃ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



သိမ်းဆည်းရမိသည့် ဘိန်းဖြူများအား တွေ့ရစဉ်။

# အင်းတော်မြို့နယ်အတွင်းမှ တရားမဝင်ကျွန်းသစ်လုံးနှင့် ကျွန်းခွဲသားများ သိမ်းဆည်းရမိ

**အင်းတော် ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မံမော်ကြိုးဝိုင်းအတွင်းမှ တရားမဝင်ကျွန်းသစ်လုံး၊ ကျွန်းခွဲသားနှင့် တရားမဝင်သစ်စက် ငါးလုံး ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၈ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်က ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦး ဦးဆောင်သော အဖွဲ့သည် အင်းတော်မြို့နယ် သစ်တောဦးစီးဌာနအဖွဲ့နှင့် ပူးပေါင်း၍ အင်းတော်မြို့နယ်နှင့် ဗန်းမောက်မြို့နယ်ကြားရှိ မံမော်ကြိုးဝိုင်းအတွင်း သတင်းအရ ဝင်ရောက်ရှာဖွေစစ်ဆေးရာ မံမော်ကြိုးဝိုင်းအတွင်းရှိ အကွက်အမှတ် ၄၅၊ ၄၆၊ ၄၉၊ ၅၀၊ ၅၁၊ ၅၇ နေရာများမှ တရားမဝင်ကျွန်းသစ်လုံး ၂၆၁ လုံး(၁၀၅ ဒသမ ၉၇၂ တန်)၊ ကျွန်းခွဲသား ၁၄၀၆ ချောင်း(၁၉ ဒသမ ၀၉၅၄ တန်) စုစုပေါင်း ၁၂၅ ဒသမ ၀၆၇၄ တန်နှင့်အတူ တရားမဝင်သစ်ခွဲစက် ငါးလုံး၊ မီးစက် တစ်လုံး၊ သစ်ဖြတ်ချိန်းဆော တစ်လက်တို့ကို ရှာဖွေဖမ်းဆီးရမိသဖြင့် သစ်တောဥပဒေအရ အရေးယူဆောင်ရွက် ထားသည်။ ထို့အပြင် တရားမဝင်သစ်စက်ပိုင်ရှင်များကို စုံစမ်းဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း ကသာခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦး ထံမှ သိရသည်။

**လူအောင်(ကသာ)**

# ပုလဲမြို့နယ်၌ ဧပြီလအတွင်း တရားမဝင်သစ်မျိုးစုံနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**ပုလဲ ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်၌ တရားမဝင်သစ်များ ခိုးယူခြင်း၊ ခုတ်လှဲခြင်း၊ သယ်ဆောင်ခြင်းများကို ဖော်ထုတ်ဖမ်းဆီး၍ အရေးယူနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ ဧပြီလအတွင်း တရားမဝင်သစ်မျိုးစုံ ၂၉ တန်ကျော်နှင့် ဆက်စပ်ပစ္စည်းများ၊ တရားမဝင်သစ် သယ်ဆောင်ခြင်းလုပ်ငန်း လုပ်ကိုင်သူများကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းက "ကျွန်တော်တို့မြို့နယ်မှာ ဧပြီ ၅ ရက်မှ ၂၇ ရက်အတွင်း ပိတောက်ခွဲသား ဝ ဒသမ ၄၂၃၄ တန်၊ ကျွန်းသစ် ဝ ဒသမ ၇၇၈ တန်၊ ပျဉ်းကတိုးသစ် ၂ ဒသမ ၃၄၄ တန်၊ အင်သစ် ၂ ဒသမ ၇၁၆ တန်၊ ကျွန်းသစ်ခွဲသား ဝ ဒသမ ၄၅၁၀ တန်၊ ပျဉ်းကတိုးသစ်ခွဲသား ဝ ဒသမ ၃၂၅၆ တန်၊ ထောက်ကြံ့ခွဲသား ၄ ဒသမ ၁၀၆၅ တန်၊ ကျွန်းသစ် ဝ ဒသမ ၅၁၀ တန်၊ သစ်မာခွဲသား ၉ ဒသမ ၅၅၈၂ တန်၊ ထောက်ကြံ့ခွဲသား ဝ ဒသမ ၂၃၃၄ တန်၊ သစ်မာခွဲ သား ၂ ဒသမ ၀၆၇၀ တန်၊ အခြားခွဲသား ဝ ဒသမ ၄၃၈၈ တန်၊ တရားဝင်သစ်ခွဲရာမှာ အသုံးပြုတဲ့ အင်ဂျင်စက် တစ်လုံးနှင့် ဆက်စပ်ပစ္စည်း ခုနစ်မျိုး၊ ပျဉ်းကတိုးခွဲသား ဝ ဒသမ ၄၉၇၉ တန်၊ အင်ကြင်းခွဲသား ဝ ဒသမ ၁၂၅၂ တန်၊ ကျွန်းသစ် ၁ ဒသမ ၃၄၀၂ တန်၊ ပိတောက်သစ် ၃ ဒသမ ၂၇၂ တန် စုစုပေါင်း တရားမဝင်သစ်မျိုးစုံ ၂၉ ဒသမ ၁၈၇၁ တန်နဲ့ တရားမဝင်သစ် သယ်ဆောင်ခြင်းလုပ်ငန်း လုပ်ကိုင်သူ လေးဦးတို့ကို ဖော်ထုတ်ဖမ်းဆီးရရှိခဲ့ပြီး တရားဥပဒေနဲ့အညီ အမှုဖွင့်အရေးယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်"ဟု ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုင်းဖြတ်၌ ဦးလေးနှင့် တူ စကားများရန်ဖြစ်ရာမှ ဓားထိုးမှုဖြစ်ပွား

**မိုင်းဖြတ် ဧပြီ ၂၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် ယနေ့ နံနက် ၄ နာရီခန့်က အိမ်ချင်းကပ်လျက်ရှိ ဦးလေးနှင့် တူတော်စပ်သူတို့ စကားများရန်ဖြစ်ရာမှ ဓားထိုးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၆ နာရီခန့်က ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံတွင် မိုင်းဖြတ်မြို့နေသူ အမျိုးသားတစ်ဦး ဓားဒဏ်ရာများဖြင့် ရောက်ရှိနေကြောင်း သိရ၍ ဒုရဲအုပ် ဟန်မိုးလွင်နှင့် တပ်သားနန္ဒအောင်တို့က သွားရောက်စစ်ဆေးခဲ့ရာ ဓားဒဏ်ရာများရရှိသူမှာ ဦးအိုက်ကေ့(၄၀ နှစ်) မိုင်းဖြတ်မြို့ နေသူဖြစ်ပြီး ဦးအိုက်ကေ့သည် ယနေ့ နံနက် ၄ နာရီခန့်တွင် အိမ်ချင်းကပ်လျက်ရှိ တူတော်စပ်သူ စိုင်းနောင့်(၂၈ နှစ်) နှင့် စကားများရန်ဖြစ်ရာမှ စိုင်းနောင့်က ဓားဖြင့်ထိုးသဖြင့် အိုက်ကေ့တွင် ဒဏ်ရာများ(စိုးရိမ်ရ) ရရှိထားကြောင်း စစ်ဆေးတွေ့ရှိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ စိုင်းနောင့်အား မိုင်းဖြတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပင်လည်ဘူးမြို့နယ်၌ လူနေအိမ်တစ်လုံး မီးလောင်ပြီး အမျိုးသမီးနှစ်ဦး သေဆုံး

**ပင်လည်ဘူး ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ကွမ်းတောင်းကျေးရွာ၌ ယနေ့ နံနက် ၄ နာရီခန့်က နေအိမ်တစ်လုံး မီးလောင်ပြီး လူနှစ်ဦး သေဆုံးကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၄ နာရီခန့်က ကွမ်းတောင်းကျေးရွာနေ ဒေါ်မြရင်(၆၅ နှစ်)၏ နေအိမ် မီးဖိုဆောင် မီးကြွင်းမီးကျန်မှ မီးစတင်လောင်ခြင်းဖြစ်သည်။ မီးလောင်မှုကို အဆိုပါကျေးရွာမှ ကျေးရွာပြည်သူများ၏ အကြောင်းကြားမှုကြောင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးနေတိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ပြီး ကျေးရွာပြည်သူများနှင့် ဝိုင်းဝန်းငြှိမ်းသတ်ရာ နံနက် ၅ နာရီခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။ **(အပေါ်ပုံ)**



မီးလောင်မှုကြောင့် အိမ်ရှင် ဒေါ်မြရင်(၆၅ နှစ်)နှင့် သမီး မဇင်မာဝင်း (၂၇ နှစ်) တို့မှာ မီးလောင်သေဆုံးသွားကြောင်း၊ မဝင်းအေးနှင့် မမေဇင်ဝင်းတို့မှာ မီးလောင်နေစဉ် အိမ်ပေါ်က ခုန်ချလွတ်မြောက်ခဲ့သော်လည်း မီးလောင်ဒဏ်ရာနှင့် ထိခိုက်မှုများ ရရှိကာ ပင်လည်ဘူးမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုများ ခံယူနေကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

# ရေပူစစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ဘေထုပ်များ စစ်ဆေးတွေ့ရှိ

**နေပြည်တော် ဧပြီ ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၂၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉၁ စီး၊ သွင်းကုန် ၂၄၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ် မှု ပို့ကုန် ၁၇ စီး၊ သွင်းကုန် ၁၈၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၃၇ သန်း စုစုပေါင်းတားဆီးမှု သုံးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၃၃၇ သန်းအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်း ရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၇ ရက် တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် Mitsubishi Canter ခြောက်ဘီးယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသော ဘေထုပ် ၁၅ ထုပ်၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၂ သန်းအား တွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**




လက်ယာစွန်းရောက်ပါတီသစ်ဖြစ်သည့် Vox ပါတီမှ အနိုင်ရရှိသည့် အရေအတွက်ကို ကြေညာနေစဉ်။

# စပိန်ရွေးကောက်ပွဲ၌ ဝန်ကြီးချုပ် ပီဒရိုဆန်ချက် အနိုင်ရကြောင်းကြေညာ

**ဘာစီလိုနာ မေ ၂၉**

မေ ၂၈ ရက်က ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် စပိန်ဝန်ကြီးချုပ် ပီဒရိုဆန်ချက် အနိုင်ရရှိကြောင်း ကြေညာခဲ့ပြီး ဥရောပသမဂ္ဂ ခိုင်မာစေရေးအတွက် ဥရောပထောက်ခံသည့် အစိုးရအဖွဲ့တစ်ရပ် ဖွဲ့စည်းရန် ကတိပြုခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်၏ လက်ရှိအာဏာရ ဆိုရှယ်လစ် အလုပ်သမားပါတီသည် အောက်လွှတ်တော်၌ ရာထူးနေရာ ၃၅၀ အနက် ၁၂၀ ကို အနိုင်ရရှိထားသည်။ ယင်းပါတီသည် မဟာမိတ်အဖွဲ့ ထူထောင်ရန် အခြားပါတီများနှင့် ညှိနှိုင်းဆွေးနွေးကြမည်ဟု ခန့်မှန်းထားသည်။

လက်ယာစွန်းရောက် ပါတီသစ်ဖြစ်သည့် Vox ပါတီသည် ကွန်ဂရက်၌ ရာထူးနေရာ ၂၀ ကို အနိုင်ရရှိပြီးနောက် ပါလီမန်လွှတ်တော်သို့ ဝင်ရောက်မည်ဖြစ်သည်။ ယင်းပါတီသည် ဥရောပကို အယုံအကြည်ကင်းမဲ့ပြီး လူဝင်မှုကြီးကြပ်ရေးကို ဆန့်ကျင်သည့် ပါတီဖြစ်သည်။

ပါတီခေါင်းဆောင် ဆန်တီယာကို အဘာစကယ်က မိန့်ခွန်းပြောကြားခဲ့ရာတွင် စပိန်ဦးစားပေးသည့် ကတိကဝတ်ကို အကြိမ်ကြိမ်ပေးအပ်ခဲ့ပြီး ၎င်းနှင့် ၎င်း၏ပါတီသည် စပိန်၏ ဂုဏ်သိက္ခာနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း အလေးအနက် ပြောကြားခဲ့သည်။

စပိန်ပြည်သူများ ဥရောပ ရွေးကောက်ပွဲတွင် မဲမပေးမီ တစ်လအလိုတွင် ထွက်ပေါ်လာသည့် ရွေးကောက်ပွဲရလဒ်များက ဥရောပထောက်ခံသူများနှင့် ဥရောပကို အယုံအကြည်ကင်းမဲ့သူများအကြား သဘောထားကွာဟချက်တစ်ခုကို ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ကနေဒါနှင့် ဂျပန်တို့ ဆက်ဆံရေးခိုင်မာလာစေရေး နည်းလမ်းများ ရှာဖွေ

**အော့တဝါ မေ ၂၉**

ကနေဒါနှင့်ဂျပန်နိုင်ငံတို့သည် ဆက်ဆံရေးခိုင်မာလာစေရေး နည်းလမ်းများ ရှာဖွေလျက်ရှိကြောင်း ကနေဒါဝန်ကြီးချုပ်ရုံးမှထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကနေဒါဝန်ကြီးချုပ် ဂျက်စတင် ထရူးဒိုနှင့် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးတို့ တွေ့ဆုံစဉ်အတွင်း နှစ်နိုင်ငံကြား မိတ်ဖက်ဆက်ဆံရေးကို တိုးမြှင့်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး မဟာဗျူဟာမြောက် ဆွေးနွေးပွဲများအတွက်လည်း ကတိပြုပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် စနေနေ့က ကနေဒါနိုင်ငံသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ကနေဒါနှင့်ဂျပန် ပြည်ပကုန်သွယ်မှု အဖွဲ့အစည်းတို့ကြား နားလည်မှုစာချွန်လွှာတွင်လည်း လက်မှတ်ရေးထိုးခဲ့သည်။ ယင်းစာချွန်လွှာအရ ဂျပန်နှင့်ကနေဒါကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူလာမည်ဖြစ်သည်။ ထို့အပြင်နှစ်နိုင်ငံစလုံးတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ကိုင်ရာမှာလည်း ပိုမိုလွယ်ကူလာမည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် ကနေဒါနိုင်ငံ၏ စတုတ္ထအကြီးဆုံး စီးပွားရေးမိတ်ဖက်နိုင်ငံဖြစ်သည်။ ကနေဒါနိုင်ငံက အာရှတွင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင်လည်း ဂျပန်နိုင်ငံတွင် အများဆုံးပြုလုပ်ခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ်အတွင်း ကနေဒါနိုင်ငံ၏ ဂျပန်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုမှာ ကနေဒါဒေါ်လာ ၂၉ ဒသမ ၆ ဘီလီယံရှိသည်။ ကနေဒါနိုင်ငံတွင်နေထိုင်ကြသည့် ဂျပန် လူမျိုး ၁၂၀၀၀၀ ခန့်ရှိသည်။ နှစ်စဉ် ဂျပန်နှင့် ကနေဒါနိုင်ငံများမှ လူပေါင်း ၃၀၀၀၀၀ ခန့် အပြန်အလှန်ခရီးသွားကြကြောင်းသိရသည်။

**ဆင်ဟွာ**

## ဟွာဝေး၏ 5G ကွန်ရက်နှင့်ပတ်သက်ပြီး သတိထားရန် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း



ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျရယ်မီဟန့်

**လန်ဒန် မေ ၂၉**

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျရယ်မီဟန့်သည် ဗြိတိန်နိုင်ငံတွင် တရုတ်နိုင်ငံမှ ဟွာဝေးကုမ္ပဏီ၏ အခန်းကဏ္ဍကို သတိထားရန် တိုက်တွန်းပြောဆိုခဲ့သည်။ ဗြိတိန်အစိုးရသည် နောက်ထပ်မျိုးဆက်တစ်ခုဖြစ်သည့် 5G မိုဘိုင်းကွန်ရက် ဖွံ့ဖြိုးလာရန်အတွက် နည်းပညာကုမ္ပဏီကြီးဖြစ်သည့် ဟွာဝေးကုမ္ပဏီကို လမ်းဖွင့်ပေးရာတွင် ဗြိတိန်အစိုးရအနေဖြင့် သေချာစဉ်းစားသင့်သည်ဟု ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက တရုတ်ဟွာဝေးကုမ္ပဏီကို ဗြိတိန်နိုင်ငံတွင် 5G ကွန်ရက်တည်ဆောက်ရန် ခွင့်ပြုပေးခဲ့သည့်နောက် ယခုလိုသတိပေးချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဟွာဝေးကုမ္ပဏီသည် ဆက်သွယ်ရေးဆိုင်ရာအချက်အလက်များရရှိပြီး တရုတ်နိုင်ငံအတွက် စပိုင်ပြုလုပ်နိုင်သည်ဟူသော စွပ်စွဲချက်များနှင့် အနောက်နိုင်ငံဈေးကွက်အချို့တွင် နောက်ပြန်ဆုတ်နေရသည့် အနေအထားဖြစ်နေသည်။

တရုတ်ကုမ္ပဏီကြီးအပေါ် အစိုးရ၏ ထိန်းချုပ်မှုအခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားရန်လိုကြောင်း ဂျရယ်မီဟန့်က ပြောသည်။

ဟွာဝေးကုမ္ပဏီသည် 5G ကွန်ရက်အတွက် ရှေ့တန်းမှ ဦးဆောင်နေပြီး ချက်ချင်း ဒေတာလွှဲပြောင်းခြင်းများ ပြုလုပ်နိုင်သည့်အတွက် စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ဘဏ်စနစ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ ပါဝင်သည့် ဥရောပစီးပွားရေးအတွက် စိုးရိမ်ဖွယ်စနစ်တစ်ခု ဖြစ်လာနိုင်သည်။ အမေရိကန်ပြည်ထောင်စုကမူ ဟွာဝေးကုမ္ပဏီ၏ ပါဝင်ပတ်သက်မှုကို ဆန့်ကျင်ထားသည်။ အကြောင်းမှာ တရုတ်နိုင်ငံ၏ ဥပဒေအရ ယင်းကုမ္ပဏီသည် အစိုးရက လိုအပ်လာသည့်အခါ သတင်းအချက်အလက်နှင့် လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများ ထောက်ပံ့ပေးရန် တာဝန်ရှိနေသောကြောင့် ဖြစ်သည်။

**အေအက်ဖ်ပီ**

## ကုလသမဂ္ဂအစီရင်ခံစာတွင် သဘာဝပတ်ဝန်းကျင်ကယ်တင်ရေး အလေးပေးထား

**ဂျီနီဗာ မေ ၂၉**

နိုင်ငံပေါင်း ၁၃၀ မှ ကိုယ်စားလှယ်များသည် ပါရီမြို့တွင် မေ ၂၉ ရက်ကစုဝေးခဲ့ကြပြီး သဘာဝတရားအပေါ် ကုလသမဂ္ဂ၏ အကဲဖြတ်မှုကို ပိုမိုခိုင်မာလာစေရေး ကြိုးပမ်းခဲ့ကြပြီး ကမ္ဘာပေါ်ရှိသက်ရှိများကို ကယ်တင်ရန် အစီအစဉ်ကိုလည်း ချမှတ်ခဲ့ကြသည်။

စာမျက်နှာ ၄၄ မျက်နှာပါရှိသော မူကြမ်းတွင် မျိုးစိတ်များ ရှင်သန်မှုသည် ဖျက်ဆီးလုယက်ခံနေရပြီး ကျွန်ုပ်တို့ မှီခိုနေရသည့် အရင်းအမြစ်များကို ပြန်လည်ပြုပြင်ရန် လိုအပ်ကြောင်း ပါဝင်သည်။

သန်းနှင့်ချီသော မျိုးစိတ်များမှာ မျိုးသုဉ်းပျောက်ကွယ်တော့မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း၊ ကမ္ဘာမြေမျက်နှာပြင်၏ သုံးပုံပုံတစ်ပုံမှာ ဆိုးဆိုးရွားရွား ပြောင်းလဲနေကြောင်း အဆိုပါအစီရင်ခံစာတွင် ပါဝင်သည်။

**အေအက်ဖ်ပီ**

## နျူကလီးယားလက်နက် မပြန့်ပွားရေး သဘောတူစာချုပ်မှ နုတ်ထွက်ရန် အီရန်စဉ်းစားမည်

**တီဟီရန် မေ ၂၉**

အီရန်နိုင်ငံသည် နျူကလီးယားလက်နက်မပြန့်ပွားစေရေးတားဆီးရန် ရေးဆွဲထားသည့် နိုင်ငံတကာသဘောတူစာချုပ်မှ နုတ်ထွက်ရန် စဉ်းစားဖွယ်ရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်ဖ်က ပြောကြားခဲ့သည်။

မေ ၂၈ ရက်က နိုင်ငံပိုင် ရုပ်မြင်သံကြားနှင့်ပြုလုပ်ခဲ့သည့် အင်တာဗျူးတစ်ခုအတွင်း ဇာရစ်ဖ်က ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။ အီရန်အာဏာပိုင်များသည် ရွေးချယ်ရန် နည်းလမ်းပေါင်းမြောက်မြားစွာကို ထည့်သွင်းစဉ်းစားနေပြီး အဆိုပါရွေးချယ်စရာများအနက် နျူကလီးယားလက်နက် မပြန့်ပွားရေး သဘောတူစာချုပ်မှ နုတ်ထွက်ရေးမှာလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီရန်ပြည်သူများသည် ဘယ်သောအခါမှ ခိုင်မာသည့် စုစည်းညီညွတ်မှုမျိုး မရှိခဲ့ဖူးကြောင်း ၎င်းကပြောသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့က အီရန်အပေါ် ဖိအားများပေးရန် အရှိန်မြှင့်လုပ်ဆောင်လာချိန်တွင် အီရန်နိုင်ငံခြားရေးဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ သမ္မတထရမ့်၏ အစိုးရအဖွဲ့သည် အီရန်၏ အစ္စလာမ့်စ် တော်လှန်ရေးအစောင့်တပ်ဖွဲ့ကို ပြည်ပအကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် ယခုလအစောပိုင်းက သတ်မှတ်ခဲ့သည်။ ထို့ပြင် အမေရိကန်သည် လာမည့် မေ ၂ ရက်မှစတင်ကာ အီရန်မှ ရေနံများ တင်ပို့မှုကို ပိတ်ဆို့ထားခြင်းမှ ကင်းလွတ်ခွင့်ပေးထားသည့်နိုင်ငံများအား ကင်းလွတ်ခွင့် အဆုံးသတ်ရန် စီစဉ်လျက်ရှိသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်ဖ်သည် နိုင်ငံတကာအဖွဲ့အစည်းနှင့် ဆက်ဆံရေးခိုင်မာစေသည့် အီရန်သမ္မတ ဟက်ဆန်ရိုဟာနီ၏ မူဝါဒကိုဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံထားရသူအဖြစ် မြင်တွေ့ရသည်။

**အင်န်အိတ်ချ်ကေ**



အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်ဖ်

## ရေကြောင်းလုံခြုံရေးလေ့ကျင့်မှုတွင် ပါဝင်ရန် အိန္ဒိယရေတပ်သင်္ဘောများ ဘူဆန်သို့ ရောက်ရှိ

**နယူးဒေလီ မေ ၂၉**

အိန္ဒိယရေတပ်သင်္ဘောများဖြစ်သည့် ကိုလ်ကတ္တားနှင့် ရှခ်တီတို့သည် သုံးရက်တာပြုလုပ်မည့် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး (ADMM–Plus) နှင့် ရေကြောင်းလုံခြုံရေးလေ့ကျင့်မှု (FTX) တွင် ပါဝင်ရန် တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့သို့ ရောက်ရှိလာကြကြောင်း နယူးဒေလီရှိ အာဏာပိုင်သတင်းအရင်းအမြစ်မှ သိရသည်။

အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး ADMM –Plus သည် အရှေ့တောင်အာရှနိုင်ငံများနှင့် ပေါင်းကူးဆက်ဆံနိုင်ရေး စင်္ကြံတစ်ခုဖြစ်ပြီး ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိတ်ဖက်ရှစ်နိုင်ငံနှင့်အတူ လုံခြုံရေးနှင့် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်သည်။

ADMM –Plus အဖွဲ့တွင် အာဆီယံ ၁၀ နိုင်ငံပါဝင်ပြီး ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ တောင်ကိုရီးယား၊ ရုရှားနှင့် အမေရိကန်တို့လည်း ပါဝင်သည်။ အိန္ဒိယမှစစ်သင်္ဘောနှစ်စင်းသည် မကြာသေးမီ အချိန်ကမှ တရုတ်နိုင်ငံ ချင်းတောင်မြို့တွင် အပြည်ပြည်ဆိုင်ရာရေတပ်စစ်ဆေးခြင်း အခမ်းအနား၌ ပါဝင်ခဲ့သည်။

ဘူဆန်သို့ သွားရောက်စဉ်အတွင်း အိန္ဒိယရေတပ်သင်္ဘောများသည် ADMM-Plus က ပြုလုပ်မည့် လှုပ်ရှားမှုများ၊ အခမ်းအနားများတွင် ပါဝင်သွားမည်ဖြစ်သည်။ မေ ၁ ရက်တွင် အိန္ဒိယစစ်သင်္ဘောများသည် ဘူဆန်မှ ထွက်ခွာပြီး မိတ်ဖက်နိုင်ငံများမှ ရေတပ်များနှင့်အတူ ရေကြောင်း လုံခြုံရေး လေ့ကျင့်မှုများကို ပြုလုပ်မည်ဖြစ်သည်။ ထို့နောက် ယင်းသင်္ဘောနှစ်စင်းသည် စင်ကာပူသို့ ဆက်သွားမည်ဖြစ်ပြီး ADMM –Plus လေ့ကျင့်မှု ပိတ်ပွဲအခမ်းအနားကို တက်ရောက်မည်ဖြစ်သည်။

**ဆင်ဟွာ**

# အိုင်အက်စ်တွေရဲ့ အကြမ်းဖက်ဝါဒ အရှေ့တောင်အာရှကို ကူးစက်လာပြီလား

**ထွန်းသစ်စ**

**အိုင်အက်စ်လို့ လူသိများတဲ့ အကြမ်းဖက်အစွန်းရောက် ဂျီဟတ်တွေဟာ သူတို့သိမ်းပိုက်ထားတဲ့ ဆီးရီးယားနဲ့ အီရတ်နယ်မြေတစ်နံတစ်လျားမှာ အစွန်းရောက်စစ်ပွဲ ''ခါလီဖိတ်'' ဆင်နွှဲမယ်လို့ လွန်ခဲ့တဲ့ ၂၀၁၄ ခုနှစ် ဇွန်လက ကြွေးကြော်ခဲ့ပေမယ့်လည်း တကယ်တော့ သူတို့ဟာ အဲဒီအချိန်ကတည်းကစပြီး နယ်မြေတစ်ခုပြီးတစ်ခု ဆုံးရှုံးခဲ့ပါတယ်။ ဆီးရီးယားနဲ့ အီရတ်မှာ မရှုမလှ အရေးနိမ့်ခဲ့တဲ့ အိုင်အက်စ်တွေဟာ အခုတော့ အရှေ့တောင်အာရှဘက်ကို ဦးတည်လာသလို ဥရောပကိုလည်း ဦးတည်နေတယ်လို့ သိရပါတယ်။ သူတို့ဟာ တစ်ခုမဟုတ် တစ်ခု၊ တစ်နည်းမဟုတ် တစ်နည်းနဲ့ အေးချမ်းသာယာမှုကို ဖြိုခွဲဖို့ လုပ်ဆောင်နေတဲ့သူတွေလို့တောင် ဆိုရမလိုဖြစ်နေပါပြီ။**

**အစွန်းရောက်ဝါဒပြန့်ပွားလာ**

မကြာသေးမီက ဖြစ်ပွားခဲ့တဲ့ သီရိလင်္ကာဗုံးပေါက်ကွဲမှုကို ကြည့်ရင် သူတို့ သို့မဟုတ် သူတို့နဲ့ နီးနွှယ်တဲ့ နယ်မြေခံ အကြမ်းဖက်အဖွဲ့တွေရဲ့ လက်ချက်ပဲဖြစ်ပါတယ်။ သူတို့ရဲ့ ဝါဒက အကြမ်းဖက်ဝါဒပဲဖြစ်ပါတယ်။ ဒီလို အကြမ်းဖက်ဝါဒဟာ ဘယ်သူ့ကိုမှ ကောင်းကျိုးမပြုပါဘဲ။ သူတို့ဟာ ခါလီဖိတ်လုပ်နိုင်ဖို့အရေး အစွန်းရောက်ဝါဒတွေကို ဖြန့်ကြက်လုပ်ဆောင်နေတာဟာဖြင့် ထင်ရှားလှပါတယ်။

၂၀၁၄ ခုနှစ် ဇွန် ၂၉ ရက်မှာ အီရတ်နဲ့ မြေထဲပင်လယ်အရှေ့ဘက်ကမ်းခြေရှိနိုင်ငံတွေကို အဘူဘာကာအယ်လ်ဘက်ဂက်ဒါဒီဦးဆောင်တဲ့ အိုင်အက်စ်အကြမ်းဖက်အစွန်းရောက်ဂျီဟတ်များက ခါလီဖိတ်လုပ်မယ်လို့ ကြေညာခဲ့ပါတယ်။ အိုင်အက်စ်တို့ဟာ ဇန်နဝါရီလမှာ ဆီးရီးယားမြောက်ပိုင်းမြို့တော် ရက်ကွာကို သူပုန်တွေလက်ထဲက သိမ်းယူခဲ့ပါတယ်။ ထို့အတူပဲ အိုင်အက်စ်တို့ဟာ အီရတ်နိုင်ငံနဲ့ နယ်စပ်ချင်းထိစပ်လျက်ရှိတဲ့ ဆီးရီးယားနိုင်ငံ အရှေ့ပိုင်းပြည်နယ် ဒယ်ရာအယ်ဇာကိုလည်း ထိန်းသိမ်းခဲ့သလို မြောက်ပိုင်းပြည်နယ် အလက်ပိုကိုလည်း သိမ်းပိုက်ခဲ့ပါတယ်။

အီရတ်နိုင်ငံမှာလည်း အိုင်အက်စ်အစွန်းရောက်အဖွဲ့ဟာ မိုဆူးလ်နဲ့ ဆွန်နီအာရပ်နယ်ပယ်တွေကိုလည်း သိမ်းပိုက်ခဲ့ပါတယ်။ ဒီဆွန်နီအာရပ်နယ်ပယ်တွေဟာ ကာ့ဒ်ဒေသနဲ့ နယ်စပ်ချင်းထိစပ်လျက်ရှိပါတယ်။ အဲဒီအချိန်တုန်းက အီရတ်တပ်ဖွဲ့ဝင်တွေဟာလည်း အိုင်အက်စ်တို့ကို ထိထိရောက်ရောက် မနှိမ်နင်းနိုင်ခဲ့ပါဘူး။ ဒါကြောင့် အိုင်အက်စ်အဖွဲ့ဟာ ရက်ကွာနဲ့ မိုဆူးလ်တို့ကို သူတို့ရဲ့ မြို့တွေအဖြစ် သိမ်းပိုက်စိုးစံခဲ့တယ်လို့တောင် ပြောလို့ရပါတယ်။

ဇူလိုင်လမှာတော့ အိုင်အက်စ်ခေါင်းဆောင် အဘူဘာကာအယ်လ်ဘက်ဂက်ဒါဒီက ဂျီဟတ် ဝက်ဘ်ဆိုက်က လွှင့်တင်ခဲ့တဲ့ ရုပ်သံဖိုင်ထဲမှာ နေရာတိုင်းမှာရှိတဲ့ မွတ်စလင်တွေ သူ့ကို လေးစားလိုက်နာဖို့ တိုက်တွန်းခဲ့ပါတယ်။

**ရက်စက်မှုအပေါင်း သရဖူဆောင်း**

ရက်ကွာမှာ အိုင်အက်စ်တွေဟာ ခေါင်းဖြတ်သတ်ခြင်း၊ ကွပ်မျက်ခြင်း၊ မုဒိမ်းမှုကျူးလွန်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ လူမျိုးသုဉ်းသတ်ဖြတ်ခြင်းစတာတွေကို ကျူးလွန်ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ တခြားရက်စက်မှုမျိုးစုံကိုလည်း ကျူးလွန်ခဲ့ကြပါတယ်။ တစ်ခါတစ်ရံမှာ ရုပ်သံဖိုင်၊ ဗီဒီယိုတွေကနေတစ်ဆင့် ဝါဒဖြန့်မှုတွေလုပ်ဆောင်လေ့ရှိပါတယ်။ ဒီရုပ်သံဖိုင်တွေ၊ ဗီဒီယိုတွေဟာ ဂျီဟတ်တွေရဲ့ဝါဒဖြန့်ရာနေရာတစ်ခုလည်း ဖြစ်ပါတယ်။

အီရတ်နိုင်ငံမှာလည်း အိုင်အက်စ်အုပ်စုဟာ ဆင်ဂျာဒေသတစ်ခုက ရာဇီဒီလူနည်းစုကို နိုင်ထက်စီးနင်းလုပ်ပြီး၊ အမျိုးသားလေးတွေဆို အိုင်အက်စ်တပ်ဖွဲ့ဝင်တွေ အတင်းအကျပ်လုပ်ခိုင်းတာ၊ အမျိုးသမီးတွေဆိုရင်လည်း လိင်ကျွန်တွေအထိလုပ်ခိုင်းပါတယ်။ အဲဒီလိုသူတို့ဟာ ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့သူတွေပဲ ဖြစ်ပါတယ်။



**ဆီးရီးယားနိုင်ငံမြောက်ပိုင်း မန်ဘီမြို့တွင် တာဝန်ထမ်းဆောင်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။**

**ဖြန့်ကြက်ချထား**

၂၀၁၄ ခုနှစ် ဩဂုတ်လမှာ အမေရိကန် စစ်လေယာဉ်တွေက အီရတ်နိုင်ငံမြောက်ပိုင်းမှာရှိတဲ့ အိုင်အက်စ်တွေရဲ့ခြေကုပ်ယူရာနေရာတွေကို တိုက်ခိုက်ခဲ့ကြပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ နိုင်ငံ ၇၀ ကျော်ပါဝင်တဲ့ မဟာမိတ်တပ်ဖွဲ့ကိုဖွဲ့စည်းကာ အီရတ်နဲ့ ဆီးရီးယားမှာရှိတဲ့ အိုင်အက်စ်တွေကို နှိမ်နင်းတိုက်ခိုက်ခဲ့ပါတယ်။ အမေရိကန်ဟာ အိုင်အက်စ်တွေကို နှိမ်နင်းဖို့ တပ်ဖွဲ့ဝင် ၅၀၀၀ လောက်အထိ ဖြန့်ကြက်ချထားတာတွေရှိခဲ့ပါတယ်။

**တိုက်ခိုက်သိမ်းပိုက်**

အမေရိကန်လေကြောင်းထောက်ပံ့မှုတွေနဲ့အတူ ကာ့ဒ်တပ်ဖွဲ့ဟာ ဇန်နဝါရီ ၂၀၁၅ ခုနှစ်မှာ တူရကီနယ်စပ် ကိုဘိန်းမြို့က ဂျီဟတ်တွေကို မောင်းထုတ်နိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဩဂုတ်လမှာ အမေရိကန်ထောက်ခံတဲ့ ကာ့ဒ်-အာရပ်မဟာမိတ်လို့ လူသိများတဲ့ ဆီးရီးယား ဒီမိုကရက်တစ် တပ်ဖွဲ့(အက်စ်ဒီအက်ဖ်) အဖွဲ့ဟာ အလက်ပိုပြည်နယ်ထဲက မန်ဘစ်ချ်ကို ပြန်လည်ရယူနိုင်ခဲ့ပါတယ်။ တူရကီတင့်ကားတွေရဲ့ပစ်ကူမှုနဲ့အတူ လေကြောင်းတိုက်ခိုက်မှုပါ အားဖြည့်ပံ့ပိုးပေးလိုက်တဲ့အချိန်မှာ အက်စ်ဒီအက်ဖ်အဖွဲ့ဟာ ဂျာရာဘူလက်စ်ဒေသကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီမှာတော့ အလက်ပိုပြည်နယ်ထဲက အယ်လ်ဘတ်ဒေသကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပါတယ်။

၂၀၁၇ ခုနှစ် မတ်လမှာလည်း ရုရှားဂျက်လေယာဉ်တွေရဲ့ ပစ်ကူမှုနဲ့အတူ ဆီးရီးယားတပ်ဖွဲ့ဟာ ပါမာရာမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပါတယ်။ အဲဒီမြို့ဟာဆိုရင် ရှေးဟောင်းကန္တာရမြို့တော်တစ်ခုဖြစ်ပါတယ်။ အဲဒီလို ယဉ်ကျေးမှုအမွေအနှစ်တွေထွန်းကားခဲ့ရာ မြို့တော်ဟာ အိုင်အက်စ်တို့ရဲ့ လက်အောက်မှာ အစိတ်စိတ်အမွှာမွှာဖြစ်ခဲ့ပါတယ်။

၂၀၁၇ ခုနှစ် အောက်တိုဘာမှာ အက်စ်ဒီအက်ဖ်တပ်ဖွဲ့ဟာ ရက်ကွာမြို့တော်ကို အပြည့်အဝ ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် မတ်လမှာ အီရတ်ဟာ မြို့တော် ဘဂ္ဂဒက်မြောက်ပိုင်းမှာရှိတဲ့ ဆက်ဒမ်ရဲ့ မွေးရပ်မြေတီကရစ်ကို အိုင်အက်စ်လက်က လွတ်မြောက်ရာမြို့တော်အဖြစ် ကြေညာခဲ့ပါတယ်။ နိုဝင်ဘာလမှာ မဟာမိတ်တပ်တွေဟာ ဆင်ဂျာမြို့ကို ပြန်လည်ရရှိခဲ့ပါတယ်။

**အိုင်အက်စ်စစ်ပွဲအောင်မြင်ပြီ**

၂၀၁၆ ခုနှစ်မှာတော့ အန်ဘာပြည်နယ်မြို့တော် ရာမဒီကို ပြန်လည်သိမ်းပိုက်ခဲ့ပြီး အီရတ်တပ်ဖွဲ့တွေဟာ ဖလူဂျာကို ပြန်လည်ရယူနိုင်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ဇူလိုင်လမှာ အီရတ်ဝန်ကြီးချုပ် အယ်လ်အာဘာဒီက ကိုးလကြာ ထိုးစစ်ဆင်နွှဲပြီးနောက်မှာ မိုဆူးလ်မြို့ကို အောင်မြင်ခဲ့ပြီဟု ကြွေးကြော်ခဲ့ပါတယ်။ ဩဂုတ်လမှာ အိုင်အက်စ်တွေရဲ့နောက်ဆုံး ခြေကုပ်ယူရာ အီရတ်နိုင်ငံမြောက်ပိုင်း ကျေးလက်ဒေသတစ်ခုဖြစ်တဲ့ အာဖာဒေသကို အိုင်အက်စ်လက်က လွတ်မြောက်ခဲ့ပြီဟု ကြေညာခဲ့ပါတယ်။ ဒီဇင်ဘာ ၉ ရက်မှာတော့ အာဘာဒီဟာ သုံးနှစ်ကြာ ဆင်နွှဲခဲ့တဲ့ အိုင်အက်စ်ချေမှုန်းရေးစစ်ပွဲကြီး အောင်မြင်ခဲ့ပြီလို့ ကြေညာလိုက်ပါတော့တယ်။

**အရှေ့တောင်အာရှကို ရောက်လာတာလား**

အခုအခါမှာတော့ အိုင်အက်စ်တွေရဲ့ လွှမ်းမိုးအုပ်ချုပ်မှုဟာ ဆီးရီးယားနဲ့ အီရတ်တို့ကနေ တဖြည်းဖြည်းပျောက်ကွယ်လာခဲ့ပြီး အရှေ့တောင်အာရှကို ကူးလာပြီလားလို့တောင် ယူဆရမလိုပါပဲ။ သီရိလင်္ကာဗုံးပေါက်ကွဲမှုကို အိုင်အက်စ်တွေက သူတို့လုပ်တာပါလို့ ကြေညာခဲ့ပါတယ်။ ဒေသခံအကြမ်းဖက်သမားတွေပဲဖြစ်ဖြစ် အိုင်အက်စ်နဲ့ပူးပေါင်းထားတဲ့ တပ်ဖွဲ့ပဲဖြစ်ဖြစ် လူပေါင်းရာချီသေဆုံးခဲ့ပြီး ဒဏ်ရာအနာတရတွေဖြစ်လာတဲ့အခါ တစ်ကမ္ဘာလုံးက လက်ခံနိုင်မှာ မဟုတ်ပါဘူး။ သူတို့တွေ အမြန်ဆုံးပျောက်ကွယ်စေဖို့ ကမ္ဘာကြီးက ဆန္ဒရှိမှာပါ။ ။

**ကိုးကား - အေအက်ဖ်ပီ**

## နိုင်ငံတကာသတင်းတိုထွာ

### အီစတာပွဲတော် တိုက်ခိုက်မှုအပြီး သီရိလင်္ကာရဲမင်းကြီး ရာထူးမှဆင်းပေးရန် ငြင်းဆန်

**ကိုလံဘို ဧပြီ ၂၉**

သီရိလင်္ကာ၌ အသေခံဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် သမ္မတ မိုင်သီရိပါလာ ဆီရိဆီနာက ဧပြီ ၂၉ ရက်တွင် ရဲမင်းကြီးနေရာ၌ အသစ်ခန့်အပ်မည့်သူအမည်ကို ပြောကြားခဲ့သော်လည်း သီရိလင်္ကာ ရဲမင်းကြီးက ရာထူးမှ ဆင်းပေးရန် ငြင်းဆန်လျက်ရှိကြောင်း သိရသည်။

ရဲမင်းကြီး ပူဂျစ် ဂျာရာဆန်ဒါရာ ရာထူးမှနုတ်ထွက်ပြီဖြစ်သည်ဟု သမ္မတက ပြီးခဲ့သည့်သောကြာနေ့က ပြောကြားခဲ့သော်လည်း ဂျာရာဆန်ဒါရာသည် နုတ်ထွက်စာ ပေးပို့ခြင်းမရှိခဲ့ကြောင်းနှင့် ရဲမင်းကြီးမှာ ယခုအချိန်ထိ ၎င်း၏ အစိုးရရုံး၌ ဆက်ရှိနေသေးကြောင်း အာဏာပိုင်များက ပြောကြားသည်။

ယခုအခါ ရဲမင်းကြီးနေရာတွင် လက်ထောက်စုံစမ်းစစ်ဆေးရေးအကြီးအကဲ ဗိုလ်ချုပ် ချန်ဒနာ ဝီကရမ်မာရသနီက ရဲမင်းကြီးအဖြစ် ဆက်လက်ဆောင်ရွက်နေကြောင်း အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

### အင်ဒိုနီးရှား ရေလွှမ်းမိုးမှု သေဆုံးသူအရေအတွက် ၃၀ နီးပါးရှိလာ

**ဘန်ကူလူ ဧပြီ ၂၉**

အင်ဒိုနီးရှားနိုင်ငံ၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားကာ သေဆုံးသူများရှိခဲ့ရာ ယခုအခါ သေဆုံးသူအရေအတွက်မှာ ၂၉ ဦးရှိလာပြီဖြစ်ကြောင်း အင်ဒိုနီးရှားအာဏာပိုင်များက ဧပြီ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

နိုင်ငံအတွင်း အထူးသဖြင့် မုတ်သုံရာသီဖြစ်သည့် အောက်တိုဘာလနှင့် ဧပြီလတို့တွင် ရေလွှမ်းမိုးမှုနှင့်မြေပြိုမှုများ အဖြစ်များသည်။ စူမားတြားကျွန်းပေါ်၌ ရက်အနည်းငယ်ကြာအောင် မိုးရွာသွန်းခဲ့ပြီးနောက် လက်ရှိအချိန်တွင် ရေလွှမ်းမိုးမှုများအတွင်း သေဆုံးသူအရေအတွက်မှာ ၂၉ ဦးရှိပြီဖြစ်ပြီး ၁၃ ဦးထက်မနည်း ပျောက်ဆုံးနေကြောင်း သဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားသည်။

ရေများနစ်မြုပ်နေသည့် ဘန်ကူလူပြည်နယ်ရှိ ရာနှင့်ချီသော အဆောက်အအုံများမှ လူ ၁၂,၀၀၀ ခန့်ကို ကယ်ဆယ်ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ရသည်။ ရေကြီးမှုကြောင့် အဆောက်အအုံများနှင့် လမ်းတံတားများ ပျက်စီးမှုရှိခဲ့သည်။ တရားမဝင်ကျောက်မီးသွေးတူးဖော်မှုသည်လည်း မြေပြိုမှုဖြစ်စေသည့် အကြောင်းတစ်ခုဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။ ပြီးခဲ့သည့်လက အင်ဒိုနီးရှားနိုင်ငံ ပါပူဝါဒေသ၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လူ ၁၁၂ ဦး သေဆုံးခဲ့ပြီး ၉၀ ကျော် ပျောက်ဆုံးခဲ့သည်။

**အေအက်ဖ်ပီ**

# ဖဒိုမြို့၌ ဗိုလ်ချုပ်အောင်ဆန်းဈေးသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**ကျောက်တံခါး ဧပြီ ၂၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုမြို့၌ ယမန်နေ့က စည်ပင်သာယာရေးအဖွဲ့ပိုင် ဗိုလ်ချုပ်အောင်ဆန်းဈေးဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ဖဒိုမြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးသစ်ကြီးကို တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာ စောညီုဝင်း၊ ကျောက်တံခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦးနှင့် ဈေးတည်ဆောက်ရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗိုလ်ချုပ်အောင်ဆန်းဈေး ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များပက်ဖျန်းပေးခဲ့ကြသည်။

ထို့နောက်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဗိုလ်ချုပ်အောင်ဆန်းဈေး တည်ဆောက်ရေး နာယက ကျောက်တံခါးမြို့ အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးလင်းလင်းကျော်က ဈေးသစ်ကြီးအောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဈေးသစ်ကြီးနှင့်ပတ်သက်သည့်စာရွက်စာတမ်းများကို ဈေးသစ်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးတို့က မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိတို့ထံ လွှဲပြောင်းပေးအပ်ကာ တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးက ဈေးတည်ဆောက်အောင်မြင်ခြင်းအထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဈေးသစ်ကြီးအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါဈေးသစ်ကြီးကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ဦးဆောင်မှုဖြင့် တည်ဆောက်ရေးကော်မတီများ၊ မြို့မိမြို့ဖများ၊ ဈေးသူ ဈေးသားများ စုပေါင်းထည့်ဝင်ငွေကျပ် ၁၃၆၉၁ သိန်းဖြင့် မိုးလှိုင်တိုးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခြင်းဖြစ်ပြီး ဈေးသစ်ကြီးအတွင်း ၁၀ ပေပတ်လည် ဆိုင်ခန်းပေါင်း ၄၀၀ နှင့် ရှစ်ပေပတ်လည် ဆိုင်ခန်းပေါင်း ၁၂၀၊ စားသောက်ဆိုင်ခန်း ၁၆ ခန်း ပါဝင်ပြီး ဈေးအင်္ဂါရပ်နှင့်အညီ ကုန်စိမ်း၊ ကုန်ခြောက်၊ သား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ပန်း၊ စားသောက်ကုန်၊ လူသုံးကုန်၊ အထည်အလိပ်၊ လျှပ်စစ်ပစ္စည်းများနှင့် ဆေးဝါးများ စုံစုံလင်လင်ရောင်းချနိုင်ရေးအတွက် ဈေးရုံကြီးများ၊ ကုန်စိမ်းတန်း၊ သားငါးတန်း၊ ပျံကျတန်း၊ စားသောက်ဆိုင်ခန်းများ ခွဲခြားထားရှိပြီး လျှပ်စစ်မီးစနစ်တကျ သွယ်တန်းထားရှိမှု၊ ရေရရှိရေးဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးနှင့် ညီညွတ်သောမိလ္လာစနစ် ဆောင်ရွက်ထားရှိမှု၊ မီးဘေးလုံခြုံရေးစီမံဆောင်ရွက်ထားမှု၊ ယာဉ်ရပ်နားရန်နေရာများ စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများ ဈေးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**ခင်ကို(ကျောက်တံခါး)**

# တိပိဋကစက္ခုပါလအဖွဲ့၏ မျက်စိစမ်းသပ်ခွဲစိတ်ခြင်းအောင်ပွဲအထိမ်းအမှတ် အခမ်းအနားကျင်းပ

**လှိုင်းဘွဲ့ ဧပြီ ၂၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ထီလုံတိုက်နယ်ဆေးရုံတွင်မျက်စိဝေဒနာရှင်များအား မျက်စိစမ်းသပ်ခွဲစိတ်ကုသခြင်းအောင်ပွဲအထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် တိပိဋကစက္ခုပါလအဖွဲ့ ပဓာန အကျိုးဆောင်တိပိဋကဓရ (ရခိုင်) ဆရာတော်က ဩဝါဒစကားမြွက်ကြားကာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မျက်စိအလင်းအလှူရှင် ကော့မူးခိုကုမ္ပဏီဥက္ကဋ္ဌ ဗိုလ်မှူးကြီး စောဖော့ဒိုးက မျက်စိအလင်းကုသိုလ်ပြုလုပ်ရခြင်းများကို လည်းကောင်း၊ ဘုံကျော်ဆရာတော်က ကျေးရွာပြည်သူများအတွက် မျက်စိအလင်းအလှူအား ဆောင်ရွက်ရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ မျက်စိဆရာဝန်ကြီးပါမောက္ခ ဒေါက်တာ အေးထွန်းက မျက်စိခွဲစိတ်ကုသမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ဦးဆောင်ကျင်းပသော ဆရာတော်များ၊ မျက်စိခွဲစိတ်ဆရာဝန်ကြီးများ၊ အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ပြီး အခမ်းအနားတက်ရောက်လာသည့် မျက်စိခွဲစိတ်ပြီးသည့်လူနာများအား ပြည်နယ်ဝန်ကြီးချုပ်၊ ဦးဆောင်ဆရာတော်များ၊ တာဝန်ရှိသူများက မျက်မှန်များတပ်ဆင်ပေးခြင်းနှင့် ဆေးဝါးများကို ပေးအပ်ခဲ့သည်။

ထီလုံတိုက်နယ်ဆေးရုံတွင် ဧပြီ ၂၆ ရက်မှ ၂၈ ရက်အထိ မျက်စိစမ်းသပ်စစ်ဆေးသူ ၁၄၄၁ ဦး၊ မျက်စိခွဲစိတ်သူ ၁၅၇ ဦး၊ မျက်မှန်တပ်ဆင်သူ ၁၀၅၂ ဦးတို့ကို အခမဲ့ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မျက်စိခွဲစိတ်ကုသခံရသူတစ်ဦးက "ကျွန်တော်မျက်စိမမြင်တာ လေးနှစ်ကျော်ကြာခဲ့ပြီ။ အခုမျက်စိ အလင်းပြန်လည်ရရှိတော့မှာဖြစ်တဲ့အတွက် ဝမ်းသာပါတယ်"ဟု ပြောသည်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် မျက်စိခွဲစိတ်ပြီးသည့် လူနာတစ်ဦးအား မျက်မှန်တပ်ဆင်ပေးနေစဉ်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



ဘုန်းတော်ကြီးသင် အခမဲ့ ပညာရေးကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပစဉ်။

# ဘုန်းတော်ကြီးသင် အခမဲ့ပညာရေး ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**စစ်ကိုင်း ဧပြီ ၂၉**

စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက် ရွှေသမားကျောင်း အမှတ်(၁)အခမဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နှစ်ထပ်ကျောင်းဆောင် လွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် တူရကီသံအမတ်ကြီး Mr. Kerem Divanlioglu၊ တူရကီနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးအေဂျင်စီ (တီကာ)မှ Country Director Ms. Nilufer Barca၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်း၊ တိုင်းဒေသကြီးစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်လှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးက ရွှေသမားကျောင်း အမှတ်(၁) အခမဲ့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် သင်ကြားနေသည့် ကျောင်းသားကျောင်းသူ ၆၄၈ ဦးရှိသည့်အနက် မိဘမဲ့ကလေး ၄၀၀ ကျော်ရှိသဖြင့် ပညာသင်ကြားရာတွင် စာသင်ဆောင်လုံလောက်မှုမရှိသဖြင့် ယခုလိုဆောက်လုပ် လှူဒါန်းပေးသည့်အတွက် စာသင်ကြားမှုများတွင် ကျယ်ကျယ်ပြန့်ပြန့် သင်ကြားနိုင်ကာ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ရန်ကုန်မြို့တူရကီသံအမတ်ကြီးက ကျောင်းဆောင်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထားကာ ရွှေသမားကျောင်း အဓိပတိဆရာတော်က ကျေးဇူးတင်စကား ပြန်လည်မြွက်ကြားခဲ့ကြောင်း တိုင်းဒေသကြီး အတွင်းရေးမှူး ဦးတင်မောင်ဆွေက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် အလှူရှင်များက အလျား ၁၃၂ ပေ၊ အနံ ပေ ၃၀၊ အမြင့် ၂၈ ပေ သံကူကွန်ကရစ် နှစ်ထပ်ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့်စာရွက်စာတမ်းများကို ရွှေသမားကျောင်း အဓိပတိ ဆရာတော်ထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး တာဝန်ရှိသူများက ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဟင်္သာတမြို့နယ် ပဆင- တာဂွ-ဘုရားကုန်း-ဓမ္မိ ကတ္တရာခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ဟင်္သာတ ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဋ္ဌေးဝင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ တိုင်းဒေသကြီး အတွင်းရေးမှူး ဦးသန်းဆွေဝင်းတို့သည် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများဦးဆောင်ကာ ဟင်္သာတမြို့နယ် ဓမ္မိကျေးရွာအနီး၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၁၀၀၀ ဒသမ ၇၅ သန်းဖြင့် ပဆင- တာဂွ-ဘုရားကုန်း-ဓမ္မိ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယမန်နေ့က လှည့်လည်ကြည့်ရှုပြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ယာယီရှင်းလင်းဆောင်၌ ဟင်္သာတခရိုင် ကျေးလက်လမ်း ဦးစီးဌာနမှ တာဝန်ခံ ဦးဗိုလ်ဗိုလ်မြင့်က လမ်းပိုင်းဆောင်ရွက်ထားရှိမှုနှင့် ခေတ်မီစက်များဖြင့် အဆင့်မြှင့်ကတ္တရာခင်းခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ပြီး တာဝန်ရှိသူများက လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့မှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ပေးသည်။

**ခရိုင်(ပြန်/ဆက်)**




ကျေးလက်ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်အား ရှင်းပြနေစဉ်။

# ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေးပေး

**ခန္တီး ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့က ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်က ဆောင်ရွက်ခဲ့ရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ဆရာမများက သိသင့်သိထိုက်သည့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဟောပြောဆွေးနွေးခြင်းနှင့် ဆေးစစ်ခြင်းများ ဆောင်ရွက်ပေးပြီး ကိုယ်ဝန်ဆောင်မိခင် ၁၆ ဦးကို ဆေးဝါးများနှင့် အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စနေမောင်**

# ပူတာအိုဌ် ရဝမ်တိုင်းရင်းသားစာပေသင်တန်းဆင်းပွဲ ကျင်းပ

**ပူတာအို မေ ၂၉**

မြန်မာနိုင်ငံအေဂျီ (ဇဝံဂေလိ)အသင်းတော်များ၊ အမှတ်(၂) သာသနာခရိုင် ကောင်မောနွေလအေဂျီအသင်းတော်က ကြီးမှူး၍ဖွင့်လှစ်ခဲ့သော ရဝမ်တိုင်းရင်းသားစာပေသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်က ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက်(၃) ကောင်မောနွေလအေဂျီအသင်းတော်ဘုရားကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရဝမ်တိုင်းရင်းသားစာပေ Grade-1,Grade-2,Grade-3 သင်တန်းသား သင်တန်းသူများက သင်တန်းတွင် သင်ကြားခဲ့သော အဆိုအကများဖြင့် ဖျော်ဖြေခြင်း၊ ရဝမ် တိုင်းရင်းသားပုံပြင်နှင့် ဗျည်းကဗျာများကို ရဝမ်ဘာသာဖြင့် ပြောကြားခဲ့ကြပြီး သင်တန်းသား သင်တန်းသူများက သင်တန်းတွင် သင်ကြားခဲ့သော တယောဖြင့်တီးမှုတ် ဖျော်ဖြေခဲ့ကြသည်။

ဆက်လက်၍ သင်းအုပ်ဆရာကြီး သိက္ခာတော်ရ ဖလားဒီးရမ်နှင့် သင်းထောက် ဦးအကူးဖုန်ဆားရ်တို့က သင်တန်းဆင်း အမှာစကားနှင့် ကျေးဇူးတင်စကားပြောကြားကြပြီး သင်းအုပ်ဆရာကြီးက သင်တန်း ဆရာ ဆရာမများနှင့် ရဝမ်တိုင်းရင်းသားစာပေသင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရ သင်တန်းသား သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။


အဆိုပါသင်တန်းတွင် ရဝမ်တိုင်းရင်းသားစာပေသင်တန်းအပြင် တယောထိုးသင်တန်း၊ ယဉ်ကျေး လိမ္မာသင်တန်း၊ အဆို အကသင်တန်း၊ တေးဂီတသင်တန်း၊ English Grammar သင်တန်းတို့ကို သင်တန်းသား သင်တန်းသူ ၄၀ တို့အား တစ်လကြာ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**




ရဝမ်တိုင်းရင်းသားစာပေသင်တန်းဆင်းပွဲ ကျင်းပစဉ်။

# ၁၂ လရာသီပွဲတော်နှင့် ပန်းများအထိမ်းအမှတ် ညောင်ရေသွန်းပွဲနှင့် စကားဝါပန်း ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်




**နေပြည်တော် မေ ၂၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ၁၂ လ ရာသီပွဲတော်များနှင့် ပန်းများအထိမ်းအမှတ် ကဆုန်လအတွက် ညောင်ရေသွန်းပွဲနှင့် စကားဝါပန်း ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို မေ ၄ ရက် မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက် စနေနေ့ နံနက် ၉ နာရီခွဲမှ စတင်၍ တိုင်းဒေသကြီး/ပြည်နယ်များရှိ လုပ်ငန်းပြည့်စာတိုက်အသီးသီးတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ မေ ၄ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၉) ထုတ်ဝေဖြန့်ချိ

**နေပြည်တော် မေ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၉) ကို ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

**တန်ဖိုးမြင့်ငါးသလောက် ပြည်ပပို့ကုန်အဖြစ် ရောင်းချနေရ**

၁-၅-၂၀၁၉ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၉)တွင် "ကျရိပ်မြင်နေတဲ့ နွေစပါးဆန်ဈေးကွက်၊ ရာသီဥတုပြောင်းလဲမှုကို အန်တု၍ သီးနှံစိုက်ပျိုးရန် ကြိုတင်စီမံခြင်း၊ နဂါးမောက်သီး အရောင်းအဝယ်သွက် ခြံသမားများတွက်ခြေကိုက်၊ မိသားစုတစ်ပိုင်တစ်နိုင်ဖြင့် ဝင်ငွေရရှိစေသော ကောက်ရိုးမှို စိုက်ပျိုးထုတ်လုပ်ခြင်း၊ သရက်ပင်စိုက်ပျိုးမည်ဆိုပါလျှင်၊ အာလူးလောင်မည်းရောဂါအကြောင်း သိကောင်းစရာ၊ ဆီဆိုင်မြို့နယ်၌ သပြေငုတ်ဝယ်လိုအားကောင်းနေ၍ သပြေပင်စိုက်တောင်သူများ အဆင်ပြေ" စသည့် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများနှင့် သတင်းများ၊ "ဘက်ထရီရှော့တိုက်ငါးဖမ်းမှုများကြောင့် ရေသယံဇာတများ မထိခိုက်စေချင်၊ ငါးများနှင့် အခြားတိရစ္ဆာန်များကို တွဲဖက်မွေးမြူသည့်စနစ်အား စိစစ်ဆောင်ရွက်ရန်လိုအပ်၊ မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်၊ တန်ဖိုးမြင့်ငါးသလောက်ကို ပြည်ပပို့ကုန်အဖြစ် ရောင်းချနေရသည့်အတွက် နှစ်စဉ်နိုင်ငံခြားဝင်ငွေရရှိ၊ ဂျပန်အမဲသား တရုတ်သို့ ပြန်လည်တင်သွင်းခွင့်ရရှိ" စသည့် မွေးမြူရေးဆိုင်ရာဆောင်းပါးများနှင့် သတင်းများ ဖော်ပြပါရှိကြောင်း သိရသည်။

**ကျန်းမာရေးဆိုင်ရာဆောင်းပါးများပါရှိ**

ထို့အတူ ဆရာကြီးလယ်တွင်းသားစောချစ်၏ "ဒုတိယအရွယ်" အခန်းဆက်ဝတ္ထုရှည်၊ "အဝေးပြေးလမ်းဘေးမှ ဈေးဆိုင်ကလေး" ပုံပြင်၊ "လုံခြုံစိတ်ချရသော ရွှေ့ပြောင်းလုပ်ငန်းခွင်သို့...၊ ကျေးဇူးတင်တတ်တဲ့ အလေ့အကျင့်၊ ပွင့်ဖြူမြို့နယ် ကျွဲတံခါးကျေးရွာတွင် ဝါးလက်မှုပညာဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိ၊ ကမ္ဘောဒီးယား ငှက်ပျောသီးများ တရုတ်သို့ တင်ပို့ခွင့်ရရှိ" စသည့် သုတရသဆောင်းပါးများ၊ "စက္ကူအာရုံ ကောင်းစေချင်၊ အယ်လ်နီညိုရဲ့ကျန်းမာရေးအပေါ် သက်ရောက်မှုများ၊ ကူးစက်မြန် ရေကျောက်ရောဂါ" စသည့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများလည်း ဖော်ပြပါရှိကြောင်း သိရသည်။




**ဗဟုသုတရရှိစေမည့် သုတရသစုံလင်**

ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သတင်းနှင့် ဆောင်းပါးများ၊ ဒို့ကျေးရွာ ပေးစာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်း မျက်မှောက်ရေးရာ သတင်းများ၊ အင်တာဗျူး၊ ကျေးလက် ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၉-၄-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၇၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၇၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၇၅/၁၀၁၀ ကျပ် | ၁၀၃၀/၁၀၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၈၅/၁၀၂၀ ကျပ် | ၁၀၄၅/၁၀၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀/၉၁၀ ကျပ် | ၉၂၅/၁၀၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀/၉၆၅ ကျပ် | ၉၄၀/၁၀၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၃ · ၄ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၀ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၉ · ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၁ · ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၃ · ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၇၄ · ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ · ၃၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၈၂၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၁ · ၃၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၈ · ၅၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၇၅၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


**မြန်မာ့အလင်း**

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **စာတည်းမှူး** | - စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - မြင့်ဆွေ |
| **စာတည်းများ** | - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# စားသုံးသူများနစ်နာပါက တိုင်ကြားပါ မိုဘိုင်းအက်ပလီကေးရှင်းမှာ

နိုင်ဦး(DOCA)

**ယနေ့ မြန်မာနိုင်ငံတွင် ကိုရီးယားလှိုင်းနှုန်းအရှိန်သည် ပြင်းထန်စွာရိုက်ခတ်နေသည်။ ကျွန်တော်သည်လည်း ကိုရီးယားဇာတ်ကားများကို ကြိုက်နှစ်သက်ခဲ့ဖူးသည်။ နန်းတွင်းရတနာဇာတ်ကားမှ ဇာတ်ကောင်မင်းသမီးအမည် ချန်ဂင်ကို အမှတ်တရဖြစ်မိသည်။**

**စေတနာသည် အောင်မြင်မှု၏သော့ချက်**

အဆိုပါဇာတ်ကားလေးထဲမှ စားဖိုမှူးတာဝန်ထမ်းဆောင်စဉ် လာရောက်သော ပြည်မကြီးမှ အထူးဧည့်သည်အား သစ်မြစ်၊ သစ်ဖုများဖြင့် ဧည့်ခံကျွေးမွေး၍ နိုင်ငံ့သိက္ခာကျအောင်လုပ်သည်ဟု စွပ်စွဲကာ ဓားမိုးထားစဉ် သူပြောခဲ့သော စကားလေးကို အထူးကြိုက်နှစ်သက်ခဲ့သည်။ သူပြောခဲ့တာက "ရပ်ဝေးဧည့်သည်တော်ကြီး ခရီးပန်းလာ၍ ကျန်းမာရေး ကောင်းအောင် စေတနာနဲ့ ချက်ပြုတ်ပေးခဲ့သောဟင်းဖြစ်ပါသတဲ့။" သမားတော်တာဝန် ထမ်းစဉ်ကလည်း "ရောဂါပျောက်အောင် စေတနာစွက်၍ ခွဲစိတ်မှုကို ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပါသတဲ့။" ထိုစေတနာများကြောင့်ပင် ချန်ဂင်သည် အသက်ဘေးမှ အကြိမ်ကြိမ်လွတ်ခဲ့သည်။ စေတနာ၏တန်ဖိုးကို အသက်ဘေးကြုံသည်အထိ မစွန့်လွှတ်ခြင်းသည် အောင်မြင်ခြင်း၏ အရေးကြီးသော အချက်ဖြစ်ကြောင်း မီးမောင်းထိုးပြ ထားသော ဇာတ်ကားလေးဖြစ်ခြင်းကြောင့် ယနေ့အထိ ကျွန်တော့်ရင်ထဲတွင် မမေ့ခြင်းဖြစ်သည်။

ကျွန်တော်မန္တလေးသို့ အလုပ်ကိစ္စတစ်ခုဖြင့် ခရီးသွားရောက်ရင်းအချိန်ရသဖြင့် နံနက်ပိုင်းတွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ဝင်ပြီး လက်ဖက်ရည်နှင့် ဆီထမင်းမှာ၍ စားသောက်ဖြစ်သည်။ အမှတ်တမဲ့ ဆိုင်၏ကောင်တာပေါ်မှ စာကြောင်းလေးတစ်ကြောင်းကို ဖတ်ရှုမိသည်။ "ကျွန်တော့်ဆိုင်က အစားအသောက်မကောင်းပါက ကျွန်တော့်ကို ပြောပါ။ ကောင်းတယ်ဆိုရင်တော့ သင့်မိတ်ဆွေတွေကို ပြောပြပေးပါ"တဲ့၊ မှန်ပေမည်။ သူ၏ဆိုင်သည် လူစည်ကားသော နေရာ၌မရှိ၊ အချက်အချာကျသော ဈေးနီး၊ ကားဂိတ်လည်း မဟုတ်၊ သို့သော် ခုံပြည့်နီးပါးအားရပါးရ လာရောက်စားသောက်နေကြသည်ကို တွေ့ရှိရသည်။ မိန်းကလေးငယ် စားပွဲထိုးများလည်းမရှိ။ ဆိုင်ရှင်ဖြစ်ဟန်တူသည့် သူက စားပွဲသုတ်တန်သုတ်၊ စားသောက်သူအလိုကျ မှာကြားနေသံကိုလည်း ကြားရသည်။ စားသုံးသူများသည်လည်း ပေးရသောငွေနှင့် ထိုက်တန်သော ဝန်ဆောင်မှုကိုရသည်။ ပြီးတော့ သင်ပုန်းလေးတစ်ခုပေါ်တွင် ကားသော့တစ်ချောင်း နှင့် ဆိုင်ကယ်သော့တစ်ချောင်းသိမ်းထားပါသည်။ ပိုင်ရှင်များ လာရောက်ယူပါဆိုသည့် စာသားလေးကိုလည်း ရေးထားတာ တွေ့ရပါသည်။ ဒီဆိုင်တိုးတက်ခြင်းသည် စားသုံးသူများကို စေတနာထားမှုကြောင့် ဖြစ်ကြောင်း ခန့်မှန်းမိသည်။

**လူ့သက်တမ်းစေ့ အနာရောဂါကင်းစွာ နေထိုင်ရေး**

ဆရာသမားတစ်ယောက်ကိုလည်း တွေ့ဖူးသည်။ ဝတ်စားဆင်ယင်မှု စမတ်ကျ၍ စေတနာရှေ့ထားကာ သွန်သင်ပြောဆို ဆုံးမသည်။ တာဝန်ကျေပွန်မှုကိုလိုက်၍ ဝန်ထမ်းများကို ချီးမြှင့်မြှောက်စားသည်။ အစိမ်းအကျက်မရွေး လက်ရင်း လက်ဖျားမထား၊ ဝန်ထမ်းများကို ဒါဘာကဲ့သို့သော တွေ့ဆုံပွဲများတွင် ချပြ၍ပြတ်ပြတ်သားသား ပြောတတ်သည်။ ဝန်ထမ်းများ၏ ကိုယ်စီအခက်အခဲများကို မိမိအခက်အခဲများဟု သဘောထားကာ ကူညီစောင့်ရှောက်ဖေးမပေးသည်။ မျှတစွာ စီမံအုပ်ချုပ်ကွပ်ကဲခဲ့သည်။ ထို့ကြောင့်ပင် လက်ရှိတာဝန်ထမ်းဆောင်ဆဲ၊ ပင်စင်ခံစားသွားသော ဝန်ထမ်းများက မမျှော်လင့်သော ချီးမြှင့်မြှောက်စားမှုကို ခံရ၍ မျက်ရည်ကျမတတ် ဝမ်းသာကျေနပ်ရကြောင်း တဖွဖွပြောကြသည်။ စေတနာကအကျိုးပေးသည်ထင်၊ ဆရာသမားဖြစ်သူသည်လည်း အသက် ၆၀ ကျော်မှ နိုင်ငံတော်က ချီးမြှင့်မှုကို ခံစားခဲ့ရပေသည်။ စေတနာသည် အလျားအနံ မရှိသော်လည်း အသွားအပြန် ရှိသည်ဟူသော ပြယုဂ်ပင်ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် အရှိန်ယူနေသည်။ ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဟန်ချက်ညီစွာဆောင်ရွက်ရန် ကြိုးစားနေသည်။ နိုင်ငံတော်ကလည်း အားပေးမြှင့်တင်ပေးလျက်ရှိသည်။ စေတနာအရင်းခံဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်မကျန် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရန် မနားမနေ ကြိုးစားနေသည်။ မကြာမီဖွံ့ဖြိုးတိုးတက်သော နိုင်ငံများနည်းတူဖြစ်လာမည်ဟု ယုံကြည်မိသည်။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေးစသည့်ကဏ္ဍများ ဟန်ချက်ညီစွာဖွံ့ဖြိုးတိုးတက်ရန်မှာ အစိုးရကကောင်းမွန်သော မူဝါဒများ ချမှတ်ပေးရမည်။ ဌာနဆိုင်ရာများက အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်။ ပြည်သူများကလည်း လိုက်နာဆောင်ရွက်မှသာ ဖြစ်နိုင်ပေမည်။

> **"မိုဘိုင်းအက်ပလီကေးရှင်းကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် အသုံးပြုနိုင်ပါသည်။ စားသုံးသူများအနေဖြင့် တိုင်ကြားလိုသည့် ကိစ္စများကို အက်ပလီကေးရှင်းတွင် ပါဝင်သည့်ပုံးတွဲပါပုံစံတွင် စားသုံးသူများမှ တိုင်ကြားရန်လုပ်ဆောင်ချက်မှတစ်ဆင့် စားသုံးသူရေးရာဦးစီးဌာနသို့ အချိန်တိုအတွင်း တိုက်ရိုက်တိုင်ကြားနိုင်သည့်အပြင် အက်ပလီကေးရှင်းထဲတွင် ပါဝင်သော စားသုံးသူရေးရာဦးစီးဌာနအကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီ၊ စားသုံးသူများ၊ လုပ်ငန်းရှင်များ၊ ကုန်ပစ္စည်းဆိုင်ရာသတိပေးချက်များ၊ စားသုံးသူ၊ လုပ်ငန်းရှင်၊ ဌာနများ၏ အမေးအဖြေကဏ္ဍ၊ စားသုံးသူအကာအကွယ်ပေးရေး သတင်းများနှင့် လှုပ်ရှားမှုများ၊ စားသုံးသူ သတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး စင်တာ (CICC) လိပ်စာများ၊ စားသုံးသူကာကွယ်ရေးဥပဒေ စသည့်ကဏ္ဍများကိုလည်း မြန်မာဘာသာဖြင့် ဖတ်ရှုနိုင်မည်ဖြစ်"**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနသည် ပြည်သူများ၏ အခြေခံလိုအပ်ချက်များဖြစ်သည့် စားရေး၊ ဝတ်ရေး၊ နေရေးဟူသည့် အရေးသုံးပါးနှင့် ပတ်သက်၍ စားသုံးသူများ၏ အခွင့်အရေးများ အပြည့်အဝရရှိရေး၊ စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများကို ကုစားဖြေရှင်းပေးနိုင်ရေး၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော လူသုံး၊ အိမ်သုံးပစ္စည်းများနှင့် ဝန်ဆောင်မှုများကို စားသုံးသူများရယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသော သတ်မှတ်ချက်များနှင့်အညီ စေတနာထားဆောင်ရွက်ပေးလျက်ရှိပါသည်။ လိုအပ်သော ဥပဒေများပြဋ္ဌာန်းခြင်း၊ ခေတ်စနစ်နှင့်လိုက်လျောညီထွေမှုရှိသော အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းကို ဆောင်ရွက်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာအရင်းခံဖြင့် အခန်းကဏ္ဍတစ်နေရာမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့မှသာ သန်း ၅၀ ကျော်သော ပြည်သူများ သက်ရှည်ကျန်းမာစွာဖြင့် လူ့သက်တမ်းစေ့ အနာရောဂါကင်းရှင်းစွာ နေထိုင်သွားနိုင်မည်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရယူအသုံးပြုနိုင်မည်ဖြစ်ပေသည်။

စားသုံးသူရေးရာဦးစီးဌာနသည် တစ်ဖက်မှ စားသုံးသူများအား အပြည့်အဝကာကွယ်ပေးရမည်ဖြစ်သလို တခြားတစ်ဖက်မှလည်း လုပ်ငန်းရှင်များအား နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ လူသုံး၊ အိမ်သုံး၊ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်၍ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိပါ ထိုးဖောက်နိုင်ရေး တွန်းအားပေး ဆောင်ရွက်ပေးရမည်ဖြစ်သည်။ သို့မှသာ စားသုံးသူပြည်သူများ သက်ရှည်ကျန်းမာစွာဖြင့် လူ့သက်တမ်းစေ့နေထိုင်နိုင်မည်ဖြစ်သလို လုပ်ငန်းရှင်များ၏လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီး၊ ခရိုင်အသီးသီးရှိ ဝန်ထမ်းများသည် အဆင်းရဲ၊ အပင်ပန်းခံကာ နယ်စွန်၊ နယ်ဖျားမကျန်သွားရောက်ကာ တာဝန်ထမ်းဆောင်လျက်ရှိသည်။ စေတနာထား ဆောင်ရွက်ခဲ့ကြသည်။ စားသုံးသူကာကွယ်ပေးရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သဘောထားကာဆောင်ရွက်ခဲ့ကြသည်။ တချို့သော မသိနားမလည်သော သူများ၏ ဝေဖန်မှု၊ သရော်မှု၊ ရှုတ်ချမှုများကို ခံရသော်လည်း ရှေ့သို့သာ တိုးထွက်၍ စေတနာထားဆောင်ရွက်လျက်ရှိသည်။ တာဝန်အပေါ် စေတနာလေးစွက်ကာ ဆောင်ရွက်နေမြဲဖြစ်သည်။

**ပြည်သူတစ်ဦးချင်း၏ ကိုယ်စီအသိစိတ်နှင့်ပူးပေါင်းမှု**

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းသည် ပြည်သူကိုအခြေခံသောလုပ်ငန်းဖြစ်၍ စားသုံးသူပြည်သူတစ်ဦးချင်းမှ ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည့်လုပ်ငန်းဖြစ်သည်။ ပြည်တွင်းရှိ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များ၊ NGOs များပူးပေါင်းမှသာ အရှိန်မြှင့်တင်နိုင်မည်။ ဆက်စပ်ဌာနများပူးပေါင်းပါဝင်မှသာ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ စားသုံးသူ လုပ်ငန်းရှင်များသည် မိမိနိုင်ငံသားများဖြစ်ကြသည်။ တစ်ဦးနှင့်တစ်ဦးအမှီသဟဲပြု နေထိုင်ကြရသည်။ တစ်ဦးတစ်ယောက် အခက်အခဲဖြစ်ပါက တိုင်းပြည်၏ အကျိုးစီးပွားကို ထိခိုက်နိုင်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေနိုင်သည်ကို သတိပြုသင့်ပါသည်။

မည်သည့်လုပ်ငန်းရှင်၊ လူပုဂ္ဂိုလ်မဆို စေတနာထား ဆောင်ရွက်ပေးခြင်းဖြင့်ကောင်းသော အကျိုးကျေးဇူးများကို ရရှိနိုင်ပေသည်။ အထူးသဖြင့် လူသုံး၊ အိမ်သုံးပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်သူများသည်လည်း ရောင်းဝယ်မှုအဆင့်တိုင်းတွင် စိတ်ရင်းဖြင့် စားသုံးသူများအား စေတနာအပြည့်ထားကာ ပေးအပ်ထားသော အခကြေးငွေနှင့်အညီ ပြည့်ဝသော ကုန်စည်နှင့် ဝန်ဆောင်မှုများ ပေးအပ်ရန်လိုအပ်သည်။ စားသုံးသူများ စိတ်ကျေနပ်မှု၊ စိတ်ချမ်းသာမှု အပြည့်အဝရရှိရေး လုပ်ဆောင်ပေးသင့်သည်။ သို့မှသာ စေတနာ့အကျိုးကို ခံစားရပေမည်။ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးအတွက် အသေးအဖွဲ့လေးများမှအစ ဂရုစိုက်ရမည်။ ထုတ်ပြန်ထားသော စားသုံးသူကာကွယ်ရေး ဥပဒေပါပြဋ္ဌာန်းချက်များ၊ ထုတ်ပြန်ထားသောအမိန့်၊ ညွှန်ကြားချက်များပါအတိုင်း လိုက်နာဆောင်ရွက်ရပေမည်။

မြန်မာနိုင်ငံအတွင်းရှိ သန်း ၅၀ ကျော် စားသုံးသူပြည်သူများ စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းရှင်များထုတ်လုပ်သော လူသုံး၊ အိမ်သုံးပစ္စည်းများလုံခြုံစိတ်ချရမှုရှိစေရေး၊ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနက အသေးအဖွဲလေးများပါမချန် စားသုံးသူပြည်သူများ အကျိုးစီးပွားအတွက် ပညာပေးဟောပြောခြင်း၊ စစ်ဆေးပညာပေးခြင်း၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ အရေးယူဆောင်ရွက်ခြင်း၊ စားသုံးသူပြည်သူများ၏ နစ်နာမှုများနှင့်ပတ်သက်၍ ကုစားဖြေရှင်းပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း ဆောင်ရွက်ပေးခဲ့သဖြင့် ထိုက်သင့်သောအောင်မြင်မှုများ ရရှိခဲ့သည်။ စားသုံးသူပြည်သူများရရှိမည့် စားသုံးသူ အခွင့်အရေးများကို ပြည်သူများသိရှိလာကြသည်။ နစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ ကုစားဖြေရှင်းပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများကို တောင်းဆိုတတ်လာသည်။ လုပ်ငန်းရှင်များကလည်း ယခင်ကဲ့သို့ ပြီးစလွယ်မလုပ်ကြတော့ဘဲ တာဝန်ယူမှု၊ တာဝန်ခံမှုစိတ်ဓာတ်များ ဖြစ်ပေါ်လာသည်။ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော ထုတ်ကုန်များလုံခြုံစိတ်ချမှုရှိသော လူသုံး၊ အိမ်သုံးပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်လာကြသည်။ ဆောင်ရွက်လာကြသည်။ စားသုံးသူရေးရာဦးစီးဌာနက ဆောင်ရွက်ခဲ့၍ ရရှိခဲ့သောအောင်မြင်မှုများပင်ဖြစ်သည်။

**ဥပဒေအသစ် ပြင်ဆင်ရေးဆွဲနေ**

ထိုသို့စေတနာထားဆောင်ရွက်ခဲ့သဖြင့် ရရှိသောအောင်မြင်မှုများကို အခြေခံ၍ ပိုမိုတိုးတက်သော အောင်မြင်မှုများကို ရရှိနိုင်ရန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိ ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသော စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ၂၀၁၄ ထက် ပိုမိုအားကောင်းပြည့်စုံပြီး စားသုံးသူများကို အပြည့်အဝကာကွယ်ပေးနိုင်ရေးအတွက် စားသုံးသူကာကွယ်ရေး ဥပဒေအသစ်ကို ပြင်ဆင်ရေးဆွဲလျက်ရှိသည်။ မကြာမီပြဋ္ဌာန်းနိုင်တော့မည်ဖြစ်သည်။ စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများကို အလွယ်တကူတိုင်ကြားနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များတွင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ(CICC) ရုံးများ ဖွင့်လှစ်ပေး၍ တိုင်ကြားမှုများကို ကုစားဖြေရှင်းပေးလျက်ရှိသည်။ နိုင်ငံတကာစားသုံးသူ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းကာ စားသုံးသူကာကွယ်ရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

ယခုလည်းစားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူများကို ပိုမိုအကာအကွယ်ပေးနိုင်ရေးအတွက် အရှိန်မြှင့်တင်သည့်အနေဖြင့် နိုင်ငံ၏တိုးတက်ခေတ်မီမှု၏ ပြယုဂ်ဖြစ်သည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် လူသုံး၊ အိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ နစ်နာမှုများ၊ ဆုံးရှုံးမှုများ၊ ကျေနပ်မှုမရရှိခြင်းတို့အတွက် လွယ်ကူလျင်မြန်စွာ၊ လုံခြုံစိတ်ချစွာဖြင့် တိုင်ကြားနိုင်ရန် ၂၀၁၉ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် မိုဘိုင်းအက်ပလီကေးရှင်းအသစ်တစ်ခုကို စတင်ထုတ်ဝေလိုက်ပြီဖြစ်သည်။

အဆိုပါ မိုဘိုင်းအက်ပလီကေးရှင်းကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် အသုံးပြုနိုင်ပါသည်။ စားသုံးသူများအနေဖြင့် တိုင်ကြားလိုသည့် ကိစ္စများကို အက်ပလီကေးရှင်းတွင် ပါဝင်သည့်ပုံးတွဲပါပုံစံတွင် စားသုံးသူများမှ တိုင်ကြားရန်လုပ်ဆောင်ချက်မှတစ်ဆင့် စားသုံးသူရေးရာဦးစီးဌာနသို့ အချိန်တိုအတွင်း တိုက်ရိုက်တိုင်ကြားနိုင်သည့်အပြင် အက်ပလီကေးရှင်းထဲတွင် ပါဝင်သော စားသုံးသူရေးရာဦးစီးဌာနအကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၊ စားသုံးသူများ၊ လုပ်ငန်းရှင်များ၊ ကုန်ပစ္စည်းဆိုင်ရာသတိပေးချက်များ၊ စားသုံးသူ၊ လုပ်ငန်းရှင်၊ ဌာနများ၏အမေးအဖြေကဏ္ဍ၊ စားသုံးသူအကာအကွယ်ပေးရေး သတင်းများနှင့်လှုပ်ရှားမှုများ၊ စားသုံးသူသတင်း ပြန်ကြားရေးနှင့်တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) လိပ်စာများ၊ စားသုံးသူကာကွယ်ရေးဥပဒေ စသည့် ကဏ္ဍများကိုလည်း မြန်မာဘာသာဖြင့် ဖတ်ရှုနိုင်မည်ဖြစ်ပါသည်။

**အချိန်တိုအတွင်း ရလာနိုင်သော ကုစားဖြေရှင်းမှု**

ထို့အပြင်တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ရုံးများမှလည်းကောင်း၊ တယ်လီဖုန်းများဖြင့်လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၏ ဝက်ဘ်ဆိုက် www.doca.gov.mm/ complaunt / မှလည်းကောင်း စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများ၊ ကျေနပ်မှုမရှိသော အကြောင်းအရာများကို တိုင်ကြားနိုင်ရန် ဆောင်ရွက်ထားသည့်အပြင် ယခုအက်ပလီကေးရှင်းကိုပါ ထပ်မံထုတ်ဝေလိုက်ခြင်းကြောင့် စားသုံးသူများအနေဖြင့် မိမိတို့၏နစ်နာဆုံးရှုံးမှုများ၊ ကျေနပ်မှုမရှိသော ကိစ္စရပ်များကို အချိန်တိုအတွင်း ပိုမိုကျယ်ပြန့်လွယ်ကူစွာ တိုင်ကြားလာနိုင်တော့မည်ဖြစ်ပါသည်။ သို့သော် အဆိုပါအက်ပလီကေးရှင်းကို လက်ရှိအချိန်တွင် အန်းဒရွိုက်ဖုန်းများအတွက်သာ ထုတ်ဝေထားကာ Google Play Store တွင် DOCA Myanmar ဟု ရိုက်၍ ရှာဖွေပြီးရယူနိုင်သလို စားသုံးသူရေးရာဦးစီးဌာန၏ ဖေ့စ်ဘုတ်စာမျက်နှာ Facebook.com/ DOCA.NPT တွင် ဖော်ပြထားသည့် Link မှတစ်ဆင့်လည်း ဒေါင်းလုပ်ရယူနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များသည် စီးပွားရေးကျင့်ဝတ်နှင့်အညီ ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိပါ ထိုးဖောက်နိုင်ရေး ကြိုးစားဆောင်ရွက်ခြင်းဖြင့် ကူညီပေးပါရန် သက်ဆိုင်ရာဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များမှလည်း ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော ဘေးဥပဒ်အန္တရာယ်ရှိသော ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းများ ရယူသုံးစွဲ၍ ဆုံးရှုံးနစ်နာမှုများရှိပါက အချိန်တိုအတွင်း တိုင်ကြားကြပါရန်နှင့် ကုစားဖြေရှင်းပေးမှုများကို ရယူကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

# သရက်မြို့နယ် ဂုမ္ဘဏီကျေးရွာ၌ ရေကန်များခန်းခြောက်၍ သောက်သုံးရေအခက်ကြုံနေ

**သရက် ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ဂုမ္ဘဏီကျေးရွာတွင် နွေရာသီပူပြင်းခြောက်သွေ့မှုဒဏ်ကြောင့် ရေကန်များ ခန်းခြောက်ပြီး သောက်သုံးရေရှားပါးခက်ခဲနေသည်။

ဂုမ္ဘဏီကျေးရွာသည် သရက်-မင်းလှ ကားလမ်းဆင်လူး လမ်းခွဲအထိ ၂၇ မိုင်လမ်းခွဲမှ ကျေးရွာအထိ ခုနစ်မိုင် စုစုပေါင်း ၃၄ မိုင် ကွာဝေးပြီး အိမ်ထောင်စု ဦးရေ ၂၁၀၊ လူဦးရေ ၉၀၀ ကျော်၊ ကျွဲ၊ နွား ၁၂၀ ခန့်ရှိသည်။

ကျေးရွာအနီး ရေကန်သုံးကန်ရှိသော်လည်း ရွာ၏မြောက်ဘက်ရေကန်နှင့် တောင်ဘက်ရေကန်များခန်းခြောက်ပြီး ရွာအနီးကပ်လျက်ရှိသော ရေကန်မှာလည်း အနည်းငယ်သာ ကျန်ရှိပြီး ရေများချွဲနေသဖြင့်ချိုးရေအဖြစ် အသုံးပြုနေသော်လည်း ကျန်းမာရေးအတွက် စိုးရိမ်ရကြောင်း သိရသည်။

သောက်သုံးရေများအား လှည်းများဖြင့် ရွာအရှေ့ဘက် တစ်မိုင်ခွဲခန့်ရှိ ရေစမ်းနေရာသို့ သွားရောက်သယ်ယူ အသုံးပြုနေရသဖြင့် သောက်သုံးရေကန်များကို ပြန်လည်တူးဖော်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးနှင့် ကျေးလက်ဦးစီးဌာန အဆင့်ဆင့်တို့ကို တင်ပြထားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

ဂုမ္ဘဏီကျေးရွာနေ ပြည်သူများကလည်း ရေကန်များ တူးဖော်နိုင်ရန်အလှူရှင်များကို မျှော်လင့်ကြောင်းနှင့်သက်ဆိုင်ရာဌာနများကို တင်ပြထားမှုအား အမြန်ဆုံးအကောင်အထည် ဖော်ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**



ဂုမ္ဘဏီကျေးရွာမှ ခန်းခြောက်လျက်ရှိသော ရေကန်ကို တွေ့ရစဉ်။

# တီးတိန်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ သောက်သုံးရေရရှိရေး ရေတွင်းများ တူးဖော်ပေး

**တီးတိန် ဧပြီ ၂၉**

ချင်းပြည်နယ် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ရန်ပုံငွေ ကျေးရွာတစ်ရွာလျှင် ရန်ပုံငွေကျပ်သိန်း ၁၀၀စီဖြင့် ကျေး ရွာ ၁၄ ရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရှောင်စောန်းကျေးရွာ၌ ပြည်သူများ လိုလားတောင့်တလျက်ရှိသည့် သောက်သုံးရေ ရရှိရေးအတွက် ရေတွင်းတူးဖော်နေမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တီးတိန်မြို့နယ်ဦးစီးမှူး ဦးဝုန့်ပြင်းထန်နှင့် တာဝန်ရှိသူတို့က ယနေ့နံနက်ပိုင်းတွင် သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့သည်။

၂၀၁၉ခုနှစ် ဖေဖော်ဝါရီလဆန်းမှ လုပ်ငန်းများစတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရေတွင်းခြောက်တွင်း တူးဖော်ရန်လျာထားပြီး သုံးတွင်းမှာ အောင်မြင်စွာ သောက်သုံးရေ ရရှိနေပြီဖြစ်သည်။ ကျန်သုံးတွင်းကိုလည်း ဆက်လက်တူးဖော်လျက်ရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



တီးတိန်မြို့နယ်အတွင်း ရေတွင်းတူးဖော်နေမှုကို တွေ့ရစဉ်။

# အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်

**တောင်တွင်းကြီး ဧပြီ ၂၉**

ရာသီဥတုပူပြင်းချိန်များတွင် ပြည်သူများ အပူဒဏ်အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေးပိုစတာများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်တွင်းကြီးမြို့နယ် မြေစိုက်နံရံကပ်ဘုတ်တွင် ဧပြီ ၂၉ ရက်က ပြသရာ ပြည်သူများ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

အပူဒဏ်အန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ရောဂါလက္ခဏာများအကြောင်း၊ ဆောင်ရန် ရှောင်ရန်အချက်များနှင့် အပူဒဏ်ကြိုတင် ကာကွယ်နိုင်ရေးနည်းလမ်းများအား ပြည်သူများ သိရှိလိုက်နာဆောင်ရွက်သွားကြရန် နံရံကပ်ဘုတ်တွင် အသိပေး ပြသထားသည့်အပြင် ယမန်နေ့က တောင်တွင်းကြီးမြို့အတွင်း လူစည်ကားသည့် မြို့မဈေး၊ ကားဂိတ်၊ မီးရထားဘူတာရုံ စသည့်မြို့ပေါ် ၁၀ ရပ်ကွက်တို့တွင် သတိပေးနှိုးဆော်မှုများ ပြုလုပ်ခဲ့ပြီး သောက်ရေသန့်ဘူးများ၊ ဓာတ်ဆားထုပ်များ နေ့စဉ်ဝေငှခဲ့ကြောင်းသိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

**ရေး**

မော်လမြိုင်ခရိုင် ရေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဧပြီ ၂၉ ရက်က အပူဒဏ်ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

အပူဒဏ်ကာကွယ်ရေးဟောပြောပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သိမ့်သိမ့်ရည်က အပူဒဏ်အန္တရာယ် လိုက်နာ ဆောင်ရွက်ရန်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များ၊ အပူဒဏ်အန္တရာယ်အထူးသတိ ပြုရမည့်သူများ၊ အပူဒဏ်အန္တရာယ်နှင့် ခရမ်းလွန်ရောင်ခြည်တို့၏ ထိတွေ့မှုကြောင့် ဖြစ်ပေါ်သည့် ရောဂါလက္ခဏာများ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သောက်သုံးရေ ပြတ်လပ်မှုဖြစ်ပေါ်လျက်ရှိသည့် ကျေးရွာများသို့ သောက်ရေသန့်များ လိုက်လံလှူဒါန်း

**ကော့သောင်း ဧပြီ ၂၉**

သောက်ရေအခက်တွေ့လျက်ရှိသည့် ကျေးရွာများသို့ ယနေ့နံနက်က ကော့သောင်းမြို့ ပရဟိတအဖွဲ့များဖြစ်သည့် ကမ်းနီးအဖြူရောင်ပရဟိတအဖွဲ့နှင့် Friends Donation Group (KTH) တို့ ပူးပေါင်းကာ သောက်ရေသန့်များ လိုက်လံဖြန့်ဝေ လှူဒါန်းခဲ့သည်။



သောက်ရေသန့်များ လှူဒါန်းပေးနေစဉ်။

အပူချိန်မြင့်တက်လာသည်နှင့်အမျှ ကော့သောင်းခရိုင်အတွင်းရှိ ကျေးရွာတချို့တွင် ရေတွင်းရေကန်များ ခန်းခြောက်စပြုလာပြီး သောက်သုံးရေ အခက်တွေ့လျက်ရှိရာ ကော့သောင်းမြို့နယ် ယမုံနာကျေးရွာ၊ ရင်ကန်းချိုင်ကျေးရွာနှင့် ငါးအိမ်စုကျေးရွာတို့၌ သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် အဆိုပါ ပရဟိတအဖွဲ့များစုပေါင်း၍ သောက်ရေပြတ်လပ်လျက်ရှိသည့် ရပ်ကွက်ပြည်သူများသို့ သောက်ရေသန့် လီတာ ၂၀ ဝင် ရေသန့်ဘူးကြီး ၁၃၀ နှင့် တစ်လီတာဝင် ရေသန့်ဘူး ဒါဇင် ၂၀ တို့ကို လိုက်လံဝေငှပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း

## (Heat Exhaustion)

- ❖ ဂနာမငြိမ်ခြင်း
- ❖ ခေါင်းမူးနောက်ခြင်း၊ခေါင်းကိုက်ခြင်း
- ❖ ကြွက်တက်ခြင်းနှင့် နုံးချည့်ပျော့ခွေခြင်း
- ❖ အလွန်အမင်း ရေဆာခြင်း
- ❖ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း

## အပူဒဏ်ကြောင့် သတိလစ်ခြင်း

## (Heat Stroke)

- ❖ ခန္ဓာကိုယ်အပူချိန်အလွန်အကျွံ မြင့်တက်လာခြင်း
- ❖ အရေပြားပူ၍ခြောက်သွေ့ခြင်း(သို့) ချွေးခန်းခြောက်ခြင်း
- ❖ ကယောင်ကတမ်းဖြစ်ခြင်း သတိလစ်ခြင်း၊ တက်ခြင်း





သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့နေရသော ဇေယျာသီရိမြို့နယ် နန်းသြကျေးရွာအုပ်စု ဉယျာဉ်ကျေးရွာရှိ အိမ်ခြေ ၁၀၀ အား ဧပြီ ၂၈ ရက်က ဇေယျာသီရိမြို့နယ် မီးသတ်စခန်းမှ မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်ဖြင့် တစ်အိမ်ထောင်လျှင် ၃၂ ဂါလန် လိုက်လံလှူဒါန်းစဉ်။

**မြန်မာ့အလင်း**

# ရှမ်းပြည်နယ် တောင်ပိုင်းသို့

မောင်သာ(ရှေးဟောင်းသုတေသန)

လှပသော ရှုခင်းများနှင့်အတူ အေးချမ်းသာယာသော ရှမ်းပြည်နယ်သို့ နှစ်စဉ် သွားရောက်ခဲ့ရာ ယခင်က မရောက်ဖြစ်ခဲ့သည့် ပင်လုံမြို့အနီးဝန်းကျင်မှ မြို့နယ်များသို့ ယခုနှစ် သင်္ကြန်ကာလတွင် သွားရောက်ခဲ့ပါသည်။ နွေရာသီနှစ်ကူးကာလဖြစ်သောကြောင့် ရှမ်းပြည်နယ် တောင်ပိုင်း၏ ရာသီဥတုသည် နံနက် အစောပိုင်းနှင့် ညပိုင်းမှလွဲ၍ အပူချိန်မြင့်မားနေခဲ့ပေသည်။

ရှမ်းပြည်နယ်သည် ဧရိယာ ၆၀၁၅၅ ဒသမ ၂ စတုရန်းမိုင်ကျယ်ဝန်းကာ မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် အကြီးဆုံးဖြစ်သည်။ တြိဂံပုံ တည်ရှိနေသည့် ရှမ်းပြည်နယ်ကို အရှေ့ပိုင်း၊ တောင်ပိုင်းနှင့်မြောက်ပိုင်းဟု ပိုင်းခြားကာ ခရိုင် ၁၃ ခု၊ မြို့နယ် ၅၅ ခု ဖြင့် ဖွဲ့စည်းသည်။ ယင်းတို့အနက် ရှမ်းပြည်နယ်တောင်ပိုင်းရှိ တောင်ကြီးခရိုင်၊ လင်းခေးခရိုင်နှင့် လွိုင်လင်ခရိုင်တို့တွင် မြို့နယ် ၁၉ ခုပါဝင်သည်။

**ရှမ်းပြည်နယ်တောင်ပိုင်း**

ရှမ်းပြည်နယ်၏ မြို့တော် တောင်ကြီးသည် ပြည်နယ်၏ တောင်ပိုင်းတွင်ရှိ၍ ရန်ကုန်မြို့မှ ၆၄၅ ကီလိုမီတာနှင့် မန္တလေးမြို့မှ ၂၅၈ ကီလိုမီတာကွာဝေးသည်။ တောင်ကြီး ခရိုင်ကို တောင်ကြီး၊ ကလော၊ ဆီဆိုင်၊ ပင်းတယ၊ ပင်လောင်း၊ ဖယ်ခုံ၊ ရပ်စောက်၊ ရွာငံ၊ ဟိုပုံးနှင့်ညောင်ရွှေမြို့တို့ဖြင့် ဖွဲ့စည်းသည်။

ယခု တောင်ကြီးမြို့တည်နေရာ၌ မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် ဒုံတောင်တီ အမည်ရှိ ပအိုဝ်းရွာရှိခဲ့သည်။ ယင်းရွာကို ရှမ်းအသံဖြင့် တွမ်တီး၊ ထောင်ကျည်းဟု ခေါ်တွင်ခဲ့ပြီး တည်ပင်နှင့်တူသော အပင်ပေါက်သည့်နေရာဟု အဓိပ္ပာယ်ရှိကာ မြန်မာတို့က တောင်ကြီးဟု ခေါ်ဆိုခဲ့သည်။

မြန်မာ့စွယ်စုံကျမ်းတွင်မူ မြို့၏ အရှေ့ဘက်စွန်းမှ အထက်သို့ အုပ်မိုးနေအောင် မတ်စောက်နေသည့် တောင်ကြီးကို အစွဲပြု၍ တောင်ကြီးဟု ခေါ်ဆိုကြောင်း ရေးသားထားသည်။

တောင်ကြီး မြို့နယ်အတွင်းရှိ အေးသာယာမြို့ကို ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်တွင်လည်းကောင်း၊ ကျောက်တစ်လုံးကြီးမြို့ကို ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်တွင် လည်းကောင်း၊ ရွှေညောင်မြို့ကို ၂၀၀၇ ခုနှစ် မတ်လ ၁၃ ရက်တွင်လည်းကောင်း ဖွဲ့စည်းခဲ့သည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၄၇၁၂ ပေမြင့်သည့် တောင်ကြီးမြို့နယ်သည် ၇၄၇ ဒသမ ၈၃ စတုရန်းမိုင်ကျယ်ဝန်းလျက် အရှေ့ဘက်တွင် ဟိုပုံးမြို့နယ်၊ အနောက်ဘက်တွင် ကလောနှင့် ညောင်ရွှေမြို့နယ်၊ တောင်ဘက်တွင် ဆီဆိုင်မြို့နယ်နှင့် မြောက်ဘက်တွင် ရပ်စောက်မြို့နယ်တို့နှင့် နယ်နိမိတ်ထိဆက်နေသည်။ တောင်ကုန်း တောင်တန်းများ ပေါများသည့် တောင်ကြီးမြို့နယ်၏ အမြင့်ဆုံးနေရာသည် ပင်လယ်ရေမျက်နှာပြင်အထက် ၅၇၅၅ ပေမြင့်သည့် အရှေ့ဘက်တောင်ထွတ်ဖြစ်၍ အနိမ့်ဆုံးနေရာသည် ပင်လယ်ရေမျက်နှာပြင်အထက် ၂၉၇၅ ပေမြင့်သည့် ရွှေညောင်မြို့ဖြစ်သည်။

အေးမြသော ရာသီဥတုရှိသည့် တောင်ကြီးမြို့၏ အမြင့်ဆုံး အပူချိန်သည် ၃၄ ဒီဂရီ စင်တီဂရိတ်ဖြစ်၍ အနိမ့်ဆုံး အပူချိန်သည် ၄ ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။ မိုးရာသီတွင် အမြင့်ဆုံး မိုးရေချိန် ၁၃ လက်မအထိရွာသွန်းသည်။ တောင်ကြီးမြို့နယ်၏ သဘာဝ ပတ်ဝန်းကျင်သည် သစ်ပင်သစ်တောများဖြင့် စိမ်းလန်းစိုပြည်လျက်ရှိကာ ထင်းရှူးတောများနှင့် တောရိုင်းတိရစ္ဆာန်များ ရှင်သန် ပေါက်ပွားလျက်ရှိသည်။

၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်သည့် စာရင်းများအရ တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြသည့် တောင်ကြီးမြို့နယ်၏ လူဦးရေ ၃၈၆၀၅၉ ဦးအနက် ပအိုဝ်းလူမျိုး ၁၅၄၉၂၅ ဦးနေထိုင်သဖြင့် မြို့နယ် လူဦးရေ၏ ၄၀ ဒသမ ၁၂ ရာခိုင်နှုန်း ဖြစ်သည်။

တောင်ကြီးမြို့နယ်ကို မြို့လေးမြို့(တောင်ကြီး၊ အေးသာယာ၊ ရွှေညောင်၊ ကျောက်တလုံးကြီး)၊ ရပ်ကွက် ၅၁ ခု၊ ကျေးရွာအုပ်စု ၂၄ အုပ်စု၊ ကျေးရွာ ၃၇၁ ရွာဖြင့် ဖွဲ့စည်းထားသည့်အနက် တောင်ကြီးမြို့တွင် ရပ်ကွက် ၂၂ ခု၊ အေးသာယာမြို့တွင် ရပ်ကွက် ၁၂ ခု၊ ရွှေညောင်မြို့တွင် ရပ်ကွက် ၁၁ ခု၊ ကျောက်တစ်လုံးကြီးမြို့တွင် ရပ်ကွက် ခြောက်ခုရှိသည်။

အေးချမ်းသာယာသော တောင်ပေါ်မြို့ဖြစ်သည့် တောင်ကြီးမြို့နယ်တွင် ဆေးတက္ကသိုလ်အပါအဝင် တက္ကသိုလ်လေးခု၊ ကောလိပ်လေးခု၊ အထက်တန်းကျောင်း ၂၆ ကျောင်း၊ အလယ်တန်းကျောင်း ၂၈ ကျောင်းနှင့် မူလတန်းကျောင်း ၂၁၇ ကျောင်း ဖွင့်လှစ်ကာ အဆင့်မြင့်ပညာနှင့် အခြေခံပညာများကို ပို့ချပေးလျက်ရှိသည်။

တောင်ကြီးမြို့နယ်နေပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ခုတင် ၅၀၀ ဆံ့ စစ်စံထွန်းဆေးရုံကြီး အပါအဝင် အစိုးရဆေးရုံ ခြောက်ရုံနှင့် ပုဂ္ဂလိက ဆေးရုံများ ဖွင့်လှစ်ထားသည်။ ထို့အပြင် ဒေသန္တရ ကျန်းမာရေးဌာန နှစ်ခု၊ တိုက်နယ်ကျန်းမာရေးဌာန နှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန လေးခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၃ ခုဖွင့်လှစ်ထားသည်။

တောင်ကြီးမြို့ပေါ်ရှိ စူဠာမဏိစေတီတော်နှင့် ကက္ကူကျေးရွာရှိ မွေတော်ကက္ကူစေတီတော်များသည် အထူးထင်ရှားကြကာ ပြည်တွင်း ပြည်ပခရီးသွားများ သွားရောက်လည်ပတ်လေ့ရှိသည့်နေရာများဖြစ်ကြသည်။ နှစ်စဉ် တန်ဆောင်မုန်းလတွင်ကျင်းပသည့် တောင်ကြီး မီးပုံးပျံပွဲသည် ကမ္ဘာကျော် ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်ပေသည်။

**တောင်ကြီးမှ ဟိုပုံးသို့**

ဟိုပုံးမြို့သည် တောင်ကြီးမြို့၏ အရှေ့ဘက်သို့ ၂၂ ကီလိုမီတာ အကွာတွင် တည်ရှိသည်။ ထမ်းဆန်းလိုဏ်ဂူနှင့်အတူ ထင်ရှားသည့် ဟိုပုံးမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၃၅၄၁ ပေမြင့်၍ ဧရိယာ ၁၂၂၀ ဒသမ ၅၆ စတုရန်းမိုင် ကျယ်ဝန်းသည်။ ၁၉၅၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်တွင် ရှမ်းပြည်နယ်စော်ဘွားများ အာဏာစွန့်လွှတ်ပြီးနောက် တစ်ချိန်က ရှမ်းစော်ဘွားများ အုပ်ချုပ်ခဲ့သည့် ဟိုပုံးဒေသကို ၁၉၇၂ ခုနှစ် ဇူလိုင်လ ၁ ရက်တွင် တော်လှန်ရေးကောင်စီအစိုးရက မြို့အဖြစ် သတ်မှတ်ခဲ့သည်။

ဟိုပုံးမြို့တည်နေရာသည် နတ်တဘက်ချောင်း၏ ရေအရင်းအမြစ်ကြောင့် လယ်ယာလုပ်ငန်းများဆောင်ရွက်ရန် ကောင်းမွန်သည့် လျှိုမြောင်အထက်ပိုင်းဒေသဖြစ်သည်။ ရှမ်းဘာသာစကားဖြင့် လျှိုမြောင်ကို ပုံင်း၊ လျှို အထက်ပိုင်းကို ဟိုဟု ခေါ်ဆိုသဖြင့် ယင်းနေရာသည် ဟိုပုံး(လျှိုမြောင် အထက်ပိုင်းဒေသ)ဟုအမည်တွင်ခဲ့သည်။



ထမ်းဆန်း သဘာဝလိုဏ်ဂူ

လက်ရှိအချိန်တွင် ဟိုပုံးသည် ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သုံးမြို့နယ် (ဟိုပုံး၊ ဆီဆိုင်နှင့် ပင်လောင်း)တွင် ပါဝင်ကာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော်ဖြစ်သည်။ ဟိုပုံးမြို့နယ်သည် အင်းလေးကန်၏အရှေ့ဘက်တောင်တန်းနှင့် နမ့်ပွန်ချောင်း အရှေ့ဘက်ရှိလွယ်ပတ်(လွယ်မောင်) တောင်တန်းအကြား၊ အနိမ့်ဆုံးအပိုင်း၌ တောင်ကြီးမြို့နှင့် ဆီဆိုင်မြို့တို့၏ အရှေ့ဘက်၊ လွိုင်လင်မြို့နှင့် လဲချားမြို့တို့၏ အနောက်ဘက်၊ မိုင်းကိုင်မြို့၏ တောင်ဘက်၊ ဆီဆိုင်မြို့၏ မြောက်ဘက်တွင် တည်ရှိသည်။ ဟိုပုံးမြို့၏ ဧရိယာမှာ ၂ ဒသမ ၄၈ စတုရန်းမိုင်ဖြစ်သည်။

အေးမြသော ရာသီဥတုရှိသည့် ဟိုပုံးမြို့နယ်၏ အမြင့်ဆုံး အပူချိန်သည် ၃၉ ဒီဂရီ စင်တီဂရိတ်ဖြစ်၍ အနိမ့်ဆုံး အပူချိန်သည် ၆ ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် မိုးရွာရက် ၈၅ ရက်ရှိခဲ့ကာ မိုးရေချိန် ၄၈ ဒသမ ၇၄ လက်မ ရွာသွန်းခဲ့သည်။

ဟိုပုံးမြို့နယ်ကို ရပ်ကွက် ခြောက်ခု၊ ကျေးရွာအုပ်စု ၂၂ ခု၊ ကျေးရွာ ၂၉၂ ရွာဖြင့် ဖွဲ့စည်းကာ မြို့နယ်အတွင်း၌ ပအိုဝ်း၊ ရှမ်း ၊ ကချင်၊ ကယား၊ ကယန်း၊ ကရင်၊ ချင်း၊ ဗမာ၊ ရခိုင်၊ အင်းသား၊ ဓနု၊ လီရှောနှင့် ပလောင် တိုင်းရင်းသားများ နေထိုင်ကြသည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလအထိ ပြုစုထားသည့် စာရင်းများအရ ဟိုပုံးမြို့နယ်တွင် လူဦးရေ ၁၀၃၃၆၀ နေထိုင်သည့်အနက် ပအိုဝ်းတိုင်းရင်းသား ၇၀၇၇၆ ဦးနှင့် ရှမ်းတိုင်းရင်းသား ၂၃၃၉၄ ဦးပါဝင်သည်။

ဒေသနေ ကျောင်းသားကျောင်းသူများပညာသင်ယူနိုင်ရန် ဟိုပုံးမြို့နယ်တွင် အထက်တန်းကျောင်း ငါးကျောင်း၊ အထက်တန်းကျောင်းခွဲ လေးကျောင်း၊ အလယ်တန်းကျောင်း သုံးကျောင်း၊ အလယ်တန်းကျောင်းခွဲ ၁၅ ကျောင်း ၊ မူလတန်းလွန်ကျောင်း ၂၀ နှင့် မူလတန်းကျောင်း ၁၀၄ ကျောင်းဖွင့်လှစ်ထားသည်။

ဟိုပုံးမြို့နယ်တွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ခုတင် ၅၀ ဆံ့ မြို့နယ်ဆေးရုံ တစ်ရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲ ၂၆ ခု ဖွင့်လှစ်ထားပေးသည်။

ဟိုပုံးမြို့ အနောက်ရပ်ရှိ သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားနှင့် ကျောက်တန်းကျေးရွာ အုပ်စုရှိ ထမ်းဆန်းဂူတို့သည် ဟိုပုံးမြို့နယ်၏ အမှတ်လက္ခဏာများအဖြစ် ထင်ရှားလျက်ရှိသည်။ သဘာဝလိုဏ်ဂူ တစ်ခုဖြစ်သည့် ထမ်းဆန်းသည် လာရောက် လည်ပတ်ကြသူများဖြင့် နေ့စဉ် စည်ကားလျက်ရှိနေသည်။

**ပင်လုံမြေ**

မြန်မာ့သမိုင်းဝင် တောင်ပေါ်မြေပြန့် သွေးစည်းညီညွတ်ရေး စာချုပ်ကို အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ချုပ်ဆိုခဲ့သည့် နေရာဖြစ်သည့် ပင်လုံသည် လွိုင်လင်မြို့နယ်အတွင်းပါဝင်သည်။ ထို့အတူ အာဇာနည် ခေါင်းဆောင် မိုင်းပွန်စော်ဘွားကြီးအုပ်ချုပ်ခဲ့သည့် မိုင်းပွန်သည် လွိုင်လင်မြို့မှ အနောက်တောင်ဘက် ၃၂ ကီလိုမီတာ အကွာတွင် တည်ရှိသည်။

လွိုင်လင်မြို့သည် တောင်ကြီးမြို့မှ အရှေ့ဘက်သို့ ၉၅ ဒသမ ၈ ကီလိုမီတာ ကွာဝေးကာ ပင်လုံမြို့သည် လွိုင်လင်မြို့၏ အနောက်မြောက်ယွန်းယွန်း ၁၀ ဒသမ ၂ ကီလိုမီတာ အကွာတွင် တည်ရှိသည်။ လွိုင်လင်မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင် အထက် ၄၄၄၇ ပေမြင့်၍ ဧရိယာ ၅၀၁ ဒသမ ၆၁ စတုရန်းမိုင် ကျယ်ဝန်းသည်။

လွိုင်လင်မြို့ကို ဗြိတိသျှ အစိုးရက ၁၈၈၈ ခုနှစ်တွင် လဲချား၊ မိုင်းကိုင်၊ ကျေးသီး၊ မိုင်းနောင်၊ မိုင်းရှူး၊ မိုးနဲ၊ မောက်မယ်နှင့် မိုင်းပန် စော်ဘွားများအား အုပ်ချုပ်ရန် နားတစ်ကျေးရွာဝန်းကျင်တွင် တည်ထောင်ခဲ့ပြီး လွိုင်လင်တောင်ချွန်းကို အစွဲပြု၍ လွိုင်လင်ဟု အမည်ပေးခဲ့သည်။ ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် လွိုင်လင်ကို မြူနီစီပယ်မြို့အဖြစ်သတ်မှတ်ခဲ့ပြီးနောက် လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်တွင် လွိုင်လင်မြို့ကို လဲချားစော်ဘွားစွပ်ဖလုံ ခန့်အပ်သည့် မြို့စားက အုပ်ချုပ်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် လွိုင်လင်ကို ခရိုင်မြို့အဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇွန်လ ၁၅ ရက်တွင် ပင်လုံကို မြို့အဖြစ် သတ်မှတ်ခဲ့သည်။

လွိုင်လင်မြို့နယ်သည် အရှေ့ဘက်တွင် နမ့်စန်မြို့နယ်၊ အနောက်ဘက်တွင်ဟိုပုံးမြို့နယ်၊ တောင်ဘက်တွင် မောက်မယ် မြို့နယ်နှင့် မြောက်ဘက်တွင် လဲချားမြို့နယ်နှင့် နယ်နိမိတ်ထိဆက်နေသည်။

လွိုင်လင်မြို့၏ အမြင့်ဆုံး အပူချိန်သည် ၂၆ ဒီဂရီ စင်တီဂရိတ်ဖြစ်၍ အနိမ့်ဆုံး အပူချိန်သည် ရေခဲမှတ်အောက် ၆ ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် မိုးရွာရက် ၁၀၆ ရက်ရှိခဲ့ကာ မိုးရေချိန် ၅၃ ဒသမ ၄၃ လက်မ ရွာသွန်းခဲ့သည်။

လွိုင်လင်မြို့နယ်ကို မြို့ နှစ်မြို့ (လွိုင်လင်နှင့် ပင်လုံ)၊ ရပ်ကွက် ရှစ်ခု၊ ကျေးရွာအုပ်စု ၁၉ ခု၊ ကျေးရွာ ၃၀၅ ရွာဖြင့် ဖွဲ့စည်းကာ မြို့နယ်အတွင်း၌ တိုင်းရင်းသားပေါင်းစုံ နေထိုင်ကြသည့်အနက် ပအိုဝ်းနှင့် ရှမ်းတိုင်းရင်းသားများက အများဆုံးဖြစ်သည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလအထိ ပြုစုထားသည့် စာရင်းများအရ လွိုင်လင်မြို့နယ်တွင် လူဦးရေ ၁၂၃၆၃၅ ဦး နေထိုင်သည့်အနက် ပအိုဝ်းတိုင်းရင်းသား ၅၆၈၂၈ ဦးနှင့် ရှမ်းတိုင်းရင်းသား ၄၅၄၅၁ ဦးပါဝင်ကာ လူဦးရေ ၉၆ ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။

လွိုင်လင်မြို့နယ်တွင် တက္ကသိုလ် သုံးခု၊ အထက်တန်းကျောင်း ခြောက်ကျောင်း၊ အထက်တန်းကျောင်းခွဲ နှစ်ကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ လေးကျောင်း၊ မူလတန်းကျောင်း ၁၀၃ ကျောင်း ဖွင့်လှစ်ထားသည်။

ဒေသနေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ခုတင် ၂၀၀ ဆံ့ ခရိုင်ဆေးရုံတစ်ရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တစ်ရုံ၊ ၂၅ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တစ်ရုံနှင့် ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ ၂၉ ခု ဖွင့်လှစ်ထားသည်။

လွိုင်လင်မြို့နယ်၏ အထင်ရှားဆုံး အမှတ်လက္ခဏာသည် ပင်လုံမြို့အမှတ်(၂) ရပ်ကွက်ရှိပြည်ထောင်စုကျောက်တိုင်ဖြစ်ပေသည်။တောင်တန်း ပြည်မ ပူးပေါင်းရေး ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့သည့် အထိမ်းအမှတ် ကျောက်တိုင်သည် လာရောက်လည်ပတ်သူများဖြင့် စည်ကားနေလေ့ရှိသည်။ ပင်လုံကျောက်တိုင်အနီး၌ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကို ဖူးတွေ့ကြရပေသည်။

**နမ့်စန်**

ရှမ်းပြည်နယ်အတွင်း အသံထွက်တူသည့် နမ့်စန် မြို့နှစ်ခုရှိရာ မြောက်ပိုင်းနမ့်စန်သည် ကျောက်မဲ ခရိုင်တွင်ပါဝင်၍ တောင်ပိုင်း နမ့်စန်သည် လွိုင်လင်ခရိုင်တွင် လွိုင်လင်၊ ကွန်ဟိန်း၊ မိုင်းကိုင်၊ မိုင်းရှူး၊ လဲချား၊ ကျေးသီးမြို့နယ်တို့နှင့်အတူ ပါဝင်သည်။ နမ့်စမ်သို့ သွားရန် ပင်လုံမှ လွိုင်လင်သို့ ပြန်လာပြီး လွိုင်လင်မှ အရှေ့ဘက်သို့ ကီလိုမီတာ ၃၀ သွားရောက်ခဲ့ရပါသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၃၁၆၆ ပေမြင့်သည့် နမ့်စန်မြို့နယ်သည် တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စု လမ်းမကြီးပေါ်၌ တည်ရှိကာ ၁၅၉၄ ဒသမ ၁၂ စတုရန်းမိုင်ကျယ်ဝန်းသည်။ နမ့်စန်မြို့နယ်၏ နယ်နိမိတ် သည် အရှေ့ဘက်တွင် ကွန်ဟိန်းမြို့နယ်၊ အနောက်ဘက်တွင် လွိုင်လင်မြို့နယ်၊ တောင်ဘက်တွင် မိုးနဲမြို့နယ်နှင့် မောက်မယ်မြို့နယ်၊ မြောက်ဘက်တွင်လဲချားမြို့နယ်ဖြစ်သည်။

နမ့်စန်သည် ယခင်က ကျေးရွာကြီးတစ်ခုဖြစ်ခဲ့ပြီး ၁၉၄၅ ခုနှစ်တွင် စစ်ဘေးကြောင့် ပျက်စီးခဲ့သည်။ သို့သော် ခရီးလမ်းဆုံနေရာဖြစ်သဖြင့် ခရီးသွားကုန်သည်များအခြေချရာမှ ၁၉၅၀ ပြည့်နှစ်တွင် နမ့်စန်ရွာ ပြန်လည်ပေါ်ထွန်းခဲ့သည်။၁၉၅၈ ခုနှစ်တွင် စစ်မှုထမ်းဟောင်းများအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဆောင်ရွက်ရန် ကျေးရွာ ၁၀ ရွာ တည်ထောင်ပေးခဲ့ပြီးနောက် ၁၉၅၉ ခုနှစ်တွင် အိမ်စောင့်အစိုးရက နမ့်စန်မြို့ဟု သတ်မှတ်ခဲ့သည်။

၁၉၇၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်တွင် ထိုစဉ်က ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက နမ့်စန်မြို့နယ်ကို ရပ်ကွက် ငါးခု၊ ကျေးရွာအုပ်စု ၂၀ အုပ်စုဖြင့် ဖွဲ့စည်းခဲ့သည်။ ၂၀၁၁ ခုနှစ် ဇန်ဝါရီလ ၁၂ ရက်တွင် နမ့်စန်မြို့နယ်အတွင်းရှိ ခိုလမ်မြို့ကို ရပ်ကွက် ငါးခု၊ ကျေးရွာအုပ်စု ငါးခု၊ ကျေးရွာ ၃၈ ရွာဖြင့် ဖွဲ့စည်းခဲ့သည်။

အေးမြ ခြောက်သွေ့သော နမ့်စန်မြို့နယ်၏ အမြင့်ဆုံး အပူချိန်သည် ၃၆ ဒီဂရီ စင်တီဂရိတ်ဖြစ်၍ အနိမ့်ဆုံး အပူချိန်သည် ရေခဲမှတ်အောက် ၁ ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် မိုးရွာသွန်းရက် ၁၁၅ ရက်တွင် မိုးရေချိန် ၆၁ ဒသမ ၀၃ လက်မ ရွာသွန်းခဲ့သည်။

လက်ရှိအချိန်တွင် နမ့်စန်မြို့နယ်ကို မြို့နှစ်မြို့(နမ့်စန်နှင့် ခိုလမ်)၊ ရပ်ကွက် ၁၁ ခု၊ ကျေးရွာအုပ်စု ၂၀၊ ကျေးရွာ ၁၉၆ ရွာဖြင့် ဖွဲ့စည်းထားကာ လူဦးရေ ၁၀၃၀၂၄ ဦး နေထိုင်လျက်ရှိသည်။ မြို့နယ်အတွင်း၌ တိုင်းရင်းသားပေါင်းစုံနေထိုင်ကြသည့်အနက် လူဦးရေ ၄၇ ဒသမ ၆ ရာခိုင်နှုန်းသည် ရှမ်းတိုင်းရင်းသားများဖြစ်ကြသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ နမ့်စန်မြို့နယ်တွင် နေထိုင်သည့် လူဦးရေသည် ၂၂ မျိုးခန့်ရှိနေသည်။

နမ့်စန်သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်းလမ်းဆုံနေရာဖြစ်သဖြင့် စည်ကားသော မြို့တစ်မြို့ဖြစ်ကာ နမ့်စန်မြို့တွင် တည်းခိုခန်းများ အလွန်များပြားကြောင်း သတိပြုမိခဲ့ပါသည်။ နမ့်စန်မြို့မှ ၂၈၃ ကီလိုမီတာ ကွာဝေးသည့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့သို့ သွားသည့်လမ်းတွင် မိုင်းရှူးမြို့နယ်ရှိ နာမည်ကျော် ဟိုင်ဖာ ရေတံခွန်သို့ ဝင်ရောက်နိုင်ကြသည်။

နမ့်စန် မြို့နယ်အတွင်း၌ အထက်တန်းကျောင်း သုံးကျောင်း၊ အလယ်တန်းကျောင်း လေးကျောင်း၊ မူလတန်းကျောင်း ၈၂ ကျောင်း ဖွင့်လှစ်ထားသကဲ့သို့ နမ့်စန်မြို့နှင့် ခိုလမ်မြို့တွင် အစိုးရဆေးရုံ တစ်ရုံစီဖွင့်ထားပြီး ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲ ၂၀ ဖွင့်လှစ်ကာ ဒေသနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။


လှပအေးချမ်းသော ရှမ်းပြည်နယ် ခရီးစဉ်အတွင်း ရှမ်းတိုင်းရင်းသားရိုးရာ အစားအသောက်များကို စားသုံးနိုင်ကြသကဲ့သို့ ရှမ်းပြည်နယ်တွင် နေထိုင်ကြသည့် တိုင်းရင်းသားများ၏ ရိုးရာဝတ်စုံများအပါအဝင် ဓလေ့ ထုံးတမ်းများကို လေ့လာနိုင်ကြပေသည်။ လမ်းပန်းဆက်သွယ်ရေး အထူးတိုးတက်ကောင်းမွန်နေပြီဖြစ်သည့် ရှမ်းပြည်နယ်တောင်ပိုင်းရှိ မြို့နယ်များတွင် နေထိုင်ကြသည့် တိုင်းရင်းသားများ၏ လူမှု စီးပွားဘဝများသည်လည်း တိုးတက်လာခဲ့ကြောင်း ကိုယ်တိုင်မြင်တွေ့ခဲ့ရပါပေသည်။ ။

## ဘိုကလေး-မော်လမြိုင်ကျွန်း- ကျုံမငေး-ဝါးခယ်မ-မြောင်းမြ ကားလမ်းပေါ်တွင် ကျွန်းပြသာဒ်တံတားတည်ဆောက်နေ

**ရန်ကုန် ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် လမ်းကွန်ရက် အမှတ်(၁၀) ဘိုကလေး-မော်လမြိုင်ကျွန်း- ကျုံမငေး-ဝါးခယ်မ-မြောင်းမြ ကားလမ်း ကျွန်းပြသာဒ်မြစ်ပေါ်၌ အလျားပေ ၂၃၆၀ ရှိ တံတားတစ်စင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)က တာဝန်ယူ တည်ဆောက်လျက်ရှိသည်။

တံတားအမျိုးအစားမှာ သံမဏိ သံပေါင်ကြိုးတင်းအားဖြည့်၊ သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ် ကြမ်းခင်းဖြစ်ပြီး တံတားအပေါ်ထည် မီတာ ၉၀ ရှိ သံမဏိသံပေါင် သုံးခန်း၊ တံတားအောက်ထည် သံကူကွန်ကရစ်အုတ်မြစ်နှင့် သံကူကွန်ကရစ်ဘိုးပိုင်ဖြစ်သည်။ တံတားအရှည်မှာ ပေ ၂၃၆၀ နှင့် တံတားအကျယ် ၂၈ ပေ နှစ်လမ်းသွား၊ လူသွားလမ်းအကျယ်တစ်ဖက် သုံးပေ၊ ရေလမ်းကင်းလွတ်အမြင့်နှင့် အကျယ်ပေ ၄၀ × ပေ ၂၄၀၊ စီမံကိန်းတန်ဖိုးငွေကျပ်သန်း ၁၆၉၀၀ (၁၆ ဒသမ ၉၀ ဘီလီယံ)ဖြစ်သည်။



တည်ဆောက်ပြီးစီးသွားလျှင် ဖြစ်ပေါ်လာမည့် ကျွန်းပြသာဒ်တံတားပုံကို တွေ့ရစဉ်။

အဆိုပါတံတားကြီးတည်ဆောက်ပြီးစီးသွားလျှင် ဖျာပုံခရိုင်၊ လပွတ္တာခရိုင်၊ မြောင်းမြခရိုင် သုံးခရိုင်အတွင်းရှိ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ကျုံမငေး၊ ဝါးခယ်မ၊ မြောင်းမြမြို့နယ်တို့မှ ကျေးလက်ပြည်သူများသည် ပုသိမ်- မုံရွာ ကားလမ်းမကြီးနှင့် ဆက်သွယ်မိသွားပြီး ဧရာဝတီတိုင်းဒေသကြီး မြို့တော် ပုသိမ်သို့လည်းကောင်း၊ ရန်ကုန်သို့လည်းကောင်း၊ ရန်ကုန်မှ အထက်မြန်မာပြည်အရပ်ရပ်သို့ တစ်ဆက်တည်းသွားလာနိုင်ကြတော့မည်ဖြစ်သည်။

**ခရမ်းစိုးမြင့်**

## ရေတာရှည်၌ အန္တရာယ်ကင်းသည့် မှိုမျိုးစုံစိုက်ပျိုးထုတ်လုပ်နည်းသင်တန်းဖွင့်

**ရေတာရှည် ဧပြီ ၂၉**

စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန တောင်ငူခရိုင်စိုက်ပျိုးရေး ဦးစီးဌာနက ကြီးမှူး၍ ကျန်းမာရေးနှင့်ညီညွတ်ပြီးအန္တရာယ်ကင်းရှင်းသည့် မှိုမျိုးစုံ စိုက်ပျိုးထုတ်လုပ်နည်းသင်တန်းကို ဧပြီ ၂၉ ရက်က ရေတာရှည်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန သင်တန်းခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်က မှိုများ၏သမိုင်းကြောင်း၊ မှိုအမျိုးမျိုးကို စီးပွားဖြစ်စိုက်ပျိုးခြင်းဖြင့် မိသားစုအလိုက် ဝင်ငွေရရှိနိုင်သည်သာမက စီးပွားရေး အကျိုးဖြစ်ထွန်းနိုင်ပုံများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်က သင်တန်းသားများအနေဖြင့် သင်တန်းမှပို့ချလိုက်သော နည်းပညာများဖြင့် ကိုယ်တိုင်စိုက်ပျိုးရုံသာမက အခြားသူများကိုပါ နည်းပညာများဖြန့်ဝေကြရန် ပြောကြားသည်။

တောင်သူများအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး အန္တရာယ်ကင်းရှင်းသည့် မှိုမျိုးစုံ စိုက်ပျိုးထုတ်လုပ်နည်းများကို သိရှိစိုက်ပျိုးခြင်းအားဖြင့် မိသားစုအပိုဝင်ငွေရရှိစေရန်နှင့် လုပ်အားလိုအပ်ချက်နည်းပါးကာ အရင်းအနှီးအနည်းငယ်ဖြင့် အချိန်တိုအတွင်း အကျိုးဖြစ်ထွန်းစေသည့် မှိုစိုက်ပျိုးနည်းပညာများကို ဖြန့်ဝေပေးခြင်းအားဖြင့် တောင်သူများ၏ဘဝ တိုးတက်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကာ မေ ၃ ရက်အထိဖွင့်လှစ်မည့် ငါးရက်ကြာသင်တန်းသို့ တောင်ငူ၊ ရေတာရှည်၊ ထန်းတပင်၊ အုတ်တွင်း၊ ဖြူးနှင့် ကျောက်ကြီးမြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ကြောင်းသိရသည်။

**ကိုလွင် (ဆွာ)**

## ရွှေဘိုမြို့နယ် ပန်းတောင်းကျေးရွာ၌ မြေသားကုန်ထုတ်လမ်းဖောက်လုပ်



မြေသားကုန်ထုတ်လမ်း ဖောက်လုပ်နေစဉ်။

**ရွှေဘို ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ပန်းတောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ရည်ရွယ်လျက် မြေသားကုန်ထုတ်လမ်းတစ်လမ်းကို ဖောက်လုပ်ဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ထိုမြေသားကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ရန်ပုံငွေ ကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေ ကျပ်သိန်း ၅၀ ဖြင့် ပန်းတောင်းကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဦးစီးလုပ်ဆောင်နေပြီး လမ်းသည် အရှည် ပေ ၁၅၀၀၊ အကျယ်၁၂ပေ ရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြေသားကုန်ထုတ်လမ်း ပြီးစီးသွားပါက တစ်နှစ်လျှင်နွေစပါးနှင့်မိုးစပါး နှစ်သီးစိုက်ပျိုးလျက်ရှိသော ဒေသခံတောင်သူ ၇၀ ခန့်၏ စိုက်ဧက ၄၇၀ ခန့်မှ ထွက်ရှိသော ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ လျင်မြန်စွာ ရောက်ရှိအောင် ပို့ဆောင်နိုင်တော့မည် ဖြစ်ကြောင်း ရွှေဘိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။ **ထွန်းမြင့်အောင် (ရွှေဘို)**

## မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိပေးနှိုးဆော်

**မာန်အောင်**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ် မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးဇော်ရဲထက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆိုင်ကလုန်းမုန်တိုင်း (ဖနီ)အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသိပေးနှိုးဆော်ချက်ကို ဧပြီ ၂၈ ရက်က မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများသို့ မီးသတ်ယာဉ်ဖြင့် သွားရောက်ပြီး အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**သိန်းဇေ (ပြန်/ဆက်)**



မာန်အောင်မြို့နယ် မီးသတ်ဦးစီးဌာနမှ မုန်တိုင်းအန္တရာယ် အသိပေးနှိုးဆော်နေစဉ်။

### ကျောက်ဖြူ

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ပေါ်ရပ်ကွက်များသို့ ဆိုင်ကလုန်းမုန်တိုင်း ဖနီ (FANI) အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးနှိုးဆော်ချက်များကို ဧပြီ ၂၈ ရက်က ကျောက်ဖြူမြို့နယ် မီးသတ်ဦးစီးဌာန လက်ထောက်မြို့နယ်ဦးစီးမှူး ဦးခင်မောင်ထွန်းနှင့်အဖွဲ့က လိုက်လံနှိုးဆော်ခဲ့သည်။

**ဖြိုးဝေလင်း (ပြန်/ဆက်)**

### တောင်ပြိုလက်ဝဲ

ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတွင်ဖြစ်ပေါ်နေသည့် ဆိုင်ကလုန်းမုန်တိုင်း ဖနီအန္တရာယ်ကို ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် တောင်ပြိုလက်ဝဲမြို့နယ်ခြား စောင့် ရဲတပ်ရင်းမှူးရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၂၉ ရက် နံနက်က အစည်းအဝေး ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် စားနပ်ရိက္ခာများ၊ သောက်သုံးရေ စသည့်အသုံးအဆောင်ပစ္စည်းများ ကြိုတင်ဖြည့်တင်းဆောင်ရွက်မှုများ၊ ခိုင်ခံ့သည့်အဆောက်အအုံများသို့ ပြောင်းရွှေ့နေထိုင်ကြရန်၊ တောင်ကုန်းတောင်တန်း၏ တည်ရှိမှုအခြေအနေနှင့် လေလမ်းကြောင်းများ၏ အခြေအနေများခန့်မှန်းပြီး ကြိုတင်ပြင်ဆင်ကြရန်လိုအပ်ကြောင်းနှင့် ရပ်ကွက်၊ ကျေးရွာအတွင်းရှိ ပြည်သူများအား အသိပေးနှိုးဆော်ကြရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**




### 5R - နှင့် ပတ်ဝန်းကျင်

**Reduce**
(လျှော့ချပါ)

**Reuse**
(ပြန်လည်အသုံးပြုပါ)

**Recycle**
(အသစ်ပြန်လည်ထုတ်ပါ)

**Reject**
(ငြင်းပယ်ပါ)

**Return**
(မသုံးဘဲပြန်လည်ပေးပို့ပါ)

## မြစိမ်းရောင်စီမံကိန်း အတိုးရငွေများဖြင့် လျှပ်စစ်မီးလင်းရေးဆောင်ရွက်ပြီးစီး

**ဂန့်ဂေါ ဧပြီ ၂၉**

ဂန့်ဂေါမြို့နယ် ကျွန်းဒတ်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းမှ အတိုးရငွေကို မတည်၍ ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၆ ရက်က လုပ်ငန်းများပြီးစီး၍ လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း သိရသည်။

"မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ကျွန်းဒတ်ကျေးရွာမှာ ဆောင်ရွက်နေတာ သုံးနှစ်ကျော်ပါပြီ၊ အတိုးရငွေရဲ့၅၀ ရာခိုင်နှုန်းဖြစ်တဲ့ ငွေကျပ် ၅၃ သိန်းကို မတည်ပြီးတော့ ကျေးရွာမီးလင်းရေးလုပ်ငန်း ဆောင်ရွက်ခဲ့တာပါ၊ ကျေးရွာတွင်း ဓာတ်အားလိုင်း ပေ ၁၃၂၀ သွယ်တန်းထားနိုင်ပါတယ်"ဟု ဂန့်ဂေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်မင်းထွန်းက ပြောသည်။

မီးလင်းရေးလုပ်ငန်းဆောင်ရွက်ရာတွင် စီမံကိန်းမှ အတိုးရငွေနှင့်အတူ ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေ ကျပ် ၂၅၇ သိန်းဖြင့် ဓာတ်အားလိုင်း ပေ ၉၁၈၀ အပါအဝင် ဓာတ်အားလိုင်းသွယ်တန်းခြင်း စုစုပေါင်း ပေ ၁၀၅၀၀ ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လုပ်ငန်းများကို မတ် ၅ ရက်က စတင်ဆောင်ရွက်ခဲ့ကာ ဧပြီ ၂၆ ရက်တွင် ပြီးစီးခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အားကို သုံးမိုင်ဝေးကွာသည့် ကျော်ရွာမှ သွယ်တန်းရယူခြင်းဖြစ်ကြောင်း သိရသည်။

**စိန်ကျော်**

# မြိတ်မြို့၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လူထုတွေ့ဆုံပွဲ ကျင်းပ

**မြိတ် ဧပြီ ၂၉**

မြန်မာ့ကမ်းလွန်လုပ်ကွက်အမှတ် MD 7 တွင် PTTEP ကုမ္ပဏီမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ ဒုတိယအကြိမ် လူထုတွေ့ဆုံပွဲကို ယနေ့နံနက်က မြိတ်ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးတွင် ကျင်းပသည်။

"မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနဲ့ PTTEP ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းပြီး မြန်မာ့ကမ်းလွန် လုပ်ကွက်အမှတ် MD 7 ၌ ၂၀၁၉ခုနှစ် နှစ်ကုန်ပိုင်းတွင် ရေနံနဲ့ သဘာဝဓာတ်ငွေ့ရှာဖွေရေးတွင်းတူးဖို့ အစီအစဉ်ရှိပါတယ်။ ဒီလုပ်ငန်းလုပ်ဖို့ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ အစီရင်ခံစာအတွက် ဒေသခံတွေ၊ အဖွဲ့အစည်းတွေကို ဒုတိယအကြိမ်လာရောက်ရှင်းလင်းတင်ပြတာဖြစ်ပါတယ်။

"ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေရှိလာတဲ့ အလားအလာပေါ်မူတည်ပြီး ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်အခြေခံနဲ့ နိုင်ငံတော်နဲ့ ခွဲဝေခံစားမှာဖြစ်ပါတယ်။ ရေနံနဲ့ သဘာဝဓာတ်ငွေ့ထွက်ရှိလာမယ့် စီးပွားဖြစ်ထုတ်လို့ရပြီဆိုရင် ပြည်တွင်းသုံးအတွက် အခြေခံကျတဲ့ လျှပ်စစ်ကဏ္ဍကို ဦးစားပေးပြီး ဆောင်ရွက်သွားဖို့ မူဝါဒချမှတ်ထားတာရှိပါတယ်"ဟု မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဦးနေအောင် က ပြောသည်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ ဒုတိယအကြိမ်လူထုတွေ့ဆုံပွဲတွင် မြန်မာ့ကမ်းလွန်လုပ်ကွက်အမှတ် MD 7 ၌ PTTEP ကုမ္ပဏီမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများ စီမံကိန်း နှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် PTTEP ကုမ္ပဏီတို့မှ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို Environmental Resources Management (ERM) နှင့် Sustainable Environment Myanmar (SEM) ကုမ္ပဏီတို့မှ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**



လူထုတွေ့ဆုံပွဲ ဒုတိယအကြိမ် ကျင်းပစဉ်။

# ရွှေဘိုမြို့၌ မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ



မြန်မာ့ရိုးရာခြင်းအလှခတ်ပြိုင်ပွဲ၌ ဆုရရှိသည့်အသင်းအား ဆုချီးမြှင့်စဉ်။

**ရွှေဘို ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရန်ကြီးအောင် မိုးလုံလေလုံ အားကစားခန်းမအတွင်း၌ ဧပြီ ၂၇ ရက်မှစတင်ပြီး မြန်မာ့ရိုးရာခြင်းလုံး အလှခတ်ပြိုင်ပွဲကို ကျင်းပခဲ့ရာ ယမန်နေ့က ဆုပေးပွဲကျင်းပခဲ့သည်။

အဆိုပါ ခြင်းလုံးအလှခတ်ပြိုင်ပွဲကျင်းပပေးရခြင်းနှင့် ပတ်သက်ပြီး ရွှေဘိုမြို့ ခြင်းလုံး လူငယ်စီမံကိန်းကော်မတီဉက္ကဋ္ဌ ဦးအောင်ငွေက မျိုးဆက်သစ်ရိုးရာခြင်းလုံးကစားသမားများ ပေါ်ထွက်လာစေရန် ရိုးရာခြင်းလုံးအားကစားကို စိတ်ဝင်စားပြီး ကစားလာကြစေရန်အတွက် နှစ်စဉ်ကျင်းပပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးမှူး ဒေါ်စုလှိုင်နှင်းက မျိုးဆက်သစ်ရိုးရာခြင်းလုံးအားကစားသမားများ ပေါ်ထွက်လာစေရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ဆုပေးပွဲကိုကျင်းပခဲ့ရာ ခေတ်သစ်ဝါသနာခြင်းအသင်းက ပထမဆု၊ မှုံရွှေရည်ခြင်းအသင်းကဒုတိယဆုနှင့်စိမ်းရောင်စုံခြင်းအသင်းက တတိယဆုရရှိခဲ့ကြောင်း သိရသည်။ ယခုကျင်းပသော ရိုးရာခြင်းလုံးအလှခတ်ပြိုင်ပွဲတွင် အသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**စိုးသီဟ(ကုန်းဘောင်)**

# စွမ်းအင်ချွေတာသုံးစွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ပါ

ကာဗွန်ထွက်ရှိမှု လျှော့ချရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လုပ်ငန်းခွင်အတွင်း လိုက်နာကျင့်သုံးနိုင်မည့် အချက် (၁၀) ချက်

❖ **သင်၏ ကိုယ်ပိုင်သုံးစွဲမှုအား ထိန်းညှိပါ။** ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂရုံးတွင် ယေဘုယျအားဖြင့် စွမ်းအင်သုံးစွဲမှုလျှော့ချနိုင်ရေးအတွက် လေအေးပေးစက်များအား အပူချိန် ချိန်ညှိခြင်း၊ ရေပူသုံးစွဲမှုလျှော့ချခြင်းကဲ့သို့သော ကိစ္စရပ်များအား လိုက်နာကျင့်သုံးကြသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် တစ်ဦးတစ်ယောက် သက်သောင့်သက်သာရှိမှုထက် အားလုံးကောင်းကျိုးအတွက်ဖြစ်သည်။

❖ **မော်တော်ယာဉ်သုံးစွဲမှု နည်းပါးစေပါ။** လမ်းလျှောက်ပါ၊ စက်ဘီးစီးပါ။ ကားမျှဝေ သုံးစွဲခြင်း (သို့) အများသုံးယာဉ်စီးခြင်းများအား တတ်နိုင်သမျှကျင့်သုံးပါ။

❖ **ပြန်လည်သုံးစွဲမှုနည်းပါးစေပါ။** ပြန်လည်သုံးစွဲနိုင်သည့် ခွက်၊ စက္ကူတို့အား မိမိပတ်ဝန်းကျင် နေရာအနှံ့ထားရှိသုံးစွဲခြင်းဖြင့် ပြန်လည်သုံးစွဲသည့်စနစ်အား သင့်လုပ်ရိုးလုပ်စဉ် ကိစ္စရပ်များတွင် ထည့်သွင်းဆောင်ရွက်ပါ။

❖ **အသိဉာဏ်ရှိစွာ စားသုံးပါ၊ သောက်သုံးပါ။** ရေသောက်ရာတွင် ကိုယ်ပိုင်ခွက်ထားရှိ သောက်သုံးခြင်း၊ တစ်ခါသုံးပစ္စည်း သုံးစွဲထားသည့် စားသောက်ဖွယ်ရာများနှင့် ထုတ်ကုန်များကို သုံးစွဲမှုမပြုခြင်းဖြင့် ဆောင်ရွက်ပါ။ ဒေသတွင်းထုတ်ကုန်များကို ရွေးချယ်အားပေးပါ။

❖ **အသိပညာဖြန့်ဝေပါ။** လုပ်ဖော်ကိုင်ဖက်များ၊ မိသားစုများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာရှိစေရန် လှုံ့ဆော်ပါ။

❖ **စာရွက်သုံးစွဲမှု လျှော့ချပါ။** ခေတ်ပေါ်ပရင်တာများ၏ စွမ်းရည်အား ကျောကပ်သုံးစွဲနိုင်ရန် ရွေးချယ်အသုံးချပါ။ ကွန်ပျူတာတွင် ဖတ်ရှုနိုင်သည့် (သို့) အီလက်ထရွန်နစ်ပစ္စည်း သုံးစွဲဖတ်ရှုနိုင်သည့် စာများအား စာရွက်ဖြင့်မဖတ်ရှုပါနှင့် ။

❖ **အမြင်ကျယ်စွာဖြင့် ဝယ်ယူပါ၊ လျှော့ဝယ်ပါ။** ရုံးအတွက် ပစ္စည်းကိရိယာများ၊ လိုအပ်ချက်များအား ဝယ်ယူရာတွင် ပတ်ဝန်းကျင်မထိခိုက်စေရေးအတွက် သေချာစွာ ခွဲခြားသတ်မှတ်ခြင်းနှင့် အချက်အလက်များ သတ်မှတ်ထားခြင်းများအား သေချာစေရန် အမြဲဂရုပြုပါ။

❖ **လေယာဉ်ခရီးသွားလာခြင်းအား မလိုအပ်ပါက ရှောင်ကြဉ်ပါ။** "ဒီခရီးက လေယာဉ်မစီးလို့ မဖြစ်ဘူးလား၊ တခြားနည်းလမ်းမရှိဘူးလား" မိမိကိုယ်ကို မေးခွန်းထုတ်ပါ။ (မှတ်ချက်။ လေကြောင်းခရီးသွားလာခြင်းသည် ကမ္ဘာကြီးပူနွေးမှုအား ဖြစ်ပေါ်စေသည့် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍ၏ ၁၂ ရာခိုင်နှုန်းသည် လေကြောင်းခရီးသွားလာခြင်းမှဖြစ်သည်။)

❖ **သယံဇာတအားလုံးအား အကျိုးရှိစွာ သုံးစွဲပါ။** ဘုံဘိုင်ခေါင်းများ ရေမယိုစေရန် ဂရုပြုပါ။ မလုံသည့် ဘုံဘိုင်ခေါင်းများအား ပြုပြင်သုံးစွဲပါ။ ရေတစ်ပေါက်ယိုနေခြင်းသည် တစ်နေ့တာကြာပါက ၂၂ လီတာ အလဟဿဖြစ်စေသည်။ မိမိပတ်ဝန်းကျင်ရှိ သယံဇာတများအား အချိန်တိုင်း အလေအလွင့်မရှိသုံးစွဲနိုင်ရန် သတိပြုပါ။ မိမိအား အများက ဥပမာကောင်းတစ်ခုအဖြစ် မှတ်သားမိစေရန် နေထိုင်ပါ။

❖ **ကွန်ပျူတာများနှင့် စက်ကိရိယာများအား မလိုအပ်ပါက ပိတ်ထားပါ။** ရုံးချိန်ပြင်ပနှင့် ရုံးပိတ်ရက်များတွင် ကွန်ပျူတာ၊ ပရင်တာ၊ မိတ္တူကူးစက်နှင့် စကင်နာများ သုံးစွဲခြင်းမပြုပါက သေချာစွာ ပိတ်ထားခဲ့ပါ။ ရုံးချိန်အတွင်း သုံးစွဲရန်မလိုအပ်သည့်အချိန်တွင် စွမ်းအင်ချွေတာသုံးစွဲသည့် အနေအထား ( Energy Saving Mode) သို့ ထားရှိပါ။

**"တစ်ဆင့်ချင်းစီ ဆောင်ရွက်ခြင်းဖြင့် အရာရာအား ပြောင်းလဲနိုင်ပါသည်"**

# မူခင်းကျဆင်းရေး ပညာပေးဟောပြော

**ရမ်းဗြဲ ဧပြီ ၂၉**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးဇော်ဝင်းဦးစီးတပ်ဖွဲ့ဝင်များက မြို့မ အထက(၁) ကျောင်းတွင် ဧပြီ ၂၆ ရက်တွင် မူးယစ်ကျဆင်းရေးအတွက် ပညာပေးဟောပြောပွဲ ပြုလုပ်သည်။

အဆိုပါ ဟောပြောပွဲ၌ အမှတ်(၃)ရပ်ကွက်ရှိ ရပ်ကွက်သူ/ ရပ်ကွက်သားများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းက မူခင်းကျဆင်းရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းပြောကြားရာ ပြည်သူလူထုအနေဖြင့် ဥပဒေဘောင်အတွင်း အန္တရာယ်ကင်းရှင်းစွာ နေထိုင်လုပ်ဆောင်ကြရန်၊ မည်သည့်နေရာ၌မဆို ထူးခြားဖြစ်စဉ်များ ကြားသိရလျှင်ရချင်း သက်ဆိုင်ရာဌာနအဖွဲ့အစည်းသို့ လူကိုယ်တိုင် (သို့မဟုတ်) ဆက်သွယ်ရေးစနစ်ဖြင့် လျင်မြန်စွာဆောင်ရွက်ပေးကြရန် ရှင်းလင်းပြောကြားသည်။ **အောင်လှဖြူ(ရမ်းဗြဲ)**

# မီးဘေးကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ညောင်ဦး ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ ၂၀၁၉ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် (၇၃)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အတွင်း နွေရာသီကာလ ဒေသခံပြည်သူများ မီးဘေးကြိုတင်ကာကွယ်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိနိုင်ရန်နှင့် မီးလောင်မှုဖြစ်စဉ်များ လျော့နည်းကျဆင်းစေရေးအတွက် ဒုတိယမီးသတ်ဦးစီးမှူး ဦးကောင်းထက်နိုင်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့နံနက်တွင် လူစည်ကားရာ ညောင်ဦးမြို့ မဏိစည်သူဈေးအနီးသို့ သွားရောက်ပြီး ဈေးရောင်း၊ ဈေးဝယ် ပြည်သူများနှင့် ခရီးသွားပြည်သူများအား မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များလိုက်လံဖြန့်ဝေခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

# မိုင်းအန္တရာယ်ဆိုင်ရာ အသိပညာပေး

**ဘူးသီးတောင် ဧပြီ ၂၉**

မောင်တောခရိုင် ဘူးသီးတောင်မြို့၌ လူမှုဝန်ထမ်းဦးစီးဌာန CFSI နှင့်Unicef တို့ ပူးပေါင်း၍ ယနေ့နံနက်က မိုင်းအန္တရာယ်အသိပညာပေးခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ဘူးသီးတောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် CFSI နှင့် Unicef တို့မှ တာဝန်ရှိသူများက မိုင်းအန္တရာယ်အသိပညာပေးခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ မြေမြှုပ်မိုင်းများနှင့် စက်ကျန်လက်နက်ပစ္စည်းများ၏ အကျိုးသက်ရောက်မှု၊ မိုင်းအန္တရာယ်အသိပညာပေး (ပုံပြင်ကားချပ်များ၊ စာစောင်များ၊ ရေဒီယိုအစီအစဉ်များနှင့် သရုပ်ပြကွက်)များကို ဆွေးနွေးခဲ့ကြကာ ကလေးများအတွက် မိုင်းပညာပေးဇာတ်လမ်း၊ မိုင်းအန္တရာယ်သတိပြု အန္တရာယ်ကင်းစွာနေထိုင်ပါ စသည့် လက်ကမ်းစာစောင်များကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သက်ငယ်မုဒိမ်း မဖြစ်ပွားစေရေး အသိပညာပေး

**ပျဉ်းမနား ဧပြီ ၂၉**

နေပြည်တော်ကောင်စီနယ်မြေ၌ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခြင်းကို ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့တောင်သာကျေးရွာအုပ်စု သူဌေးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးမြင့်နိုင်၊ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ် သက်နိုင်ဦးတို့က ဟောပြောရာ အုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်လွင်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**

# ဟိုင်းကြီးကျွန်းတွင် ရေတားကျောက်စီတမံတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

ရောဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက် ကပ္ပလီကမ်းခြေတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ရန်ပုံငွေ ကျပ်သန်း ၂၅၀ ဖြင့် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်တည်ဆောက်လျက်ရှိသော ရေတားကျောက်စီတမံ တည်ဆောက်ရေး လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇော်ရွှေ၊ ငပုတောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်း၊ ငပုတောမြို့နယ် လမ်းဦးစီးဌာနမှ AE ဦးအေးချိုတို့က ဧပြီ ၂၈ ရက်တွင် အပြီးသတ်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

**ရာနှုန်းပြည့်ပြီးစီး**

အဆိုပါ ရေတားကျောက်စီတမံကို ရောဝတီတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဇန်နဝါရီ ၂၁ ရက်က စတင်တည်ဆောက်ခဲ့ပြီး ဧပြီ ၂၆ ရက်တွင် ရာနှုန်းပြည့် ပြီးစီးခဲ့ခြင်းဖြစ်သည်။ ရေတားကျောက်စီတမံ တည်ဆောက်ရာတွင် ကမ်းခြေအလျား ပေ ၉၇၀ ၌ မြေအနက်သုံးပေခွဲ အကျယ် ၃၁ ပေ မြေကြီးတူးခြင်း လုပ်ငန်းများ ဆောင်ရွက်၍ အောက်ခြေကြမ်းခင်းကို ဝါးထရံခင်းပြီး ကျောက်ကြီး တစ်ပေထု ခင်းကာ နိုင်လွန်ပိုက်များအုပ်ထားသော ကျောက်ကြီးများကို တစ်ပေထု ထပ်မံခင်းထားခဲ့ကြောင်း၊ အဆိုပါ နှစ်ပေထု ဖောင်ဒေးရှင်းအထက်တွင် အမြင့်(၅)ပေကို ကျောက်ကြီးများဖြင့် အရှေ့အနောက် ဆင်ခြေလျှောပုံစံစီထားရာ ကမ်းခြေဘက်ခြမ်းမှာ ဆင်ခြေလျှော ပြေပြစ်ပြီး အတွင်းဘက်တွင် မတ်စောက်သည့် ပုံသဏ္ဌာန်မျိုးဖြစ်ကြောင်း၊ ကျောက်စီတမံနှင့် ပင်လယ်ကမ်းခြေကြား အရှည်ပေ ၉၅၀၊ အကျယ် ၂၅ ပေ နေရာတွင် ရေလှိုင်းအရှိန်ကို ဟန့်တားနိုင်ရန် ဒေသထွက် အုန်းပင်တိုင်များ စိုက်ထူထားရှိကြောင်း၊ တမံတည်ဆောက်စဉ်က မြေကြီးတူးရာမှ ထွက်ရှိ လာသည့် သဲများကိုလည်း ရေတားတမံ၏ရှေ့ဘက်ရှိ အုန်းတိုင်များကြား၌ တမံနှင့်ပင်လယ်ရေလှိုင်း ချက်ချင်းမထိတွေ့နိုင်စေရန် ယာယီအရံအတားအဖြစ် ခင်းပေးထားခဲ့ကြောင်း တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်ဇော်ထံမှ သိရသည်။

**အန္တရာယ်ရှိသောရေဘေးကိုကာကွယ်နိုင်ခဲ့**

ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက်ရှိ ကပ္ပလီပင်လယ်ကမ်းခြေမှာ လွန်ခဲ့သော ၂၀၁၇ ခုနှစ်အတွင်းမှစတင်၍ မိုးတွင်းကာလများနှင့် ရာသီဥတုဆိုးရွားသည့် အချိန်များတွင် ပင်လယ်ရေလှိုင်းရိုက်ခတ်မှုကြောင့် ကမ်းခြေကို ရေတိုက်စားခံရမှုမှာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာခဲ့ကာ လူနေအိမ်အချို့ ထိခိုက်ပျက်စီးသည်အထိဖြစ်ခဲ့သည့်နေရာလည်းဖြစ်သည်။ ကပ္ပလီကမ်းခြေကို ပင်လယ်ရေတိုက်စား၍ ကမ်းခြေကျိုးပေါက်ပါက အနောက်ဘက်ရှိ လယ်ကွင်းများအတွင်းသို့ ပင်လယ်ဒီရေ ဝင်ရောက်လာနိုင်ပြီး ထိုမှတစ်ဆင့် ရိုးများ၊ ချောင်းငယ်များအတွင်းသို့ ပင်လယ်ရေ ဝင်ရောက်သွားမည်ဆိုပါက ဟိုင်းကြီးကျွန်းမြို့အတွက် ဆိုးရွားသော အခြေအနေတစ်ခု ဖြစ်ပေါ်လာနိုင်သော နေရာတစ်ခုဖြစ်သည့်အတွက် တိုင်းဒေသကြီး အစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် ရေတားကျောက်စီတမံကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။



မူလက ကပ္ပလီကမ်းခြေ၏ ပင်လယ်ရေ တိုက်စားခြင်းခံနေရသော အရှည်ပေ ၆၀၀၀ ကို ရေတားကျောက်စီတမံတည်ဆောက်ရန် တင်ပြထားခဲ့ သော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘတ်ဂျက်အခြေအနေအရ အရှည်ပေ ၉၇၀ ကိုသာ ခွင့်ပြုပေးနိုင်ခဲ့၍ ဒေသခံအများစုနေထိုင်သည့် အဓိကအန္တရာယ်ဖြစ်စေနိုင်သော ရေဘေးကို ကာကွယ်နိုင်ရန် ဆောင်ရွက်ခဲ့သည်။



တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့ တမံတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**မိုးတွင်းကာလတွင် စောင့်ကြည့်ရန်လို**

ရေတားကျောက်စီတမံ တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ဒေသအတွက် မိုးတွင်းကာလများတွင် ယခင်ကထက် ပင်လယ်ရေလှိုင်းရိုက်ခတ်မှုဒဏ်မှ များစွာသက်သာသွားမည်ဖြစ်ပြီး မိုးတွင်းကာလတောက်လျှောက်တွင် တမံ၏အခြေအနေကို စောင့်ကြည့် မှတ်တမ်းတင်ထားရန် လိုကြောင်း၊ ထူးခြားမှုရှိပါက ချက်ချင်း သတင်းပို့တင်ပြခြင်းများ ဆောင်ရွက်ရန်လိုကြောင်း ဒေသခံများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ငပုတောမြို့နယ် လမ်းဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာကလည်း ပင်လယ်ကမ်းခြေတွင် တည်ဆောက်ထားသော ရေတားကျောက်စီတမံဖြစ်၍ တည်ငြိမ်မှုအားကောင်းပြီး ခိုင်ခံ့သော်လည်း ရာသီဥတုအခြေအနေများကြောင့် ကျောက်တန်း၏ခြေရင်း၌ ရေလှိုင်းစားခံရသည့်လက္ခဏာမျိုး တွေ့ရှိလာပါက သက်ဆိုင်ရာသို့ အချိန်မီအကြောင်းကြားပေးကြရန် လိုအပ်ကြောင်းနှင့် အကယ်၍ သိရှိမှုနောက်ကျခဲ့ပါက ပျက်စီးဆုံးရှုံးမှုများနိုင်သည့်အပြင် မိုးတွင်းကာလများတွင် မလိုလားအပ်သည့် အခြေအနေမျိုး ဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးပြောကြားသည်။

**ယခုနှစ်တွင် ဆက်လက်တည်ဆောက်ရန်မရှိ**

တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တွေ့ဆုံရာတွင် ကျန်ရှိနေသောနေရာများတွင် တမံ ဆက်လက်တည်ဆောက်ပေးရန် ရှိမရှိကို ဒေသခံများက မေးမြန်းဆွေးနွေးကြရာ လက်ရှိတည်ဆောက်ပြီးသည့် အရှည် ပေ ၉၇၀ အပြင် ကျန်ရှိနေသည့် ကမ်းခြေ၏အစိတ်အပိုင်းများကို ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးနိုင်မည့်အခြေအနေ မရှိနိုင်သေးကြောင်းနှင့် ငပုတောမြို့နယ်အတွင်း အခြားလိုအပ်ချက်များ ရှိနေသေးသည့် ကျေးရွာများသို့ စီစဉ်ဆောင်ရွက်ပေးနေရခြင်းကြောင့် ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ပြောကြားသည်။

**လူနေအိမ်များဆောက်လုပ်ရန် ခွင့်မပြု**

ယခု တမံတည်ဆောက်ပြီးသော ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက်၊ ကပ္ပလီကမ်းခြေအနီး၌ အိမ်ခြေ(၅၅)လုံး၊ အိမ်ထောင်စု(၅၄)စုခန့်ရှိကာ များသောအားဖြင့် ကမ်းနီးငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးကြသည်။ လယ်လုပ်ငန်းလုပ်ကိုင်သူ လူနည်းစုလည်းရှိသည်။ ဒေသခံအိမ်ထောင်စုများအပြင် ရေလုပ်ငန်းလုပ်ကိုင်ရန် ယာယီပြောင်းရွှေ့ကာ လာရောက်နေထိုင်ကြသော အိမ်ထောင်စုများလည်း ရှိသည့်အတွက် ကမ်းခြေတစ်လျှောက် အဆင်ပြေသည့်နေရာများတွင် နေအိမ်များတည်ဆောက်နေထိုင်မှုများရှိရာ ယခုတည်ဆောက်ပြီးစီးသွားပြီ ဖြစ်သော ရေတားကျောက်စီတမံနှင့် ကပ်လျက်သော်လည်းကောင်း၊ တမံလျှောက်လမ်းပေါ်တွင်လည်းကောင်း လူနေအိမ်များ ဆောက်လုပ်နေထိုင်ခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

**လုံခြုံစွာနေထိုင်နိုင်ပြီ**

ပြီးခဲ့သည့် မိုးတွင်းကာလများက လေပြင်းများ တိုက်ခတ်ပြီး လှိုင်းလေပြင်းထန်ခြင်းကြောင့် ကမ်းခြေကို ရေတိုက်စားခံရကာ ယာယီပြောင်းရွှေ့နေထိုင်မှုများ မကြာခဏ ပြုလုပ်ခဲ့ကြရ၍ ပြည်သူများအနေဖြင့် ဒုက္ခရောက်ခဲ့ကြရသော်လည်း ယခု ရေတားကျောက်စီတမံကို တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်၍ ယခုနှစ် မိုးတွင်းကာလတွင် ဒေသခံအိမ်ထောင်စုများအနေဖြင့် ကမ်းပြိုကျခြင်း၊ နေအိမ်များ ရွှေ့ပြောင်းရခြင်းတို့ မရှိတော့ဘဲ လုံခြုံစွာ နေထိုင်လုပ်ကိုင် စားသောက် နိုင်တော့မည်ဖြစ်ပေသည်။ ။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက နာဂဒေသရှိ ကျေးရွာနှစ်ရွာသို့ ထောက်ပံ့ပစ္စည်းများပေးအပ်

**ခန္တီး ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ခမောင်းကျေးရွာနှင့် မက်ထောင်ကျေးရွာတို့ရှိ ပြည်သူများကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဆန်အိတ်၊ ပဲနှင့် ဆားများကို ဧပြီ ၂၇ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခမောင်းကျေးရွာသည် ခန္တီးမြို့မှ(၈၆)မိုင်အကွာနှင့် မက်ထောင်ကျေးရွာသည် (၉၁) မိုင်အကွာတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသတစ်ခုဖြစ်သလို နှစ်စဉ် စိုက်ပျိုးသော တောင်ယာစပါးသီးနှံများမှာလည်း သီးနှံဖျက်ပိုးများကျရောက်၍ အထွက်နှုန်းကျဆင်းမှုကြောင့် ဒေသခံတောင်သူများမှာ ဝမ်းစာဖူလုံခြင်းမရှိဘဲ အခက်အခဲများ ဖြစ်ပေါ်နေသဖြင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက သွားရောက်ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာတွင် ခမောင်းကျေးရွာနှင့် မက်ထောင်ကျေးရွာတို့မှ အိမ်ထောင်စု ၉၀ အား အိမ်ထောင်စုတစ်စုလျှင် ၂၄ ပြည်ပါ ဆန်အိတ် တစ်အိတ်၊ ပဲ နှစ်ပြည်နှင့် ဆား ၅၀ ကျပ်သားပါ သုံးထုပ်စီကို ထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း ထောက်ပံ့ရေးပစ္စည်းများ သွားရောက်ပေးအပ်သူ ကိုအောင်ဆန်းမြင့်၏ ပြောကြားချက်အရသိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**




## နမ့်ခမ်းမြို့၌ မြန်မာ့သိုင်း၊ ဂီတနှင့် အင်္ဂလိပ်စာသင်တန်းများ သင်တန်းဆင်း



မြန်မာ့သိုင်းသင်တန်းဆင်း ကျောင်းသား ကျောင်းသူများ သရုပ်ပြစဉ်။

**နမ့်ခမ်း ဧပြီ ၂၉**

နမ့်ခမ်းမြို့နယ်ရှိ ကျေးဇူးကမ္ဘာ ကိုယ်ပိုင်အထက်တန်းကျောင်းမှ စီစဉ်ဖွင့်လှစ်ခဲ့သည့် မြန်မာ့သိုင်း၊ ဂီတပညာနှင့် အင်္ဂလိပ်စာ Four Skill နွေရာသီသင်တန်းများ ဆင်းပွဲကို ဧပြီ ၂၈ ရက်က အဆိုပါ ကိုယ်ပိုင်အထက်တန်းကျောင်း ပင်လုံခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းရွှေမုံက နွေရာသီသင်တန်းများအဖြစ် မြန်မာ့သိုင်း၊ ဂီတပညာနှင့် အင်္ဂလိပ်စာ Four Skill သင်တန်းများ ဖွင့်လှစ်ခဲ့သည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် သင်တန်းသူ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။ သင်တန်းကို မတ် ၇ ရက်မှ ဧပြီ ၂၈ ရက်အထိ (၂)လနီးပါး ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသူ သင်တန်းသား ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဘဦး(ပြန်/ဆက်)**

## မြောက်ဦးမြို့၌ ဒုတိယအကြိမ် စာဖတ်ဝိုင်းပြုလုပ်

**မြောက်ဦး ဧပြီ ၂၉**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာပေဝါသနာပါသူ၊ စာဖတ်ဝါသနာပါသူများ စုစည်းကာ ဒုတိယ အကြိမ်မြောက် စာဖတ်ဝိုင်းကို ဧပြီ ၂၈ ရက်က ပြုလုပ်ခဲ့သည်။

စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်ရွှေက စာဖတ်ဝိုင်းကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြောက်ဦးမြို့ရှိ စာအုပ်စာပေချစ်မြတ်နိုးသူများ အဖွဲ့ဝင်များက စာရေးဆရာမ ဒေါက်တာမတင်ဝင်း ရေးသားသော အလုပ်ဆိုတာ အင်အားပါ စာအုပ်ကို ဖတ်ရှု၍ စာအုပ်တွင်ပါသော အကြောင်းအရာများနှင့်ပတ်သက်၍ မိမိတို့၏ထင်မြင်ယူဆချက်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ ပုဂံ-ညောင်ဦးမြို့သို့ ဒေသစာရီကြွချီပူဇော်ခံ



**ညောင်ဦး ဧပြီ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ စုပေါင်းအင်အားဖြင့် တည်ထားကိုးကွယ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့မှ မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦး မြို့သို့ ပင့်ဆောင်ပူဇော်ခံသည်။

စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့အား ယနေ့နံနက်ပိုင်းက မကွေးမြို့ မကွေးမြသလွန်စေတီတော်ရင်ပြင်ရှိ မဟာဝိဇယရံသီ တန်ဆောင်း၌ ဆရာတော်သံဃာတော်များက ဘုရားအနေကဇာတင် ရွတ်ဖတ်ပူဇော်ကြပြီး ဆရာတော်သံဃာတော်များအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

စကျင်ဗုဒ္ဓရုပ်ပွားတော်များအား မကွေးမြို့မှ ညောင်ဦးမြို့သို့ ပင့်ဆောင်ပူဇော်ရာ လမ်းတစ်လျှောက်တွင် ရဟန်းရှင်လူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက မိမိတို့မြို့နယ် ကျေးရွာများတွင် စည်ကားလိုက်လှဲစွာဖြင့် ကြိုဆိုဖူးမြော်ကြပြီး စေတီတော်ကြီး တည်ထားကိုးကွယ်ရေး အလှူငွေများ လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ပုဂံ-ညောင်ဦးမြို့သို့ ရောက်ရှိရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရွှေစည်းခုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဝတ်အသင်းအဖွဲ့များက ညောင်ဦးမြို့တွင် ကြိုဆိုဖူးမြော်ကြပြီး အံ့ဖွယ်ကိုးစုံ ရွှေစည်းခုံစေတီတော်မြတ်ကြီးရင်ငွေ့လှုံကာ မဟာဝေဇယန္တာခမ္မဝိမာန်ရှေ့ ယာယီစံကျောင်းတွင် ဒေသခံပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် ပူဇော်ခံထားရှိသည်။

ညပိုင်းတွင် ညောင်ဦးမြို့ ရွှေစည်းခုံဘုရားဝင်း ဝေဇယန္တာဝိမာန်တွင် ရွှေပါရမီ တောရဆရာတော် အရှင်ဆန္ဒာဓိက က ငြိမ်းချမ်းရေးတရားတော်ကို ဟောကြားချီးမြှင့်ရာ ရဟန်းရှင်လူ ပြည်သူများက တရားတော်ကို ရိုသေစွာ နာယူကြည်ညိုကြသည်။

**ဟန်လင်းနိုင်**

# ဓာတ်အားပြတ်တောက်မှုမရှိစေရေး ၁၁ ကေဗွီ Pannel နှင့် ဖီဒါအသစ်တစ်လုံးတပ်ဆင်ပေး

**ကျောက်ဆည် ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် ဓာတ်အားပြတ်တောက်မှု မရှိစေရေးအတွက် တောင်နံ့သာရပ်ကွက်ရှိ ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ငှက္ကတောင်ဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်လျက်ရှိသော ၁၁ ကေဗွီ၊ ရွှေသာလျောင်းဖီဒါမှ ၁၁ ကေဗွီ Pannel အသစ်တစ်လုံးနှင့် ဖီဒါအသစ်တစ်ခုကို ဧပြီ ၂၉ ရက်က တည်ဆောက်ပြီး ဓာတ်အားခွဲထုတ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ၁၁ ကေဗွီ Pannel အသစ်တစ်လုံးနှင့် ဖီဒါအသစ် ခွဲထုတ်တပ်ဆင်ပေးမှုကြောင့် ဖောင်ရွာ၊ ဘောဂဝတီရပ်ကွက်မှ မြို့၏ တောင်ဘက်ခြမ်း မြို့ဦးရပ်ကွက်၊ ထို့မှတစ်ဆင့် ရှမ်းရွာကြီးနှင့် မြင်စိုင်းကျေးရွာများအထိလည်းကောင်း၊ မြို့၏ မြောက်ဘက်ခြမ်းရှိ သစ်ကြီးတန်းရပ်ကွက်မှ ထန်းဇင်တော်၊ အရှေ့ငယ်တိုးစသည့် ကျေးရွာများတွင်လည်းကောင်း နွေရာသီ လျှပ်စစ်ဓာတ်အားပိုမိုသုံးစွဲမှုကြောင့် ဝန်အားတက်လာကာ Over Current ဖြစ်၍ မကြာခဏ ဓာတ်အား ပြတ်တောက်မည့်ရန်မှ ကာကွယ်နိုင်ပြီး လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း ခရိုင်လျှပ်စစ်မန်နေဂျာ ဦးမင်းမင်းက ရှင်းလင်းပြောကြားသည်။



**၁၁ ကေဗွီ Pannel နှင့် ဖီဒါတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။**

အဆိုပါ ၁၁ ကေဗွီ Pannel နှင့် ဖီဒါ အသစ်တည်ဆောက်မှုကို နိုင်ငံတော်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေများထဲမှ ငွေကျပ် ၂၅ သန်း အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း လျှပ်စစ်မန်နေဂျာ၏ ပြောကြားချက်အရ ထပ်မံသိရှိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၂၉**

နေပြည်တော်နှင့် ရန်ကုန်မြို့ တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ် အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ထိုင်း၌ကျင်းပသည့် နိုင်ငံတကာရေကူးပြိုင်ပွဲ မြန်မာမှ Aqua King ရေကူးအသင်း ဆုတံဆိပ်များ ဆွတ်ခူးရရှိ

**ရန်ကုန် ဧပြီ ၂၉**

ထိုင်းနိုင်ငံ ဖူးခက်မြို့၌ ဧပြီ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် BISP Flying Fish Invitational Swim Meet ဖိတ်ခေါ်ရေကူးပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် Aqua King Swimming Club (Myanmar) အသင်း မျိုးဆက်သစ်လူငယ်မောင်မယ်များသည် ရွှေ ၁၆ ခု၊ ငွေခုနှစ်ခု၊ ကြေးရှစ်ခုနှင့် အသင်းလိုက်တတိယ အမှတ်အများဆုံးဆု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲ၌ မျိုးဆက်သစ်လူငယ်ရေကူးမောင်မယ်များသည် အမျိုးသားပြိုင်ပွဲများတွင် အသက် ၁၇ နှစ်အောက် ပြိုင်ပွဲတွင် အံ့ခေါင်ထွန်းက ငွေတစ်ခု၊ အသက် ၁၅ နှစ်အောက်တွင် ပိုင်စစ်မှူး ငွေတစ်ခု၊ ကြေးတစ်ခု၊ အောင်ကောင်းမြတ်က ရွှေနှစ်ခု၊ အသက် ၁၃ နှစ်အောက်တွင် လင်းမြတ်သူက ရွှေခုနှစ်ခု၊ အောင်ထက်ခိုင်က ရွှေတစ်ခု၊ ကြေးတစ်ခု၊ ခွန်ရဲထက်က ရွှေတစ်ခု၊ ကြေးတစ်ခု၊ အသက် ၁၁ နှစ်အောက်တွင် ကောင်းပြည့်ကျော်က ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု၊ အမျိုးသမီးပြိုင်ပွဲ၌ အသက် ၁၇ နှစ်အောက်တွင် နန်းချမ်းမြေ့ဝသုန်က ကြေးတစ်ခု၊ သင်းနန္ဒီစိုးက ကြေးတစ်ခု၊ အသက် ၁၃ နှစ်အောက်တွင် သွန်းမိုးမေက ရွှေလေးခု၊ ငွေနှစ်ခု၊ ယွန်းဖြိုးနဒီက ရွှေတစ်ခု၊ ဘုန်းသက်ရှင်က ငွေနှစ်ခု၊ ကြေးတစ်ခု၊ မြတ်နိုးကြယ်စင်က ကြေးတစ်ခု အသီးသီး ဆွတ်ခူးရရှိခဲ့ကြပြီး အသက် ၁၂ နှစ်အောက် ရေကူးအကောင်းဆုံးကစားသမားဆုကို သွန်းမိုးမေက ပထမ၊ လင်းမြတ်သူက ဒုတိယ ရရှိခဲ့ကြကြောင်း သိရသည်။ မြန်မာအသင်းသည် ပြိုင်ပွဲတွင် အသက် ၈ နှစ် အောက်၊ ၁၀ နှစ်အောက်၊ ၁၂ နှစ်အောက်၊ ၁၄ နှစ်အောက်၊ ၁၇ နှစ်အောက်၊ အတန်းငါးတန်း ကစားသမားအမျိုးသားခုနစ်ဦး၊ အမျိုးသမီးခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါ ပြိုင်ပွဲတွင် ထိုင်း၊ မြန်မာ၊ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ လာအိုမှ အသင်း ၁၇ သင်းနှင့် ရေကူးကစားသမား စုစုပေါင်း ၄၈၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ မြန်မာနိုင်ငံမှ Aqua King Swimming Club မြန်မာရေကူးအသင်းသည် ဧပြီ ၃၀ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**အေကေလင်း**



## တန့်ယန်းမြို့နယ်မှ တောင်သူများအား ငမြှောင်တောင်ပိုးကာကွယ်နှိမ်နင်းရေး ပညာပေး

**တန့်ယန်း ဧပြီ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်မှ တောင်သူများအား စိုက်ပျိုးသီးနှံများတွင် ကျရောက်တတ်သော ငမြှောင်တောင်ပိုးအန္တရာယ် ကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးပြီး ဧပြီ ၂၈ ရက်က မန်ကတ်ကျေးရွာနှင့် နမ့်ဟူးလွယ်ကာကျေးရွာတို့၌လည်းကောင်း၊ ဧပြီ ၂၉ ရက်က မိုင်းပါတ်ကျေးရွာ၌လည်းကောင်း ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှစိုးဝင်းနှင့် ဝန်ထမ်းများက စိုက်ပျိုးသီးနှံများတွင် ကျရောက်တတ်သော ငမြှောင်တောင်ပိုးအန္တရာယ်အကြောင်း၊ ပိုးကျရောက်မှုမရှိအောင် ကာကွယ်တားဆီးရေးနှင့် ပိုးကျရောက်ခဲ့လျှင် နှိမ်နင်းရေးဆိုင်ရာ အသိပညာဗဟုသုတများကို ရုပ်ပုံကားချပ်များနှင့်အတူ အသေးစိတ် ရှင်းလင်းဟောပြောခဲ့ကြပြီး ဒေသခံ တောင်သူလယ်သမားများ သိရှိလိုသည်များကိုလည်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ထို့နောက် ဟောပြောပွဲသို့တက်ရောက်လာကြသော တောင်သူလယ်သမားများထံသို့ စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်ဝေထားသည့် အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း အခမဲ့ ဖြန့်ဝေပေးခဲ့ကြသည်။

တန့်ယန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆက်လက်၍လည်း မြို့နယ်အတွင်းရှိ ကျေးရွာများသို့ အခါအားလျော်စွာ ကွင်းဆင်းကာ ငမြှောင်တောင်ပိုးအန္တရာယ် ကာကွယ်နှိမ်နင်းနည်းများကို အသိပညာပေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

## ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ဟားခါး ဧပြီ ၂၉**

ချင်းပြည်နယ်၏ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဦးစီးဌာနနှင့် ချင်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ချင်းပြည်နယ် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲကို ချင်းပြည်နယ်စီမံကိန်းဦးစီးမှူးရုံး သင်တန်းခန်းမ၌ ဧပြီ ၂၉ ရက်က စတင်ကျင်းပခဲ့ပြီး ၄ ရက်ကြာ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။



ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပစဉ်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် ချင်းပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးအောင်ဖြိုးက အလုပ်ရုံဆွေးနွေးပွဲကျင်းပသည့် ရည်ရွယ်ချက်များနှင့် ဒေသတွင်း ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းဆွေးနွေး အကြံပေးစေလိုသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်း အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဦးဆောင်ဆွေးနွေးသူ ITC မှ အကြီးတန်းအကြံပေး Dr. Nicole Hausler ၊ ဒေါ်ဝင်နီတို့နှင့်အတူ တက်ရောက်လာကြသူများက ချင်းပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ၊ လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များ၊ ချင်းပြည်နယ်အတွင်း ဟိုတယ်လိုင်စင်ရယူခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေး စသည်တို့ အပါအဝင် ခရီးသွားလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးနှင့် ဆက်စပ်လုပ်ငန်းများနှင့်ပတ်သက်၍ ဝိုင်းဖွဲ့ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၂၉ ရက်မှ မေ ၃ ရက်အထိ မေ ၁ ရက်နေ့တွင် ပိတ်၍ စုစုပေါင်း လေးရက် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယခုပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲမှာ ချင်းပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကော်မတီ၏ ပထမဆုံးအကြိမ် ကျင်းပပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲဖြစ်ကြောင်း၊ အလုပ်ရုံ ဆွေးနွေးပွဲသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သူများနှင့် ခရီးသွားလုပ်ငန်းကို စိတ်ပါဝင်စားသူများ တက်ရောက်ကြကြောင်း သိရသည်။

**မြင့်နိုင်စိုး (ထီးလှိုင်မြေ)**

## စလင်းမြို့၌ မူခင်းကျဆင်းရေး ပညာပေးဟောပြော

**စလင်း ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကြို့ဝန်းကြီးရွာအုပ်စု တည်ဘိုကန်ကျေးရွာမှ ပြည်သူများအား မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို စလင်းမြို့မစခန်း၏ စီစဉ်မှုဖြင့် ရွာဦးဘုန်းတော်ကြီးကျောင်း၌ ဧပြီ ၂၈ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် စလင်းမြို့မရဲစခန်းမှူး ဒုရဲအုပ်သန်းဇော်၊ ဥပဒေအရာရှိ ဦးစောနိုင်ဦးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်(စလင်း)မှ ရဲတပ်ကြပ်ကြီးဇင်မင်းထိုက်တို့က ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဆိုင်ရာ သိကောင်းစရာများ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးတိုက်ဖျက်ရေး၊ မုဒိမ်းမှုနှင့် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားခြင်းမရှိစေရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်နှင့် တားဆီးနှိမ်နင်းရေး စသည့် အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့ကြပြီး ဟောပြောပွဲသို့ ဒေသခံပြည်သူ အင်အား ၃၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ဘိုကလေးမြို့နယ် စာကြည့်တိုက်များဖောင်ဒေးရှင်း စတင်ဖွဲ့စည်း

**ဘိုကလေး ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းက ကြီးမှူး၍ ဘိုကလေးမြို့နယ်၌ စာကြည့်တိုက်များဖောင်ဒေးရှင်း ဖွဲ့စည်းခြင်းနှင့် ဖောင်ဒေးရှင်းအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ပွဲကို ဧပြီ ၂၉ ရက်က ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည် ။

မြို့နယ်စာကြည့်တိုက်ဖောင်ဒေးရှင်း ဖွဲ့စည်းပွဲတွင် ဘိုကလေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက အမှာစကားပြောကြားပြီး၊ တိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌဦးသန်းမြင့်က စာကြည့်တိုက်ဖောင်ဒေးရှင်းအကြောင်းကိုလည်းကောင်း၊ မြို့နယ်ပြန်ဆက်ဦးစီးမှူး ဦးတင်ရွှေက မြို့နယ်အတွင်းမှ စာကြည့်တိုက်များ၏ လက်ရှိအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘိုကလေးမြို့နယ် စာကြည့်တိုက်ဖောင်ဒေးရှင်းကို ဖွဲ့စည်း၍ အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ရာ ဥက္ကဋ္ဌအဖြစ် ဦးကြည်စိုး၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်စု (ကဗျာဆရာ)၊ အတွင်းရေးမှူး ရှေ့နေဦးစန်းလွင်၊ ဘဏ္ဍာရေးမှူး ဒေါက်တာရဲဖြိုးကျော်၊ စာရင်းစစ် ဒေါ်ခင်ခင်ကြီး(သက်ထားညွှန့် -ဘိုကလေး)တို့ အပါအဝင် နာယက ငါးဦးနှင့် အဖွဲ့ဝင် ၁၁ ဦးကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီး စာကြည့်တိုက်ဖောင်ဒေးရှင်းမှကြီးကြပ်၍ ဧပြီ ၂၈ ရက်ကလည်း ဖျာပုံမြို့နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းကို ဖွဲ့စည်းပေးခဲ့သလို ဧပြီ ၂၉ ရက်တွင်လည်း မော်လမြိုင်ကျွန်းမြို့နယ် စာကြည့်တိုက်ဖောင်ဒေးရှင်းကို ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ နားအယ်-၂ ကျေးရွာအတွက် အိမ်သုံးဆိုလာများ ပေးအပ်

**မိုင်းဖြတ် ဧပြီ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် နမ့်ယွန်းကျေးရွာအုပ်စု နားအယ်-၂ ကျေးရွာမှ ပြည်သူ အိမ်ထောင်စု ကိုးစုအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပေးအပ်လှူဒါန်းသည့် အိမ်သုံးဆိုလာပြားများကို မြို့နယ်တာဝန်ရှိသူများက အဆိုပါ အိမ်ထောင်စုများထံသို့ ဧပြီ ၂၉ ရက်က လွှဲပြောင်းပေးအပ်ခဲ့သည်။

မိုင်းဖြတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆိုလာပြားများပေးအပ်ပွဲတွင် ပြည်နယ်အစိုးရအဖွဲ့မှ ပေးအပ်လှူဒါန်းသည့် တစ်စုံလျှင် ကျပ်တစ်သိန်းခွဲခန့် တန်ဖိုးရှိ 80-W အိမ်သုံးဆိုလာ ကိုးစုံကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးစိုင်းကျောက်နှင့် ဦးအားကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်တို့က ကျေးရွာအုပ်စုချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

## ငါ့သရောက်မြို့ ဗိုလ်ချုပ်ဈေး၌ မီးဘေးလုံခြုံမှုရှိစေရန် ကွင်းဆင်းစစ်ဆေး

**ငါ့သရောက် ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့ဗိုလ်ချုပ်ဈေး၌ မီးဘေးအန္တရာယ် လုံခြုံမှုရှိစေရန်အတွက် ငါ့သရောက်မြို့အုပ်ချုပ်ရေးမှူး၊ နယ်မြေ မီးသတ်တပ်ဖွဲ့စခန်းမှ တာဝန်ခံနှင့် ဝန်ထမ်းများက ဧပြီ၂၉ ရက်က လိုက်လံကွင်းဆင်းစစ်ဆေးကာ ဈေးဆိုင်ရှင်များကိုလည်း မီးဘေးကာကွယ်ရေး ပညာပေးဟောပြောခဲ့သည်။

ငါ့သရောက်မြို့အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းနှင့်အတူ မြို့နယ်လျှပ်စစ် တာဝန်ခံမန်နေဂျာ ဦးထန်လျှန်းမာန်၊ နယ်မြေခံရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်ဇင်မင်းထိုက်နှင့် ဝန်ထမ်းများ၊ ငါ့သရောက်နယ်မြေမီးသတ်တပ်ဖွဲ့မှ တာဝန်ခံ ဦးကျော်တေဇနှင့် မီးသတ်ဝန်ထမ်းများက ဈေးအတွင်း ဆွေးမြည့်ဟောင်းနွမ်းနေသော ဝိုင်ယာကြိုးများကို ဆက်လက်အသုံးမပြုဘဲ အရည်အသွေးပြည့်ဝသည့် ဝိုင်ယာကြိုးများလဲလှယ်စေခြင်း၊ မီးပလပ်ခုံများ ပျက်စီးနေပါက ပြင်ဆင်ပြီးမှ အသုံးပြုရန်နှင့် ဈေးဆိုင်ခန်းတိုင်းတွင် မီးသတ်ဈေးဘူးများဆောင်ထားရန် စသည်တို့ကို လိုက်လံစစ်ဆေး၍ ဆိုင်ရှင်များအား စည်းရုံးဟောပြောကာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်ကမ်း စာစောင်များလည်း ဝေငှပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**



**နေပြည်တော်မိသားစု ပရဟိတအသင်း၏ (၄၁)ကြိမ်မြောက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဧပြီ ၂၈ ရက် နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်ရှိ ရွှေစေတီတောရကျောင်းအတွင်း၌ ဆောင်ရွက်ပေးနေစဉ်။** (နေပြည်တော်မိသားစု ပရဟိတအသင်းသည် တစ်လလျှင် နှစ်ပတ် တနင်္ဂနွေနေ့များတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရား၊ စေတီ၊ ဘုန်းကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ယခုတစ်ပတ် စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာတွင် အသင်းဝင်အင်အား ၂၅ ဦး ပါဝင်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။)

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ထူးချွန်ဆုရကျေးရွာများအား ဆုချီးမြှင့်

**ပုသိမ် ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ ဆယ်မားအူးလ်အွန်ဒုန်စီမံကိန်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း လုပ်ရှားဆောင်ရွက်မှုများတွင် ထူးချွန်ဆုရရှိသော ကျေးရွာများအား ဆုချီးမြှင့်ပွဲကို ဧပြီ ၂၉ ရက်က ပုသိမ်မြို့ရှိ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းက ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာအချင်းချင်း အပြိုင်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာများ ပို၍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ကျေးရွာသူကျေးရွာသားများ၏ စိတ်ဓာတ်ကို ပြင်ဆင်သည့်အနေဖြင့် မှန်ကန်သောနည်းလမ်းများဖြင့် အပြိုင်အဆိုင် ဆောင်ရွက်နိုင်အောင် ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဇော်က မြန်မာဆယ်မားအူးလ်အွန်ဒုန်စီမံကိန်း ဆောင်ရွက်မှုများအပေါ် အကဲဖြတ် သုံးသပ်ချက်များကို တင်ပြဆွေးနွေးသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအရ ကျေးရွာများ၌ ဆောင်ရွက်ခဲ့ကြသည့် လုပ်ငန်းများ၏ ဗွီဒီယိုမှတ်တမ်းခွေကို ပြသပြီး ဆုရရှိကြသည့် စီမံကိန်း (A)အဆင့် ထူးချွန်စံပြကျေးရွာများကို ဝန်ကြီးကလည်းကောင်း၊ စီမံကိန်း(B)အဆင့် ထူးချွန်စံပြကျေးရွာများကို ညွှန်ကြားရေးမှူးကလည်းကောင်း ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ ထို့အပြင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပြုလုပ်သည့် ခေါင်းဆောင်များစာတမ်းဖတ်ပွဲတွင် ဒုတိယဆုရရှိခဲ့သော ပုသိမ်မြို့နယ် ကွက်ပြင်ကြီးကျေးရွာမှ ကျေးရွာခေါင်းဆောင် ဒေါ်သန်းသန်းအေးကိုလည်း တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်ပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## ဘားအံအကျဉ်းထောင်အတွက် သောက်သုံးရေများ သွားရောက်လှူဒါန်း

**ဘားအံ ဧပြီ ၂၉**

ကရင်ပြည်နယ် ဘားအံအကျဉ်းထောင်တွင် လိုအပ်လျက်ရှိသော သောက်ရေနှင့် သုံးရေများကို ကရင်ပြည်နယ် တရားလွှတ်တော်နှင့် စေတနာရှင်များ စုပေါင်း၍ ဧပြီ ၂၉ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်း၊ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်ဝင်းမောင်၊ ပြည်နယ်တရားသူကြီး ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်တရားရေးဦးစီးမှူး (ညွှန်ကြားရေးမှူး)ဒေါ်စိုးဥာဏ်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဘားအံမီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်း၍ သောက်ရေသန့် လီတာ ၂၀ ဝင် ဘူးကြီး ၆၀၀ နှင့်အတူ သုံးရေ ဂါလန် ၁၆၀၀၀ တို့ကို ကရင်ပြည်နယ် အကျဉ်းဦးစီးဌာနမှူး ဦးခင်မောင်ဌေးနှင့် ထောင်တာဝန်ခံအရာရှိ ဦးဇော်မင်းအောင်တို့ထံ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ဒသမတန်း လူရည်ချွန်မောင်မယ်များ လူရည်ချွန်စခန်း(ငွေဆောင်)သို့ ရောက်ရှိ

ငွေဆောင် ဧပြီ ၂၉

**၂၀၁၈ - ၂၀၁၉ ဒသမတန်း လူရည်ချွန်မောင်မယ်များသည် အုပ်ချုပ်သူ ဆရာ ဆရာမများနှင့်အတူ ယနေ့ နံနက်ပိုင်းက ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ထိုမှတစ်ဆင့် လူရည်ချွန်စခန်း(ငွေဆောင်)သို့ ဆက်လက်ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ ရောက်ရှိကြသည်။**

လူရည်ချွန်မောင်မယ်များကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ပုသိမ်ဟိုတယ်၌ ကြိုဆိုနှုတ်ဆက်ပြီး ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**အုပ်စုအလိုက် ပြန်လည်မိတ်ဆက်**

ယင်းနောက် တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ဘက်စုံပညာထူးချွန် အပန်းဖြေစခန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လူရည်ချွန်မောင်မယ်များက အုပ်စုအလိုက် ပြန်လည်မိတ်ဆက်ကြသည်။

ညနေပိုင်းတွင် လူရည်ချွန်မောင်မယ်များသည် လူရည်ချွန်စခန်း(ငွေဆောင်)သို့ ရောက်ရှိကြရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုလဲငွေဆောင်ဟိုတယ်၌ လူရည်ချွန်မောင်မယ်များနှင့် တွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးအား ၁၉၆၄ - ၁၉၈၈ လူရည်ချွန်ကြီးများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**လေ့လာရေးခရီးစဉ်နှင့် ဟောပြောပွဲများ ဆောင်ရွက်သွားမည်**

လူရည်ချွန်စခန်း (ငွေဆောင်)ကို ဧပြီ ၂၉ ရက်မှ မေ ၄ ရက်အထိ ဖွင့်လှစ် သွားမည်ဖြစ်ပြီး လူရည်ချွန်မောင်မယ် များ အပန်းဖြေနေထိုင်စဉ်အတွင်း လေ့လာရေးခရီးစဉ်နှင့် ဟောပြောပွဲများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းသစ်(MNA)**



**ဒသမတန်း လူရည်ချွန်မောင်မယ်များ လူရည်ချွန်စခန်း (ငွေဆောင်)သို့ ရောက်ရှိစဉ်။** ဓာတ်ပုံ-နေလင်း



# အဋ္ဌမတန်း လူရည်ချွန်လူငယ်များ ပုဂံလူရည်ချွန်စခန်းသို့ ရောက်ရှိ

**ပုဂံ ဧပြီ ၂၉**

၂၀၁၉ ခုနှစ် အဋ္ဌမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ကြီးကြပ်သူ ဆရာ ဆရာမများနှင့်အတူ ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်အား လေ့လာကာ မဟာမုနိဘုရားအား ဖူးမြော်ကြည်ညိုကြပြီး ညနေပိုင်းတွင် ပုဂံလူရည်ချွန်စခန်းသို့ ရောက်ရှိကြသည်။

**ဖူးမြော်ကြည်ညို**

အဋ္ဌမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူ ၁၇၈ ဦးသည် ယနေ့ နံနက်ပိုင်းတွင် ကြီးကြပ်သူ ဆရာ ဆရာမများနှင့်အတူ မန္တလေးစုရပ်မှ စတင်ထွက်ခွာ၍ မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်အား လေ့လာကြသည်။ ထို့နောက် မဟာမုနိဘုရားအား ဖူးမြော်ကြည်ညိုကြပြီး ကြီးကြပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌထံ အလှူငွေကျပ် ၆၅၅၅၀၀ အား ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ကြီးကြပ်သူ ဆရာ ဆရာမများနှင့် အဋ္ဌမတန်းလူရည်ချွန်အဖွဲ့သည် ညနေပိုင်းတွင် ပုဂံ လူရည်ချွန်စခန်းသို့ ရောက်ရှိကြရာ လူရည်ချွန်စခန်းမှုခ်ဦးရှေ့၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သပြေပန်းများဖြင့်လည်းကောင်း၊ ပုဂံမြို့သစ်မှ မြင့်တေးဂီတအဖွဲ့က ဦးရွှေရိုးအကဖြင့် လည်းကောင်း ကြိုဆိုကြသည်။

ပုဂံလူရည်ချွန်စခန်းသို့ အပန်းဖြေလေ့လာရေးခရီး ရောက်ရှိနေကြသည့် အဋ္ဌမတန်း ကျောင်းသား ကျောင်းသူများအတွက် မေ ၁ ရက်တွင် လူရည်ချွန်စခန်းဖွင့်လှစ်ပြီး မေ ၄ ရက်တွင် စခန်းသိမ်းပွဲ ကျင်းပမည်ဖြစ်သည်။ မေ ၂ ရက်မှ ၅ ရက်အတွင်း ပုပ္ပားတောင်၊ ပခုက္ကူ ပခန်းကြီးနှင့် ပုဂံဒေသအတွင်းရှိ အထင်ကရ နေရာများအား အပန်းဖြေလေ့လာနိုင်ရန်အတွက် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**အတွေ့အကြုံများဖလှယ်**

စခန်းအသီးသီးမှ လူရည်ချွန်လူငယ်များသည် လူရည်ချွန်ဟောင်းကြီးများနှင့် တွေ့ဆုံခြင်း၊ တစ်ဦးချင်းအလိုက် အတွေ့အကြုံများ ဖလှယ်ခြင်းတို့ကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း**



**အဋ္ဌမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူများ မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်အား လေ့လာကြစဉ်။**

# ၂၀၁၉ ခုနှစ် နဝမတန်းလူရည်ချွန်လူငယ်များ အင်းလေးခေါင်တိုင်အပန်းဖြေစခန်းသို့ ရောက်ရှိ

**ညောင်ရွှေ ဧပြီ ၂၉**

၂၀၁၉ ခုနှစ် နဝမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူ ၁၇၈ ဦးတို့သည် ညောင်ရွှေမြို့နယ် ခေါင်တိုင်ကျေးရွာရှိ အင်းလေးခေါင်တိုင် အပန်းဖြေစခန်း ဟူပင်ဟိုတယ်သို့ ယနေ့ ညနေ ၃ နာရီခွဲက ရောက်ရှိကြသည်။ **(အပေါ်ပုံ)**

**သောင်းသောင်းဖြဖြကြိုဆို**

နဝမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် မန္တလေးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းစုရပ်မှ အင်းလေးခေါင်တိုင် အပန်းဖြေစခန်းသို့ ယနေ့ နံနက် ၆ နာရီက စတင်ထွက်ခွာကြပြီး မွန်းလွဲပိုင်းတွင် ကလောမြို့သို့ ရောက်ရှိရာ ဌာနဆိုင်ရာများနှင့်ပြည်သူများက ဂုဏ်ပြုပန်းစည်းများ၊ ပန်းကုံးများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ညနေပိုင်းတွင် လူရည်ချွန်လူငယ်များသည် အင်းလေး (ခေါင်တိုင်)ရှိ ဟူပင်ဟိုတယ်သို့ ရောက်ရှိကြရာ ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

**လေ့လာကြမည်**

အဆိုပါ အပန်းဖြေစခန်း၌ လူရည်ချွန်လူငယ်များသည် လူရည်ချွန်ကြီးများနှင့် တွေ့ဆုံခြင်း၊ ပညာရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲများ ကျင်းပခြင်း၊ အင်းလေးကန်နှင့် အင်းလေးဒေသရှိ ရိုးရာစိုက်ပျိုးရေးလုပ်ငန်းများ၊ လက်မှုလုပ်ငန်းများ လေ့လာခြင်း၊ ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦးဘုရား၊ အလိုတော်ပေါက် ဘုရားဖူးမြော်ခြင်း၊ ညောင်ရွှေဟော်နှင့် ညောင်ရွှေစံပြစိုက်ခင်းလေ့လာခြင်း၊ မြို့ဦး ဗောဓိစေတီ၊ ကုံလုံဆရာတော်ကြီးစံကျောင်းတော်နှင့် သမိုင်းဝင်ရွှေဥမင်၊ ဟိုပုံးမြို့ရှိ ထမ်စမ်းဂူ၊ မွေတော်ကက္ကူဘုရားများ၊ တောင်ကြီးမြို့ရှိ စူဠာမုနိ ဘုရားများ ဖူးမြော်လေ့လာခြင်းနှင့် တောင်ကြီးမြို့အေးသာယာ စက်မှုဇုန်အတွင်း ကြည့်ရှုလေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**

## ထူးခြားသည့် နေ့အပူချိန်များ ၂၉-၄-၂၀၁၉

| | | | |
|---|---|---|---|
| ချောက်မြို့ | ၄၆ ဒီဂရီစင်တီဂရိတ် | မြင်းခြံမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| ညောင်ဦးမြို့ | ၄၄ ဒီဂရီစင်တီဂရိတ် | ကျောက်ဆည်မြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| ဂန့်ဂေါမြို့ | ၄၄ ဒီဂရီစင်တီဂရိတ် | မကွေးမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| မုံရွာမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် | ပေါက်မြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| မြင်းမူမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် | တောင်ငူမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| မန္တလေးမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် | ဘော်လခဲမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |

# ကလော-တောင်ကြီးလမ်းပိုင်း လေးလမ်းသွား ကတ္တရာကွန်ကရစ်လမ်း မကြာမီဖွင့်လှစ်တော့မည်

**တောင်ကြီး ဧပြီ ၂၉**

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန်နှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရန်အတွက် တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ မိတ္ထီလာ-ကလော-တောင်ကြီးလမ်း၊ ကလော-တောင်ကြီးလမ်းပိုင်း လေးလမ်းသွား ကတ္တရာကွန်ကရစ်လမ်းကို မေ ၁ ရက်တွင် ကလောတိုးဂိတ်နေရာ၌ ဖွင့်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်လမ်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါ မိတ္ထီလာ-ကလော-တောင်ကြီးလမ်းသည် ယခင်လမ်းအကျယ် ၁၂ ပေ၊ ၁၈ ပေ လမ်းသာရှိပြီး ကျောက်ခင်းကတ္တရာလမ်းဖြစ်၍ ချိုင့်ခွက်များပေါ်များကာ ကားများရှောင်တိမ်းသွားရသည်မှာ မလွယ်ကူကြောင်း၊ အချို့နေရာများတွင် မြေသားလမ်းသာရှိကြောင်းနှင့် ယခုဆိုလျှင် လမ်းအကျယ် ၂၄ ပေ ရှိ၍ လေးလမ်းသွား ကတ္တရာကွန်ကရစ်လမ်း အဆင့်မြှင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးခင်သိန်း [ရသေ့တောင်မြို့နယ်အသင်း၊ နာယက]
### အသက်(၈၀)

ရသေ့တောင်မြို့နယ်အသင်း၊ နာယက ဦးခင်သိန်းသည် ၂၈-၄-၂၀၁၉ရက် ညနေ ၄ နာရီတွင် မြောက်ဥက္ကလာပဆေးရုံ တော်ဝင်ဆေးကုသဆောင်၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ရသေ့တောင်မြို့နယ်အသင်းမှ အသင်း၏ကိစ္စအဝဝကို ဦးဆောင်ဦးရွက်ပြုနေသည့် နာယကကြီးတစ်ဦး ဆုံးရှုံးခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ရသေ့တောင်မြို့နယ်အသင်း**

## ဒေါ်အံစိန် (မြိတ်/သဲချောင်း)
### အသက်(၇၉)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ရေကန်တောင်ကျေးရွာအုပ်စု၊ သဲချောင်းရွာနေ (ဦးစံရွှေ-ဒေါ်မိတင်)တို့၏သမီး၊ (ဦးအေးကြိုင်-ဒေါ်သင်းယုံ)တို့၏ သမီးချွေးမ၊ ဦးသင်းအောင်၏ဇနီး၊ ဦးကျားမောင်-ဒေါ်မြမြ၊ဦးအေးမောင်-ဒေါ်မြ စိန်၊(ဦးမောင်စိုး)၊ဦးတင်ရွှေ-ဒေါ်ရှုတ်၊ ဦးမြင့်နိုင်-ဒေါ်စန်းစန်းယု၊ ဦးမောင်မြင့်-ဒေါ်အင်ကြည်တို့၏အစ်မ၊ ဦးသိန်းကို-ဒေါ်ဝင်းရီ၊ဦးသန်းကို-ဒေါ်မိန္တ၊ ဦးဝင်းကို၊ ဦးအက်ကြောင်း(ခ)ဦးအေးကို-ဒေါ်ဖြူ၊ ဦးမောင်မျိုး-ဒေါ်သန်းသန်းဆင့်တို့၏မိခင်၊ မြေး ၁၄ယောက်တို့၏အဘွားသည် ၂၈-၄-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ရက် (စနေနေ့)တွင် သဲချောင်းရွာမှ ကျောက်တောင်ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသိန်းအောင်
### အင်ဂျင်နီယာမှူး(ငြိမ်း)
### မြန်မာ့လေကြောင်း/Air Bagan
### ဒု-ဥက္ကဋ္ဌ၊တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)
### အသက်(၇၅)နှစ်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နေ (ဦးရိုက်-ဒေါ်အေးတင်)တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းလမ်း၊အမှတ် ၁၅၆နေ (ဦးအုန်းမောင်-ဒေါ်မြသန်း)တို့၏သားသမက်၊ ဦးထွန်းကိုကို(Air -KBZ)-ဒေါ်ဇာလှိုင်းအိ၊ ဦးကျော်ကျော်စိုး-ဒေါ်ခင်ဆုရည်(ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ မောင်ကောင်းသန့်၊ မောင်ဟန်စစ်၊ မသန့်သီရိထွန်းတို့၏အဘိုး၊ ဒေါ်မိမိခိုင် [မြန်မာ့လေကြောင်း (ငြိမ်း)Sun Far Travel & Tours ]၏ချစ်လှစွာသောခင်ပွန်းသည် ၂၉-၄-၂၀၁၉ရက် (တနင်္လာနေ့) နံနက်၄း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၅-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကျင်ဇပုမ်
### ချင်းပြည်နယ် ပြည်နယ် ပြန်/ဆက်မှူး(ငြိမ်း)
### နမ့်စန်(တောင်)မြို့နယ် လမ်းစဉ်လူငယ် ဥက္ကဋ္ဌ(ငြိမ်း)
### ကလေးမြို့နယ်၊ NLD ပါတီ သဘာပတိ
### အသက်(၇၄)နှစ်

ချင်းပြည်နယ်၊ ဆွောင်းဒေါ့ကျေးရွာနေ ဦးထန်ဟောက်-ဒေါ်နဲမ်းမန်တို့၏သား၊ ဒေါ်ကျိန်ခိုဒိမ့်၏ခင်ပွန်း၊ ဦးဟောက်လမ်းကျင့်၊ ဒေါ်နောမွန်း၊ ဦးခိုင်လမ့်မန်(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကလေးခရိုင်) ဒေါ်မန်ကျင့်ပေါင် (သူနာပြုသင်တန်းကျောင်း၊ ကလေးမြို့)၊ မဒိမ်ခန့်ကျိန်(စီးပွားရေးတက္ကသိုလ်၊ မုံရွာ)တို့၏ ဖခင်သည် ၂၉-၄-၂၀၁၉ရက် (တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင် ကလေးမြို့ ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ရက် ညနေ ၃ နာရီတွင် ကလေးမြို့၊သဇင်ရပ်ကွက်၊ (၈/၁၄၀)နေအိမ်မှ ဒိုးဝန်းချောင်း ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးမြတ်ထွေး
### (လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း)၊ (သာသနာရေးဦးစီးဌာန)
### အသက်(၇၆)နှစ်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဘုန်းကြီးကန်ကျေးရွာနေ (ဦးဘသန်း-ဒေါ်အေးကြည်)တို့၏သား၊ (ဦးစိုလန်-ဒေါ်အေးစံ)၊ (ဦးစီပန်-ဒေါ်ညိမ်းမြ)တို့၏ညီ၊ ဦးဆန်းကျော်-ဒေါ်ချိုတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၃၂၆ နေ (ဦးတင်-ဒေါ်ဖူးညွန့်)တို့၏ သားသမက်၊ ဦးခင်ကျော်-ဒေါ်မြ၊ (ဒေါ်စိန်မြ)တို့၏မောင်၊ ဦးစိုးမြင့်-ဒေါ်မြမြသက် တို့၏အစ်ကို၊ ဒေါ်စိန်လှ(အလပြ၊ ငြိမ်း)၏ ခင်ပွန်းသည် ၂၈-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ ရက် (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၉ ရက် (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါက်တာလှဌေး
### တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ ကလေးတက္ကသိုလ်
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ အမှတ်(၃၆-A၊ မြေညီထပ်)နေ ဦးကျော်ရင်-ဒေါ်သန်းစိန် တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ တောင်ပိုင်းလမ်း၊ အမှတ် ၆၅ နေ (ဦးမောင်ရှိန်)-ဒေါ်တင်တင်ဝင်းတို့၏သားသမက်၊ ဒေါ်သက်သက်နွယ်၏ ချစ်လှစွာသောခင်ပွန်း၊ မရွှေရည်ရွှန်းလှ၊ မောင်ထက်အောင်ခန့်၊ မောင်အုပ်စိုးခန့်(G.VII,TTC)တို့၏ဖခင်၊ ကိုကျော်နိုင်ဦး-မနီလာဝေ၊ ကိုသိန်းနိုင်ဦး-မရီရီချို၊ မသီတာစိုး၊ ကိုချမ်းငြိမ်း-မခင်ပပစိုး တို့၏အစ်ကို၊ တူ၊ တူမ ခြောက်ယောက်၊ မြေးတစ်ယောက်တို့၏ ဘကြီးသည် ၂၈-၄-၂၀၁၉ ရက် (တနင်္ဂနွေနေ့) ည ၁၀ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ ရက် (အင်္ဂါနေ့) ညနေ ၆ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### စိုက်ပျိုးရေးရုံးချုပ်
### ဝန်ထမ်းဟောင်းများအသင်း
## ဦးတင်အေး အသက်(၇၆)နှစ်
### စာရင်းစစ်(၁)ငြိမ်း
### မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
### အသင်းဝင်အမှတ်(၀၁၅၃)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ရွှေပုစွန်လမ်း၊ အမှတ် ၃၇၃ နေ ဦးတင်အေးသည် ၂၅-၄-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၉ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ အလုပ်အမှုဆောင်အဖွဲ့

## ဦးအောင်စစ်
### အသက်(၇၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နေ (ဦးမောင်လှိုင်-ဒေါ်ညွန့်ရီ)တို့၏ သားသမက်၊ (ဦးခင်အောင်)-ဒေါ်ယဉ်အေးတို့၏သမက်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်မူမူမြင့်၏ခင်ပွန်း၊ မငြိမ်းအိအိအောင်၊ ကိုဝေဖြိုးစစ်သူ-မအမ်းဆွေတို့၏ဖခင်၊ မစုမြတ်ခိုင်၊ မစုလှိုင်နွေးတို့၏ အဘိုးသည် ၂၈-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်အေးမော်(ပြည်)
### အသက်(၆၂)နှစ်

ပြည်မြို့၊ စစ်ကဲလမ်းနေ(ဦးမောင်မောင်လေး-ဒေါ်လှလှ)တို့၏သမီး၊ ဒလမြို့နေ (ဦးစိုးအောင်-ဒေါ်ခင်အေး)တို့၏သမီးချွေးမ၊ ဦးထွန်းထွန်း-ဒေါ်ခင်လေးနွယ်၊ (ဦးထွန်းသွင်)-ဒေါ်မြင့်မြင့်အေး၊ (ဦးခင်မောင်ဇော်)-ဒေါ်ပြုံးပြုံး၊ ဦးခင်မောင်ဝင်း-ဒေါ်ယုယုဝင်း၊ ဒေါက်တာနိုင်နိုင်ဇော် (ပါမောက္ခ၊ ဌာနမှူး၊ ပညာရေးစိတ်ပညာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်)တို့၏ အစ်မ/ညီမ၊ ဦးခင်လှိုင်ဦး၏ဇနီး၊ ဒေါ်မေမုတ်သုန်ဦး(မူပြ၊ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း)၏မိခင်၊ တူ/တူမ ၁၃ ယောက်တို့၏အဒေါ်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၉-၄-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ရန်ကုန်ပညာရေးတက္ကသိုလ်နှင့်ပြည်ဆောင်တို့မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နီနီ
### အသက်(၆၉)နှစ်

ရန်ကုန်မြို့နေ (ဦးကံကြာ)-ဒေါ်စန်းတို့၏သမီး၊ ပဲခူးမြို့နေ(ဦးရှိထင်း)-ဒေါ်လှိုင်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ၂၈လမ်း၊ အမှတ် ၁၂၃(ပထမထပ်)နေ ဦးယုဝင်း-ဒေါ်သင်းသင်းနိုင်တို့၏ညီမ၊ ဒေါ်ဖြူဖြူဝင်း၊ ဦးစိန်ဝင်းမော်-ဒေါ်စန်းစန်းမြ၊ ဦးဇော်ဝင်း-ဒေါ်သန်းသန်းမြင့်၊ ဦးတင်ဝင်း-ဒေါ်ခင်မာမြင့်၊ ဦးတင်မျိုးထွေး-ဒေါ်အေးအေးမြတ် တို့၏အစ်မ၊ ဒေါ်ကျော့ကျော့ဝေ၊ ဦးသန်းစိုး [Second mate (f.g)]၊ ဒေါ်မေသန္တာ၊ ဦးကျော်သီဟ [Chief mate(f.g)]-ဒေါက်တာပွင့်ဖြူ (ကထိက၊ ဥပဒေပညာဌာန၊ ဒဂုံတက္ကသိုလ်)တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွား၊ ဦးမြတ်အေး၏ချစ်လှစွာသောဇနီးသည် ၂၈-၄-၂၀၁၉ရက် နံနက် ၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒူဂျန်ဆွမ်လွတ်ကိုင်ထန်
### အသက်(၁၀၃)နှစ်

ယခင် အင်ဘာပါ၊ ဘန်လွန်နေ (ဒူဝါ ဆွမ်လွတ်ဂွန်ထွယ်-ဒူဂျန်ဒွမ်ဖောင်းကော့)တို့၏သမီး၊ ယခုမြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်နေ(ဒူဝါလဝမ်လီ) ကချင်ပြည်နယ်ဝန်ကြီးဟောင်း၏ချစ်လှစွာသောဇနီး၊ (ဒူဝါလဝမ်ဆိုင်းလီ-ဒေါ်လဂါဂျာခေါန်)၊ ဒေါ်လဝမ်ဂျာတောင်-[ဦးတင်ညွန့်(ခ)ကဒေါ့ဆင်ဝါးနော်]၊ ဒေါ်လဝမ်ဂျာအောန်-ဦးခင်မောင်လေး(ခ)အင်ရန်ဂွမ်ဂျာ၊ ဒူဝါလဝမ်ဇော်နော်-ဒေါ်အေးအေးဆွေ၊ (ဒူဝါ လဝမ်ဇော်လ)-ဒေါ်လဖိုင်နန်အောင်၊ ဒေါ်လဝမ်ဂျာရွယ်-ဦးလဇွမ်မော်ကြီး၊ ဒေါ်လဝမ်ထုရော်-ဒူဝါဝေါ့ချုံးဆိုင်းတောင်၊ ဦးလဝမ်နော်ဂျာ-ဒေါ်စိန်တင်တို့၏မိခင်၊ မြေး ၃၂ယောက်၊ မြစ် ၄၉ယောက်တို့၏ အဘွားသည် ၂၆-၄-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် မိုင်းနားလဝမ်ကျေးရွာရှိ မိုင်းနားလဝမ် နှစ်ခြင်းအသင်းတော်ဗိမာန်တော်၌ ဝတ်ပြုဆုတောင်း ပြီး မွန်းလွဲ ၁း၃၀နာရီတွင် လဝမ်ဒူမိသားစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးညွန့်တင် (ရိုးကြီးကျေးရွာ-မှော်ဘီမြို့)
### အသက်(၉၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရိုးကြီးကျေးရွာနေ (ဦးမောင်ညို-ဒေါ်ဖွားသော့)တို့၏သား၊ (ဦးမုန်း-ဒေါ်သိန်း)တို့၏သားသမက်၊ (ဒေါ်ချောရင်)၏တူ၊ ဒေါ်ခင်မြ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးစံသိန်း-ဒေါ်ခင်ချစ်)၊ (ဦးစံလှိုင်-ဒေါ်ခင်ကြည်)တို့၏ညီ၊ (ဦးလှတင်-ဒေါ်ဟံသိန်း)၏အစ်ကို၊ (ဦးလှထွန်းကြည်-ဒေါ်လှကြိုင်)၊ (ဦးလှမြင့်)-ဒေါ်ခင်စန်း၊ (ဦးသိန်းလှ)-ဒေါ်တင်ရီ၊ (ဦးအေးကြူ)-ဒေါ်မြင့်မြင့်သိန်း၊ (ဦးကံညွန့်)-ဒေါ်တင်တင်ဝင်း၊ ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)-ဒေါ်ခင်စိုးကြည်တို့၏အစ်ကို၊ ဦးသိန်းမြင့်-ဒေါ်မြင့်မြင့်စန်း၊ ဦးမောင်မောင်အေး-ဒေါ်ချိုချိုမီ၊ ဦးသောင်းလွင်(လှည်းတန်းစင်တာ)-ဒေါ်သန်းသန်းရီ (အမက-၁၊ အင်းစိန်)၊ ဦးသက်ဦး-(စွဲ့လှလှအေး)၊ (ဦးစိုးမြင့်အောင်)-ဒေါ်ရီရီဌေး (အလက-၁၀၊ အင်းစိန်)တို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၇-၄-၂၀၁၉ရက် ည ၈း၃၀နာရီတွင် ရိုးကြီးကျေးရွာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရိုးကြီးကျေးရွာသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ မုခ်ဦး ဒါယိကာမကြီး
## ဒေါ်သွင် (Molly Tin Htay)
### (ဝက်ကိုက်၊ ကွမ်းခြံကုန်း)
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ပုလဲကွန်ဒို၊ တိုက်(B)၊ အခန်း ၁၂၀၇နေ (ဦးမြ-ဒေါ်သိန်းရှင်)တို့၏တစ်ဦးတည်းသောသမီး၊ (ဦးအောင်ရှိန်-ဒေါ်စိန်မေ)တို့၏သမီးချွေးမ၊ (ဦးတင်လှ)၏ဇနီး၊ဒေါ်မာလာသီ(ငွေစင်ကြယ်အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)၊ ဒေါ်စပါယ်(New Prize Travel & Tour)၊ ဦးမောင်မောင်ညွန့်ဝင်း - Kim Sun Ok (စကားဝါစတိုး-Korea )တို့၏မိခင်၊ Kin Su Yeon (ခ)စကားဝါဝင်း၊ Kin Su Min တို့၏အဘွားသည် ၂၉-၄-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇း၁၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ဝင်းကြည်
### အထက-၄၊ ပုဇွန်တောင်၊ အထက်တန်းပြ(ငြိမ်း)
### အသက်(၇၀)

ဒေးဒရဲမြို့နေ (ဦးဆင့်-ဒေါ်ကလေးမ)တို့၏သမီး၊ ဦးထွန်းခင်၏ဇနီး၊ (ကိုစံလင်း)၊ ကိုအောင်ဖြိုးသော်-မဝင်းဝင်းထွေး၊ မခင်ခင်ထွေးတို့၏မိခင်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၆လမ်း (အလယ်)၊ အမှတ် ၁၃၄ (မြေညီထပ်)နေ ဒေါ်ဝင်းကြည်သည် ၂၉-၄-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကျော်သူမိုးဆွေ
### Paragon cargo & Compent Logistics Co., Ltd.
### Tetiu Agency Co., Ltd. (Director)
### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ရတနာပုံ(၈)လမ်း၊ အမှတ် ၆၆၃၊ အခန်း ၃၀၂နေ (ဦးခင်ဆွေ-ဒေါ်သန်းသန်း)တို့၏သား၊ (ဦးမောင်စိန်)-ဒေါ်ခင်တင့်တို့၏သားသမက်၊ (ဦးကျော်မင်း)-ဒေါ်လွင်လွင်ဆွေ(ခ)မီးမီးတို့၏မောင်၊ ဦးကျော်မင်း-ဒေါ်စန်းစန်းအေး၊ ဦးဇော်မင်း-ဒေါ်အေးအေးမာတို့၏ညီ၊ (ကိုမောင်မောင်)-မမြတ်မြတ်ခိုင်၊ ဦးထွန်းထွန်းလတ်-ဒေါ်သီဂီစိန်၊ ဦးအောင်မြင့်စိုး-ဒေါ်အိရွှေစင်၊ ဦးစန်းလွင်စိုး-ဒေါ်နွယ်နီတို့၏ခဲအို၊ ဗိုလ်ကြီးပြည့်ဖြိုးကျော်(လေကြောင်းကာကွယ်ရေးတပ်၊ မှော်ဘီ)၊ ကိုအောင်မြတ်ကျော်(Star cino shipping line)၊ မကြည်မိုးမိုးနိုင်(စတုတ္ထနှစ်၊ Chemistry) တို့၏ဖခင်၊ ဒေါ်မြတ်မြတ်နိုင်၏ချစ်လှစွာသောခင်ပွန်း၊ တူ၊ တူမလေးယောက်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၉-၄-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါ သာကေတမြို့နယ်နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ပဓာန နာယကဆရာတော် ဘဒ္ဒန္တဓမ္မာစာရ
### တိုင်းသံဃာ့ဝန်ဆောင်ဆရာတော်
### အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
### သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးဝမြို့၊ ချမ်းအေးသာယာရပ်ကွက်၊ ဝေဇယန္တာကျောင်းတိုက်၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မာစာရမဟာထေရ်မြတ်သည် (၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်) ၂၉-၄-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၂း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အန္တိမအဂ္ဂိစျာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ခရိုင်သာသနာရေး

## အန်တီးဟုန်း(ခ)ဦးပြုံးစိ (ကျောက်တန်း)
### အသက်(၉၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၁၅၈)နှင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၁၀၀နေ (အောင်ပိုးမင်း-အုံရှုအိမ်)တို့၏သား၊ ကွာအာဟေး(ခ)ဒေါ်တင်ရွှေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝေလွင်-ဒေါ်ရီရီမြင့်(ရတနာမိုးပရိဘောဂ)၊ ဦးသန်းဇော်-ဒေါ်ရီရီဝင်း(ရွှေမြေယာ၊ စိုက်ပျိုးရေးဆေးဆိုင်)၊ ဦးဇော်ဝင်း-(ဒေါ်တင်မကြီး)(စိန်လဝန်းပရိဘောဂ)၊ ဒေါ်သိန်းသိန်းအေး၊ ဦးအေးလွင်-ဒေါ်ဝေမာမြင့် (စိန်ကျော်အောင်ပရိဘောဂ)၊ ဦးသန်းလွင်-ဒေါ်ဝေဝေခိုင်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၉-၄-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၄း၂၀ နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါ တာမွေနေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြင့် (လှည်းကူး)
### အသက်(၈၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နေ(ဦးစောလှိုင်-ဒေါ်ညွန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ တိုက်(၂)၊ အခန်း ၁၀၃ နေ (ဦးစိန်ထွန်း)(မှတ်ပုံတင်အရာရှိ-ငြိမ်း)၏ဇနီး၊ ဦးအောင်ဝင်းထွန်း-ဒေါ်နုနုစိန်၊ ဦးဝေလင်းထွန်း-ဒေါ်ကြည်မာအေးတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၈-၄-၂၀၁၉ရက် ညနေ ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၉ ရက် (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ရခိုင်သဟာယအသင်း နာယကကြီး
## ဦးခင်သိန်း (စစ်တွေ/ရန်ကုန်)
### ညွှန်ကြားရေးမှူး(ငြိမ်း)
### သစ်တောဦးစီးဌာန
### အသက်(၈၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ် ၉၆နေ (ဦးသိန်းဖိုးအောင်-ဒေါ်စောနု)တို့၏သား၊ ဒေါ်စံနု၏ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းနိုင်ဦး-ဒေါက်တာ မိုးစန္ဒာ၊ ဦးသိန်းကျော်စံ-ဒေါက်တာစောဥမ္မာ၊ ဗိုလ်မှူးကြီးမြတ်ခိုင်-ဒေါက်တာခင်ကျော့စံ(ဓာတ်မှန်ဆရာဝန်ကြီး၊ လှိုင်သာယာပြည်သူ့ဆေးရုံကြီး)တို့၏ ချစ်လှစွာသောဖခင်၊ (မခိုင်ရွှေစင်ဦး)၊ မောင်ကောင်းမြတ်စံ၊ မောင်မင်းမြတ်စံတို့၏အဘိုးရှင်သည် ၂၈-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၄း၅၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး တော်ဝင်ဆေးကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၉ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်သန်းညွန့်(ခ)ဒေါ်ဂျမ်းပုံ
### (အမ်းမြို့)
### အသက်(၆၀)

ရခိုင်ပြည်နယ်၊ အမ်းမြို့၊ (၃)ရပ်ကွက်နေ (ဦးဘကျန်-ဒေါ်အေးမှုံ)တို့၏သမီး၊ ဒေါ်ဆန်းရှင်၏ညီမ၊ (ဒေါ်ကြည်ကြည်လှ)၊ ဦးမြင့်အောင်တို့၏အစ်မ၊ ဦးညွန့်မောင် ၏ဇနီး၊ ကိုနီထွန်းအောင်-မသိန်းမြင့်ထွေး၊ ကိုမျိုးညွန့်ထွန်း-မချမ်းစိမ့်စိမ့်သွင်၊ ကိုကျော်သူထွန်း၊ ကိုဟိန်းသူထွန်း၊ မချောဆုရတနာမောင်တို့၏မိခင်၊ မအိမ်စည်ဖို၊ မအိန္ဒြေဦးတို့၏အဘွားသည် ၂၈-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) ည ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၉ ရက်(အင်္ဂါနေ့) ညနေ၃နာရီတွင် အမ်းမြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးခင်မောင်လွင် (ကပရ၊ ငြိမ်း၊ လားရှိုး)
### အသက်(၅၆)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နေ (ဦးနေမင်း၊ ကပရ၊ ငြိမ်း-ဒေါ်တင်တင်မြ) တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အမှတ်၁၁၇၅(ခြေရင်း)(လေးလွှာ)နေ ဒေါ်တင်တင်အောင်(လူမှုဝန်ထမ်း၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ကိုသူရကျော်-မခေါင်ညီး၊ မအိသက်ထားခင်တို့၏ဖခင်၊ မဆုလဲ့ဖြူစင်၏ အဘိုးသည် ၂၉-၄-၂၀၁၉ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထန်တလန်နှင့် ဟားခါးမြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု





**ဟားခါး မေ ၂၉**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရန် ချင်းပြည်နယ်၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် ထန်တလန်မြို့ လမ်းဦးစီးဌာနရိပ်သာ၌ ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ဦးလှမော်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✤

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟားခါးမြို့ရှိ ဘက်စုံသုံးသဘာဝဘေးဒဏ်ခိုလှုံရာ အဆောက်အအုံ (Cyclone Shelter) ဆောက်လုပ်နေသည့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

*စာမျက်နှာ - ၆*

## ထုတ်လုပ်သူများနှင့် စားသုံးသူများ ထိုက်သင့်သည့်ဈေးနှုန်း နစ်နာမှုမရှိစေရန် နှစ်စဉ်အခြေခံစပါးဈေးနှုန်းကြေညာပေးနိုင်ရေးစီစဉ်ထား

*စာမျက်နှာ - ၇*

## ပခုက္ကူဆိပ်ကမ်းကို နိုင်ငံတကာအဆင့်မီတည်ဆောက်ရန် အတည်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်

*စာမျက်နှာ - ၈*

## အဝါရောင်အဆင့် ဆိုင်ကလုန်း ဖန်နီ မြန်မာနိုင်ငံဘက် ဦးတည်မည့်အခြေအနေမရှိသေး

**နေပြည်တော် မေ ၂၉**

ယနေ့ ညနေ ၆ နာရီခွဲတိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အရှေ့ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း“ဖန်နီ”သည် မြောက်-အနောက်မြောက် ဘက်သို့ ရွေ့လျားခဲ့ပြီး သီရိလင်္ကာနိုင်ငံ ထရင်ကိုမာလီမြို့၏ အရှေ့- အရှေ့မြောက် ဘက် မိုင် ၂၉၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် မိုင် ၄၀၀ ခန့်၊ မာချီလီပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၄၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❍

## စာပေဆိုင်ရာလှုပ်ရှားမှုများအတွက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံးချုပ်၏ အစည်းအဝေးခန်းမကို အခမဲ့ ငှားရမ်းအသုံးပြုနိုင်

*စာမျက်နှာ - ၁၀*




# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

မြန်မာ့အလင်း
အင်္ဂါ၊ ဧပြီ ၃၀၊ ၂၀၁၉

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံ၌ ကျင်းပသည့် Myanmar's Democratic Transition: Challenges and Way Forward တွင် ဆွေးနွေးဟောပြောစဉ်။

## နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် နိုင်ငံတကာမျက်နှာစာမှ ရင်ဆိုင်ရပ်တည်ပေးလျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန

❍ တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ ဓာတ်ပုံ- အေးသန်း ❍



အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်

နိုင်ငံ၏ အကျိုးစီးပွားအတွက် နိုင်ငံတကာမျက်နှာစာသို့ ထိုးဖောက်ရင်ဆိုင်ဖြေရှင်းပေးရာတွင် အစိုးရအဖွဲ့၏ အရေးကြီးသည့် ဝန်ကြီးဌာနတစ်ခုမှာ နိုင်ငံခြားရေးဝန်ကြီးဌာန ဖြစ်သည်။

နိုင်ငံခြားရေးမူဝါဒသည် ပြည်တွင်းမူဝါဒကို အခြေပြု၍ တိုးချဲ့ချမှတ် အကောင်အထည်ဖော်ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေးအပါအဝင် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ရေးဟူသည့် မျှော်မှန်းချက်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ယင်းရည်မှန်းချက်ပြည့်မြောက်ရန်အတွက် နိုင်ငံတကာနှင့် ဆက်ဆံရေးသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ မြန်မာ့အရေးကိစ္စကို နိုင်ငံတကာမျက်နှာစာတွင် ဖြေရှင်းရင်ဆိုင်ရင်း ရလဒ်ကောင်းများရရှိရေးကို ကြိုးစားထမ်းဆောင်နေသည့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့၏ အစိုးရသစ်လက်ထက် ဖြတ်သန်းမှုများအကြောင်းကို ပြည်သူများသိရှိနိုင်ရန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်အား တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ရပါသည် -

*အချပ်ပို (ခ) သို့*

**“နိုင်ငံတကာ ထိတွေ့ဆက်ဆံရေးကိစ္စတွေကို ပိုမိုအားဖြည့်ဆောင်ရွက်နိုင်ရေး၊ မိမိတို့နိုင်ငံရဲ့ ပြည်တွင်းရည်မှန်းချက်တွေ ရရှိရေးအတွက် ပြည်ပမှကူညီပံ့ပိုးမှု ပိုမိုရရှိရေးအပြင် နိုင်ငံရေးနဲ့ စီးပွားရေးရှုထောင့်တို့မှ မူဝါဒညှိနှိုင်းဆောင်ရွက်ပေးရေးအတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနကို တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်”**

*အချုပ်ပို (က) မှ*

**မေး။ ။ ပထမဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ ဘယ်လိုမူဝါဒတွေကို ချမှတ်ပြီး ဘယ်လိုမျှော်မှန်းချက်တွေနဲ့ ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာ သိပါရစေရှင့်။**

ဖြေ။ ။ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့မျှော်မှန်းချက်နဲ့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်တို့ကို အခြေခံပြီး "လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေး မူဝါဒ" ကို အကောင်အထည်ဖော်လျက်ရှိပါတယ်။

မိမိတို့ လွတ်လပ်ရေးရပြီးခါစက ကျင့်သုံးခဲ့သလို ကမ္ဘာ့နိုင်ငံတွေအားလုံးနဲ့ ချစ်ကြည်ရင်းနှီးမှုတွေကို ဟန်ချက်ညီညီနဲ့ ကြိုးပမ်းတည်ဆောက်ခဲ့ပါတယ်။ အစဉ်အလာအရ ချစ်ကြည်ရင်းနှီးတဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ဆက်ဆံရေးကို ပိုမိုကျစ်လျစ်ခိုင်မာဖို့ ကြိုးပမ်းဆောင်ရွက်သလို ဒေသတွင်းနဲ့ အဝေးမှာရှိနေကြတဲ့ ကမ္ဘာ့နိုင်ငံအသီးသီးနဲ့ ချစ်ကြည်ရင်းနှီးမှုတွေ တိုးမြင့်လာအောင်ဆောင်ရွက်နေပါတယ်။


အာဆီယံအပါအဝင် ဒေသတွင်းအဖွဲ့အစည်းတွေ မှာ တက်တက်ကြွကြွနဲ့ ပါဝင်ဆောင်ရွက်နေပြီး မိမိတို့နိုင်ငံအပြင် ဒေသတွင်း အကျိုးစီးပွားကို ပံ့ပိုးဖော်ဆောင်ပေးဖို့ အစဉ်ကြိုးပမ်းနေသလို မိမိတို့နိုင်ငံရဲ့အမျိုးသားစီမံကိန်းတွေနဲ့ ဦးစားပေးလိုအပ်ချက်တွေနဲ့အညီ ကုလသမဂ္ဂနဲ့ နိုင်ငံတကာ အဖွဲ့အစည်းအသီးသီးနဲ့လည်း ပူးပေါင်းပါဝင်ဆောင်ရွက်နေပါတယ်။

ပြည်သူက တစ်ခဲနက် ရွေးချယ်တင်မြှောက်ခဲ့တဲ့ ပြည်သူ့အစိုးရရဲ့ သက်တမ်းက အခုဆိုရင် သုံးနှစ်တာခရီးကို ဖြတ်သန်းခဲ့ပါပြီ။ ပြည်သူ့အစိုးရလက်ထက်မှာ ပြည်သူဗဟိုပြု သံတမန်ဆက်ဆံရေး ချဉ်းကပ်မှုနဲ့ ပြောင်းလဲဆောင်ရွက်လျက်ရှိပါတယ်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးတွေကို မြှင့်တင်တဲ့နေရာမှာ ယခင်က အစိုးရချင်းဆက်ဆံရေးကို အလေးပေးခဲ့ပေမယ့် လက်ရှိအချိန်မှာ ပြည်သူချင်းဆက်ဆံရေးကို အလေးပေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ နိုင်ငံတကာ မျက်နှာစာတိုင်းမှာ ရခိုင်အရေးနဲ့စပ်လျဉ်းပြီး ဖိအားပေး ဝေဖန်မှုတွေကို တုံ့ပြန်ရင်ဆိုင်တဲ့နေရာမှာ အစိုးရသာမက ပြည်သူတွေရဲ့ စုပေါင်းအားနဲ့ ဖြေရှင်းဖို့ ဦးတည်ကြိုးပမ်းနေခြင်းဖြစ်ပါတယ်။

ပြည်သူကိုဗဟိုပြုတဲ့ သံတမန်ဆက်ဆံရေးမူနဲ့အညီ မြန်မာသံရုံးတွေက ပြည်သူတွေရဲ့အကျိုးကို ပိုပြီးအလေးထားဖို့၊ ပြည်ပကိုရောက်နေကြတဲ့ မြန်မာနိုင်ငံသားတွေနဲ့ မြန်မာနိုင်ငံသားဟောင်းတွေရဲ့အကျိုးကို ယခင်ကထက် ပိုမိုကာကွယ်ပေးဖို့၊ ပြည်သူများနဲ့ ဆက်ဆံရေး ပိုမိုကောင်းမွန်ဖို့ အလေးထားဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြင်သာတဲ့ ရလဒ်ကောင်းအနေနဲ့ မြန်မာသံရုံးတွေဟာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ ယခင်ကထက် ဆက်ဆံရေးပိုမိုကောင်းမွန်အောင် ပြုပြင်ပြောင်းလဲနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

နိုင်ငံတကာ ထိတွေ့ဆက်ဆံရေးကိစ္စတွေကို ပိုမိုအားဖြည့် ဆောင်ရွက်နိုင်ရေး၊ မိမိတို့ နိုင်ငံရဲ့ ပြည်တွင်းရည်မှန်းချက်တွေ ရရှိရေးအတွက် ပြည်ပမှကူညီပံ့ပိုးမှု ပိုမိုရရှိရေးအပြင် နိုင်ငံရေးနဲ့ စီးပွားရေး ရှုထောင့်တို့မှ မူဝါဒညှိနှိုင်းဆောင်ရွက်ပေးရေးအတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနကို တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေနဲ့ ကုလသမဂ္ဂနဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေ၊ အာဆီယံ၊ ဘင်းမ်စတက်၊ အာရှဥရောပ(အေဆမ်)၊ မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တွေ အပါအဝင် ဒေသဆိုင်ရာ အဖွဲ့အစည်းတွေရဲ့ နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးတွေမှာ ပါဝင်တက်ရောက်ပြီး ဒေသတွင်းနဲ့ နိုင်ငံတကာ ဆက်ဆံရေးကိစ္စတွေမှာ တာဝန်ယူဆောင်ရွက်ပေးခဲ့ပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်ဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးတို့ တွေ့ဆုံဆွေးနွေးစဉ်။

**မေး။ ။ အစိုးရရဲ့သက်တမ်းကာလအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ ကမ္ဘာ့နိုင်ငံတွေနဲ့ ထိတွေ့ဆက်ဆံရတဲ့အပိုင်းမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေနဲ့ စိန်ခေါ်မှုတွေကို ဘယ်လိုကျော်ဖြတ်ခဲ့ရတယ်ဆိုတာ ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။ အစိုးရလက်ထက်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တာဝန်ကို တွဲဖက်တာဝန်ယူထားတဲ့အတွက် ဝန်ကြီးဌာနရဲ့ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနဲ့ ညှိနှိုင်းဆောင်ရွက်ပေးမှုအခန်းကဏ္ဍက ပိုပြီးမြင့်မားလာခဲ့ပါတယ်။

ပြည်သူကတင်မြှောက်တဲ့ အစိုးရသစ်တစ်ရပ်ကို ကမ္ဘာ့နိုင်ငံတွေက ကြိုဆိုထောက်ခံခဲ့ကြပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေ အောင်မြင်ရေးအတွက် အစိုးရသက်တမ်း ပထမတစ်နှစ်ခွဲကာလအတွင်း ကူညီပံ့ပိုးတဲ့ ကမ်းလှမ်းမှုတွေ တစ်ဟုန်ထိုး များပြားလာသလို အစိုးရအပေါ် နိုင်ငံတကာနဲ့ ပြည်သူတွေရဲ့ မျှော်လင့်ချက်က အလွန်ကြီးမားလာခဲ့ပါတယ်။

ဒါဟာ နိုင်ငံတကာဆက်ဆံရေးမှာ ထူးခြားတဲ့ အပြောင်းအလဲတစ်ခု ဖြစ်သလို စိန်ခေါ်မှုလို့ဆိုနိုင်ပါတယ်။ ပြည်သူ့အစိုးရတက်ပြီးကာစ နှစ်ပိုင်းမှာ အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေနဲ့ ချစ်ကြည်ရင်းနှီးမှုဟာ အလွန်အားကောင်းလာသလို ဖွံ့ဖြိုးရေးမိတ်ဖက်သစ်နိုင်ငံတွေဖြစ်တဲ့ အမေရိကန်နဲ့ အနောက်ဥရောပနိုင်ငံတွေနဲ့ ဆက်ဆံရေးကို ပြန်လည်မြှင့်တင်နိုင်ခဲ့တဲ့ အတွက် သိသာထင်ရှားတဲ့ အောင်မြင်မှုအနေနဲ့ ၂၀၁၆ ခုနှစ် စက်တင်ဘာလမှာ စီးပွားရေးပိတ်ဆို့မှုတွေ အားလုံးကို ဖယ်ရှားပေးနိုင်ခဲ့ပါတယ်။

သို့သော်လည်း အစိုးရသက်တမ်း ဒုတိယနှစ်ဝက်ကနေ စတင်ပြီး ရခိုင်ပြည်နယ် အရေးကိစ္စတွေ နဲ့ပတ်သက်ပြီး အခြေအနေတွေ ပြောင်းလဲလာတာကို မြင်တွေ့ရပါတယ်။ အနောက်နိုင်ငံတွေနဲ့ ဆက်ဆံရေးဟာ နွေးထွေးမှုတွေ လျော့ကျခဲ့ပြီး နိုင်ငံတကာက မျှော်မှန်းထားသလို အစိုးရဘက်က ဆောင်ရွက်ပေးတာတွေ မရှိတဲ့အတွက် ဖိအားနဲ့ ဝေဖန်မှုတွေကို ရင်ဆိုင်ခဲ့ရပါတယ်။

အစိုးရအနေနဲ့ ပြဿနာပြေလည်ရေးအတွက် အထူးအာရုံစိုက်ပြီး ဖြေရှင်းလျက်ရှိပါတယ်။ သို့ပေမယ့် ရခိုင်ပြည်နယ်အရေးကိစ္စနဲ့ပတ်သက်လို့ နိုင်ငံရေး ရည်မှန်းချက်အတွက် အသုံးပြုလိုသူတွေက ပြဿနာပြေလည်ဖို့ထက် ဖိအားပေးအရေးယူရေးနဲ့ အပြစ်ပေးရေးတွေကို အာရုံစိုက်လာကြပါတယ်။

စိန်ခေါ်မှုတွေ၊ ဖိအားတွေနဲ့ ရင်ဆိုင်လာရတဲ့ မြန်မာနိုင်ငံရဲ့ပကတိအခြေအနေကို နားလည်ပေးကြတဲ့ တရုတ်၊ အိန္ဒိယ၊ ဂျပန်နဲ့ အာဆီယံနိုင်ငံတွေ၊ ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံတွေနဲ့ ဒေသတွင်းနိုင်ငံတွေရဲ့ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးတွေမှာ ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်ခဲ့ပါတယ်။

နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးမယ့် ဝင်ရောက်စွက်ဖက်တဲ့ အရေးယူ ဆောင်ရွက်မှုတွေ မပြုလုပ်နိုင်အောင် ကာကွယ်တားဆီးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ စိန်ခေါ်မှုတွေရဲ့ ရှုပ်ထွေးနက်နဲမှုကို နားလည်မှုရှိပေးခဲ့တဲ့ နိုင်ငံတွေနဲ့ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့တာလည်း အားတက်စရာဖြစ်ပါတယ်။

ဒါကြောင့် ရခိုင်ပြည်နယ်ကိစ္စ နဲ့ပတ်သက်ပြီး နိုင်ငံတကာမျက်နှာစာမှာ စိန်ခေါ်မှုတွေ ရှိလင့်ကစား မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီကူးပြောင်းရေးနဲ့ ဖွံ့ဖြိုးရေးအတွက် အနောက်နိုင်ငံတွေ အပါအဝင် ကမ္ဘာ့နိုင်ငံအတော်များများရဲ့ အားပေးထောက်ပံ့မှုတွေကို ဆက်လက်ထိန်းသိမ်းထားနိုင်ဆဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေနဲ့ ရခိုင်ပြည်နယ် အရေးကိစ္စမှာ နိုင်ငံတကာ သဘောထားအမြင်တွေကို အလေးထားပြီး စဉ်းစားဖို့ လိုအပ်သလို တစ်ဖက်မှာ ပြည်တွင်းအချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအနေနဲ့ ပြည်သူတွေရဲ့သဘောထားအမြင်နဲ့ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ဖို့ လိုအပ်တာကြောင့် ဟန်ချက်ညီညီနဲ့ စနစ်တကျဖြေရှင်းနိုင်ဖို့ဆိုတာ အစိုးရအဖွဲ့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ ပြည်သူတွေက အစိုးရအပေါ်ထားရှိတဲ့ အင်မတန်မြင့်မားတဲ့ မျှော်မှန်းချက်တွေကို ကာလတိုအတွင်းမှာ ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ဆိုတာ အစိုးရအတွက် ကြီးမားတဲ့ စိန်ခေါ်မှုဖြစ်ပါတယ်။

အစိုးရဟာ ရခိုင်ပြည်နယ် အရေးကိစ္စနဲ့ ပတ်သက်လို့ အနောက်နိုင်ငံတွေက ဖြေရှင်းလိုတဲ့ ချဉ်းကပ်ပုံနဲ့ ဖြေရှင်းရင် မိမိတို့ နိုင်ငံရဲ့တည်ငြိမ်မှုနဲ့ ပြည်သူတွေရဲ့ အနာဂတ်ထိခိုက်နိုင်မှာကို စိုးရိမ်ပူပန်တဲ့အတွက် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးကိစ္စကို မိမိတို့နိုင်ငံတွင်းမှာ ပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားကို မထိခိုက်စေတဲ့နည်းလမ်းနဲ့ ဖြေရှင်းဖို့ ကြိုးပမ်းနေကြခြင်း ဖြစ်ပါတယ်။

**မေး။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနကနေ တတိယ (၁)နှစ်တာအတွင်းမှာ ဘယ်လိုဦးစားပေးလုပ်ငန်းတွေကို လုပ်ဆောင်ခဲ့ပါသလဲရှင့်။**

ဖြေ။ ။ ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်တွေကို ရရှိဖို့အတွက် ကမ္ဘာ့နိုင်ငံတွေနဲ့ သံတမန်ဆက်ဆံရေးကို တိုးချဲ့နေသလို ဒေသတွင်း နိုင်ငံတွေနဲ့သာမက အနောက်နိုင်ငံတွေနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနတွေအကြားမှာ ဆွေးနွေးမှုယန္တရားတွေကို တိုးချဲ့တည်ထောင်ကာ ဆောင်ရွက်နေပါတယ်။

ဥရောပ၊ လက်တင်အမေရိကနိုင်ငံအချို့၊ ဘင်္ဂလားဒေ့ရှ်နဲ့ မလေးရှားနိုင်ငံတို့ အပါအဝင် အာရှနိုင်ငံအချို့ကို အထူးသံတမန် ကိုယ်စားလှယ်တွေ စေလွှတ်စည်းရုံးတာတွေ ပြုလုပ်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်အရေးနဲ့ပတ်သက်တဲ့ စိန်ခေါ်မှုတွေကို နိုင်ငံတကာမျက်နှာစာကနေ တုံ့ပြန်ဖြေရှင်းခြင်းကို အဓိကဆောင်ရွက်နေတဲ့အပြင် မြေပြင်မှာလည်း ပတ်ဝန်းကျင်ကောင်းဖြစ်မယ့် လက်တွေ့တိုးတက်မှုတွေကို ပြသနိုင်ဖို့အတွက် သက်ဆိုင်တဲ့ ဌာနတွေနဲ့ ကြိုးပမ်းညှိနှိုင်းဆောင်ရွက်နေပါတယ်။

တတိယ (၁)နှစ်တာအတွင်းမှာ မိမိတို့ နိုင်ငံရဲ့ ပုံရိပ်ကိုမြှင့်တင်ပေးဖို့အတွက် စည်းရုံးခြင်း၊ မြန်မာသံရုံး၊ အဖွဲ့ရုံးတွေနဲ့ ကောင်စစ်ဝန်ချုပ်ရုံးတွေကနေ တစ်ဆင့် Soft Power လို့ ခေါ်တဲ့ မြန်မာနိုင်ငံရဲ့ အနုပညာ ယဉ်ကျေးမှုတွေသာမက အခြားကဏ္ဍတွေမှာ အပြုသဘောတိုးတက်မှုတွေကို ကမ္ဘာသိအောင် ပြသတာတွေ၊ ကမ္ဘာလှည့်ခရီးသည် မြှင့်တင်ရေးအတွက် ကြိုးပမ်းတာတွေ၊ ဂျပန်နဲ့ တောင်ကိုရီးယား အပါအဝင် နိုင်ငံအချို့ကို ဗီဇာကင်းလွတ်ခွင့်ပြုတာတွေ၊ ဆိုက်ရောက်ဗီဇာခွင့်ပြုခြင်း အပါအဝင် ဗီဇာစည်းမျဉ်းစည်းကမ်းကန့်သတ်ချက်တွေကို ဖြေလျှော့တာတွေ၊ မြန်မာသံရုံးတွေကို စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ရင်းနှီးမြှုပ်နှံမှုတွေ မြှင့်တင်ဖို့အတွက် ပိုမိုအားထုတ်ဆောင်ရွက်ခြင်းတွေကို ပြုလုပ်လျက်ရှိပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေနဲ့ ကမ္ဘာလှည့်ခရီးသည်ဦးရေတွေ သိသိသာသာ တိုးတက်များပြားလာခဲ့တာကလည်း အောင်မြင်တဲ့အကျိုးရလဒ်လို့ ပြောနိုင်ပါတယ်။

ပြည်ပနဲ့ဆက်ဆံရေး ရည်မှန်းချက်တွေ အောင်မြင်ဖို့အတွက် ကျွမ်းကျင်တဲ့ သံတမန်တွေကို ခန့်အပ်နိုင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် သံတမန်ဝန်ထမ်းတွေ အင်အားတိုးမြှင့် ခန့်အပ်တာနဲ့ သံတမန်တွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်ပေးတာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပမှာရှိတဲ့ မြန်မာသံတမန်ဝန်ထမ်းတွေဟာ သံတမန်အဆင့်နဲ့အညီ လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်ကြဖို့အတွက် စီမံခန့်ခွဲအုပ်ချုပ်မှုနဲ့ဆိုင်တဲ့ လိုအပ်ချက်တွေ၊ ဝန်ထမ်းတွေနဲ့ မိသားစုတွေရဲ့ကျန်းမာရေး၊ ဝန်ထမ်းတွေရဲ့သားသမီးတွေ အတွက် ပညာသင်ကြားနိုင်ဖို့ ကူညီပံ့ပိုးမှုတွေ ပြုလုပ်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံရဲ့ မိတ်ဖက်သစ်နိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ပေးနေတဲ့ ချစ်ကြည်ရေး ခရီးစဉ်တွေ ဘယ်လိုစီစဉ်ပေးနိုင်ခဲ့သလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ မိတ်ဖက်နိုင်ငံတွေနဲ့ နှစ်နိုင်ငံအကြား နိုင်ငံတော်အကြီးအကဲတွေ၊ အဆင့်မြင့်ကိုယ်စားလှယ်တွေရဲ့ ချစ်ကြည်ရေးခရီးစဉ်တွေ အပြန်အလှန်သွားရောက်နိုင်ရေးကို ဟန်ချက်ညီညီ စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုမြှင့်တင်နိုင်ခဲ့ပါတယ်။ အစိုးရသက်တမ်းတတိယနှစ်အတွင်း နိုင်ငံတော်သမ္မတအနေနဲ့ ချစ်ကြည်ရေးခရီးစဉ်နဲ့ အာဆီယံနဲ့ ဒေသတွင်းအဖွဲ့အစည်းတွေဆိုင်ရာ ထိပ်သီးအစည်းအဝေးတွေ တက်ရောက်ရန် စင်ကာပူ၊ ထိုင်း၊ နီပေါနဲ့ အင်ဒိုနီးရှားနိုင်ငံတို့ကို သွားရောက်ခဲ့ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ အစိုးရရဲ့ ပထမ (၂)နှစ်တာကာလအတွင်း လာအို၊ ထိုင်း၊ တရုတ်၊ အမေရိကန်၊ ဂျပန်၊ စင်ကာပူ၊ အီတလီ၊ ဗာတီကန်၊ ဗြိတိန်၊ ဘယ်လ်ဂျီယံ၊ အိန္ဒိယနဲ့ ဩစတြေးလျ စတဲ့ နိုင်ငံတို့သို့ တရားဝင်ခရီးစဉ်တွေ သွားရောက်ခဲ့ပါတယ်။ တတိယနှစ်တွင် ချစ်ကြည်ရေးခရီးစဉ်နဲ့ အာဆီယံနဲ့ ဒေသအဖွဲ့အစည်းအဝေးတွေဆိုင်ရာ ထိပ်သီးအစည်းအဝေးတွေသို့ တက်ရောက်ရန် ဗီယက်နမ်၊ ဂျပန်၊ စင်ကာပူနဲ့ နီပေါနိုင်ငံတို့ကို သွားရောက်ခဲ့ပါတယ်။

**မေး။ ။ နိုင်ငံတကာက ဧည့်သည်တော်တွေအနေနဲ့ မြန်မာနိုင်ငံကို လာရောက်မှုအခြေအနေကို ပြောကြားပေးစေလိုပါတယ်ရှင့်။**

ဖြေ။ ။ အစိုးရသစ်ရဲ့သုံးနှစ်တာကာလ တစ်လျှောက်မှာ မြန်မာနိုင်ငံကို စင်ကာပူ၊ အိန္ဒိယ၊ လာအို၊ ဖိလစ်ပိုင်၊ မွန်ဂိုလီးယား၊ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံတော်သမ္မတ၊ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ ပုပ်ရဟန်းမင်းကြီးတို့ရဲ့ ချစ်ကြည်ရေးခရီးစဉ်တွေ၊ တရုတ်၊ အီတလီ၊ ကနေဒါ၊ ဂျပန်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ ဩစတြေးလျ၊ ဆားဘီးယား၊ ဗြိတိန်၊ ဟန်ဂေရီ၊ အမေရိကန်၊ နော်ဝေ၊ ယူကရိန်း၊ လူဇင်ဘတ်၊ နယ်သာလန်၊ ပြင်သစ်၊ ချက်၊ တူရကီ၊ ဥရောပသမဂ္ဂ၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနဲ့ မလေးရှား စတဲ့ နိုင်ငံတွေက ဒုတိယဝန်ကြီးချုပ်အဆင့်နဲ့ နိုင်ငံခြားရေးဝန်ကြီး အပါအဝင် အဆင့်မြင့် ကိုယ်စားလှယ်တွေရဲ့ ချစ်ကြည်ရေးခရီးစဉ်ပေါင်း ၈၀ ကျော်ကို အောင်မြင်စွာ စီစဉ်ပေးနိုင်ခဲ့တဲ့အတွက် နှစ်နိုင်ငံချင်းနဲ့ ဒေသတွင်းအဆင့် ဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုတွေကို များစွာမြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံနဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဖွံ့ဖြိုးရေးအကူအညီတွေ၊ နည်းပညာအကူအညီတွေနဲ့ ဘဏ္ဍာငွေအကူအညီတွေ ရရှိအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ အခုလို အပြန်အလှန်ခရီးစဉ်တွေကနေပြီး နိုင်ငံအတွက် အကျိုးရလဒ်တွေ ရရှိထွက်ပေါ်လာခဲ့တဲ့အပေါ်မှာ သုံးသပ်ပြောကြားပေးပါရှင့်။**

ဖြေ။ ။ အခုလို အပြန်အလှန်ခရီးစဉ်တွေရဲ့အကျိုးကျေးဇူးက နှစ်နိုင်ငံခေါင်းဆောင်တွေအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာခဲ့သလို၊ နှစ်နိုင်ငံအကြားက ပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်နိုင်ခဲ့သလို နိုင်ငံအတွက် အခြားသောအကျိုးကျေးဇူးများစွာလည်း ရရှိပါတယ်။ အာဆီယံထိပ်သီးအစည်းအဝေးမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ တရုတ်၊ အမေရိကန်နဲ့ နယူးဇီလန်စတဲ့ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ သီးခြားတွေ့ဆုံမှုတွေ လုပ်ဆောင်နိုင်ခဲ့ပါတယ်။

*အချုပ်ပို (ဂ) သို့*

*အချပ်ပို (ခ) မှ*

၂၀၁၈ ခုနှစ် ဩဂုတ်လမှာ သွားရောက်ခဲ့တဲ့ နိုင်ငံတော်သမ္မတရဲ့နီပေါနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်ဟာ မြန်မာနဲ့ နီပေါနိုင်ငံအကြား နှစ်ပေါင်း ၄၀ အတွင်း အရပ်ဘက်အဆင့်မြင့်ခေါင်းဆောင်ပိုင်း ပထမဆုံးသွားရောက်တဲ့ခရီးစဉ်အဖြစ် နှစ်နိုင်ငံဆက်ဆံရေးမှာ သမိုင်းမှတ်တိုင်သစ် တစ်ရပ် စိုက်ထူနိုင်ခဲ့ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နီပေါနိုင်ငံ အာရှ- ပစိဖိတ်ထိပ်သီး အစည်းအဝေးကို တက်ရောက်ဖို့အပြင် တရားဝင်ခရီးစဉ်အဖြစ် သွားရောက်ခဲ့ပြီး နီပေါသမ္မတ၊ ဝန်ကြီးချုပ်တို့နဲ့ တွေ့ဆုံဆွေးနွေးခဲ့တဲ့အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတွေ၊ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတွေကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

အိန္ဒိယနိုင်ငံ သမ္မတရဲ့မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံအကြား ပညာရေးနဲ့ တရားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတွေကို လက်မှတ်ရေးထိုးခဲ့ကြပြီး အိန္ဒိယအစိုးရရဲ့ အကူအညီနဲ့ ရခိုင်ပြည်နယ်မှာ တည်ဆောက်နေတဲ့ အိမ်ရာအလုံး ၂၅၀ အနက် ဆောက်လုပ်ပြီးစီးတဲ့ အိမ်ရာအလုံး ၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ အဆင့်မြင့် စိုက်ပျိုးရေးသုတေသနနဲ့ ပညာရေးဗဟိုဌာန၊ စပါးဇီဝဥယျာဉ် တို့ကို အိန္ဒိယဘက်ကနေ မြန်မာဘက်ကို လွှဲပြောင်းပေးအပ်ခဲ့လို့ဖြည့်ဆည်းကူညီခဲ့တဲ့ အိန္ဒိယနိုင်ငံနဲ့ ချစ်ကြည်ရင်းနှီးမှုဟာ ပိုမိုနီးကပ်ခိုင်မာလာခဲ့ပါတယ်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးရဲ့ မြန်မာနိုင်ငံ ခရီးစဉ်မှာ ရေဘေးသင့်ပြည်သူတွေအတွက် အကူအညီပေးဖို့ သဘောတူညီချက်ရခဲ့သလို ဂျပန်နိုင်ငံ အစိုးရရဲ့ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၂ သန်း ထောက်ပံ့မှုနဲ့ ကုလသမဂ္ဂအေဂျင်စီ ခုနစ်ခုက ရခိုင်ပြည်နယ်မှာ ၂၀၁၈ ခုနှစ်အတွက် လုပ်ငန်းစီမံချက် နှစ်ခုနဲ့ ၂၀၁၉ ခုနှစ်အတွင်း ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၅ သန်း ပံ့ပိုးမှုနဲ့ ကုလသမဂ္ဂအေဂျင်စီ ကိုးခုက ရခိုင်၊ ကချင်နဲ့ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ဆောင်ရွက်မယ့်လုပ်ငန်းစီမံချက် သုံးခုကို အကောင်အထည်ဖော်ဖို့ ထပ်မံညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်းမှာ လာရောက်ခဲ့တဲ့ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်ရဲ့ အထူးကိုယ်စားလှယ်က ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် ဗီယက်နမ်အစိုးရက လျှုဒါန်းငွေ အမေရိကန်ဒေါ်လာ တစ်သိန်း ပေးအပ်ခဲ့တာ အပြင် အလားတူ အခြားနိုင်ငံတွေကနေ နှစ်နိုင်ငံချင်း အကူအညီပေးအပ်မှုတွေ အများအပြား ရှိခဲ့ပါတယ်။ အခုကျွန်တော်ပြောခဲ့တာတွေက နမူနာအဖြစ် ကောက်နုတ်တင်ပြတာပဲ ဖြစ်ပါတယ်။

**မေး။ ။ နှစ်နိုင်ငံချင်း ဆက်ဆံရေးတိုးတက်ကောင်းမွန်ဖို့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဆွေးနွေးဆောင်ရွက်မှုတွေကို ပြောပြပေးပါရှင့်။**

ဖြေ။ ။ နှစ်နိုင်ငံချင်း ဆက်ဆံရေးတိုးတက်ကောင်းမွန်ဖို့အတွက် နိုင်ငံ့အကြီးအကဲအဆင့်နဲ့ ဝန်ကြီးအဆင့် ကိုယ်စားလှယ်အဖွဲ့ခရီးစဉ်တွေကို အပြန်အလှန်သွားရောက်ခြင်းအပြင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်တွေ၊ နိုင်ငံခြားဆွေးနွေးမှု ယန္တရားတွေ တိုးချဲ့တည်ဆောက်ခဲ့ပြီး ဆွေးနွေးညှိနှိုင်းပွဲတွေ ကျင်းပခဲ့တာရှိပါတယ်။

စတုတ္ထအကြိမ် မြန်မာ - တရုတ် နှစ်နိုင်ငံအကြား နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ကာကွယ်ရေးဝန်ကြီးဌာနတို့ ပူးတွဲဦးဆောင်တဲ့ ၂ + ၂ အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ်က တရုတ်နိုင်ငံမှာ ကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် တရုတ်နိုင်ငံဘက်က အပြုသဘောကူညီပေးရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသတွေ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒေသခံပြည်သူတွေရဲ့ အကျိုးဖော်ဆောင်ရေးတွေကို ရင်းနှီးပွင့်လင်းစွာနဲ့ ဆွေးနွေးနိုင်ခဲ့ပါတယ်။

တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ရှေ့ဆက်နိုင်ဖို့ အမေရိကန်ဒေါ်လာ သုံးသန်းကူညီထောက်ပံ့ထားသလို ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသူတွေ ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်တွေအတွက် UEHRD သို့ ငွေကျပ်သိန်း ၂၀၀၀ နဲ့ အလွယ်တကူ တပ်ဆင်နိုင်တဲ့ အိမ်အလုံး ၁၀၀၀ နဲ့ ထရပ်ကားအစီး ၂၀ ကို လှူဒါန်းခဲ့ပါတယ်။

သိသာထင်ရှားတဲ့ တိုးတက်မှုတွေမှာ အမေရိကန်ပြည်ထောင်စုက စီးပွားရေး ကန့်သတ်ပိတ်ဆို့မှုတွေ အားလုံးဖယ်ရှားနိုင်ခဲ့ပြီး အမေရိကန်နိုင်ငံနဲ့ ဗြိတိန်နိုင်ငံ အပါအဝင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေ၊ ဆွစ်ဇာလန်နဲ့ နော်ဝေနိုင်ငံတို့ကလည်း ဖွံ့ဖြိုးရေးအကူအညီ အများအပြား ပေးအပ်နေကြဆဲဖြစ်ပါတယ်။ ဥရောပသမဂ္ဂကလည်း ပညာရေးကဏ္ဍအတွက် ယူရို ၂၂၀ သန်း မြန်မာအစိုးရကို တိုက်ရိုက်ပေးအပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ အထည်ချုပ်လုပ်ငန်းမှ အလုပ်သမားလေးသိန်းကျော်ရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ မဆုံးရှုံးရေးအတွက် GSP အခွင့်အရေးတွေ မရုပ်သိမ်းဖို့ ဥရောပသမဂ္ဂနဲ့ ဆွေးနွေးမှုတွေပြုလုပ်ခဲ့ပါတယ်။ ယင်းသို့ ထိတွေ့ဆွေးနွေးမှုတွေကြောင့် နှစ်ဦးနှစ်ဖက် နားလည်မှုတွေ တိုးတက်လာခဲ့ပါတယ်။

အိမ်နီးချင်း တရုတ်နိုင်ငံနဲ့ မဟာဗျူဟာမြောက်ဆက်ဆံရေး (Strategic Partnership) ကို ပိုမိုတိုးတက်ခိုင်မာစေခဲ့ခြင်း၊ ဗီယက်နမ်နိုင်ငံနဲ့ ဘက်စုံပူးပေါင်းဆောင်ရွက်ရေး (Comprehensive Cooperative Partnership - CCP) အဆင့်သို့ မြှင့်တင်ခဲ့ပြီး ထိုင်းနိုင်ငံနဲ့ သဘာဝမဟာဗျူဟာ မိတ်ဖက်နိုင်ငံ (Natural Strategic Partners) ဆက်ဆံရေးသို့ တိုးမြှင့်ခြင်းတွေ ပြုလုပ်နိုင်ခဲ့ပါတယ်။

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတွေအကြား ညှိနှိုင်းဆွေးနွေးပွဲ (Foreign Office Consultations - FoC) ယန္တရားတွေကို ယခင်က အိမ်နီးချင်းနိုင်ငံတွေနဲ့သာ ထူထောင်ခဲ့ရာမှ ယခုအခါ ဩစတြေးလျ၊ ဆွစ်ဇာလန်၊ အက်စတိုးနီးယား၊ နယူးဇီလန်၊ ကိုလံဘီယာ၊ ဘယ်လာရုစ်၊ ဘရာဇီး၊ နီပေါနဲ့ တူရကီ စတဲ့ဒေသတွင်း၊ ဒေသပြင်ပနိုင်ငံတွေနဲ့ပါ နိုင်ငံခြားရေးဆွေးနွေးမှု ယန္တရားတွေ တိုးချဲ့တည်ထောင်ခဲ့ပါတယ်။ ဂျပန်၊ ဥရောပသမဂ္ဂတို့နဲ့ လူ့အခွင့်အရေး ဆွေးနွေးမှုတွေကို နှစ်စဉ်ကျင်းပနိုင်ခဲ့ခြင်းဖြင့် အပြန်အလှန် နားလည်မှုရရှိရေးနဲ့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ခဲ့ပါတယ်။

**မေး။ ။ နိုင်ငံတကာဆက်ဆံရေး တိုးတက်အောင် မိတ်ဖက်သစ်နိုင်ငံတွေနဲ့ သံတမန်ဆက်ဆံရေး တိုးချဲ့ခဲ့တဲ့ လုပ်ငန်းတွေရှိရင် ပြောကြားပေးပါဦးရှင့်။**

ဖြေ။ ။ နိုင်ငံတကာမျက်နှာစာတွင် ကမ္ဘာ့နိုင်ငံအများအပြားနဲ့ ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ဖို့နဲ့ အပြန်အလှန်ပံ့ပိုးမှုတွေ ပိုမိုဆောင်ရွက်နိုင်ဖို့ မိတ်ဖက်သစ်နိုင်ငံတွေနဲ့ သံတမန်ဆက်သွယ်မှုတွေ တိုးချဲ့ထူထောင်လျက်ရှိပါတယ်။ မိမိတို့ အစိုးရရဲ့ (၃)နှစ်တာကာလအတွင်း မိတ်ဖက်သစ်နိုင်ငံ (၇) နိုင်ငံနဲ့ သံတမန်ဆက်သွယ်မှုတွေ တိုးချဲ့ထူထောင်နိုင်ခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံ ၁၉၃ နိုင်ငံအနက် နိုင်ငံပေါင်း ၁၂၁ နိုင်ငံနဲ့ သံတမန်အဆက်အသွယ်ထူထောင်ထားရှိပြီး ဖြစ်ပါတယ်။ အာဖရိကနိုင်ငံတွေနဲ့ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဖို့ ဘီနင်သမ္မတနိုင်ငံ၊ ကွန်ဂိုသမ္မတနိုင်ငံနဲ့ တိုဂိုသမ္မတနိုင်ငံတို့နဲ့ သံတမန်ဆက်သွယ်မှုတွေ တိုးချဲ့ထူထောင်နိုင်ဖို့ စီမံဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

လက်တင်အမေရိကနဲ့ ကာရေဗီယံဒေသတွင်း နိုင်ငံတွေနဲ့ ထိတွေ့ဆက်သွယ်မှု တိုးမြှင့်ရေးအတွက် ကျူးဘားနိုင်ငံဟာဗားနားမြို့ အလယ်ပိုင်းနဲ့ အရှေ့ပိုင်း ဥရောပနိုင်ငံတွေနဲ့ ထိတွေ့ဆက်သွယ်မှုတွေ တိုးမြှင့်နိုင်ရေးအတွက် ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့တို့မှာ ၂၀၁၉ ခုနှစ်တွင် မြန်မာသံရုံးသစ်တွေ တိုးချဲ့ဖွင့်လှစ်ဖို့ စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

**မေး။ ။ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေ ပါဝင်လှုပ်ရှားမှုအပိုင်းနဲ့ ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ။ ဒေသတွင်းနိုင်ငံတွေနဲ့ ဆက်ဆံရေးမြှင့်တင်နိုင်ဖို့အတွက် အာဆီယံ၊ ဘင်းမ်စတက်၊ မဟာမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၊ ဧရာဝတီ - ကျောက်ဖယား - မဲခေါင် စီးပွားရေးဆောင်ရွက်မှု မဟာဗျူဟာ (ACM - ECS)၊ မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၊ မဲခေါင် - ဂျပန်၊ မဲခေါင် - ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၊ မဲခေါင်မြစ်အောက်ပိုင်း နိုင်ငံများဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(LMI) စတဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေပါတယ်။

ACMECS ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် စီမံကိန်းတွေအတွက် စိုက်ပျိုးရေးကဏ္ဍရဲ့ ညှိနှိုင်းရေးမှူးတာဝန်၊ စီအယ်လ်အမ်ဗွီရဲ့ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု မူဘောင်ရေးဆွဲရေးအတွက် လုပ်ငန်းစဉ်တွေချမှတ်ရာမှာ စိုက်ပျိုးရေးနဲ့ စက်မှုကဏ္ဍများ ညှိနှိုင်းရေးမှူးတာဝန်တွေ ထမ်းဆောင်လျက်ရှိပါတယ်။ ဘင်းမ်စတက်အဖွဲ့မှာ စိုက်ပျိုးရေးနဲ့ စွမ်းအင်ကဏ္ဍတို့တွင် ဦးဆောင်နိုင်ငံအဖြစ်ပါဝင်ပြီး နိုင်ငံတော်သမ္မတက စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပါတယ်။

BIMSTEC အစီအစဉ်အောက်မှာ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခု၊ တိုင်းရင်းရိုးရာဆေးနဲ့ပတ်သက်တဲ့ လုပ်ငန်းအဖွဲ့အစည်းအဝေးနဲ့ စွမ်းအင်ဆိုင်ရာ ကျွမ်းကျင်သူတွေအစည်းအဝေးတို့ကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ ဘင်းမ်စတက် စိုက်ပျိုးရေးဝန်ကြီးအဆင့် အစည်းအဝေးနဲ့ ဘင်းမ်စတက် အမျိုးသားလုံခြုံရေးအကြံပေးအရာရှိတွေ အစည်းအဝေးတို့ကို မကြာမီ လက်ခံကျင်းပပေးဖို့ ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ မဲခေါင်မြစ်အောက်ပိုင်း နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (LMI) မှာ ပါဝင်ပြီး (၁၁)ကြိမ်မြောက် LMI/FLM ဒေသတွင်းလုပ်ငန်းအဖွဲ့အစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးတွေကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ပူးပေါင်း၍ အိမ်ရှင်အဖြစ်လည်းကောင်း၊ ဂျီအမ်အက်စ် အဆင့်မြင့်အရာရှိကြီးတွေ အစည်းအဝေးနဲ့ (၁၀) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံများဖိုရမ်တို့ကို အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ပါတယ်။

၂၀၁၈ ခုနှစ်အတွက် မဲခေါင် - ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးရဲ့ပူးတွဲသဘာပတိတာဝန်ကို ထမ်းဆောင်ခဲ့ရာ ၂၀၁၈ မှာ အဆင့်မြင့်အရာရှိတွေ အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါတယ်။ ဒါ့အပြင် မြန်မာ၊ နယူးဇီလန်နဲ့ အမေရိကန်နိုင်ငံတို့မှ ပူးတွဲဥက္ကဋ္ဌတွေအဖြစ် ဆောင်ရွက်လျက် ငြိမ်းချမ်းရေးတည်ဆောက်မှုနဲ့ စပ်လျဉ်းတဲ့ အာဆီယံဒေသဆိုင်ရာ ဖိုရမ်အလုပ်ရုံ ဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ်အတွင်းက နေပြည်တော်၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

**မေး။ ။ နိုင်ငံတကာမျက်နှာစာတွင် ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေအပေါ် တုံ့ပြန်ဖို့ ဘယ်လိုကြိုးပမ်းဆောင်ရွက်နေပါသလဲရှင့်။**

ဖြေ။ ။ ၂၀၁၂ ခုနှစ် ဇွန်လအတွင်းမှာ ရခိုင်ပြည်နယ်ရှိ လူ့အသိုင်းအဝိုင်း နှစ်ခုအကြား ပဋိပက္ခတွေပေါ်ပေါက်လာပြီးနောက်ပိုင်းမှစ၍ ကုလသမဂ္ဂအထွေထွေညီလာခံနဲ့ လူ့အခွင့်အရေးကောင်စီတို့ကချမှတ်တဲ့ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်တွေမှာ ရခိုင်ပြည်နယ်ဖြစ်ပေါ်နေတဲ့ အရေးကိစ္စကို ပိုမိုအလေးပေးထည့်သွင်း ဖော်ပြလာခဲ့ပါတယ်။ ဒါကြောင့် မိမိတို့အစိုးရ စတင်တာဝန်ယူစဉ်ကတည်းက ရခိုင်အရေးကိစ္စကို ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ခဲ့ပါတယ်။

ပြဿနာတွေကို မျှမျှတတဖြေရှင်းပေးလေ့ရှိလို့ နိုင်ငံတကာက အထူးလေးစားတဲ့ ဒေါက်တာ ကိုဖီအာနန်ကို ဖိတ်ခေါ်ပြီး ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းကာ ရေရှည်တည်တံ့မယ့်ဖြေရှင်းမှုရရှိနိုင်ဖို့ စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၆ ခုနှစ်မှာ ကုလသမဂ္ဂအထွေထွေညီလာခံတွင် နှစ်ပေါင်း ၂၀ လုံးလုံး အီးယူက ဦးဆောင်တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အဆိုမူကြမ်းတင်သွင်းမှုကို ပထမဆုံးအကြိမ် ရပ်ဆိုင်းအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

သို့ပေမယ့် အာဆာအကြမ်းဖက်အဖွဲ့ရဲ့ တိုက်ခိုက်မှုလုပ်ရပ်နဲ့ နောက်ဆက်တွဲ ဖြစ်ရပ်တွေကြောင့် ရခိုင်ပြည်နယ်မှာ အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာမှုတွေကို အကြောင်းပြုပြီး အိုအိုင်စီက ၂၀၁၇ ခုနှစ်မှာ ကုလသမဂ္ဂ မျက်နှာစာမှာ မြန်မာနိုင်ငံအပေါ် အဆိုမူကြမ်းတွေ ပြန်လည်တင်သွင်းခဲ့၍ ဖိအားပေးမှုတွေ တစ်ကျော့ပြန်မြင့်တက်လာခဲ့ပါတယ်။ ဒီအခြေအနေတွေကြောင့် မိမိတို့ ဝန်ကြီးဌာနအနေနဲ့ မိမိတို့၏ သဘောထားရပ်တည်ချက်တွေ ထုတ်ပြန်ခြင်း၊ ပြည်တွင်းပြည်ပ မျက်နှာစာအသီးသီးမှာ ကာကွယ်တုံ့ပြန် ရှင်းလင်းခြင်း၊ ဖြစ်ရပ်မှန်အခြေအနေတွေ အသိပေးကာ ချဉ်းကပ်စည်းရုံးမှုတွေ တိုးမြှင့်ပြုလုပ်ခဲ့ရပါတယ်။

ကုလသမဂ္ဂအထွေထွေညီလာခံမှာ ၂၀၁၆ ခုနှစ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ၂၀၁၇ ခုနှစ်တွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနဲ့ ၂၀၁၈ ခုနှစ်တွင် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တို့က တက်ရောက် မိန့်ခွန်းပြောကြားခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံ မူဝါဒဆွေးနွေးပွဲ မစတင်မီ စက်တင်ဘာလ ၁၉ ရက်တွင် နေပြည်တော်မှာ နိုင်ငံတော်အခြေပြမိန့်ခွန်း တစ်ရပ်ပြောကြားကာ ရခိုင်ပြည်နယ်အရေးကိစ္စကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကုလသမဂ္ဂအထွေထွေညီလာခံမတိုင်မီ ဗီယက်နမ်နိုင်ငံမှာ ကမ္ဘာ့စီးပွားရေးဖိုရမ်နဲ့ စင်ကာပူ Lecteure အစီအစဉ်ကနေ မြန်မာနိုင်ငံရဲ့အသွင်ကူးပြောင်းရေးကာလ စိန်ခေါ်မှုတွေနဲ့ သဘောထားရပ်တည်ချက်တွေကို ပြောကြားခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးအနေနဲ့ အစိုးရသက်တမ်း သုံးနှစ်တာအတွင်း နှစ်စဉ်ကျင်းပတဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအဆင့်မြင့်ကဏ္ဍ ဆွေးနွေးပွဲတိုင်းမှာ တက်ရောက်ပြီး ရခိုင်ပြည်နယ်ကိစ္စနဲ့ ပတ်သက်လို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံကာလအတွင်းမှာ ဗြိတိန်နိုင်ငံမှ လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက် အဆိုမူကြမ်းချမှတ်နိုင်ရေး ကြိုးပမ်းခဲ့ရာမှာ မြန်မာကိုယ်စားလှယ်အဖွဲ့က ချဉ်းကပ်စည်းရုံး ရှင်းလင်းပြောကြားခြင်း၊ မြန်မာ - ဘင်္ဂလားဒေ့ရှ် - တရုတ် နိုင်ငံတို့အကြား ဝန်ကြီးအဆင့် ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ခြင်းတို့ကြောင့် လုံခြုံရေးကောင်စီမှ မြန်မာနိုင်ငံအရေးကိစ္စနဲ့ပတ်သက်လို့ ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မထုတ်ပြန်ရေးအတွက် ဟန့်တားဆောင်ရွက်နိုင်ခဲ့ပါတယ်။

မိမိတို့အနေနဲ့ အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) ဖွဲ့စည်းဖို့ ဆုံးဖြတ်ချက်ချမှတ်တဲ့ ကနဦးအဆင့်ကပင် ယင်းအဖွဲ့အား တည်ထောင်တဲ့ဖြစ်စဉ်မှာ ပွင့်လင်းမြင်သာမှု မရှိခြင်း၊ ဘက်လိုက်မှုရှိခြင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စအား အစိုးရမှဖြေရှင်းဆောင်ရွက်ရာမှာ အဟန့်အတားတွေဖြစ်နိုင်ခြင်းနဲ့ မြေပြင်အခြေအနေနဲ့ ကိုက်ညီမှုမရှိခြင်းတို့ကြောင့် FFM ဖွဲ့စည်းတာဝန်ပေးခြင်းကို လက်မခံကြောင်း ရပ်တည်ပြောကြားခဲ့ပါတယ်။ FFM အစီရင်ခံစာ ထွက်ပေါ်လာတဲ့အခါမှာ အစိုးရရဲ့ သဘောထားရပ်တည်ချက်ကို ပြတ်ပြတ်သားသား ထုတ်ပြန်ခဲ့ပါတယ်။

ယခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်က ဂျီနီဗာမြို့မှာ ကျင်းပခဲ့တဲ့လူ့အခွင့်အရေးကောင်စီ အစည်းအဝေးမှာ မိမိ တက်ရောက်ပြီး မိန့်ခွန်းပြောကြားစဉ်မှာ FFM ကို လက်မခံတဲ့ အကြောင်းရင်းတွေကို ထပ်လောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။ လူ့အခွင့်အရေးကောင်စီနဲ့ ကုလသမဂ္ဂအထွေထွေညီလာခံတို့မှာ တင်သွင်းတဲ့ ဆုံးဖြတ်ချက်အဆိုမူကြမ်းတွေနဲ့ပတ်သက်လို့ နယူးယောက်မြို့နဲ့ ဂျီနီဗာမြို့တို့မှ အမြဲတမ်းကိုယ်စားလှယ်၊ သံအမတ်ကြီးတွေဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့တွေက လက်မခံနိုင်ကြောင်းကို ပြတ်ပြတ်သားသား ပြသနိုင်ဖို့အတွက် မဲခွဲရန်တောင်းဆိုခြင်း၊ မိမိတို့ရဲ့ ရပ်တည်ချက်တွေ ဖော်ပြတဲ့ မိန့်ခွန်းတွေပြောကြားခြင်းတို့ကို စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိပါတယ်။

တစ်ဖက်မှာ မြန်မာနိုင်ငံရဲ့ရှုပ်ထွေးသိမ်မွေ့တဲ့ စိန်ခေါ်မှုတွေကို နားလည်မှုရှိတဲ့ မိတ်ဆွေနိုင်ငံတွေရဲ့အကူအညီကိုရယူပြီး မိမိတို့နိုင်ငံအတွင်း အမှန်တကယ်နေထိုင်ခဲ့ သူတွေ၊ ပြစ်ချက်စိစစ်ပြီးသူတွေကို နှစ်နိုင်ငံအကြား သဘောတူညီချက်ပါ စည်းကမ်းချက်တွေနဲ့အညီ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်စတင်နိုင်ရေးနဲ့ မြေပြင်မှာ တိုးတက်မှုအခြေအနေတွေ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်တွေအတွက် တာဝန်ခံမှုရှိရေးကိစ္စရပ်ကို ကိုင်တွယ်ဆောင်ရွက်နိုင်ဖို့ ပြည်ပကထင်ရှားတဲ့ ပုဂ္ဂိုလ်နှစ်ဦး၊ ပြည်တွင်းမှ ပညာရှင်နှစ်ဦးပါဝင်တဲ့ လွတ်လပ်တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်(ICoE)ကို ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း ဖွဲ့စည်းတာဝန်ပေးခဲ့ပါတယ်။ တာဝန်ခံမှုကိစ္စကို ကိုင်တွယ်ဆောင်ရွက်ဖို့ အစိုးရအနေနဲ့ ဆန္ဒလည်းရှိ၊ ဆောင်ရွက်နိုင်စွမ်းလည်းရှိကြောင်း၊ ဒါကြောင့် နိုင်ငံတကာက ဝင်ရောက်စီရင်နိုင်ရေး ဦးတည်ကြိုးပမ်းမှုတွေကို လုံးဝလက်မခံကြောင်း ပြတ်သားစွာ ရပ်တည်ပြောကြားထားပါတယ်။ တစ်ချိန်တည်းမှာ လူသားချင်းစာနာမှု အကူအညီပေးရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေဆောင်ရွက်ရန်အတွက် UEHRD ကို တည်ထောင်ထားပြီး ရေရှည်အစီအစဉ်အနေနဲ့ ကိုဖီအာနန်ကော်မရှင်ရဲ့ အကြံပြုချက်တွေကို တတ်နိုင်သမျှအပြည့်အဝ အကောင်အထည်ဖော်ခြင်းဖြင့် ဖြေရှင်းသွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ပြည်ပမှ မလိုလားအပ်တဲ့ စွက်ဖက်မှုတွေ မရှိဖို့နဲ့ ပြည်တွင်းရှိ စိန်ခေါ်မှုတွေကို ကိုင်တွယ်ဆောင်ရွက်ရာမှာ မိမိတို့ အစိုးရအနေနဲ့ ရခိုင်ပြည်နယ်အတွင်းရှိ အသိုက်အဝန်း အားလုံး သဟဇာတဖြစ်စွာနေထိုင်နိုင်တဲ့ ရေရှည်တည်တံ့မယ့် အဖြေရရှိရေးအတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးအပါအဝင်ဘက်ပေါင်းစုံမှ စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံရဲ့ဦးစားပေးလုပ်ငန်းတွေနဲ့အညီ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အသိုက်အဝန်းနဲ့ ထိတွေ့ပူးပေါင်းလုပ်ဆောင်သင့်သည်တွေကို ဆောင်ရွက်လျက်ရှိပါတယ်။ နေရပ်စွန့်ခွာသူတွေကို စိစစ်ပြန်လည်လက်ခံရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ နှစ်နိုင်ငံသဘောတူညီချက်တွေ လက်မှတ်ရေးထိုးခြင်း၊ UNHCR နဲ့ UNDP တို့ထံမှ ကူညီပံ့ပိုးမှုယူဖို့ MoU လက်မှတ်ရေးထိုးခြင်း၊ အာဆီယံနှင့် ဒေသတွင်း မိတ်ဆွေနိုင်ငံတွေထံမှ ကူညီပံ့ပိုးမှုတွေကို လက်ခံရယူခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။

ရခိုင်ပြည်နယ် အရေးကိစ္စတွေနဲ့ပတ်သက်ပြီး ဖြစ်ရပ်မှန်အခြေအနေတွေကို ကျယ်ပြန့်စွာသိရှိနိုင်ဖို့နဲ့ မိမိအစိုးရရဲ့ကြိုးပမ်းဆောင်ရွက်ချက်တွေ ပြောကြားတဲ့ မိန့်ခွန်းတွေကို ပြည်သူအားလုံး ရှင်းရှင်းလင်းလင်း သိရှိဖို့အတွက် သတင်းစာတွေ၊ မိမိတို့ဝန်ကြီးဌာနရဲ့တရားဝင်ဝက်ဘ်ဆိုက်နဲ့ လူမှုကွန်ရက်တွေမှာ စဉ်ဆက်မပြတ်ဖော်ပြပေးလျက်ရှိပါတယ်။ ထို့ပြင် အရေးပါတဲ့ နိုင်ငံတွေသို့ အထူးသံတမန်တွေစေလွှတ်ကာ ရှင်းလင်းပြောကြားစေခြင်း၊ ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတွေကလည်း ရုံးစိုက်ရာ အိမ်ရှင်နိုင်ငံတွေ၌ ဖော်ပြပါသတင်းအချက်အလက်တွေ ထပ်ဆင့်ဖြန့်ဝေခြင်း၊ သံရုံးအကြီးအကဲတွေက ရှင်းလင်းပြောကြားခြင်းတွေ ပြုလုပ်၍ ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ မြန်မာနိုင်ငံသို့လာရောက်တဲ့ ပြည်ပဧည့်သည်တော်တိုင်းကို အလားတူ ရှင်းလင်းပြောကြားမှုတွေ ပြုလုပ်လျက်ရှိပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ် အရေးကိစ္စအတွက် ဒေသတွင်း မျက်နှာစာမှာ ဘယ်လိုကြိုးပမ်းမှုတွေ လုပ်ခဲ့ပါသလဲ။**

ဖြေ။ ။ ဒေသတွင်းမှာ မြန်မာနိုင်ငံရဲ့အခန်းကဏ္ဍကို ပိုမိုမြင့်တက်လာဖို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသလို ရခိုင်ပြည်နယ်ကိစ္စနဲ့ပတ်သက်၍ မြန်မာနိုင်ငံရဲ့ ရှုပ်ထွေးသိမ်မွေ့တဲ့ စိန်ခေါ်မှုတွေအပေါ် အာဆီယံအပါအဝင် ဒေသတွင်းမှ အဖွဲ့အစည်းတွေရဲ့ ထိပ်သီးအစည်းအဝေးအဆင့် အစည်းအဝေးတွေမှာ နိုင်ငံတော်အကြီးအကဲတွေ ကိုယ်တိုင် ရှင်းလင်းပြောကြားမှုတွေ ပြုလုပ်ခဲ့ပါတယ်။

အာဆီယံ ထိပ်သီးအစည်းအဝေးကာလအတွင်း ကျင်းပတဲ့ နိုင်ငံခြားရေးဝန်ကြီးတွေ အစည်းအဝေးတွေမှာ မြန်မာနိုင်ငံက ရခိုင်အရေးနဲ့ပတ်သက်၍

*အချပ်ပို (ဃ) သို့*

*အချပ်ပို(ဂ)မှ*

ဆောင်ရွက်ထားရှိမှု အခြေအနေတွေကို စဉ်ဆက်မပြတ် အသိပေးခဲ့ပါတယ်။ အာဆီယံအနေနဲ့ ရခိုင်ပြည်နယ်ကိစ္စရပ်ရဲ့သိမ်မွေ့နက်နဲ ရှုပ်ထွေးမှုကို နားလည်သဘောပေါက်ကြောင်း၊ အာဆီယံအနေနဲ့ မြန်မာနိုင်ငံက ရခိုင်ပြည်နယ် အေးချမ်းတည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ မိသားစုစိတ်ဓာတ်နဲ့ ကူညီပံ့ပိုးရန် အသင့်ရှိကြောင်း ကမ်းလှမ်းခဲ့ပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို မထိပါးစေဘဲ မြန်မာနိုင်ငံရဲ့ လိုအပ်ချက်ကို မြန်မာနိုင်ငံရဲ့သဘောနဲ့အညီ ဖြည့်ဆည်းပေးမယ့်ပုံစံမျိုးဖြင့် အာဆီယံနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယင်းသို့ ညှိနှိုင်းချက်အရ အာဆီယံအတွင်းရေးမှူးချုပ်အား ရခိုင်ပြည်နယ်တွင် ပံ့ပိုးကူညီနိုင်မယ့် အခြေအနေတွေကို လာရောက်လေ့လာဖို့ ဖိတ်ခေါ်ခဲ့ပြီး ပထမအကြိမ် အဆင့်မြင့်မဟာဗျူဟာညှိနှိုင်းရေးအစည်းအဝေးကို ကျင်းပနိုင်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွေမှာ အာဆီယံမှ ပူးပေါင်းဆောင်ရွက်နိုင်ရေး သဘောတူညီချက်အရ ယခုနှစ် မတ်လအတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်နဲ့ ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်တွေ ပါဝင်တဲ့ အာဆီယံအရေးပေါ်တုံ့ပြန်ရေးနဲ့ ဆန်းစစ်လေ့လာရေးအဖွဲ့ (ASEAN ERAT)က လုပ်ငန်းစဉ်တွေမှာ ပါဝင်ဆောင်ရွက်နေတဲ့ အဖွဲ့ဝင်တွေအတွက် ဘေးကင်းလုံခြုံရေးဆိုင်ရာ သင်တန်းပို့ချခြင်းနဲ့ မောင်တောမြို့ရှိ ပြန်လည်လက်ခံရေးစခန်းတွေနဲ့ ပြန်လည်နေရာချထားမယ့် ကျေးရွာတွေကို ကွင်းဆင်း၍ ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာခြင်းတွေ ပြုလုပ်ခဲ့ကြပါတယ်။ ယင်းဆန်းစစ်လေ့လာရေးအဖွဲ့ရဲ့ အစီရင်ခံစာကို ထုတ်ပြန်သွားဖို့ရှိပြီး ပူးပေါင်းဆောင်ရွက်သွားနိုင်မယ့် ကိစ္စရပ်တွေကိုဖော်ထုတ်ကာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်တွင် ကျင်းပတဲ့ (၂၂)ကြိမ်မြောက် အာဆီယံ - အီးယူဝန်ကြီးအဆင့် အစည်းအဝေးမှာ ရခိုင်အရေးကိစ္စကို ထည့်သွင်းရှင်းလင်းပြောကြားခဲ့ပါတယ်။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူတွေ ပြန်လည်စိစစ်လက်ခံရေးကိစ္စမှာ အာဆီယံမှ အပြုသဘောကူညီပံ့ပိုးတဲ့ကဏ္ဍနဲ့ပါဝင်ရန် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ခြင်းဟာ သံတမန်ရေးအရ ထူးခြားတဲ့ တိုးတက်မှုတစ်ရပ်ဖြစ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာ စာချုပ်တွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်နိုင်ခဲ့မှုတွေကို သိပါရစေရှင့်။**

ဖြေ။ ။ လက်ရှိအစိုးရရဲ့ တတိယနှစ်အတွင်း လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာမှုကိစ္စရပ်တွေမှာ မြန်မာနိုင်ငံအပေါ် ဖိအားပေးမှုတွေ မြင့်တက်ခဲ့သော်လည်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအပိုင်း၌ တိုးတက်မှုတွေ ရရှိနေပါတယ်။ UNDP, UNFPA, UNICEF နဲ့ ILO တို့ရဲ့ မြန်မာနိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ်တွေ အတည်ပြုနိုင်ခြင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတွေစာရင်း(LDC)မှ လွတ်မြောက်ရေး စံသတ်မှတ်ချက်သုံးခုလုံး ၂၀၁၈ ခုနှစ်တွင် ပထမအကြိမ် ပြည့်မီအောင်စွမ်းဆောင်နိုင်ခြင်းနဲ့ ကုလသမဂ္ဂဆိုင်ရာ စာချုပ်များတွင် အတည်ပြုပါဝင်လက်မှတ်ရေးထိုးခြင်းစတဲ့ တိုးတက်မှုတွေ ရရှိခဲ့ပါတယ်။

နျူကလီးယားလက်နက်တွေကို ဖျက်သိမ်းရေး အပါအဝင် လုံးဝတားမြစ်ပိတ်ပင်တဲ့ Treaty on the Prohibition of Nuclear Weapons (TPNW) စာချုပ်ဟာ မြန်မာနိုင်ငံရဲ့ နျူကလီးယားလက်နက်ဖျက်သိမ်းရေး ရပ်တည်ချက်နဲ့ ကိုက်ညီမှုရှိတဲ့အတွက် မြန်မာနိုင်ငံမှ ယင်းစာချုပ်တွင်ပါဝင်ရန် (၇၃)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကာလအတွင်း လက်မှတ်ရေးထိုးခဲ့ပါတယ်။

အိန္ဒိယနိုင်ငံမှာ ကျင်းပခဲ့တဲ့ (၁၀)ကြိမ်မြောက် ဒေလီဆွေးနွေးပွဲမှာ အပြည်ပြည်ဆိုင်ရာ နေရောင်ခြည်စွမ်းအင် မိတ်ဖက်နိုင်ငံတွေအဖွဲ့ (International Solar Alliance) သို့ မြန်မာနိုင်ငံမှ (၆၈)နိုင်ငံမြောက် အဖွဲ့ဝင်အဖြစ် မူဘောင်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။



အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် (၃)ကြိမ်မြောက် မြန်မာ - ဆွစ်ဇာလန် နှစ်နိုင်ငံဆွေးနွေးပွဲသို့ တက်ရောက်စဉ်။

**မေး။ ။ ပြည်ပရောက် မြန်မာနိုင်ငံသား အကျိုးကာကွယ်ရေးကိစ္စတွေမှာ ပြောင်းလဲအောင် ဘာတွေ ဆောင်ကြဉ်းပေးနိုင်ခဲ့ပါသလဲ။**

ဖြေ။ ။ အစိုးရလက်ထက်မှာ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတွေအနေနဲ့ ပြည်သူကိုဗဟိုပြုတဲ့ သံတမန်ရေးနည်းလမ်းနဲ့အညီ ပြည်ပရောက် မြန်မာနိုင်ငံသားတွေနဲ့ မြန်မာနိုင်ငံသားဟောင်းတွေ အကျိုးကာကွယ်စောင့်ရှောက်ရေးကို ပိုမိုအလေးထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကဏ္ဍပေါင်းစုံမှာ ဖြေလျှော့ဆောင်ရွက်မှုတွေ၊ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ခဲ့တာကြောင့် ပြည်ပမှာ အကြောင်းအမျိုးမျိုးနဲ့ ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားတွေရဲ့ အခက်အခဲ ပြဿနာတွေကို ပိုမိုထိရောက်စွာ ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ထိုင်း - မြန်မာ နယ်စပ်မှာ တည်ငြိမ်အေးချမ်းမှုတွေ ရရှိလာပြီဖြစ်ရာ ထိုင်းနိုင်ငံဘက်မှာ နှစ်ပေါင်းများစွာ ဖွင့်ထားခဲ့တဲ့ ယာယီစခန်းတွေကနေ ၎င်းတို့ဆန္ဒအလျောက် ပြန်လာလိုသူ မြန်မာနိုင်ငံသား စိစစ်ပြီးသူတွေ ပြန်လည်ခေါ်ဆောင်ပေးနိုင် ခဲ့တဲ့အပြင် နောက်ထပ်ပြန်လည်ဝင်ရောက်လိုသူတွေကို စိစစ်လက်ခံ၍ နေရာချထားပေးရေးအတွက် ထိုင်းနိုင်ငံအစိုးရနဲ့နှစ်နိုင်ငံချင်း အစီအစဉ်အရညှိနှိုင်းဆောင်ရွက်လျက်ရှိရာမှာ တိုးတက်မှုတွေ ရခဲ့ပါတယ်။ ပထမအကြိမ် ၇၁ ဦး၊ ဒုတိယအကြိမ် ၉၃ ဦးနဲ့ တတိယအကြိမ် ၅၆၇ ဦးကို စိစစ်လက်ခံခဲ့ပါတယ်။ ဒါဟာလည်း ထူးခြားတဲ့ တိုးတက်မှုတစ်ရပ်ဖြစ်ပါတယ်။

**မေး။ ။ နယ်နိမိတ်ကိစ္စတွေမှာရော တိုးတက်မှုရှိအောင် ဘာတွေဆောင်ရွက်ပေးနိုင်ခဲ့ပါသလဲ။**

ဖြေ။ ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ယခင်အစိုးရအဆက်ဆက်က ဆောင်ရွက်ခြင်း မပြုနိုင်ခဲ့တဲ့ မပြီးပြတ်သေးတဲ့ နယ်နိမိတ်ကိစ္စတွေကို ပြီးပြတ်အောင် ဆောင်ရွက်ပေးခြင်းဖြင့် နောင်လာနောက်သားတွေကို ကောင်းမွန်တဲ့ အမွေအနှစ်တွေပေးနိုင်မှာဖြစ်ပြီး ဒါ့ကြောင့် အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေးအကောင်းဆုံး ရောက်ရှိနေတဲ့ ယခုအချိန်အခါတွင် နယ်နိမိတ်တိုင်းတာ သတ်မှတ်ရေးကိစ္စတွေကို ဦးစားပေးဆောင်ရွက်ဖို့ လမ်းညွှန်ထားပါတယ်။

မြန်မာနဲ့ ထိုင်းနိုင်ငံအကြား ရပ်တန့်နေတဲ့ နယ်နိမိတ်တိုင်းတာရေးကိစ္စရပ်တွေကို ဆက်လက်ဆောင်ရွက်နိုင်ဖို့ နှစ်နိုင်ငံအကြား နယ်နိမိတ်တိုင်းတာရေး သဘောတူညီချက်ကို ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်အောင် ညှိနှိုင်းဆွေးနွေးတဲ့ မြန်မာ - ထိုင်းအဆင့်မြင့်အရာရှိကြီးတွေရဲ့အစည်းအဝေးတွေကို မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး နှစ်ဖက်အမြင် ကွာဟမှုတွေကို လျှော့ချနိုင်ခဲ့ပါတယ်။ သဘောတူညီချက်အား လက်မှတ်ရေးထိုးပြီးပါက ပတ်ချန်မြစ်နဲ့ ယင်းရဲ့ မြောက်ဘက်ရှိ ကုန်းနယ်နိမိတ်မိုင် ၂၀၀ ခန့်ကို တိုင်းတာသတ်မှတ်နိုင်မှာဖြစ်ပြီး ကျန်ရှိတဲ့အပိုင်းတွေကို အပိုင်းလိုက်ဆက်လက်တိုင်းတာသွားဖို့ ရှိပါတယ်။

မြန်မာ - အိန္ဒိယနယ်နိမိတ် နာဂဒေသရှိ နယ်နိမိတ်မှတ်တိုင်အမှတ် ၁၄၅ နဲ့ ၁၄၆ ကြားတွင် အိန္ဒိယဘက် ဒေသခံတွေမှ နယ်နိမိတ်အား ကျော်လွန်ပြီး အဆောက်အအုံတွေ တည်ဆောက်ခြင်း မပြုစေအောင် ခြံစည်းရိုးကာရံရန်အတွက် နှစ်နိုင်ငံပူးတွဲ၍ ထပ်တိုးမှတ်တိုင် ၃၈ တိုင်စိုက်ထူပြီး ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် အဆိုပါနေရာတွင် ခြံစည်းရိုးကာရံခြင်းကို ဆောင်ရွက်နိုင်ဖို့ အိန္ဒိယဘက်နဲ့ ဆက်လက်ညှိနှိုင်းသွားမှာ ဖြစ်ပါတယ်။ အလားတူ မှတ်တိုင်အမှတ် ၈၀ နဲ့ ၈၂ အကြားတွင် ထပ်တိုးမှတ်တိုင် ၃၀ ကို ၂၀၁၇ - ၂၀၁၈ ကွင်းဆင်းရာသီတွင် အိန္ဒိယဘက်နဲ့ပူးတွဲ၍ တည်ဆောက်ပြီးစီးခဲ့ပါတယ်။

မြန်မာနိုင်ငံနဲ့ ထိစပ်လျက်ရှိတဲ့ တရုတ်နိုင်ငံနဲ့အကြား နယ်နိမိတ်ပူးတွဲစစ်ဆေးမှု မပြုလုပ်နိုင်ခဲ့တာ (၂၃)နှစ်ကျော်သွားပြီ ဖြစ်တာကြောင့် နှစ်နိုင်ငံပူးတွဲ ကွင်းဆင်းနိုင်ဖို့ တတိယအကြိမ် မြန်မာ - တရုတ် နယ်နိမိတ်ပူးတွဲစစ်ဆေးရေးဆိုင်ရာ ပထမအကြိမ် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်း တရုတ်နိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒုတိယအကြိမ် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ် မတ်လအတွင်း တရုတ်နိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့ပြီး နယ်နိမိတ်မျဉ်းအနီး တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ နှစ်ဖက်အငြင်းပွားမှုတွေကို နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနဲ့ အိမ်နီးချင်းကောင်း ပီသစွာဆောင်ရွက်မှုတို့ဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ သံရုံးတွေ ဖွင့်လှစ်ထားရှိမှုနဲ့ စပ်လျဉ်းပြီး ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။ ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတွေအနေနဲ့ နိုင်ငံတော်နဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ မူဝါဒ၊ ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေကို အကောင် အထည်ဖော်ရေးမှာ ပြည်ပနိုင်ငံတွေနဲ့ သံတမန်ဆက်ဆံရေးနဲ့ လူမှုရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖို့အတွက် အရေးပါတဲ့ အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါတယ်။ လက်ရှိမှာ မြန်မာသံရုံး ၃၅ ရုံး၊ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး သုံးရုံးနဲ့ ကောင်စစ်ဝန်ချုပ်ရုံးခြောက်ရုံး စုစုပေါင်း ၄၄ ရုံး ဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။

မြန်မာသံရုံး / အဖွဲ့ရုံး / ကောင်စစ်ဝန်ချုပ်ရုံးတွေအနေနဲ့ ပြည်သူကိုဗဟိုပြုတဲ့ သံတမန်ဆက်ဆံရေးကို အထူးပြုလျက် ပြည်ပရောက် မြန်မာနိုင်ငံသားတွေအကျိုးကို ပိုမိုအားဖြည့်ဆောင်ရွက်ပေးလျက်ရှိတဲ့နေရာမှာ ကောင်စစ်ရေးရာလုပ်ငန်းတွေကို ဆောင်ရွက်ပေးရာမှ နိုင်ငံတော်နဲ့ ပြည်သူတို့အတွက် ဝင်ငွေကို တစ်ဖက်တစ်လမ်းက ရှာဖွေပေးလျက်ရှိပါတယ်။

ဝန်ကြီးဌာနအနေနဲ့ စီးပွားရေး လုပ်ငန်းအဖွဲ့အစည်းမဟုတ်တဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာနနဲ့ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကိုယ်စား ပြည်ဝင်ဗီဇာ၊ ဝင်ငွေခွန်၊ နိုင်ငံကူးလက်မှတ်ဆောင်ရွက်ခနဲ့ အခြားဆောင်ရွက်ပေးမှုတို့မှ ပြည်သူ့အစိုးရလက်ထက် သုံးနှစ်တာကာလအတွင်း ငွေကျပ်သန်းပေါင်း ၉၅၆၄ ဒသမ ၈၇၈ (အမေရိကန် ဒေါ်လာ ၇၁ ဒသမ ၈၆၉ သန်း) ရှာဖွေပေးနိုင်ခဲ့ပါတယ်။ ယင်းစုစုပေါင်းဝင်ငွေထဲမှ တတိယ တစ်နှစ်စာအတွက် ငွေကျပ်သန်းပေါင်း ၂၈၀၅၅ ဒသမ ၂၈၈ (အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၆၀၀ သန်း)ကို နိုင်ငံတော်ဝင်ငွေအဖြစ် ရှာပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းအစီအစဉ်တွေကို သိပါရစေ။**

ဖြေ။ ။ ဝန်ကြီးဌာနရဲ့ရည်မှန်းချက်တွေကို ပြည့်ဝအောင်အကောင်အထည်ဖော်မယ့် စွမ်းရည်ထက်မြက်တဲ့ သံတမန်ကောင်းတွေ လိုအပ်တဲ့အလျောက် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း၊ သံရုံးဒုတိယအကြီးအကဲသင်တန်း၊ ဌာနခွဲစာရေးတွေအတွက် အင်္ဂလိပ်စာနဲ့ နိုင်ငံခြားရေးရာကျွမ်းကျင်မှုသင်တန်း၊ ပြည်ပအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းကျင်းပတဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ အပါအဝင် စကားပြန်သင်တန်း၊ အစီရင်ခံစာရေးသားနည်း၊ မိန့်ခွန်းပြင်ဆင်ရေးသားနည်း သင်တန်းတွေ ပို့ချပေးလျက်ရှိပါတယ်။

ဒါ့အပြင် ဝန်ကြီးဌာနနဲ့ အခြားဌာနတွေက အစိုးရဝန်ထမ်းတွေ၊ လုပ်ငန်းရှင်တွေ၊ ကုမ္ပဏီဝန်ထမ်းတွေ အပါအဝင် ဘွဲ့ရလူငယ်တွေအတွက် အစိုးရသက်တမ်း တတိယတစ်နှစ်တာကာလအတွင်း အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းကို (၂)ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား ၃၇၉ ဦးကို သင်ကြားပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် အဆင့်မြင့် သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၅)ကို ဖွင့်လှစ်သင်ကြားနေပါတယ်။ သံတမန်တွေရဲ့ဇနီးတွေ အခန်းကဏ္ဍက အရေးပါတဲ့အလျောက် သံတမန်တွေရဲ့ ဇနီးတွေ၊ အမျိုးသမီးဝန်ထမ်းတွေအတွက်ပါ ဝတ်စားဆင်ယင်မှုနဲ့ သံတမန်ညှော်ခံရေး ထုံးတမ်းတွေ လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။

**မေး။ ။ မြန်မာသံတမန်ဝန်ထမ်းတွေ လုပ်ငန်းတာဝန်တွေ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ပေးမှု အစီအမံတွေကို သိပါရစေရှင့်။**

ဖြေ။ ။ မြန်မာသံတမန် လုပ်ငန်းတွေမှာ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ အရည်အသွေးမြင့်ပြီး တက်ကြွကြိုးစားတဲ့ သံအမတ်ကြီးတွေ၊ သံတမန်တွေ လိုအပ်ပါတယ်။ ဒါ့ကြောင့် သံအမတ်ကြီးတွေ တာဝန်ပေးအပ်ရာမှာ သံတမန်အတွေ့အကြုံရှိသူတွေကို ဦးစားပေးပြီး ပြောင်းလဲတာဝန်ပေးခြင်း၊ အရေးကြီးတဲ့နေရာတွေမှာ သံတမန်ရေးရာ ကျွမ်းကျင်မှုရှိပြီး တက်ကြွစွာ ထမ်းဆောင်နေသူတွေကို ဆက်လက်တာဝန်ပေးခန့်အပ်ခြင်းတွေ ပြုလုပ်ခဲ့ပါတယ်။ ဒါဟာလည်း ထူးခြားတဲ့ ပြောင်းလဲမှုတစ်ရပ် ဖြစ်ပါတယ်။

မြန်မာသံတမန်ဝန်ထမ်းတွေ လုပ်ငန်းတာဝန်တွေကို အလေးထား အာရုံစိုက်ဆောင်ရွက်နိုင်ရေးနဲ့ လုပ်ငန်းခွင် အဆင်ပြေချောမွေ့ရေး ရည်ရွယ်ပြီး သံရုံးဝန်ထမ်းတွေနဲ့ မိသားစုတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ အုပ်ချုပ်မှုဆိုင်ရာ အထောက်အပံ့တွေ၊ ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ ပညာသင်စရိတ် ထောက်ပံ့ရေးတွေကို မိမိတို့အစိုးရလက်ထက်မှာ သိသိသာသာ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါတယ်။

ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး ၄၄ ရုံးအနက် ယခင်ကသံရုံးခြောက်ရုံးသာ ဝန်ထမ်းမိသားစုတွေအတွက် ကျန်းမာရေးအာမခံထားခွင့်ပြုထားခဲ့ရာမှ ယခုအစိုးရလက်ထက်တွင် သံရုံး ၂၄ ရုံးအထိ ကျန်းမာရေးအာမခံတွေ ခံစားခွင့်ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ နိုင်ငံခြားရေးဝန်ထမ်းတွေနဲ့ သားသမီးတွေ ပညာသင်ကြားမှုအခက်အခဲမရှိရေးအတွက် ကျောင်းလခရဲ့ သုံးပုံနှစ်ပုံကို ယခုနှစ်ကစလို့ ပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ ဒါဟာ သံတမန်ဝန်ထမ်းမိသားစုတွေ အကျိုးအတွက် အစိုးရရဲ့ထူးကဲတဲ့ ကူညီပံ့ပိုးမှုဖြစ်ပါတယ်။

နိုင်ငံတကာစာမျက်နှာမှာ သံတမန်ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ရေးအတွက် ပြည်ပရှိ မြန်မာသံရုံးတွေအနေနဲ့ သံတမန်ဂုဏ်သိက္ခာအဆင့်နဲ့အညီ တင့်တယ်လှပမှုရှိဖို့ သက်တမ်းကြာမြင့်နေပြီဖြစ်တဲ့ နိုင်ငံတော်ပိုင် သံရုံး၊ အဖွဲ့ရုံးအဆောက်အအုံတွေကို မွမ်းမံထိန်းသိမ်းခြင်း၊ အသစ်ပြန်လည်တည်ဆောက်ခြင်းတွေနဲ့ နိုင်ငံပိုင်ဆောက်လုပ်မှုတွေ ပြုလုပ်ကြဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ တောင်အာဖရိကနဲ့ ဩစတြေးလျနိုင်ငံတို့မှာ မြန်မာသံရုံးသစ်တွေ၊ ဝန်ထမ်းအိမ်ရာတွေ ဆောက်လုပ်ပေးနေပြီး မြန်မာသံရုံးအများအပြားကို အကြီးစားပြုပြင်မှုတွေနဲ့လုံခြုံရေး အစီအမံတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ပြည်ပနိုင်ငံတွေမှာ နိုင်ငံပိုင်အဆောက်အအုံတွေ ဆောက်လုပ်ခြင်းဖြင့် ရေရှည်မှာ ကမ္ဘာတစ်ဝန်း ကြီးမြင့်လာတဲ့ လူနေမှုစရိတ်အရ တိုးမြှင့်လာတဲ့ ရုံးခန်းတွေ၊ နေအိမ်ခန်းတွေရဲ့ ငှားရမ်းခတွေကို သက်သာပြီး နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေကို ခြိုးခြံချွေတာနိုင်မှာ ဖြစ်ပါတယ်။ စင်ကာပူမြန်မာသံရုံးမှာ ဗီဇာဝန်ဆောင်မှုလုပ်ငန်းကို ပူးတွဲလုပ်ကိုင်နေတဲ့ ပုဂ္ဂလိကကုမ္ပဏီကို တာဝန်ရပ်ဆိုင်းပြီး သံရုံးဝန်ထမ်းတွေနဲ့ ကိုယ်တိုင်လုပ်ကိုင်ဖို့ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

**မေး။ ။ နိဂုံးချုပ်အနေနဲ့ ဖြည့်စွက်ပြောကြားလိုတဲ့ အချက်တွေရှိပါက သိရှိပါရစေရှင့်။**

ဖြေ။ ။ နိုင်ငံတကာနဲ့ ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ ရခိုင်ပြည်နယ် အရေးကိစ္စဟာ အဓိကအတားအဆီးကြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီစိန်ခေါ်မှုတွေကို ကျော်လွှားရေးဟာ မိမိတို့ ဦးစားပေးဆောင်ရွက်ရမယ့် အရေးကြီးလုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပါတယ်။

ဒါ့ကြောင့် နိုင်ငံတကာမှာ မြန်မာနိုင်ငံရဲ့ပုံရိပ်မြှင့်တင်ရေးနဲ့ ရခိုင်ပြည်နယ်အရေး ကိစ္စအပါအဝင် မြန်မာနိုင်ငံရဲ့စိန်ခေါ်မှုတွေကို ဖြေရှင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာမှာ အစိုးရနဲ့အတူ ပြည်တွင်းပြည်ပရှိ မြန်မာပြည်သူတွေ၊ အဖွဲ့အစည်းတွေ အားလုံးက အပြုသဘောနဲ့ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ မိမိတို့ နိုင်ငံအပေါ် နားလည်မှုရှိတဲ့ မိတ်ဆွေနိုင်ငံတွေရဲ့ကူညီပံ့ပိုးမှု၊ ပြည်တွင်း စည်းလုံး ညီညွတ်မှုနဲ့ စုပေါင်းအင်အားကို အသုံးချခြင်းဖြင့် အမှန်တရားနဲ့ တရားမျှတမှု ပေါ်ပေါက်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

အစိုးရအနေနဲ့ ရခိုင်ပြည်နယ် အရေးကိစ္စကိုဖြေရှင်းရာမှာ မတူကွဲပြားတဲ့ သဘောထားအမြင်တွေ အားလုံးကို ထည့်သွင်းစဉ်းစားကာ၊ နိုင်ငံတော်နဲ့ ပြည်သူတွေအကျိုးအတွက် ဦးထိပ်ထားလျက်၊ မျှတပြီးလက်တွေ့ကျတဲ့ နည်းလမ်းတွေနဲ့ ဖြေရှင်းနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ကြောင့် ပြည်သူတင်မြှောက်ထားတဲ့ အစိုးရရဲ့ မူဝါဒနဲ့အညီ မိမိတို့ ဝန်ကြီးဌာနက ကြိုးပမ်းအကောင်အထည်ဖော်နေတဲ့ လုပ်ငန်းစဉ်တွေမှာ ပြည်သူလူထုရဲ့ ထောက်ခံပံ့ပိုးမှုတွေက လွန်စွာအရေးကြီးတဲ့အတွက် ညီညွတ်စွာ ဝိုင်းဝန်းပါဝင်ပေးကြဖို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။





၂၅-၃-၂၀၁၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ကန့်ဘလူမြို့နယ် ချပ်သင်းတိုက်နယ်မှ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု တိုးတက်ရရှိရေးနှင့် တိုင်းဒေသကြီးအတွင်းမှ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းနေသည့်

## စစ်ကိုင်းတိုင်းဒေသကြီး

■ တွေ့ဆုံမေးမြန်း - ရှင်မင်း၊ ဓာတ်ပုံ - ကိုကိုစိုးညွန့် ■

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားများ တိုးတက်ကောင်းမွန်ရရှိရန်နှင့် ခရီးသွားလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရန်ဟူသည့် မူဝါဒ ၃ ရပ်ကို ခိုင်ခိုင်မာမာချမှတ်ကာ ပြည်သူ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အကောင်အထည်ဖော်လျက်ရှိသည်။**

ထိုသို့ပြည်သူအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည် -

**မေး။ ။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ချမှတ်ထားတဲ့ ရည်မှန်းချက်နဲ့ လုပ်ငန်းစဉ်တွေကို သိပါရစေရှင့်။**

ဖြေ။ ။ အစိုးရအဖွဲ့တာဝန်ယူချိန်မှစပြီး အခုအချိန်အထိ သုံးနှစ်တာကာလအတွင်းမှာ ပြည်သူတွေရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဦးစားပေးမူဝါဒ ၃ ရပ် ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီမူဝါဒ ၃ ရပ်က စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး တိုင်းဒေသကြီးရဲ့လူမှုစီးပွားဘဝ မြင့်တက်လာဖို့၊ အခြေခံအဆောက်အဦကဏ္ဍမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့၊ လျှပ်စစ်ဓာတ်အားတိုးတက်ရရှိသုံးစွဲနိုင်ဖို့နဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာဖို့တို့ဖြစ်ပါတယ်။

ဒီမူဝါဒ ၃ ရပ်ကို အခြေခံပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ နှစ်အလိုက် ဆောင်ရွက်ရမယ့် ဦးစားပေးရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ဘာကြောင့် ဒီလိုဦးစားပေးလုပ်ဆောင်ရတယ်ဆိုတာကို သိပါရစေရှင့်။**

ဖြေ။ ။ စစ်ကိုင်းတိုင်းဒေသကြီးက နိုင်ငံမှာ ဒုတိယအကျယ်ဝန်းဆုံး တိုင်းဒေသကြီးဖြစ်ပြီး လူဦးရေ ၅ ဒသမ ၄ သန်း ရှိပါတယ်။ ဒီထဲမှာ မြို့ပေါ်နေ လူဦးရေက ၁၇ ဒသမ ၁၄ ရာခိုင်နှုန်းနဲ့ ကျေးလက်နေ လူဦးရေက ၈၂ ဒသမ ၈၅ ရာခိုင်နှုန်း ရှိပါတယ်။ တိုင်းဒေသကြီးရဲ့အဓိက စီးပွားရေးလုပ်ငန်းက စိုက်ပျိုးရေးနဲ့မွေးမြူရေးဖြစ်တဲ့အတွက် ဒီကဏ္ဍတွေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် အများစုဖြစ်တဲ့ ကျေးလက်နေ ပြည်သူတွေရဲ့ တစ်ဦးချင်းဝင်ငွေ တိုးတက်လာပြီး လူနေမှုအဆင့်တန်း မြင့်မားလာမှာ ဖြစ်ပါတယ်။

ဒီလို ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံကျတဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲနိုင်ခြင်းတို့ကြောင့် စိုက်ပျိုးရေးနဲ့မွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးလာတာနဲ့အမျှ စက်မှုကဏ္ဍလည်း တစ်ပြိုင်တည်း တိုးတက်လာနိုင်ပါတယ်။ ဒီလိုတိုးတက်လာတဲ့အတွက် ကုန်စည်ကူးသန်းရောင်းဝယ်မှုတွေ တိုးတက်လာမှာဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေးလုပ်ငန်းတွေ အဆင့်မြင့်လာမှာဖြစ်သလို ခရီးသွားလုပ်ငန်းတွေလည်း ဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။

ကျယ်ဝန်းတဲ့ တိုင်းဒေသကြီးအတွင်းမှာ မပျက်ယွင်းသေးတဲ့ သဘာဝတောတောင် ရေမြေအရင်းအမြစ်တွေ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေ၊ မတူညီတဲ့ တိုင်းရင်းသားရိုးရာဓလေ့ထုံးတမ်းတွေရှိနေခြင်းဟာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးရဲ့အခြေခံကောင်းတွေ ဖြစ်ပါတယ်။ ဒီအခြေခံကောင်းတွေကို ဦးစားပေးချမှတ်အကောင်အထည်ဖော်ခြင်းဖြင့် အချိန်တိုကာလအတွင်း ကဏ္ဍစုံက စီးပွားရေးတိုးတက် မြင့်မားလာမှာ ဖြစ်တဲ့အတွက် ဒီလိုဦးစားပေးမူဝါဒတွေ ချမှတ်ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

**မေး။ ။ ဒီလို အကောင်အထည်ဖော်ရာမှာ ဘယ်လောက် အတိုင်းအတာအထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာကို သိပါရစေရှင့်။**

ဖြေ။ ။ စိုက်ပျိုးရေးကဏ္ဍမှာ လယ်မဲ့ယာမဲ့ပြည်သူတွေအတွက် မြေလွတ်မြေရိုင်း ၂၆၄၁ ဧကကို ဖော်ထုတ်ပေးနိုင်ခဲ့ပြီး အဆင့်မြင့်လယ်ယာမြေအဖြစ် ၂၂၂၅ ဧကကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ စက်မှုလယ်ယာကူးပြောင်းနိုင်ဖို့

*အချပ်ပို (စ) သို့*



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်

**ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံကျတဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ လျှပ်စစ်ဓာတ်အားတိုးတက်သုံးစွဲနိုင်ခြင်းတို့ကြောင့် စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးလာတာနဲ့အမျှ စက်မှုကဏ္ဍလည်း တစ်ပြိုင်တည်း တိုးတက်လာနိုင်ပါတယ်။ ဒီလို တိုးတက်လာတဲ့အတွက် ကုန်စည်ကူးသန်းရောင်းဝယ်မှုတွေ တိုးတက်လာမှာဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေးလုပ်ငန်းတွေ အဆင့်မြင့်လာမှာ ဖြစ်သလို ခရီးသွားလုပ်ငန်းတွေလည်း ဖွံ့ဖြိုးလာမှာဖြစ်။**




ဗန်းမောက်မြို့နယ် ဇလုံတောင် ခမိုးယာဉ်ရပ်နားစခန်း ဖွင့်ပွဲကျင်းပစဉ်။

*အချပ်ပို (င) မှ*

ထွန်စက်ကြီး ၄၆၆ စီးနဲ့ လက်တွန်းထွန်စက် ၅၈၀၆ စီးကို ရောင်းချဖြန့်ဖြူးပေးပြီး ဖြစ်ပါတယ်။

နိုင်ငံပိုင် ဆည်၊ ကန်၊ ရေလှောင်တမံ ၄၃ ခုနဲ့ ကျေးလက်ဆည်ကန် ၂၉၀ တို့ကို နှစ်စဉ် ထိန်းသိမ်းပြုပြင်ပြီး အကျိုးပြုဧက ၇ ဒသမ ၃ သိန်းခန့်မှာ နှစ်စဉ် မိုးစပါး၊ နွေးစပါးနဲ့ အခြားသီးနှံ စိုက်ဧက ၈ ဒသမ ၉ သိန်းခန့်ကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပါတယ်။

မြစ်ရေတင်စီမံကိန်း လုပ်ငန်းအသစ် ခြောက်ခု၊ တွင်းနက် ၁၇ တွင်းနဲ့ တွင်းတိမ် ၄၂၁ တွင်း တူးဖော်တည်ဆောက်ခဲ့ပြီး စိုက်ပျိုးမြေဧက ၄၃၉၅ ကို အကျိုးပြုနိုင်ခဲ့ပါတယ်။ မျိုးစေ့ထုတ်လုပ်သူတွေ အသင်းဖွဲ့စည်းခြင်း၊ မျိုးစေ့ထုတ်ပုဂ္ဂလိက ကုမ္ပဏီတွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး အရည်အသွေးနဲ့ အထွက်နှုန်းကောင်းမွန်တဲ့ စပါး၊ ပဲအမျိုးမျိုးနဲ့ ဆီထွက်သီးနှံမျိုးတွေကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ပါတယ်။

သရက်နဲ့သခွားမွှေးသီးနှံတွေကို နိုင်ငံတကာကို တင်ပို့ရောင်းချနိုင်ဖို့ ရည်ရွယ်ပြီး တောင်သူ ၄၄ ဦးကို Good Agriculture Practice-GAP အသိအမှတ်ပြု လက်မှတ်တွေ ထုတ်ပေးနိုင်ခဲ့ပါတယ်။

မွေးမြူရေးကဏ္ဍမှာဆိုရင် ကျွန်တော်တို့ တာဝန်ယူဆောင်ရွက်ခဲ့တဲ့ သုံးနှစ်တာကာလအတွင်း မြို့နယ် ၁၁ မြို့နယ်ရှိ ကျွဲနွားပေါင်း ၁၈၀၀၀၀ ကျော်ကို ခွာနာလျှာနာရောဂါ ကာကွယ်ဆေး ၆ လတစ်ကြိမ် အခမဲ့ထိုးနှံပေးနိုင်ခဲ့တဲ့အတွက် ရောဂါကူးစက် ဖြစ်ပွားမှုလျော့ချနိုင်ခဲ့ပြီး ကျွဲနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။

မြင်းမူမြို့နယ်မှာ ဒေသနွားမျိုးထိန်း မျိုးပွားသုတေသနခြံထူထောင်ပြီး ဒေသနွားမျိုးပွားရေး ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ခိုင်းနွား၊ နို့စားနွားနဲ့ အသားစားနွား စုစုပေါင်း ၅၄၀၉ ကောင်ကို နွားမျိုးမြှင့် သားစပ်ပေးနိုင်ခဲ့ပါတယ်။

တိုင်းဒေသကြီးအတွင်း ဂရန်အင်း ၃၅၁ အင်း၊ တင်ဒါငါးဖမ်းကွက် ၁၅၃ ကွက်နဲ့ ငါးမွေးကန်ဧက ၈၅၄၈ ဒသမ ၂၁၆ ဧကရှိပြီး ငါးထုတ်လုပ်မှု ပိဿာချိန် သန်းပေါင်း ၂၃၉ ဒသမ ၅၅ ခန့် တိုးချဲ့ဆောင်ရွက်နိုင်သလို ငါးသားပေါက်စခန်း ၃ ခုကနေ ငါးသားပေါက် ကောင်ရေ ၈၇၄ ဒသမ ၀၉ သိန်း ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။

ပျားမွေးမြူရေးလုပ်ငန်းအနေနဲ့ သုံးနှစ်တာအတွင်းမှာ လုပ်ငန်းရှင်နှစ်ဦး တိုးတက်ကာ စုစုပေါင်း လုပ်ငန်းရှင် ၃၁၂ ဦးနဲ့ ပျားရည်ပေါင်း ၁၄ ဒသမ ၉၄ သန်းခန့် ထုတ်လုပ်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေဖို့ ဆောင်ရွက်ခဲ့မှုတွေကိုလည်း ပြောပြပေးပါဦးရှင့်။**

ဖြေ။ ။ သုံးနှစ်တာကာလအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့အတွက် တိုင်းဒေသကြီးအတွင်း ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်လမ်း၊ ဂဝံလမ်းနဲ့ မြေသားလမ်း စတဲ့ လမ်းမိုင်ပေါင်း ၃၂၄၈ မိုင်၊ ပေ ၁၅၀ နဲ့အထက် တံတားအစင်း ၅၀ နဲ့ ပေ ၁၅၀ အောက် တံတား ၂၅၄၉ စင်း တည်ဆောက်နိုင်ခဲ့ပါတယ်။

အထူးသဖြင့် မြစ်ကူးတံတားကြီးတွေဖြစ်တဲ့ ချင်းတွင်းတံတား(ကလေးဝ)၊ ချင်းတွင်းတံတား(ခန္တီး)နဲ့ ချင်းတွင်းတံတား(ဟုမ္မလင်း)တို့ကို တည်ဆောက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် မူးမြစ်ကူးတံတား(သမရိုး)နဲ့ မဲဇာချောင်းတံတားတွေကို တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ ပြည်သူတွေအတွက် လျှပ်စစ်ဓာတ်အားရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာတွေကိုလည်း သိပါရစေရှင့်။**

ဖြေ။ ။ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိမှုမှာဆိုရင် သုံးနှစ်အတွင်း တမူး၊ မင်းကင်းနဲ့ ကလေးဝမြို့နယ် သုံးမြို့နယ်နဲ့ ကျေးရွာပေါင်း ၁၃၉၂ရွာကို ဓာတ်အားလိုင်းစနစ်မှ ပြောင်းလဲဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သလို ဓာတ်အားသုံးစွဲသူ ၁၂၁၆၅၂ ဦး တိုးတက်ရရှိလာခဲ့ပါတယ်။ ၁၂၀ ဒသမ ၈၅ မဂ္ဂါဝပ်ကျော် တိုးတက်သုံးစွဲလာနိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီးအတွင်း ကျေးရွာ ၅၉၈၉ ရွာရှိတဲ့အနက် ဓာတ်အားစနစ်နဲ့ ၂၇၃၉ ရွာ၊ အခြားနည်းနဲ့ ၂၅၆၃ရွာ စုစုပေါင်း ၅၃၀၂ရွာ မီးလင်းပြီး ရာခိုင်နှုန်းအနေနဲ့ ၈၈ ဒသမ ၅၃ ရာခိုင်နှုန်း မီးလင်းခဲ့ပြီဖြစ်ပါတယ်။

ဒါ့အပြင် ဓာတ်အားခွဲရုံ ၆၁၇ ရုံနဲ့ ဓာတ်အားလိုင်း ၁၄၆၂ ဒသမ ၆၇ မိုင်ကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး ဓာတ်အားခွဲရုံ ၃၀ နဲ့ ဓာတ်အားလိုင်း ၆၁၅ ဒသမ ၂၃ မိုင်ကို အဆင့်မြှင့်တင်ခြင်း၊ ဓာတ်အားလိုင်းရှိ ဟောင်းနွမ်းဆွေးမြည့်တိုင် ၂၁၄၀၅ တိုင်ကို စံချိန်မီ ကွန်ကရစ်တိုင်တွေနဲ့ အစားထိုးလဲလှယ်ခြင်း၊ အရည်အသွေးကျဆင်းနေတဲ့ ကြွေသီး ၁၉၆၇၇ လုံးကို အစားထိုးလဲလှယ်ခြင်းတွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

နာဂဒေသ နန်းယွန်းမြို့မှာ တိုင်းခမ်းချောင်း အသေးစား ရေအားလျှပ်စစ်စီမံကိန်းတစ်ခုကို တည်ဆောက်နိုင်ခဲ့ပြီး ဟုမ္မလင်းမြို့နယ်ထဲမှာ ၄ မဂ္ဂါဝပ်ထွက်ရှိမယ့် နန့်ပင်အသေးစားရေအားလျှပ်စစ်စီမံကိန်းကို ဆောင်ရွက်နေပါတယ်။

ဒါ့အပြင် တာပိန်ရေအားလျှပ်စစ်စက်ရုံကနေ ၂၃၀ ကေဗွီအေ ဓာတ်အားလိုင်းမိုင် ၁၈၀ နဲ့ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ ၂ ရုံ တိုးချဲ့တည်ဆောက်လျက်ရှိပါတယ်။ အခုနှစ်ကုန်မှာ လက်ရှိအနေအထားထက် ၁၈၀ မဂ္ဂါဝပ် ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်တော့မှာ ဖြစ်ပါတယ်။

စည်ပင်သာယာရေးကော်မတီတွေက မြို့ရေရရှိရေးလုပ်ငန်း ၃၃၉ ခု ဆောင်ရွက်နိုင်ခဲ့ပြီး ဈေးအသစ် သုံးခုနဲ့ ပုံကျဈေး ရှစ်ခု တိုးချဲ့ဖွင့်လှစ်ခြင်း၊ မြို့တော်ခန်းမ ငါးခု အသစ်တည်ဆောက်ခြင်းနဲ့

*အချပ်ပို (ဆ) သို့*



ချင်းတွင်းတံတား(ခန္တီး)ကို တွေ့ရစဉ်။



ဒေသအတွင်း ပြည်သူများ ခရီးသွားလာမှု အဆင်ပြေလွယ်ကူစေရန် မုံရွာမြို့ ကျောက္ကာလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

*အချပ်ပို (စ) မှ*

အဝေးပြေးကားကွင်းအသစ်များ တည်ဆောက်ခြင်းနဲ့ ကားကွင်းအဟောင်းကို အဆင့်မြှင့်တင်ခြင်းတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ အဲဒီလို လုပ်ငန်းစဉ်တွေ ဆောင်ရွက်တဲ့နေရာမှာ ဘဏ္ဍာငွေရန်ပုံငွေ ခွဲဝေသုံးစွဲမှုအတွက် စီမံခန့်ခွဲလုပ်ဆောင်တဲ့ အခြေအနေကို ပြောပြပေးပါဦးရှင့်။**

ဖြေ။ ။ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေကို အကျိုးရှိအောင်သုံးစွဲရာမှာ ဦးစားပေးမူဝါဒ ရည်မှန်းချက်တွေနဲ့အညီ ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကို ပြည်သူလူထုရဲ့ ဆန္ဒနဲ့ အနီးစပ်ဆုံး ကိုက်ညီအောင်ညှိနှိုင်းပြီး ခန့်မှန်းရေးဆွဲပါတယ်။ ရေးဆွဲပြီးလုပ်ငန်းတွေကို အစိုးရအဖွဲ့က စနစ်တကျစိစစ်ပြီး တိုင်းဒေသကြီးလွှတ်တော်ကို ပေးပို့အတည်ပြုပါတယ်။ ကဏ္ဍအလိုက် ရန်ပုံငွေတွေ ခွဲဝေသုံးစွဲဖို့ သေချာစနစ်တကျ စီမံဆောင်ရွက်ခဲ့ပါတယ်။

နှစ်စဉ်ရရှိတဲ့ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်း အသုံးစရိတ် စုစုပေါင်းရဲ့၅၈ ရာခိုင်နှုန်းခန့်ကို လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးအတွက် ခွဲဝေချထားဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ သောက်သုံးရေရရှိရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုရေးနဲ့ စီမံခန့်ခွဲရေး လုပ်ငန်းတွေမှာ အကျိုးရှိစွာသုံးစွဲနိုင်ရေးအတွက် ဦးစားပေးလုပ်ငန်းတွေကို ရွေးချယ်ပါတယ်။ ဒီလိုရွေးချယ်ပြီး ဘဏ္ဍာရန်ပုံငွေသုံးစွဲနိုင်အောင် စီမံဆောင်ရွက်တာဖြစ်ပါတယ်။

**မေး။ ။ တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် ဘယ်လိုတွေ ဆောင်ရွက်နေတယ်ဆိုတာကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။ တိုင်းဒေသကြီးအတွင်း မြို့နယ် ၃၇ မြို့နယ်မှာ မြို့မ၊ နယ်မြေနဲ့ ရဲကင်းစခန်းပေါင်း ၁၂၅ ခု၊ နယ်မြေလှုပ်ရှား၊ တံတားလုံခြုံရေး ရဲကင်းပေါင်း ၇၆ ခုတို့မှာ ရဲတပ်ဖွဲ့ဝင်အင်အားပေါင်း ၂၈၄၄ ဦးရှိပါတယ်။ ရဲတပ်ဖွဲ့ဝင်နဲ့ ပြည်သူအချိုးက ၁ အချိုး ၁၄၀၅ ဖြစ်ပြီး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

သုံးနှစ်တာအတွင်းမှာ မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှု ၄၇၉၆ မှု၊ တရားခံ ၇၃၀၆ ဦး ဖမ်းဆီးအရေးယူခဲ့ပြီး ဘိန်းဖြူ ၈၅ ဒသမ ၄၈၁၃ ဂရမ်၊ ဘိန်းမည်း ၄၅၈ ဒသမ ၀၇၃ ဂရမ်နဲ့ မူးယစ်စိတ်ကြွရူးသွပ်ဆေးပြား ၆၁၀၄၄၈၄ ပြားကို ဖမ်းဆီးရရှိခဲ့ပါတယ်။

တရားမဝင် သစ်ဖမ်းဆီးရရှိမှု ၁၄၈၂ မှု၊ တရားခံ ၂၁၁၅ ဦး၊ သစ်တန်ချိန် ၅၅၆၆ ဒသမ ၃၃၇၅ တန် စုစုပေါင်း တန်ဖိုးငွေကျပ်သန်း ၂၄၆၂ ဒသမ ၉ သန်းနဲ့ တရားမဝင် သတ္တုတူးဖော်မှု ၁၈၇ မှုကိုလည်း ဖမ်းဆီးအရေးယူခဲ့ပါတယ်။ တရားမဝင် ခိုးဝင်လာသူ ဖော်ထုတ်ဖမ်းဆီးမှု ၆၄ မှုနဲ့ တရားမဝင် ခိုးဝင်သူဦးရေ ၉၄ ဦး ဖမ်းဆီးအရေးယူခဲ့ပါတယ်။

**မေး။ ။ တိုင်းဒေသကြီးအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ စက်မှုကဏ္ဍနဲ့ SME ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေတာတွေကို သိပါရစေရှင့်။**

ဖြေ။ ။ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုနဲ့ ကလေးဆိုပြီး စက်မှုဇုန် လေးခုရှိပါတယ်။ သုံးနှစ်တာအတွင်း စက်မှုလုပ်ငန်းသစ် ၄၂၄ ခု မှတ်ပုံတင်ပေးနိုင်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တရားဝင်မှတ်ပုံတင်ထားတဲ့ ပုဂ္ဂလိကစက်မှုလုပ်ငန်းတွေမှာ အကြီးစား ၄၁၀၊ အလတ်စား ၁၂၀၂ ခုနဲ့ အငယ်စား ၃၃၇၂ ခု စုစုပေါင်း ၆၄၀၄ ခု ရှိပါတယ်။ တိုင်းဒေသကြီးအစိုးရအနေနဲ့ လုပ်ငန်းရှင်တွေရဲ့ အခက်အခဲတွေကို အတတ်နိုင်ဆုံး ကူညီဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

MSMEs လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိုင်းဒေသကြီး MSMEs အေဂျင်စီနဲ့ မုံရွာ၊ ရွှေဘို၊ စစ်ကိုင်းနဲ့ ကလေးစက်မှုဇုန်တွေက လုပ်ငန်းရှင်တွေ၊ ပြင်ပလုပ်ငန်းရှင်တွေ ကို တွေ့ဆုံပြီး လိုအပ်ချက်တွေကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါတယ်။ လုပ်ငန်းရှင်ပေါင်း ၄၆၁ ဦးကို လုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံချက်ထုတ်ပေးထားပြီး ၅၉ ဦးကို ချေးငွေကျပ်သန်းပေါင်း ၁၇၇၀ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ဒိန်းမတ်နိုင်ငံ အထောက်အပံ့နဲ့ RBF Grant Winner ရရှိသူ စုစုပေါင်း ၇၃ ဦးကို ငွေကျပ်သန်းပေါင်း ၂၃၆၀ ဒသမ ၇ ရရှိဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ MSMEs လုပ်ငန်းတွေအတွက် နည်းပညာမြှင့်တင်ရေးဆိုင်ရာ သင်တန်းနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကို ပြည်တွင်းပြည်ပက ပညာရှင်တွေနဲ့ ချိတ်ဆက်ပြီး သင်တန်း ၂၇ ကြိမ် ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။ ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲတွေနဲ့ ဈေးရောင်းပွဲတော်တွေကို ပြုလုပ်ပေးခဲ့ပြီး လုပ်ငန်းအမျိုးအစားအလိုက် အစုအဖွဲ့ပေါင်း ၁၇၀ ကို ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါတယ်။

**မေး ။ ။ တိုင်းဒေသကြီး အစိုးရအနေနဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ မူဝါဒချမှတ်ဆောင်ရွက်နေမှုကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ ။ ။ ကျွန်တော်တို့ တိုင်းဒေသကြီးဟာ ကြီးမားကျယ်ပြန့်တဲ့ တိုင်းဒေသကြီး တစ်ခုဖြစ်တာနဲ့အညီ မပျက်စီးသေးတဲ့ တောတောင်ရေမြေသဘာဝတွေ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေ၊ တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်တွေ ပေါများကြွယ်ဝတဲ့အတွက် တိုင်းဒေသကြီးရဲ့ ခရီးသွားလုပ်ငန်းကို တိုးတက်မှုရရှိအောင် မူဝါဒချမှတ်ပြီး တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။

တိုင်းဒေသကြီးအတွင်းမှာ ခရီးသွားဇုန်ခြောက်ခုသတ်မှတ်ပြီး ရှိရင်းစွဲ ခရီးစဉ်နေရာတွေအပြင် ခရီးစဉ်အသစ်တွေကိုလည်း ထပ်မံဖော်ထုတ်နိုင်ခဲ့ပါတယ်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ တိုင်းဒေသကြီးအစိုးရအနေနဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေကို ပြင်ဆင်ထိန်းသိမ်းတာ၊ ခရီးသွားဇုန် ခြောက်ခုမှာ လမ်းညွှန်မြေပုံတွေ၊ လမ်းညွှန်ဆိုင်းဘုတ်တွေ စိုက်ထူတာ၊ လက်ကမ်းစာစောင်တွေ ဖြန့်ဝေတာ၊ မင်းကွန်းဒေသနဲ့ နွယ်ငြိမ်းဒေသတွေမှာ ရေလမ်းကနေ လာရောက်တဲ့ခရီးသွားတွေ အဆင်ပြေဖို့အတွက် ဆိပ်ခံတံတားသုံးခု တည်ဆောက်ပေးတာ၊ ခရီးသွားဈေးကွက်မြှင့်တင်ဖို့ ရည်ရွယ်ပြီး ရုပ်သံလိုင်းတွေကနေ ခရီးသွားအစီအစဉ်တွေ ထုတ်လွှင့်ပြသတာ၊ ခရီးစဉ်နေရာတွေမှာ သန့်ရှင်းတဲ့သန့်စင်ခန်းတွေ တည်ဆောက်ပေးတာတွေကို သုံးနှစ်တာကာလအတွင်း လုပ်ဆောင်ခဲ့ပါတယ်။

*အချပ်ပို (ဇ) သို့*



ဆားလင်းကြီးမြို့နယ် ဓာတ်အားခွဲရုံကို တွေ့ရစဉ်။

*အချပ်ပို (ဆ) မှ*

ဒါ့အပြင် ဇလုံတောင် ခမိုးယာဉ်ရပ်နားစခန်းနဲ့ အပန်းဖြေစခန်း တစ်ခုကို ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ဘုရားဖူးရာသီမှာ ဇလုံတောင်ကို ခရီးသည် နှစ်သိန်းခန့် လာရောက်ခဲ့ပါတယ်။ အခုနှစ်မှာ ငါးသိန်းကျော်အထိ လာရောက်နိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ ကန့်ဘလူမြို့နယ်မှာ ဇင်းတောင်လင်းနို့ဂူ ဘူမိထူးခြားလေ့လာရေးစခန်းနဲ့ အပန်းဖြေစခန်းကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ပြီးတော့ ချပ်သင်းရွှေသမင်ဘေးမဲ့တောနဲ့ အပန်းဖြေစခန်းတစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ သုံးနှစ်အတွင်းမှာပဲ တိုင်းဒေသကြီးအတွင်းမှာ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ရည်ရွယ်ပြီး ဇလုံတောင် CBT၊ နွယ်ငြိမ်း CBT နဲ့ ဝက်လက်မြို့နယ်မှာ ရောဝတီလင်းပိုင်ကြည့်ရှုနိုင်ဖို့ အင်ဒေါင်း CBT တွေကို ဖွင့်လှစ်ခဲ့ပါတယ်။

ခရီးသွားဈေးကွက်မြှင့်တင်ဖို့ ရည်ရွယ်ပြီး တိုင်းဒေသကြီးအတွင်းမှာ ခရီးစဉ်တွေကို ပြည်တွင်းပြည်ပ ခရီးသွားတွေ အာရုံစိုက်လာအောင် Rally ကားမောင်းပွဲကို နှစ်နှစ်ဆက်တိုက်ကျင်းပခဲ့ပါတယ်။ တိုင်းဒေသကြီးရဲ့ ခရီးသွား ရက်သတ္တပတ်အဖြစ် ဒီဇင်ဘာလကို သတ်မှတ်ပြီး ခရီးသွားလှုပ်ရှားမှုတစ်ခုအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

ဒီလိုခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ဆောင်ရွက်ခဲ့တဲ့အတွက် ခရီးသွားဝင်ရောက်မှုဟာ ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ် နှိုင်းယှဉ်ရင် ၂၂ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာပါတယ်။ ၂၀၁၇ ခုနှစ်နဲ့ ၂၀၁၈ ခုနှစ်ကို နှိုင်းယှဉ်ရင် ၁၇ ဒသမ ၁၄ ရာခိုင်နှုန်းတိုးတက်လာတာကို တွေ့ရပါတယ်။ ၂၀၁၉ ခုနှစ်မှာ ဒီထက်ပိုပြီး ခရီးသွားလာရောက်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။

တိုင်းဒေသကြီးအနေနဲ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနေ့မှာ သန့်ရှင်းသော အများသုံး သန့်စင်ခန်းတွေ စီမံဆောင်ရွက်မှုဆုကို ၂၀၁၇ ခုနှစ်နဲ့ ၂၀၁၈ ခုနှစ်မှာ နှစ်နှစ်ဆက်တိုက် ရရှိခဲ့ပါတယ်။ ၂၀၁၉ - ၂၀၂၀ ပြည့်နှစ်အတွက် ASEAN Public Standard Awards ကို ရရှိခဲ့ပါတယ်။

ဟိုတယ်လုပ်ငန်းကဏ္ဍအနေနဲ့ ကျွန်တော်တို့ တာဝန်မယူခင်က ဟိုတယ် ၂၁ လုံးသာရှိခဲ့ရာမှ အခုအခါမှာ ၃၆ လုံးအထိ ရှိလာပြီဖြစ်ပါတယ်။ ထပ်မံပြီးတော့ ဟိုတယ် ၁၀ လုံးကို လိုင်စင်ထုတ်ပေးဖို့ စိစစ်နေပါတယ်။

ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်း နှစ်ကြိမ်၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်းကို နှစ်ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းဆင်းဦးရေ ၇၁၄ ဦး မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ခရီးသွားကဏ္ဍမှ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်ဖို့



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် နှင့် တာဝန်ရှိသူများ ကသာမြို့ ခရီးသွားဧည့်သည်များ ဖိတ်ခေါ်ဆောင်နိုင်ရေးအတွက် မြို့ရှိသမိုင်းဝင်အဆောက်အအုံများ၌ ပြင်ဆင်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ကြိုးပမ်းဖော်ဆောင်နေပါတယ်။

**မေး ။ ။ ရွှေသတ္တုနဲ့ ကျောက်မျက်ရတနာ တူးဖော်ရေး လုပ်ကွက်ချထားပေးမှု အခြေအနေကိုလည်း ပြောပြပေးပါရှင့်။**

ဖြေ ။ ။ ၂၀၁၈ ခုနှစ် သတ္တုတွင်း နည်းဥပဒေအရ ဟုမ္မလင်းမြို့နယ်အတွင်း အသေးစား ရွှေလုပ်ကွက် ၁၆၄ ကွက်နဲ့ လက်လုပ်လက်စား ရွှေလုပ်ကွက် ၂၃ ကွက်ကို ချထားပေးနိုင်ခဲ့ပါတယ်။

ကျောက်မျက်ရတနာတူးဖော်ရေး လုပ်ကွက်ချထားပေးရေး နဲ့ပတ်သက်လို့ ခန္တီး ရတနာမြေ နန့်စလင်းချောင်းဖျားမှော်မှာ ကျောက်စိမ်း လက်လုပ်လက်စား တစ်ဧက လုပ်ကွက် ၃၀၃ ကွက် ဖော်ထုတ်ပြီး လုပ်ကွက် ၆၇ ကွက်ကို ချထားပေးခဲ့ပြီးဖြစ်သလို ကျန်တဲ့ ၂၃၆ ကွက်ကို ဆက်လက်ချထားပေးမှာ ဖြစ်ပါတယ်။ မော်လူး - မော်ဟန် ရတနာ နယ်မြေ ၄၈၂ ဧကကျော်ကို လက်လုပ်လက်စားကွက် ချထားပေးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။

အလားတူပဲ ပတ်တာဘွန်မှော်မှာ ပယင်း လက်လုပ်လက်စား တစ်ဧက လုပ်ကွက် ၃၇၀ ကို ဖော်ထုတ်ခဲ့ပြီး နေရာချထားပေးမှာ ဖြစ်ပါတယ်။ ရွှေသတ္တုနဲ့ ကျောက်မျက်ရတနာ လုပ်ကွက်တွေကို ဥပဒေနဲ့အညီ ချထားပေးနိုင်ခဲ့တဲ့အတွက် တိုင်းဒေသကြီး အခွန်ဘဏ္ဍာငွေတွေ ရရှိသလို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရာမှာလည်း များစွာအထောက်အကူပြုခဲ့ပါတယ်။

**မေး ။ ။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေ တိုးတက်အောင် ဘယ်လိုတွေ ဆောင်ရွက်နေတယ်ဆိုတာကို သိပါရစေ။**

ဖြေ ။ ။ ရင်းနှီးမြှုပ်နှံမှုကဏ္ဍအနေနဲ့ သုံးနှစ်တာကာလအတွင်း တိုင်းဒေသကြီးမှာ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပေါင်း ၂၆ ခုကနေ ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ၄၉၄၃၅ သန်းနဲ့ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုပေါင်း ခြောက်ခုကနေ အမေရိကန်ဒေါ်လာ ၁၉၁ သန်းကျော် ခွင့်ပြုခဲ့ပြီး လုပ်ငန်းတွေ ဆောင်ရွက်နေပြီဖြစ်ပါတယ်။

အရင်က သတ္တုတူးဖော်ခြင်း၊ ရေနံသဘာဝဓာတ်ငွေ့တူးဖော်ခြင်းနဲ့ သစ်အခြေခံ လုပ်ငန်းစတဲ့ သဘာဝအရင်းအမြစ်တွေကို ထုတ်ယူသုံးစွဲတဲ့ လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံခဲ့ကြတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ တာဝန်ယူတဲ့ သုံးနှစ်တာကာလအတွင်းမှာ ဓာတ်မြေသြဇာနဲ့ မျိုးစေ့ထုတ်လုပ်တဲ့လုပ်ငန်းတွေ၊ ဝါးအခြေခံ တန်ဖိုးမြှင့်ထုတ်လုပ်မှုလုပ်ငန်းတွေ၊ သကြားထုတ်လုပ်မှုလုပ်ငန်းတွေ၊ မော်တော်ဆိုင်ကယ် အပိုပစ္စည်းထုတ်လုပ်တဲ့ လုပ်ငန်းတွေ၊ ကွန်ကရစ်တိုင်ထုတ်လုပ်တဲ့ လုပ်ငန်းတွေ၊ ဟိုတယ်၊ အပန်းဖြေဥယျာဉ်နဲ့ ဖျော်ဖြေရေးလုပ်ငန်းတွေစတဲ့ လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံလာတာကို တွေ့ရပါတယ်။ ဒီလိုဆောင်ရွက်နိုင်တဲ့အတွက် ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ခဲ့ပါတယ်။ အရင်နှစ်တွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အလုပ်အကိုင် အခွင့်အလမ်း ပိုမိုဖန်တီးပေးလာနိုင်တာကို တွေ့နိုင်သလို ရင်းနှီးမြှုပ်နှံမှုပုံစံ ပြောင်းလဲလာတာကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။

ဒီလိုလာရောက် ရင်းနှီးမြှုပ်နှံတဲ့အခါ စစ်ကိုင်း၊ မုံရွာနဲ့ ရွှေဘိုမြို့တွေမှာ ဝင်ငွေခွန်ကင်းလွတ်ခွင့် ငါးနှစ်နဲ့ ကျန် ၃၄ မြို့နယ်မှာဆိုရင် ဝင်ငွေခွန်ကင်းလွတ်ခွင့် ခုနစ်နှစ် ရရှိမှာ ဖြစ်သလို လုပ်ငန်းတည်ဆောက်ရေးကာလအတွင်း ပြည်ပကတင်သွင်းမယ့် စက်ပစ္စည်းတွေအပေါ် အခွန်အကောက် ကင်းလွတ်ခွင့်နဲ့ တင်သွင်းခွင့် ရရှိမှာဖြစ်ပါတယ်။

ဒါကြောင့် ပြည်တွင်းပြည်ပ လုပ်ငန်းတွေ တိုင်းဒေသကြီးအတွင်းမှာ လာရောက်ရင်းနှီးမြှုပ်နှံကြဖို့လည်း ဖိတ်ခေါ်ပါတယ်။ ဒီလိုလာရောက်ရင်းနှီးမြှုပ်နှံတဲ့အခါ လုပ်ငန်းဆောင်ရွက်မှုအခက်အခဲတွေရှိရင် လိုအပ်သလို ကူညီဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ဒီလို လာရောက် ရင်းနှီးမြှုပ်နှံဖို့ ဆောင်ရွက်တဲ့အခါ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ တွေ့ကြုံရတဲ့ အခက်အခဲတွေရှိရင် သိပါရစေရှင့်။**

ဖြေ ။ ။ ကျွန်တော်တို့ တိုင်းဒေသကြီးဟာ ကျယ်ဝန်းတဲ့ တိုင်းဒေသကြီးဖြစ်တဲ့အတွက် အခြေခံအဆောက်အအုံပိုင်း မပြည့်စုံတာတွေရှိပါတယ်။ ဒီလိုကြောင့် ရင်းနှီးမြှုပ်နှံကြဖို့ ဖိတ်ခေါ်ရာမှာ အကန့်အသတ် ဖြစ်ပေါ်နေတာတွေရှိပါတယ်။ ပြီးတော့ နယ်စပ်ကုန်သွယ်ရေးနဲ့ပတ်သက်ပြီး ကန့်သတ်ချက်တွေ ရှိနေပါသေးတယ်။ ဒါကြောင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ဖို့အတွက် အစိုးရအဖွဲ့အနေနဲ့ တတ်နိုင်သမျှဖြေလျှော့ပေးနေပါတယ်။ တစ်ဖက်ကနေ မူဝါဒတွေချမှတ်ပြီး တိုင်းဒေသကြီးအတွင်းက ပြည်သူတွေ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။

**မေး ။ ။ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ပြည်သူအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့တဲ့ ကဏ္ဍတွေထဲက ကျေနပ်အားရမှုရှိခဲ့တဲ့ ကဏ္ဍတွေကို သိပါရစေ။**

ဖြေ ။ ။ လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်ရရှိမှုကဏ္ဍကို မူဝါဒချမှတ်ကာ တစိုက်မတ်မတ် အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူတွေအနေနဲ့ တိုးတက်ခံစားခဲ့ရတဲ့အတွက် ကျေနပ်မှုရှိပါတယ်။ ခရီးသွားကဏ္ဍကလည်း တိုးတက်မှုရရှိခဲ့တော့ ကျေနပ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ထပ်ပြီး ကြိုးစားရဦးမှာဖြစ်ပါတယ်။ ကြိုးစားပြီးတော့လည်း ပြည်သူ့အတွက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ကျန်ရှိနေသေးတဲ့ အစိုးရသက်တမ်းကာလမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်သွားမယ့်လုပ်ငန်းတွေကို သိပါရစေရှင့်။**

ဖြေ ။ ။ လာမယ့် ဘဏ္ဍာနှစ်တွေအတွက် ကျွန်တော်တို့ ချမှတ်ထားတဲ့ မူဝါဒ ၃ ရပ်ကို အခြေခံပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။ MSMEs လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက် ဖို့၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု တိုးတက်ဖို့အတွက်ကို ဆက်လက်ပြီး ကြိုးပမ်းအကောင် အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ပြည်သူတွေ သိရှိဖို့အတွက် ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောကြားပေးပါဦးရှင့်။**

ဖြေ ။ ။ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှကို အဂတိတရားကင်းကင်းနဲ့ အားထုတ်ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ပြီးတော့ အစိုးရအဖွဲ့တစ်ခုတည်းအားနဲ့ ဆောင်ရွက်လို့ မရပါဘူး။ ဒါကြောင့် ပြည်သူတွေ၊ အသင်းအဖွဲ့တွေ၊ ဌာနဆိုင်ရာတွေ အားလုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုပါတယ်။

အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင့်။ ။



မုံရွာမြို့ နန္ဒဝန်ရပ်ကွက် တန်ဖိုးနည်းအိမ်ရာများကို တွေ့ရစဉ်။